ပန်းမျိုးတစ်ရာစာပေ

# ဒေါင်းဗက်တာပုံပြင်များ

မချိုမော်+ချစ်စံဝင်း



## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူ | - | ၁၄/၉၉ (၅) |
| အဖုံး | - | ၁၉/၉၉ (၈) |
| ပုံနှိပ်မှတ်တမ်း | - | ၂၀၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (ဒုတိယအကြိမ်) |
| မျက်နှာဖုံးပန်းချီ | - | ပေါ်ဦးသက် |
| **စောင်ရေ** | **-** | **၂၀၀၀** |
| **တန်ဖိုး** | **-** | ၄၀၀ ကျပ် |
| **စာအုပ်ချုပ်** | **-** | ဦးမောင်မြင့်၊ ၃၄-လမ်း |
| **အတွင်းသားပုံနှိပ်သူ** | **-** | ပွင့်ဦးပုံနှိပ်တိုက် (၀၂၉၃၄) ၁၉၉၊ ၅၀ လမ်း၊ ပုဇွန်တောင်မြို့နယ်။ |
| **မျက်နှာဖုံးပုံနှိပ်သူ** | **-** | ဦးကျော်စိန် (၀၂၉၁၉) ကျောက်စိမ်းအော့ဖ်ဆက်၊ ၃၃ လမ်း။ |
| **စီစဉ်ဆောင်ရွက်သူ** | **-** | ဦးအေးလွင်၊ ဦးစိုးလွင် |
| **ထုတ်ဝေသူ** | **-** | ဒေါ်မော်မော် (၀၂၀၃၇) **ပန်းမျိုးတစ်ရာစာပေ** တိုက် ၂၃၃၊ အခန်း ၁၄ ၆ ရပ်ကွက်၊ ရန်ကင်း။ |

အတွင်းဖလင် **ADDRN GROUP**

စာရေးဆရာ ချစ်စံဝင်း (၂၃) အုပ်မြောက်စာအုပ်

# ဒေါင်းဖတ်စာပုံပြင်များ

## မချိုမော်၊ ချစ်စံဝင်း

(ဒုတိယအကြိမ်)

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| - | အဘွား၏ နို့ပြင်ကြီးကို ငုံလျှက် | ၉ |
| - | ကမ္ဘာပို အနုပညာ ပစ္စည်း<br>(ဆရာကြီးတက်တိုး၏ အမှာစာ) | ၂၉ |
| ၁။ | ယုန်နှင့်လိပ်တို့အကြောင်း | ၃၉ |
| ၂။ | ဒေါင်းယောင်ဆောင်သောကျီး | ၄၄ |
| ၃။ | ဝံပုလွေနှင့် သိုးငယ် | ၄၈ |
| ၄။ | ကျီးနှင့်မြေခွေး | ၅၁ |
| ၅။ | ပုရွက်ဆိတ်နှင့် နှံကောင် | ၅၄ |
| ၆။ | ရေနတ်မင်းနှင့် လှည်းသမား | ၅၉ |
| ၇။ | အလိုကြီးအရနည်း | ၆၃ |
| ၈။ | မြေခွေးနှင်ဖျံ | ၆၇ |
| ၉။ | ဖခင်ကြီးနှင့်သားများ | ၇၁ |
| ၁၀။ | အကျိုးအကြောင်းကို မသိတတ်သောသမင် | ၇၅ |
| ၁၁။ | အမြီးပြတ်သောမြေခွေး | ၇၈ |
| ၁၂။ | ငန်းကိုတုသောကျီး | ၈၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃။ | ဆင်သေနှင့်ကျီးမိုက် | ၈၆ |
| ၁၄။ | မြွေပါလည်းဆုံး သားလည်းဆုံး | ၉၀ |
| ၁၅။ | မျက်မမြင် ပုဏ္ဏားခြောက်ယောက် | ၉၅ |
| ၁၆။ | ဆင်၊ မျောက်၊ ခါ သတ္တဝါသုံးဦး | ၁၀၀ |
| ၁၇။ | သူတပါးမနာလို ကိုယ့်အကျိုးပျက် | ၁၀၅ |
| ၁၈။ | ပုဏ္ဏားနှင့် မြေခွေး | ၁၁၁ |
| ၁၉။ | မြစ်စောင့်နတ်နှင့် သစ်ခုတ်သမား | ၁၁၅ |
| ၂၀။ | ခြင်္သေ့မင်းနှင့်ကြွက်ငယ်အကြောင်း | ၁၂၃ |
| ၂၁။ | အမှီကောင်းတစ်ချက် | ၁၂၇ |
| ၂၂။ | မြေခွေးနှင့်ငှက်ကျား | ၁၃၃ |
| ၂၃။ | သစ်တောက်ငှက်နှင့်ခြင်္သေ့ | ၁၃၉ |
| ၂၄။ | လေထဲ၌တိုက်အိမ်ဆောက်ခြင်း | ၁၄၅ |
| ၂၅။ | နှုတ်မစောင့်စည်းသောမြည်း | ၁၅၂ |
| ၂၆။ | ဘုရင်တစ်ပါးနှင့် တံငါသည် | ၁၅၆ |
| ၂၇။ | မျောက်နှင့်မိချောင်းတို့အကြောင်း | ၁၆၄ |
| ၂၈။ | စောင်းတီးသင်ကြားသူနှစ်ဦးအကြောင်း | ၁၇၅ |
| ၂၉။ | ကုန်သည်နှစ်ဦးတို့အကြောင်း | ၁၈၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၀။ | ကျေးဖူးရှင်ကိုပြစ်မှားမိသောမြေခွေးအကြောင်း | ၁၈၆ |
| ၃၁။ | ရိုးဖြောင့်သောသူတစ်ယောက်အကြောင်း | ၁၉၁ |
| ၃၂။ | ပုဏ္ဏားတစ်ယောက်အကြောင်း | ၁၉၉ |
| ၃၃။ | အကိုအပေါ်၌အကောက်ကြံသောညီ | ၂၀၂ |
| ၃၄။ | ကေဒါရကျေးမင်း | ၂၀၉ |
| ၃၅။ | မစူးစမ်း မဆင်ခြင်သောယုန်သူငယ် | ၂၁၄ |
| ၃၆။ | ပုဏ္ဏားနှင့်ပုစွန် | ၂၂၀ |
| ၃၇။ | သဘောမဖြောင့်၍ အကျိုးယုတ်ခြင်း | ၂၃၇ |
| ၃၈။ | ရွှေဟင်္သာမင်း | ၂၄၃ |
| ၃၉။ | အမတ်ကြီးဝန်မင်းဘိုးရာဇာ | ၂၅၆ |
| ၄၀။ | ဝါရီရှူမင်းအကြောင်း | ၂၆၇ |
| ၄၁။ | ဇဝနဟင်္သာမင်း | ၂၇၂ |

## စာရေးဆရာ ချစ်စံဝင်း၏ (၂၃) အုပ်မြောက်

ကျွန်တော်သည် ဤနိုင်ငံ၊ ဤလူမျိုး၊ ဤရေ၊ ဤမြေ၊ ဤတော၊ ဤတောင် ဤမြစ်၊ ဤချောင်း၊ ဤအရပ်၊ ဤမြို့၊ ဤရွာ၊ ဤမိတ်ဆွေ၊ ဤမိ၊ ဤဖ၊ ဤဆွေမျိုး ဤဆရာ၊ ဤကျောင်းတို့မှ လူလားမြောက်၍ ကလောင်တစ်ချောင်း ပိုင်ဆိုင်လာရသော ဤဘဝတွင် မိမိပိုင်ဆိုင်လာသော ကလောင်ကိုကိုင်၍ တတ်နိုင်သမျှသော စွမ်းပကားဖြင့် ငါ့မြို့၊ ငါ့ရွာ၊ ငါ့နိုင်ငံအတွက် (၂၃)အုပ်မျှသော စာအုပ်များကို ရေးသား ထုတ်ဝေ ဖြန့်ချိခဲ့ပြီးဖြစ်ပါသည်။

(၂၃) အုပ်မြောက်သော စာအုပ်တို့သည် ကျွန်တော့်အဖို့ ကျွန်တော့်လူမျိုး ကျွန်တော့်နိုင်ငံအတွက် အများပြည်သူတို့ စားသုံးရန် သစ်သီးဝလံ ခြံကြီး (၂၃) ခြံ၊ အများပြည်သူတို့အပန်းဖြေစရာ သစ်လွင်လှပသော ပန်းဥယျာဉ်ကြီး (၂၃)ခု၊ များပြားလှသော ကျား၊ ဆင်၊ ခြသေ့်တို့မှအစ သမင်၊ ဒရယ်၊ ဂျီ၊ စိုင်၊ ဆတ် စသည့် သတ္တဝါတို့ မြူးတူး ပျော်ပါး၍ ပန်းမျိုးစုံ ဝေဆာပွင့်ဖူး အထူးထူး သော သစ်ပင်သစ်အုပ်တို့ ထူးထပ်စွာ ပေါက်ရောက်လျှက်ရှိသော သစ်တောကြီး (၂၃) တော၊ ပန်းပု၊ ပန်းချီ၊ အမွှန်းအပြောက် လက်ရာတို့ဖြင့် မွမ်းမံထားသော နားနေစရာ ဇရပ်ကြီး (၂၃) ဆောင် အများပြည်သူတို့ ရေကြည်ရေအေးသောက်သုံးရန် ရေတွင်း ရေကန်၊ ဆည်ကြီးမြောင်းကြီး (၂၃)ခု၊ အများပြည်သူတို့ သွားလာ လျှောက်လှမ်းရန် ဖြောင့်တန်းသည့် လမ်းမကြီး(၂၃)သွယ်၊ အများပြည်သူတို့ စိတ်အေးချမ်းသာစွာ စီးနင်းရန် လှေယာဉ်၊ လှည်းယာဉ်၊ ရထား၊ လေယာဉ်၊ သင်္ဘောကြီး (၂၃)စင်း၊ စိုက်ပျိုးရိတ်သိမ်းရန် အသင်ဖြစ်နေသော မျိုးကောင်း မျိုးသန့် ဧရာမစပါးခင်းကြီး (၂၃) ခင်း၊ အထည်အကျီအသုံးအဆောင်တို့မှ အစစအရာရာကို ထုတ်လုပ်နိုင်သည့် စက်ရုံကြီး (၂၃) ရုံကို တည်ဆောက် ပြုစုခြင်းဖြစ်သည်ဟု ကျွန်တော်ယုံကြည် ပါသည်။

ထိုလုပ်ဆောင်မှုများအတွက် ကျွန်တော်ဖြစ်ပေါ်ခံစားရသော ပီတိကို ကျွန်တော့်မိဘ၊ ကျွန်တော့်ရပ်ရွာ၊ ကျွန်တော့်အဘိုးအဘွား၊ ကျွန်တော့်ဆရာများ အပါအဝင် ကျွန်တော့်မိတ်ဆွေအပေါင်းတို့အား မျှဝေခံစားနိုင်ဖို့ရန်ကြည်နူးစွာ ဖြန့်ဖြူးအပ်ပါ၏။

ဤလုပ်ဆောင်မှုများအတွက် ကျွန်တော့်မိခင်ကြီး ဒေါ်လှသန်း ရောက်ရာဘဝမှ ကြည်နူးဂုဏ်ယူလျှက်ရှိနေမှာပါလေ ......

**ပန်းမျိုးတစ်ရာစာပေ**

# အဘွား၏နို့ပြင်ပြီးကိုင်ုလျှက်

ထို့နေ့ပြာသိုလပြည့်နေဖြစ်၏။

ကျွန်တော်က အိမ်ရှေ့ဝရန်တာတွင်ထိုင်ကာ ပြည့်ပြည့်ဝဝကြီး ထွန်းလင်းနေသော လမင်းကြီးကို ကြည့်နေမိ၏။ မိုးသားကင်းစင်၍ အပြာရောင်နောက်ခံဖြင့် လင်းလင်းချင်းချင်းရှိသော လမင်းကြီးကို ကြည်ရသည်က အေးမြလှ၏။ လရောင်များ ဖိတ်ကျ၍ တစ်လောက လုံး လရောင်ဆမ်းသည် ဤညချမ်းက အေးမြသာယာလှသည်။

**ပန်းမျိုးတစ်ရာစာပေ**

ဤမျှ သာယာလှပသောညချမ်းဝယ် ကျွန်တော်သည် အိပ်စက်ရန်ကိုပင် မေ့လျော့နေမိသည်။ ကလေးများရော ဇနီးပါ အိပ်ရာသို့ ဝင်ကြပြီဖြစ်ဟန်တူ၏။ ကျွန်တော်ကတော့ ပြည့်ပြည့်ဝဝ လမင်းကြီးအား ကြည့်နေမိ၏

အိမ်ရှေ့ ဝရန်တာတွင် ပက်လက်ကုလားထိုင်ပေါ်၌ ထိုင်၍ ရေနွေးပူပူကို မှုတ်သောက်ရင်း ငါးရံ့ခြောက်ဆားပေါ့လေးတစ်ပိုင်း ဝါးလိုက်၊ လမင်းကြီးကို ကြည့်လိုက်ဖြင့် နေရသည်ကား အရသာရှိလှ၏။ ဇိမ်ကျလှ၏။ ပသာဒရှိလှ၏။

မျက်နှာခြင်းဆိုင်တွင်ရှိသော အုန်းလက်အုန်းခက်များပေါ်သို့ လရောင်များဖိတ်ကျနေသည်က ပို၍ ကြည့်ကောင်းသည်။ လေအဝှေ့တွင် အုန်းလက်များက ဘယ်ယိမ်းညာနွဲ့ ရှိနေသေး၏။

သည်လိုသာယာသောညကို တွေ့ရတော့ ကျွန်တော်သည် အဘွားကို သတိရ၏။ ကျွန်တော့်အဘွား၏အမည်က ဒေါ်သင်းထုံ။ အဘွားသည် မွန်သွေးပါ၏။ အဘိုးက ဦးဖိုးကွန်း။ အညာသား အညာဆက်ဖြစ်၏။ အဘွားက စာမတတ်။ သို့သော် အပေါင်းအနှုတ် အမြောက်အစားတော့ တတ်၏။ ငွေကြေး သောင်းဂဏန်းလောက်အထိကို ဦးခေါင်းနှင့်ပင် မှတ်သားသည်။ ကြွေးစာရင်း သုံးလေးဆယ်ကို မမှားမယွင်း မှတ်နိုင်၏။ အဘွားက သိမ်သိမ်မွေ့မွေ့ရှိ၏။ အော်ပြော ငေါက်ပြောခြင်း မပြုလုပ်တတ်။

အဘွား၏ အခြားအရည်အသွေးတစ်ခုကား ပုံပြောပြတတ်ခြင်း၏။ ကျွန်တော်တို့ရွာအမည်က ရစ်ကန်ကြီး။ ပဲခူးတိုင်း ကဝမြို့နယ်

တွင်ရှိ၏။ ရွာက ပဲခူး သနပ်ပင် သက္ကလ ကားလမ်းပေါ်တွင်ရှိ၏။ ရွာ၏အလယ်တွင် ချောင်းကို ဖြတ်၍ စီးဆင်းလျှက်ရှိသည်။

ကျွန်တော်တို့ရွာတွင် အဓိကအားဖြင့် လယ်ယာလုပ်ငန်းကိုသာ လုပ်ကိုင်ကြ၍ စပါးပြီးပါက မြေပဲအနည်းငယ် စိုက်ပျိုးတတ်၏။ ကျွန်တော်တို့ငယ်စဉ်က တစ်ရွာလုံးလိုလို စီးပွားရေး ပြေလည်ကြ၏။ လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းတွင်တော့ ကျွန်တော်တို့ ဒေသကြီး တစ်ခုလုံးသည် ဗမာပြည် ကွန်မြူနစ်ပါတီ၏ လက်အောက်သို့ ကျရောက်ခဲ့၏။ သောင်းကျန်းသူတို့ ထကြွချိန်မှစ၍ ကျွန်တော်တို့ အရပ်ဝယ် စီးပွားရေး မပြေမလည် ဖြစ်ခဲ့ရသည်မှာ ယနေ့ကာလအထိ လောက်ပင်ဖြစ်၏။

ယခုလိုသာလျှင် ကျွန်တော်တို့ရွာက ပို၍လှသည်။ ကြခတ်ပင်၊ ကုက္ကိုပင်၊ သရက်ပင်၊ မန်ကျည်းပင်များဖြင့် လသာသာညများတွင် ထုပ်ဆီးထိုး၊ မုန့်ဆမ်းထောင်း၊ တွတ်တွတ်ထိုးကြရသည်မှာ ပျော်စရာ ကောင်းလှ၏။

အဘိုး၏ အိမ်ခြံကြီးက ကျယ်၏။ အိမ်ရှေ့တွင် မန်ကျည်းပင် ကုက္ကိုပင်နှင့် တရုတ်စံကားပင်ကြီးများ ရှိသည်။ ကုက္ကိုပင်အောက်တွင် ကွပ်ပျစ်တစ်ခု အမြဲချထား၏။ ထိုကွပ်ပျစ်တွင် အဘိုးနှင့် ရွာမှ လူကြီးများသည် ရေနွေးကြမ်းသောက်ရင်း စကားပြောတတ်ကြ၏။ ထိုကွပ်ပျစ်တွင်ပင် ကျွန်တော်၏ လေးလေးတော်သူနှင့် ရွာရှိ လူငယ် လူလတ်တို့ ရပ်ရေးရွာရေး၊ လူ့ရေးတန်းရေး ကိစ္စများကို ပြောကြ ဆိုကြ၏။

**ပန်းမျိုးတစ်ရာစာပေ**

တစ်ခါတစ်ရံတွင်လည်း အဘွားက ထိုကွပ်ပျစ်ပေါ်တွင် အိမ်နီးချင်း ကလေးများအား ပုံပြောပြတတ်၏။ ကျွန်တော်နှင့်အတူ ပုံနားထောင်ဖက်များတွင် ကျွန်တော်နှင့် ညီအစ်ကိုဝမ်းကွဲတော်သူ မောင်စိန်ဝင်း၊ ကျွန်တော်တို့အိမ်ရှေ့အိမ်မှ သူငယ်ချင်း မထွေးရီနှင့် အခြားသူများလည်းပါဝင်၏။ သို့သော် အားလုံးကို မမှတ်မိတော့။ မောင်စိန်ဝင်းလည်း ငယ်စဉ်က ကျောက်ပေါက်၍ ဆုံးခဲ့သည်။ မထွေးရီလည်း ခပ်ငယ်ငယ်ကပင် ဆုံးပါးခဲ့၏။ ဘာ့ကြောင့်ဆုံးရသည်ကို ကျွန်တော် မေ့သွားပြီဖြစ်၏။

တကယ်တော့ ကျွန်တော်ယခုကဲ့သို့ ကွပ်ပျစ်တွင် ပုံနားထောင်ရသည်ကို မကြိုက်၊ ကျွန်တော်က အဘွား၏ရင်ခွင်တွင် ဝင်၍ အဘွားမျက်နှာကိုတစ်လှည့်၊ ကောင်းကင်ကြီးကိုတစ်လှည့် မော့်ကြည့်ကာ တစ်ဦးတည်း ပုံနားထောင်လို၏။ ယခုလို လပြည့်ညများတွင် ပြတင်းပေါက်မှ ဝင်လာသော လရောင်အောက်၌ အဘွား၏နို့ပြင်ကြီးကို ခဲရင်း အဘွား၏မျက်နှာကို လရောင်ဖြင့် ဝဝလင်လင်ကြီးကြည့်ရှု၍ အဘွားပြောသော ပုံပြင်များကို နားထောင်ရသည်မှာ အလွန်ဇိမ်ကျလှ၏။ အဘွားနို့ပြင်ကြီးက နို့မထွက်တော့။ နို့သီးခေါင်းကလည်း ပျော့အိနေ၏။ အဘွား၏ ရင်ပြင်သည်လည်း ပြားချပ်နေ၍ မှဲ့ပြောက်များနှင့် ပြည့်နေသည်။ အဘွား၏ အသားအရေတို့မှာလည်း ပျော့အိနေ၏။ အဘွား၏ ပျော့အိနေသော လက်ချောင်းများဖြင့် ပွေ့ဖက်ခံထားရသည်က ကျွန်တော့အတွက် လုံခြုံမှုလည်းရှိ၏။

ပုံပြင်ကို အဘွားက အသံနေအသံထားနှင့်ပြော၏။ အာရှင်းရှင်းနှင့်ပြော၏။ အဘွားသည် သား သမီးများကို တစ်ခါ၊ တူ၊ တူမများကို

တစ်ခါ၊ အိမ်နီးချင်းကလေးများကိုတစ်ခါ၊ မြေးများကိုတစ်ခါ၊ စသည်ဖြင့် အကြိမ်ကြိမ်ပြောခဲ့ရ၍ အထစ်အငေါ့မရှိ ချောအောင် ရှင်းအောင်ပြောနိုင်၏။ ပုံထဲမှ သနားရမည့် နေရာများတွင် အဘွားက အသံကို တိမ်၍ပြော၏။ ထိုအခါ အဘွား ငိုများငိုသလားလို့ ထင်ရသည်။ အဘွား၏ပုံကို နားထောင်ရမည်ဆိုပါက ကျွန်တော်ကတော့ ဇာတ်ပွဲတွေပင် မကြည့်လို။ ဟိုလိုက်မယ် ဒီလိုက်မယ်ဟုလည်း ကျွန်တော်တို့မပြော။ ဟိုဟာပူဆာ၊ ဒီဟာပူဆာလည်း ကျွန်တော်တို့မလုပ်။ အဘွားပုံပြောမည်ဟု ဆိုပါက ကျန်အခွင့်အရေးများကို ကျွန်တော်တို့ စွန့်လွှတ်တတ်ကြ၏။

ကျွန်တော်သည် ထိုင်း၊ မလေးရှား၊ စင်္ကာပူ စသောနိုင်ငံကြီးတို့မှ ဟိုတယ်ကြီးများတွင် တည်ခိုဖူးပါ၏။ ခေတ်မီဇိမ်ခံဟိုတယ်ကြီးများဖြစ်၍ အစစအရာရာ ပြည့်စုံသည်။ ဘာမျှ လိုလေသေးမရှိ။ သို့သော် ထိုဇိမ်ခံဟိုတယ်ကြီးများတွင် တည်းခိုနေထိုင်ရခြင်းများသည် အဘွား၏ ရင်ခွင်၌ အဘွားနှိပ်ပြင်ကြီးကိုငုံကာ အဘွားပြောသော ပုံကို နားထောင်ရသည်လောက် အရသာရှိသည်ဟု ကျွန်တော်မထင်။

ဘဝတစ်ခုတွင် ပျော်ရွှင်ကျေနပ်နှစ်သိမ့်စရာ အခြေအနေများစွာ ရှိပါ၏။ တစ်ခါတစ်ရံ ထိုပျော်ရွှင်ကျေနပ် နှစ်သိမ့်ခဲ့ရမှုများကို ပြည်လည်တောင့်တမိပါ၏။ အကောင်းဆုံးစီမံထားသော စားသောက်ဖွယ်ရာများကို စားရသောအချိန်၊ အကောင်းဆုံးဝိုင်ကို သောက်၍ မူးယစ်ရသောကာလ၊ မိသားစုနှင့်ပျော်ရွှင်ချမ်းမြေ့စွာ ကြည်နူးရသောအခါတို့နှင့် ဇနီး၏ ပြုစုမှု၊ ချစ်သူ၏ ယုယမှုတို့ကို ခံစားရခြင်း စသော ဘဝတွင် ကျေနပ်နှစ်သိမ့်ဖွယ်ရာ အချိန်များစွာ ရှိပါ၏။

**ပန်းမျိုးတစ်ရာစာပေ**

ကျွန်တော်သည် ယခု အသက် ၅၀ အရွယ်သို့ ရောက်၍ ထိုသို့သော ပျော်ရွှင်ခံစားရသည့် ကျေနပ်စရာ အကောင်းဆုံး ခံစားရမှုများတွင် အဘွား၏ရင်ခွင်၌ နို့ပြင်ကြီးကိုငုံကာ အဘွားပြောသော ကမ္ဘာလိပ်မကြီးပုံပြင်ကို နားထောင်၍ အဘွား၏မျက်နှာကို မော့ကြည့် ခံစားရသည်လောက် ကျေနပ်နှစ်သိမ့်ဖွယ်ရာကောင်းသော ဇိမ်တွေ့၊ ခံစားရသော အရာဟူ၍ ကျွန်တော့်အသက် ၅၀ အထိ တစ်ခါမျှ မကြုံတွေ့ဖူးသေးပါ။

တရားဓမ္မကို ကျင့်ကြံရရှိသော ခံစားရမှုပီတိက ထိုထက်ပို၍ ပြည့်စုံအေးချမ်းမှုရှိသည်ဟုတော့ ကြားဖူး၏။ သို့သော် ကျွန်တော်သည် တရားဓမ္မကို အားထုတ်ကျင့်ကြံမှုမျိုးတွင် အတွေ့အကြုံမရှိသေး။

နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီးများတွင် တစ်ရက် တည်းခိုရန် ကျပ်ငွေ ၂၀၀၀ ကျော်ပေးရ၏။ စားသောက်ဖွယ်ရာများပါ အသင့် အတင့် ယူစားမည်ဆိုပါက တစ်ရက် ငွေတစ်သောင်းအထိ ကုန်အောင် သုံးနိုင်၏။ ထိုထက်ကဲ၍ မှာလိုလျှင် တစ်နေ့လျှင် ငွေနှစ်သောင်းမှ သုံးသောင်းအထိ ကုန်နိုင်၏။ ထိုသို့ ငွေးကြေးများစွာ ကုန်ကျပြီးမှ ရရှိသော စည်းစိမ်းနှင့် ငွေကြေး တစ်ပြားတစ်ချပ်မှ မကုန်ကျဘဲ တစ်စက်မှ နို့မထွက်သည့်အဘွား၏ နို့ပြင်ကြီးကို ငုံထားရသော စည်းစိမ်ကို နှိုင်းယှဉ်ပါက ပြဟ္မာမင်း၏ စည်းစိမ်နှင့် သူတောင်းစား ထမင်းတစ်နပ် ဝဝလင်လင်စားရသော စည်းစိမ်လောက် ကွာခြားသည် ဟု မိတ်ဆွေတစ်ဦးက ဆိုပါ၏။

အခုတော့ အဘွားလည်း မရှိတော့။ ထိုစည်းစိမ်မျိုးကို ကျွန်တော် လည်း ဘယ်တော့မှ ခံစားနိုင်တော့မည် မဟုတ်တော့။

**ပန်းမျိုးတစ်ရာစာပေ**

ကျွန်တော်သည် လမင်းကြီးသာနေသည်ကိုကြည့်၍ အဘွားအား လွမ်းဆွတ် သတိရနေချိန်တွင် ဇနီးဖြစ်သူ ကျွန်တော့်ဘေးသို့ ရောက်နေသည်ကို သတိမထားမိ။ ဇနီးဖြစ်သူ ဘယ်အချိန်က ရောက်ရှိနေသည်ကိုလည်း ကျွန်တော်မသိ။ ကျွန်တော်က အတွေး နယ်ချဲ့နေ၍ သူက စောင့်နေဟန်တူ၏။ ကျွန်တော် သူ့ကို သတိပြုမိ ဟန်ရှိတော့မှပင် ဇနီးက "ကိုရေ၊ ကလေးတွေကတော့ တစ်ယောက် တစ်မျိုးမကတော့ဘူး" ဟု ဆိုပါ၏။

ကျွန်တော်က "ဘယ်လိုတစ်ယောက်တစ်မျိုး ဖြစ်နေလို့လဲ" ဟု ဆိုသောအခါ "အငယ်ဆုံးကောင်လေးကလည်း ဘယ်ကနေဘယ်လို ဆဲတတ်လာတယ်မသိဘူး။ မျိုးစုံဆဲတတ်နေတယ်။ အလတ်ကောင် ကလည်း အမေပြောတာ တစ်လုံးမှမခံဘူး။ သူတို့လုပ်တာမှန်တယ်၊ မိဘလုပ်တာ ခေတ်မမီတော့ဘူးလို့ ထင်နေတယ်။ အကြီးဆုံးက တော့ ဆေးလိပ်ခိုးသောက်တာ သေချာတယ်" ဟု ဆိုပါ၏။

"ဒါပဲလား"

"ဒါကရော နည်းတဲ့အပြစ်တွေလား။ အဖေနဲ့အမေ ဘယ်သူမှ မဆဲတတ်ဘူး၊ အလတ်ကောင်လို လူကြီးကို ဆင်ခြေဆင်လက်တွေနဲ့ ပြောတာမျိုးလည်းမရှိဘူး။ ဒီအိမ်မှာ ဘယ်သူမှ ဆေးလိပ်မသောက်ဘူး။ သားကြီးက ဘယ်က ဆေးလိပ်သောက်တတ်လာမှန်း မသိဘူး။ နောက်ပြီး သူတို့ပြောနေတဲ့ စကားတွေကလည်း ဗန်းစကားတွေ။ နားထောင်လို့လည်း မရဘူး။ နားလည်းမလည်ဘူး။ နောက်ပြီး

ကလေးတွေက ပူဆာလိုက်တာလည်း အင်္ကျီအဝတ်အစား၊ ကစားစရာ၊ အပိုပစ္စည်း စုံလို့။ သူတို့ဝယ်ချင်တဲ့ အချို့ပစ္စည်းတွေက သရုပ်ပျက်ပစ္စည်းတွေ။ သူတို့ပြောတာတွေ ဝယ်မပေးရင်လည်း မိဘကို အပြစ်တင်ချင်သေးတယ်။ ဘယ်မိဘကတော့ ဘယ်လိုဝယ်ပေးတယ်၊ အမေတို့ကတော့ ဝယ်မပေးနိုင်ဘူးဆိုလားတော့ တို့က အဲဒီမိဘတွေလို သုံးစွဲနိုင်တာ မဟုတ်ဘူးဟဲ့လို့ ပြောရင် မိဘကို အထင်သေး အမြင်သေးစကား ပြောကြသေးတယ်။ နောက် အနေအထိုင် အစား အသောက်ကျတော့လည်း ဘာမှ ထောင့်မကျိုးဘူး။ ကလေးတွေကို အတော့်ကို ဆုံးမဦးမှဖြစ်မယ်။ ဒီအတိုင်းထားလို့ မဖြစ်တော့ဘူး" ဟု ဆိုပါ၏။

"ဆုံးမဆိုလည်း ဆုံးမရတာပေါ့။ ဒါပေမယ့်ဆုံးမဖို့ ဆိုတာတောင် အတော်နောက်ကျနေပြီ" ဟု ကျွန်တော်က ဆိုမိပါ၏။

"အို . . . ဘယ်ကလာနောက်ကျရမှာလည်း။ အမေပြောတာနဲ့ အဖေ ပြောတာ မတူဘူး။ ကျွန်မလည်း နေ့စဉ်ဆုံးမနေတာပဲ" ဟု ဇနီးက ဆိုပါ၏။

တစ်နေ့က အလတ်ကောင် စာမေးပွဲဖြေရာသို့ လိုက်သွားမိသည်။ မိဘများစုမိ၍ တစ်ယောက်တစ်ပေါက် ပြောနေကြရာ သားသမီးများ အား ဆိုဆုံးမမှု ခက်ကြောင်းများကိုသာ ပြေနေကြ၏။ မိဘများသည် ဘယ်သူမှ ကိုယ့်သားသမီးအကြောင်း မကောင်းမပြောလိုကြပါ။ အကောင်းပြောရန် အတော်ကြီးအခက်အခဲရှိနေသောကြောင့်သာ အဆိုးပြောရခြင်း ဖြစ်၏။ ထိုနေ့က ပြောဆိုနေသော စကားများ ထဲတွင် အိမ်မှ ပိုက်ဆံယူသုံး၍ သုံးစွဲသောကလေး။ အိမ်ပြန်မလာဘဲ

ညအိပ်ညနေထွက်သောကလေး၊ စာမကျက်သောကလေး စသည်ဖြင့် စုံနေအောင် ပြောကြသည်ကို ကြားရ၏။

ကလေးတိုင်း ထိုသို့ ဖြစ်နေကြသည်တော့ မဟုတ်။ သို့သော် ပြောဆိုရန် ခက်ခဲသော ကလေးများ ရှိနေသည်ကတော့ သေချာသလောက် ရှိပါ၏။ ကျွန်တော်သည် ဇနီးသည်က တတွတ်တွတ်ပြောနေသည်ကို နားထောင်ရင်း လမင်းကြီးအား မော့ကြည့်မိ၏။ ဖြူစင်အေးချမ်းလှသော ဘော်သာခွာလပြည့်ဝန်း၏ ဝိုင်းစက်လှပ၍ ရွှန်းစိုနေသည့် လရောင်ကား ကြည်နူးဖွယ်ရာဖြစ်၏။

"အခုလို ကလေးတွေဆိုဆုံးမမှု ခက်ခဲနေတာ မှန်သမျှဟာ မိဘတွေအပေါ်မှာပဲ တာဝန်အားလုံးရှိတယ်။ အခုဆိုးပါတယ်လို့ အပြောခံနေရတဲ့ ကလေးတွေအားလုံးဟာ ဘယ်သူမှ ခုလို လပြည့်ဝန်းကြီးကိုကြည့်၊ အဘွားရဲ့ နို့ပြင်ကြီးကိုငုံ၊ အဘွားရဲ့ ရင်ခွင်ထဲကနေ အဘွားပြောတဲ့ပုံကို နားထောင်ဖို့ အခွင့်အလမ်းမရခဲ့ရှာတဲ့ ကလေးတွေချည်းပဲ၊ သူတို့တတွေဟာ ပုံနားထောင်ခွင့်ရခဲ့ကြမယ်ဆိုရင် ဘယ်သူမှ ခုလို ဆိုဆုံးမရခက်နေမှာ မဟုတ်ဘူး" ဟု ကျွန်တော်က ဆိုမိပါ၏။

ကျွန်တော်၏စကားသည် တစ်စနှင့်တစ်စ အတော်ကြီးအလှမ်းဝေးနေ၍ ဇနီးဖြစ်သူသည် ကျွန်တော့်စကားကို သိပ်နားမရှင်းဘဲ ဖြစ်နေရှာပါ၏။ ထို့ကြောင့် သူသည် ကျွန်တော်စကားကို ထောက်ခံစကားလည်းမပြော၊ ကန့်ကွက်စကားလည်း မဆိုဘဲ နားမလည်နိုင်သောဟန်ဖြင့် ကျွန်တော့်အား ငေး၍ ကြည့်နေ၏။

ကျွန်တော်၏ သားသမီးများ အပါအဝင် ယနေ့ မြို့ပေါ်မှ ကလေးများသည် ပုံနားထောင်ရသော အခွင့်အရေး အလွန်ပင်

နည်းပါးကြ၏။ ကျွန်တော်၏ ကလေးသုံးယောက် ငယ်စဉ်က ကျွန်တော်တို့ဇနီးမောင်နှံမှာ ရုံးအလုပ်ကိုလုပ်ကြ၏။ ကလေးများကို အိမ်ဖော်နှင့် ပစ်ထားရသည်။ ရုံးမှပြန်လာတော့လည်း မောမောပန်းပန်းဖြင့် ပုံပြောဖို့ မဆိုထားဘိ။ နို့ကိုပင် ဝလင်အောင်ပင်မတိုက်နိုင်ခဲ့။ ကလေးများအား ငယ်ရွယ်စဉ်ကာလတစ်လျှောက်လုံး စနစ်တကျ ပြောဆိုဆုံးမမှုများကို ကျွန်တော်တို့ မလုပ်နိုင်ခဲ့။ ကျွန်တော်တို့သည် ကလေးများအား စနစ်တကျ ဆိုဆုံးမမှုပြုရေးနှင့် ပတ်သက်၍ မိဘဝတ္တရား ပျက်ကွက်ခဲ့ကြ၏။

## ဆိုဆုံးမမှုနှင့်အချိန်ကောင်း

ကလေးအထူးကုသမားတော်ကြီး ဦးတင်ဦးက လူနာများအား ကျန်းမာရေး ပညာပေးရာတွင် ကျန်းမာရေးပညာကို လိုလိုလားလား ရှိနေချိန်မျိုး၌ ပညာပေးပါက ပိုမိုထိရောက်မည်ဟု ဆိုဖူးပါ၏။

ကျွန်တော်တို့သည် ရင်းသွေးငယ်တို့အား ဆိုဆုံးမရာတွင် သူတို့ နားထောင်ရန် အလိုလားဆုံးအချိန်၌ ဆိုဆုံးမမှုများကို ပြုပါက အထိရောက်ဆုံးနှင့် သူတို့အတွက် လိုက်နာရန် အလွယ်ကူဆုံးအချိန် ဖြစ်၏။

ကလေးငယ်များသည် သုံး လေး ငါးနှစ်အရွယ်မှစ၍ အသက် ၁၂ နှစ် ၁၃ နှစ်တိုင် ပုံပြင်များကို ကြိုက်ကြ၏။ ပုံပြင်နှင့်နွယ်၍ လူကြီးပြောသမျှကို နာခံ၏။ ဆိုဆုံးမမှုများကိုလည်း စောဒက မတက်ကြ။ အထူးသဖြင့် အသက်လေးငါးနှစ်အရွယ်မှ ရှစ်နှစ်ကိုးနှစ် အထိ ကလေးများသည် ပုံပြင်များကို အကြိုက်ဆုံးဖြစ်သည်။

**ပန်းမျိုးတစ်ရာစာပေ**

ထိုအရွယ်က နားဝင်သွားသော အရာအားလုံးကိုလည်း ကလေးများသည် အသက်ထက်ဆုံး စွဲမြဲစွာ ခံယူခြင်းဖြင့် ထိုခံယူမှုများသည် သူ၏ ပင်ကိုစရိုက်များ ဖြစ်သွားတတ်၏။ ဤကိစ္စသည် အလွန်အရေးကြီး၏။ ကလေးများကို သုံးလေးနှစ်အရွယ်မှစ၍ အကျင့်ကောင်း၊ အပြုအမူကောင်းလေးများကို မပေးမိပါက မကောင်းသော အပြုအမူ၊ မကောင်းသောအကျင့်စရိုက်များကို အကောင်းဟု မှတ်ထင်သွား၏။ ထိုကလေးများသည် ခြောက်နှစ်မှ ၁၀ နှစ်၊ ၁၁ နှစ်တိုင် ဆိုးတတ်၏။ သို့သော် ကလေးဖြစ်နေ၍ ထိုအရွယ်၌ ဆိုးသည်ကို မိဘများကပါ ခွင့်ပြုထားရာ ထိုသို့ ဆိုးရွားမှုသည် ထိုကလေး၏ အကျင့်စရိုက်ဖြစ်သွားတတ်၏။

သို့သော် ထူးခြားချက်တစ်ရပ်မှာ ရင်သွေးငယ်တို့သည် ၁၂ နှစ်၊ ၁၃ နှစ်အရွယ်တွင် တစ်ကြိမ်ပြန်၍ ပြုပြင်လျှင် ရတတ်၏။ ထိုအရွယ်တွင်မှ ပြုပြင်၍မရလျှင် လူငယ်ဘဝတစ်ခုလုံး ဆိုဆုံးမမှုခက်ခဲကာ အသက် ၂၅၊ ၃၀ သို့ရောက်ခါမှ အမြင်မှန်ရတတ်၏။ ထိုအခါ လူငယ်ဘဝတစ်ခုလုံးနီးပါး ကုန်လွန်ခဲ့ပြီဖြစ်ရာ ထိုသို့သော လူငယ်များအတွက် လူ့ဘဝတစ်ခုလုံး အဆုံးအရှုံးများနှင့် ရင်ဆိုင်ရဖို့ကသာ များပါ၏။

အိုးလုပ်သူတို့သည် အိုးမခြောက်သွေ့မီ ကလ၌ အိုး၏ပုံကို မိမိကြိုက်သလို ပုံသွင်းနိုင်၏။ အိုးကို ရွံ့ဘဝတွင် မိမိလိုချင်သော ပုံသွင်းမှု မပြုဘဲ သူ့ဟာသူ ပုံမကျပန်းမကျ ဖြစ်လာပြီး အပူပေး အခြောက်ခံပြီးခါမှ ထိုအိုး၏ပုံကို မကြိုက်သဖြင့် ပုံပြန်သွင်းပါက အိုးကွဲရုံသာရှိမည်ဖြစ်၏။

**ပန်းမျိုးတစ်ရာစာပေ**

အလားတူပင် ကလေးငယ်ဘဝ မိမိစိတ်ကြိုက် ပုံသွင်း၍ ရနိုင်ချိန်တွင် ပုံသွင်းမှု၊ ပုံစံပြမှုမရှိဘဲ လူငယ်ဘဝရောက်ခါမှ ပုံသွင်းပါက ငယ်စဉ်က ပုံသွင်းရသလောက် မလွယ်ကူပဲဖြစ်တတ်၏။

ထို့ကြောင့် လူငယ်ဘဝ၌ ကလေးသူငယ်တို့အား ဆိုဆုံးမမှုများ ပြုလုပ်ခြင်းသည် ဘဝတစ်ခုလုံးအတွက် အလွန်မှ အရေးကြီးပါ၏။

အသက်လေးငါးနှစ်မှ ကိုးနှစ်၊ ၁၀ နှစ်အထိ အချိန်များတွင် ကလေးများသည် သူတို့၏ ဘဝအတွက် အကောင်းအဆိုးများကို ရှာဖွေချိန်ဖြစ်၏။ ထိုအချိန်တွင် မိဘက ထိန်းကျောင်းမှု မရှိပါက အကောင်းကို အဆိုးထင်၍ အဆိုးကို အကောင်းထင်သွားလျှင် ပြုပြင်ရန် ခက်ခဲ၏။

ထိုချိန်တွင် မိဘများက ပုံပြင်လေးများကို ပြော၍ ဆိုဆုံးမှုများ ပြုထားပါက သူတို့၏ ဦးနှောက်လေးများတွင် မိဘတို့၏ သင်ကြားပြောဆိုမှုများကို နားဝင်ကာ လိမ္မာရေးခြားရှိသော ကလေးများအဖြစ် ပြုစုပျိုးထောင်နိုင်မည် ဖြစ်ပါ၏။

လောက လူ့ဘဝတွင် လူတို့သည် တစ်ဦးတစ်ယောက်တည်း ရပ်တည်နေခြင်း မဟုတ်။ လူအများ ဝိုင်းဝန်းစုစည်း၍ စည်းကမ်းနည်းလမ်းများကို မလိုက်နာပါက မလိုက်နာသည့်အတိုင်းအတာလျှောက် ကျခံရမည့် ပြစ်ဒဏ်များလည်း ရှိကြ၏။

ကလေးဘဝတွင် ပြစ်ဒဏ်တစ်ခုခုဖြစ်ပါက မိဘများက ခွင့်လွှတ်ကြ၏။ ဆိုဆုံးမမှုများမှာလည်း မပြင်းတန်တတ်။ နောင် ထိုသို့ မဖြစ်စေရန် ပညာပေးခြင်းမျှ လောက်သာဖြစ်၏။ သို့သော် အသက်

ငါးနှစ်ခြောက်နှစ်တွင် ပြစ်မှုတစ်ခုခု ကျူးလွန်ပါက မိဘများသည် ကလေးတို့အား မျက်နှာထိမျက်နှာထားဖြင့် ဆူတတ်၏။ တစ်ခါတစ်ရံ ကြိမ်လုံးဖြင့် ရိုက်တတ်၏။ ဆိုလိုသည်မှာ အသက်ကြီးလာသည်နှင့် အမျှ အပြစ်ဒဏ်လည်း ကြီးလာသည်ကို ပြောဆိုလိုခြင်းဖြစ်၏။ အသက် ၁၀ နှစ် ၁၂ နှစ်အရွယ် ကလေးများ အပြစ်ကျူးလွန်လျှင် မိဘများက တုတ်ခပ်ကြီးကြီးနှင့် ရိုက်သည်။ အိမ်ခန်းထဲမှ အိမ်ပြင် မထွက်ရ ဟူ၍ ဒဏ်ခတ်သည်။

အသက် ၁၅ နှစ်မှ အသက် ၁၈ နှစ်ကာလာများတွင် ပြစ်မှု ကျူးလွန်ရာ၌ ပြစ်မှုကြီးပါက လူငယ်ပြုပြင်ရေးစခန်းများသို့ ပို့ကြ၏။ အသက် ၁၈ နှစ်မှ အထက် ပြစ်မှုကျူးလွန်သူတို့အား ကျူးလွန်သော အမှုကို လိုက်၍ ကြိမ်ဒဏ်၊ ငွေဒဏ်၊ ထောင်ဒဏ်၊ တစ်သက်တစ်ကျွန်း၊ သေဒဏ် စသည်တို့ကို ပေး၏။

ကျွန်တော်တို့ သားသမီးများအား ငယ်စဉ်မှစ၍ ချစ်၍ဖြစ်စေ၊ အလိုလိုက်မိ၍ဖြစ်စေ၊ အလုပ်မအား၍ဖြစ်စေ၊ စီးပွားရှာနေရ၍ဖြစ်စေ၊ စနစ်ကျသော ဆိုဆုံးမှုများကို မပြုလုပ်နိုင်ခဲ့သဖြင့် ကလေးများသည် အမှားများကို အမှန်ထင်ကာ အပြစ်များကို ကျူးလွန်ကြပါက အသက်အရွယ်၊ ပြုလုပ်မိသော အမှုအခင်းများနှင့်အညီ ပြစ်ဒဏ်များကို ခံစားကြရမည်ဖြစ်၏။ ငယ်စဉ်က ဆိုဆုံးမမှုကို ခံရသော ကလေးများ သည် ပြစ်မှုပြစ်ဒဏ်များကို ကျူးလွန်ရန် ခဲယဉ်းကြ၏။ ငယ်စဉ်က မိဘ၏ ဆိုဆုံးမမှု မခံရသော ကလေးများသည်လူငယ်လူကြီးဘဝတွင် အနည်းနှင့်အများ ပြစ်ဒဏ်ကျူးလွန်သူများ ဖြစ်တတ်ကြ၏။

**ပန်းမျိုးတစ်ရာစာပေ**

ထို့ကြောင့် လူငယ်များသည် ဘဝတစ်လျှောက် မကောင်းမှုများ၊ မကောင်းတာများ မလုပ်ဘဲ ကောင်းမှုများ၊ ကောင်းတာများကို လုပ်ဆောင်သူများ ဖြစ်လာစေရန် မိဘများက စနစ်ကျသော ဆိုဆုံးမမှုများ၊ လမ်းညွှန်မှုများကို ငယ်စဉ်မှစ၍ ပြုကြရမည်ဖြစ်၏။

ငယ်စဉ်မှစ၍ သားသမီးတို့အား ဆိုဆုံးမမှု မရှိခြင်းသည် မိဘ ဝတ္တရား ပျက်ကွက်ခြင်းဖြစ်၍ မိဘသည်ပင် ရန်သူမည်ပါ၏။

လူငယ်များဘဝကို လေ့လာပါက ကလေးသူငယ်တို့အား ထိုကလေးသည် လူကောင်းဖြစ်မည်၊ ထိုကလေးသည် လူဆိုးဖြစ်မည် ဆိုသော ပြဋ္ဌာန်းချက်မျိုးမရှိပါ။ လူငယ်တစ်ယောက်သည် သူ၏ ပတ်ဝန်းကျင်မှ ပြုပြင်သမျှကို ခံယူရင်း အဆိုးအကောင်းများ ဖြစ်လာရ၏။ ထို့ကြောင့် သုတေသနစာတမ်းများအရ ကလေးများအား ငယ်စဉ်ကာလ၌ စနစ်တကျ ပြုစုပေးပါက လူတော် လူကောင်းများ ဖြစ်နိုင်ကြောင်း လေ့လာမှုများ ရှိ၏။ တစ်နည်းဆိုရသော် လူငယ် များအား လူကောင်းများဖြစ်စေရန် ငယ်စဉ်ကပင် ပြုပြင်၍ ရသည်ဟူသော အချက်ကို သတိပြုရန် လိုအပ်ပါ၏။

သင်တန်းများ လေ့ကျင့်မှုများသည် လူငယ်တို့၏ ဘဝတွင် အလွန်မှ အရေးကြီး၏။ ကျောင်းများ၊ စာသင်တန်းများသည်ပင်လျှင် လူငယ်တို့အတွက် လေ့ကျင့်သင်ကြားရာ စခန်းများ ဖြစ်သည်။

လူငယ်များအား ပြုစုပျိုးထောင်ရာတွင် အလွယ်ကူဆုံး၊ အထိ ရောက်ဆုံးနှင့် နည်းလမ်း အမှန်ဆုံးသည် ကလေးဘဝ လေးနှစ်၊ ငါးနှစ်အရွယ်မှစ၍ ၁၂ နှစ်၊ ၁၃ နှစ်တိုင် ပုံပြော၍ ဆုံးမခြင်း ဖြစ်၏။

**ပန်းမျိုးတစ်ရာစာပေ**

## ဒေါင်းဖတ်စာပုံပြင်များ

ယနေ့ အသက် ၅၀ ဝန်းကျင်သို့ ရောက်ရှိနေသော နိုင်ငံ ခေါင်းဆောင်များ၊ လူကြီးများ၊ ပညာရှင်များ၊ နိုင်ငံ ရှေ့တန်းမှ ပုဂ္ဂိုလ်များ အားလုံးသည် ဒေါင်းဖတ်စာဖြင့် ကြီးပြင်းလာကြသူများ ဖြစ်၏။

ဒေါင်းဖတ်စာ ပုံပြင်များသည် စနစ်တကျ ပြုစုထားသော ပုံပြင်များ ဖြစ်၏။ ထိုပုံပြင်များသည် အတန်းအလိုက် လွယ်ရာမှ တဖြည်းဖြည်း မြင့်တက်လာကာ လောက သဘာဝ ဆိုဆုံးမမှု အထွေထွေကို ပြည့်စုံစွာ တင်ပြထားသော ပုံပြင်များ ဖြစ်သည်။

ဒေါင်းဖတ်စာတွင် ပထမတန်းမှ စတုတ္ထတန်းအထိ ပုံပြင်များသည် လွယ်ကူ ရှင်းလင်း၍ ပဉ္စမတန်းနှင့် ဆဋ္ဌမတန်း ပုံပြင်များတွင်ကား ဇာတ်တော်လာ ပုံပြင်များ၊ နိပါတ်တော်လာပုံပြင်များကို ထည့်သွင်းထားပါ၏။

ကျွန်တော်တို့သည် ငယ်စဉ်က အဘွားဖြစ်သူ၏ ကမ္ဘာလိပ်မကြီး ပုံပြင်၊ မြွေမင်းသားနှင့် မထွေးလေး၊ ရွှေယုန်နှင့် ရွှေကျားပုံပြင်များကို နားထောင်ခွင့်ရခဲ့ပြီး ကျောင်းသို့ရောက်သောအခါတွင်းလည်း ယုန်နှင့်လိပ်ပုံပြင်မှစ၍ ပုံပြင်များကို ဝဝလင်လင် နားထောင်ခဲ့ရ၏။ ကျွန်တော်တို့ သားသမီးများလက်ထက်တွင်ကား ထိုကဲ့သို့ပုံပြင်များကို နားထောင်ခွင့်မရကြပါ။ အထူးသဖြင့် မြို့နေမိသားစု၏ ရင်သွေးငယ် အများအပြားသည် ပုံပြင်များကိုနားထောင်ရန် အခွင့်အလမ်း နည်းပါးခဲ့ကြ၏။

**ပန်းမျိုးတစ်ရာစာပေ**

## တစ်ခေတ်သစ်နေသည့် မောင်ခေတ်ထွန်း၏ ပုံပြင်များ

ယခုအခါ ပုံပြင်စာအုပ်များ ကြိုးကြား ကြိုးကြား ပေါ်ထွက်လျှက်ရှိ၏။ ကျွန်တော်သည် ထွက်ရှိနေသော ပုံပြင်စာအုပ်များကို ဝယ်ယူ၍ လေ့လာခဲ့၏ ထွက်ရှိသမျှ ပုံပြင်စာအုပ်များသည် အကောင်းချည်းများသာဖြစ်၏။ ပုံပြင်များကို ယခုအခါ စိုက်လိုက်မတ်မတ် ရေးနေသော ကျွန်တော်တို့၏ မိတ်ဆွေကြီး မောင်ခေတ်ထွန်း၏ ပုံပြင်များတွင် ခေတ်သစ်ပုံပြင်များလည်းပါ၏။ ဆရာကြီး လူထုဦးလှ မရှိသည့်နောက် ပုံပြင်စာအုပ်များ အထွက်လျော့ပါးလာရာမှ ယနေ့ပုံပြင်တစ်ခေတ် ဆန်းလာသည်မှာ အားတက်ဖွယ်ရာဖြစ်၏။

မောင်ခေတ်ထွန်း၏ သားရွှေစင်ပုံပြင်များနှင့် တကယ့်သတ္တိ ပုံပြင်တို့မှာ ယနေ့ စာပေကဏ္ဍတွင် လိုအပ်နေသော ပုံပြင်စာအုပ်နေရာများကို တာဝန်ကျေပွန်စွာ ဖြည့်ဆည်းပေးစားသော စာအုပ်များဖြစ်၏။ မောင်ခေတ်ထွန်း၏ ပုံပြင်စာအုပ်များတွင် ဆရာကြီး ဦးတက်တိုးနှင့် ဆရာမကြီး ဒေါ်နုယဉ်တို့၏ အမှာစာများကို တွေ့ရှိဖတ်ရှုရ၏။ ဆရာကြီးနှင့် ဆရာမကြီးတို့၏အတွေးများသည် ကျွန်တော်တို့၏ ဆန္ဒနှင့် တထပ်တည်းကျရုံသာမက ထိုအမှာစာများသည် မိဘများအားလုံး ဖတ်ရှုလေ့လာရန် လိုအပ်သောအမှာစာအဖြစ် တွေ့ခဲ့ရပါ၏။

ကျွန်တော်နှင့် ကျွန်တော့်ဇနီးသည် ပုံပြင်လိုအပ်နေသော ကလေးများအတွက် ပုံပြင်ထုတ်ဝေရန် ဆုံးဖြတ်ခဲ့ကြပါ၏။ ဘယ်ပုံပြင်များကို ထုတ်မလဲဟု ရွေးချယ်ရာတွင်ကား ကျွန်တော်တို့သည် မထုတ်ဝေဖူး

သေးသောပုံပြင်သစ်များကို ထုတ်ဝေမည်ဖြစ်သကဲ့သို့ ကျွန်တော်တို့ ငယ်စဉ်က ကျောင်းသင်ခန်းစာအဖြစ် သင်ကြားဖတ်ရှုလေ့လာခဲ့ရသော ဒေါင်းဖတ်စာပုံပြင်များကို စုစည်းထုတ်ဝေရန် ဆုံးဖြတ်ခဲ့ပါ၏။

ထို့ပြင် သားရွှေစင်ပုံပြင်မှ ဆရာကြီးဦးတက်တိုး၏ အမှာစာကိုလည်း ကျွန်တော်တို့၏ ပုံပြင်စာအုပ်တွင် ထပ်မံဖော်ပြရန် ဆုံးဖြတ်၍ ဤ ဒါင်းဖတ်စာပုံပြင်များစာအုပ်ကို ထုတ်ဝေလိုက်ရပါ၏။

ဤပုံပြင်စာအုပ်ကို ထုတ်ဝေရာတွင် ကလေးသူငယ်များဖတ်ရှုရန် အဓိကထားထုတ်ဝေခြင်းမဟုတ်ဘဲ ယခုအခါ အသက် ၂၅ နှစ်မှ အထက် မိဘများဖြစ်ကြသော ဇနီးမောင်နှံတို့ ဖတ်ရှုကာ မိမိတို့၏ ရင်သွေးငယ်များအား ဒေါင်းဖတ်စာပုံပြင်များကို ပြန်ပြောရန်အတွက် အဓိကထား၍ ရည်သန်ထုတ်ဝေခြင်းဖြစ်ပါ၏။ ထို့ကြောင့် ကျွန်တော် တို့၏ ဒေါင်းဖတ်စာပုံပြင်များကို ဖော်ပြပြီးတိုင်း မိဘတို့က ခံယူထည့်သွင်း ပညာပေးပြောဆိုရန်အတွက် မှတ်ချက်များကိုလည်း အလေးထား၍ ရေးသားထားပါ၏။

## မိဘတာဝန်တစ်ရပ်အနေနှင့် ပုံပြောပါ

တကယ်တော့ မိဘတိုင်းသည် ပုံပြောတတ်အောင်ကျင့်ရမည် ဖြစ်ပါ၏။

အဖေဖြစ်သူက ပုံပြင်စာအုပ်တစ်အုပ်ကို စာအုပ်ဆိုင်မှဝယ်လာ၍ သားသမီးတို့အတွက် ပုံပြင်စာအုပ်ဝယ်လာတယ်။ ဖတ်ကြဟု ဆိုရုံဖြင့် တာဝန်မကျေပါ။ ပုံပြင်များကို အမေ သို့မဟုတ် အဖေ ကိုယ်တိုင်က ရွေးဦးစွာ ဖတ်ရှုရမည်ဖြစ်ပါ၏။ ထိုသို့ ဖတ်ရှုပြီးနောက်

သားတို့ သမီးတို့အား ထိုပုံပြင်ကို အေးချမ်းစွာ ပြောပြကြရမည် ဖြစ်ပါ၏။

ကလေးများအား ပုံပြောရာတွင် ကလေးများက ပူစာ၍ မလွှဲမရှောင်သာ ပုံပြောခြင်း ကမန်းကတန်းပြောဆိုခြင်းများကို မပြုလုပ်အပ်ပါ။ လူကြီးများသည် ကလေးများအား ပုံပြင်များကို အချိန်ယူ၍ ပြောကြရမည်ဖြစ်ပါသည်။ ကလေးများအသက်ကြီးလာတော့မှ ဆိုဆုံးမမှု ခက်လှချည်ရဲ့ဟု ညည်းတွားနေမည့်အစား လူငယ်ဘဝတွင် လိမ်မာရေးခြားရှိသော ကလေးများအဖြစ် မိမိတို့၏ ရင်သွေးငယ်တို့အား ပြုစုနိုင်ရေးအတွက် မိဘတိုင်းက ကလေးများအား ပုံပြောရန် အချိန်ပေးကြရမည်ဖြစ်ပါ၏။

လူကြီးများသည် ညနေကြရင်တော့ သားတို့ကို ပုံပြောမည်ဟု ဆိုကာ ကလေးအား ကြိုတင်အသိပေးပြီး ပုံပြောကြရမည်ဖြစ်၏။ သားနှင့်အမိ အဖနှင့်သားတို့သည် အေးအေးဆေးဆေးထိုင်ကာ 'ဟိုရှေးရှေးတုန်းက'ဟု အစချီ၍ ပုံပြင်များကို ဖြည်းဖြည်းဆေးဆေး ပြောကြရမည်ဖြစ်သည်။ နားထောင်သောကလေး စိတ်ဝင်စားအောင် ပြောရန်လည်း လိုအပ်သည်။ ပုံပြင်များထဲမှ တွေ့သမျှသော သင်ခန်းစာများအားလည်း ကလေးအလွယ်တကူနားလည်စေရန် ပြောဆိုဆုံးမဖို့ လိုအပ်ပါ၏။ မိဘတိုင်းသည် သီးချင်းမဆိုတတ်လျှင် နေပါစေ ပုံပြောကောင်းသူဖြစ်ရန်လို၏။

ယခုဒေါင်းဖတ်စာပုံပြင်စာအုပ်ကို စီစဉ်တင်ပြရာတွင် ပုံပြင်တစ်ခုကို ဖော်ပြပြီးတိုင်း ထိုပြင်မှရရှိနိုင်သော သင်ခန်းစာများ

အကြောင်းကို ဖော်ပြထားပါသည်။ ပုံပြင်တစ်ခုကိုပြောတိုင်း ထိုပုံပြင်နှင့် နီးနွယ်သောပုံပြင်များကိုလည်း တစ်ထောင့်တစ်ညပုံပြင်ကို ဆက်စပ်၍ ပုံပြောသူက ပြောသင့်၏။ ထို့ပြင် သင်ခန်းစာများပေးသည့် ပုံပြင်အသစ်တစ်ခုကိုပြောတိုင်း ယခင်ကပြောပြီးသောပုံပြင်မှ သင်ခန်းစာနှင့်တူပါက ပုံပြင်ဟောင်းကို ကလေးသတိရစေရန် အချီးမွှမ်း ပြန်၍ပြောသင့်သေး၏ ဆရာကြီးဦးတက်တိုးသည့်အတိုင်း ကလေးသည် အိပ်ချိန်မတိုင်ခင် ကြားလိုက်ရသောပုံပြင်လေးကို စိတ်ထဲသို့ သယ်ယူသွားကာ ထိုညအဖို့ အိပ်မက် မက်စရာအကြောင်း ကလေးရသွားအောင် ရင်ထဲ၌ စွဲသွားသည်အထိ ကလေးအား ပုံပြင်လေးများကို ပြောကြားရမည်ဖြစ်ပါ၏။

မြန်မာမှုနယ်ပယ်သည် ပုံများပေါကြွယ်ဝသောနယ်ပယ်ဖြစ်၏။ ငါးရာငါးဆယ် ဇာတ်၊ ဗုဒ္ဓဝင်၊ မဟာဝန်၊ ဇာတ်ကြီးဆယ်ဘွဲ့ ရာဇဝင်လာသူရဲကောင်းများအကြောင်း၊ တိုင်းရင်းသားရိုးရာဓလေ့ ပုံပြင်များ စသည်ဖြင့် ပြော၍ မကုန်အောင်ရှိသည့် မြန်မာ့လူအဖွဲ့ အစည်းဖြင့် ပုံများပြောမကုန်အောင်ရှိသည့် မြန်မာ့လူ့အဖွဲ့အစည်း၌ လူလားမြောက်ရခြင်းသည် ပုံတောကြီးထဲတွင် လူလားမြောက်ရခြင်းနှင့် တူပါ၏။

ထိုသို့သော လူ့အဖွဲ့အစည်းတွင် မွေးဖွားလာပါလျှက် ပုံနား မထောင်ရဘဲ ကြီးပြင်လာသော လူငယ်တို့၏ ဘဝကား ဝမ်းနည်း ဖွယ်ရာဖြစ်၏။ ပုံနားမထောင်ရပဲ ကြီးလာရသော ကလေးငယ် များကား သနားစဖွယ်ဖြစ်ပါ၏။

**ပန်းမျိုးတစ်ရာစာပေ**

တစ်နည်းဆိုရသော် ပုံနားမထောင်ရခြင်းသည် ကလေးများ၏ အခွင့်အရေးဆိုင်ရာ ဆုံးရှုံးရခြင်းလည်းဖြစ်ပါ၏။ အထူးသဖြင့် မြို့နေလူငယ်အတွင်း ပုံပြင်များနားထောင်ရန် အခွင့်အလမ်း ပိုမိုတိုးပွားလာအောင် ဆောင်ရွက်ဆော်ဩမှုများ လိုအပ်လျက်ရှိနေပါ၏။ ထိုသို့ လိုအပ်ချက်များကို မိဘများနှင့် ပူးပေါင်းကာ တစ်ဖက်တစ်လမ်းမှ တတ်အားသမျှ ဖြည့်စွမ်းလိုသောဆန္ဒဖြင့် ကျွန်တော်တို့၏ စာရိတ္တ၊ ကျွန်တော်တို့၏ဘဝအား ပြုပြင်ပေးလိုက်သော ဒေါင်းဖတ်စာ ပုံပြင်များကို အလေးအနက်ထား စုဆောင်းဖော်ပြလိုက်ပါ၏။

**မချိုမော် - ချစ်စံဝင်း**

# ကမ္ဘာပိုင်အနုပညာပစ္စည်း

## [ဆရာကြီးတက်တိုး၏အမှာစာ]

ကမ္ဘာအရပ်ရပ်ရှိအိမ်များစွာတို့မှ ညအိပ်ချိန်တွင်ကြားရသော ကလေးအသံတစ်သံသည် "မေမေ ပုံပြောပါ" ဟူ၍ဖြစ်သည် အမေရှိသောကလေးလူမမည်တို့သည် အမေက ပုံပြော၍ သိပ်သည်ကို ခံယူချင်ကြသည်။ အိပ်ခါနီးမဟုတ်ပဲ ညဥ့်ဦးယံအချိန်တွင် အမေမှာ အိမ်ကိစ္စတွေ မပြီးပြတ်သေးသောကြောင့် မအားမလပ်ဖြစ်နေသဖြင့်

**ပန်းမျိုးတစ်ရာစာပေ**

ကလေးတို့က အမေ့အနား မကပ်ရဲသည့်အလျှောက် အဘွားထံသို့ ချည်းကပ်၍ ပြောခိုင်းကြသည်။ အဘွားကလည်း မြေးများနှင့် ပြောရဆိုရသောကြောင့် သူအဖို့ ဘဝစိုပြေစရာအချက်တစ်ခုဖြစ်၍ ပုံပြောဖို့ အသင့်ရှိသည်။ သူသည် "ပုံပြင်ဘဏ်တိုက်ကြီး" သဖွယ် ကလေးတို့ကြိုက်သမျှ ပုံပြင်တို့ကို ပြောပြနိုင်သည်။ ကလေးတို့ အဖို့လည်း အိပ်ချိန်မတိုင်ခင်ကလေးမှာ ကြားလိုက်ရသောပုံပြင် ကလေးများကို စိတ်ထဲသို့သယ်ယူသွားသဖြင့် ထိုညအဖို့ အိပ်မက် မက်စရာအကြောင်းကလေးများ ရသွားသေသည်။

ပုံပြောခြင်းသည် လူ့သမိုင်းအစမှပင် ပေါ်ထွန်းသောအကျင့် ဖြစ်သည်။ သမိုင်းခေတ်ဦး၌ လူသားတို့သည် စားဝတ်နေရေးအတွက် ပတ်ဝန်းကျင်လောကနှင့် အကြိတ်အနယ်တိုက်ခိုက် ကြိုးပမ်း ရုန်းကန် ကြရသည်။ အစားအစာအတွက် အမဲလိုက်ရသည်။ အမဲလိုက်ခြင်း သည် စွန့်စားခန်းတစ်ရပ်ဖြစ်၏။ သက်စွန့်ကြိုးပမ်းလုပ်ရသော အလုပ်ဖြစ်ချေသည်။ နေရေးထိုင်ရေးအတွက်လည်း လိုအပ်သော ပစ္စည်းကိရိယာတို့ ဉာဏ်မီသမျှ တီထွင်ကြရသည်။ အိမ်၌နေသော မိန်းမသားတို့လည်း စားရေးသောက်ရေး၊ အဝတ်အစားပြုလုပ်ရေး၊ သားသမီးများကို ထိန်းသိမ်းစောင့်ရှောက်ရေးတို့ဖြင့် အားနေရသည် ဟူ၍ မရှိပေ။

ညဥ့်ဦးယံကာလသည် မိသားစုအားလုံးစုဝေး၍ အပန်းဖြေရသော ကာလဖြစ်သည်။ အိမ်နီးချင်းယောကျ်ားတစ်ချို့ကလည်း အလည်အပတ် ရောက်လာကြသည်။ မီးလင်ဖိုးကြီးရှေ့တွင် အသားများကင်၍ ဖဲ့ရွဲ့ စားကြလျှက် စကားတစ်ပြောပြောနှင့် အပန်းဖြေနေကြသည်။ သူတို့

ပြောစရာစကားသည် သူတို့၏ တစ်နေ့တာအတွေ့အကြုံများ ဖြစ်သည်။ လူသားတို့သည် မိမိတို့အကြောင်းကို ပြောပြလို၏။ သူတစ်ပါး အကြောင်းတို့ကိုလည်းကြားလို၏။ ယင်းသို့လျှင် သူတို့၏ စီကာပတ်ကုံး ပြောပြချက်တို့သည် ပုံပြင်များဖြစ်လာကြလေသည်။

ပုံပြင်ပြောချင်းသည် အစ၌ လူကြီးတို့အဖို့ဖြစ်၏။ သို့သော် ကလေးတို့လည်း သိလိုစိတ်ရှိနေကြသည့်အလျောက် မီးလင်းဖိုဝိုင်း အစွန်အနား၌ ထိုင်၍ လူကြီးများ၏ ပုံပြင်တို့ကို နားထောင်ကြသည်။ အချို့ပုံပြင်ပါ အကြောင်းအချင်းအရာတို့ကို ကလေးတို့ ဉာဏ်မမီသေး၍ နားမလည်ကြချေ။ သို့သော် အချို့အကြောင်းချင်းရာတို့ကို နားလည်ကြသည်။ စိတ်ဝင်စားကြသည်။ မှတ်မိကြသည်။ မီးလင်းဖိုဝိုင်း လူစုခွဲပြီး အိပ်ရာဝင်ချိန်၌ ကလေးတို့က သူတို့မိခင်ကိုကြားထား၍ ပုံပြင်အချို့ကို ပြောခိုင်းကြသည်။ မိခင်ကလည်း ပြောရမှာ ဝန်မလေးပေ သိထားပြီးအကြောင်းခြင်းရာတို့ကို သူတပါးအား ပြန်ပြောရသော အရသာသည် လူသားတို့ နှစ်သက်သည့်အရာများတွင် တစ်မျိုးဖြစ်လေသည်။

ကလေးတို့သည် လူမမည်အရွယ်ငယ်စဉ်မှာ အမေပြောသော ပုံပြင်များ၊ အဘွားပြောသောပုံပြင်များကို အကြီးအကျယ် စိတ်ဝင်စားခဲ့ကြသော်လည်း အရွယ်ရ၍ လူငယ်၊ လူလတ်ဖြစ်လာသောအခါ ကလေးတွေအတွက် ပုံပြင်များကို သူတို့နှင့်မတန်တော့ဟု ထင်လာကြသည်။ သူတို့မှာ စိတ်ဝင်စားမှုမရှိသော်လည်း အရေးမဟုတ်ပါ။ နောက်မျိုးဆက်ကလေးများ အပြိုင်းအရိုင်းပေါ်ထွန်းလျှက်ရှိသည်။ ယင်းသို့သော၊ အဆက်ဆက်သောကလေးတို့က အမေပြောသည့်ပုံပြင်

များ၊ အဘွားပြောသည့် ပုံပြင်များကို စွဲစွဲလမ်းလမ်း ကြားနာကြပေသည်။

ပုံပြင်သည် ပင်လယ်ဝေလျှက်ရှိ၏။ ရှေးပဝေသဏီကတည်းက ပုံပြင်တို့သည် အမျိုးမျိုး အစားစား ဖြစ်ကြပေသည်။ လူကြီးလူငယ် အရွယ်မရွေး ကြိုက်နေကြသော ဝတ္ထုတို့သည်လည်း ပုံပြင်များ ဖြစ်ကြသည်။ ကလေးပုံပြင်၊ လူကြီးပုံပြင်၊ ရိုးရာပုံပြင် စသည်တို့ ရှိကြ၏။ အသွင်အပြင် အသီးသီးကွဲပြားသော်လည်း သဘောတရား အခြေခံမှာ တူညီကြပေသည်။ အားလုံးတို့သည် လူကပြောသော လူ့အကြောင်းများပင် ဖြစ်သည်။ ယခု ရေးပန်းစားလျှက်ရှိသော ဝတ္ထုအမျိုးမျိုးတို့သည် ပုံပြင်များပင်ဖြစ်၏။

ကလေးပုံပြင်မှအစ ယခုခေတ်ပေါ် ဝတ္ထုအထိ လူ့အကြောင်းများကို ဖော်ပြသော စာပေစု ဖြစ်သည်။ စာပေ၌ ရသ၊ သုတ၊ ဒဿနဟုအပိုင်း ကဏ္ဍကြီးများ ခွဲခြားနိုင်သော်လည်း ယင်းတို့သည် တစ်မျိုးနှင့်တစ်မျိုး အဆက်အစပ်မရှိ တသီးတသန့် မဟုတ်ကြပေ။ ရောနှောလျက်ရှိသည်။ သုတ၊ ဒဿနတို့ပင်လျှင် သူတို့ကြားသိတွေ့ရှိသမျှ အကြောင်းများ၊ အတွေးအမြင်များ ဖြစ်သည့်အလျောက် ရသဟူသော ခံစားမှုနှင့် မကင်းပေ။ ပြောဆိုပြုစုမှု၌လည်း ရသဩဇာ မကင်းပေ။ အားလုံး ပုံပြင်များပင်ဖြစ်သည်ဟု ဆိုလိုက်လျှင် လွန်လွန်းသည်ဟု ပြောကြမလားမသိပါ။

ကလေးပုံပြင်များ၊ ရိုးရာပုံပြင်မှာသည် နောက်ဆုံးပေါ် ဝတ္ထုများအထိ အရေးအသားများ၊ လောက လူ့ဘောင်၌ ဖြစ်ပျက်သမျှ အကြောင်းအရာ အဖြစ်အပျက်များကို ဖော်ပြသော သုတအရေး

အသားများ၊ လူသားတို့၏စိတ်မှ ပေါ်ထွက်လာသောအတွေးအခေါ် အထင်အမြင်တို့ကို ပြောပြသော ဒဿနအရေးအသားများ၊ ထိုသို့သော အရေးအသားများအားလုံး၌ တူညီသော အခြေခံတည်ကိန်းသည် ရှိ၏။ ယင်းသည်ကား လူ့သဘာဝ လူ့စရိုက်ပင် ဖြစ်ပေသည်။

လူ့ဘဝတံခါးဝမှ ရပ်နေသော ကလေးသူငယ်တို့မှစ၍ ဘဝထွက် အနီးသို့ ရောက်နေသော လူအိုလူမင်းတို့အထိ အားလုံးသော လူသားတို့သည် မိမိတို့၏ ဘဝကို အတွေ့အကြုံ အကြားအမြင် အတွေးအခေါ်တို့ဖြင့် ဘဝပစ္စည်းများ ဖြည့်တင်းနေကြရသည်။ သူတို့သည် ယင်းပစ္စည်းများကို ဖြည့်တင်းကာ တိုတောင်းလှသော ဘဝတစ်သက်တာတွင် နေရကျိုးနပ်အောင် လူသားတို့၏ ဂုဏ်ရည်ကို ဆည်းပူးကြရခြင်းပင် ဖြစ်သည်။ ယင်းဆည်းပူးမှုကို ကလေးလူမမည် ဘဝမှာ ပုံပြင်လေးများဖြင့်စ၍ ဆည်းပူးကြရခြင်းပင်ဖြစ်သည်။ ယင်းဆည်းပူးမှုကို ကလေးလူမမည်ဘဝမှာ ပုံပြင်ကလေးများဖြင့်စ၍ ဆည်းပူးရပေသည်။ ယင်းဆည်းပူးမှု၏ အရင်းခံ အနှစ်သာရသည် စရဏတရားဟူသော ကိုယ်ကျင့်တရားစုများပင် ဖြစ်သည်။

ကိုယ်ကျင့်တရား မကောင်းဘဲ မသမာမှု အမျိုးမျိုးကို ပြုလုပ်သူ သည် လူဖြစ်ငြားလည်း လူမပီသ၊ လူ့ကျက်သရေမရှိချေ။ မကောင်းမှု ကိုရှောင်၊ ကောင်းမှုကိုပြုသော အကျင့်ကို စိတ်တန္တာန်၌ စွဲစေရန် လူမမည်အရွယ်ကတည်းက ပျိုးထောင်ပြုစုပေးရသည်။ ထိုလုပ်ငန်း သည် လွယ်မယောင်နှင့် ခက်ခဲသိမ်မွေ့လှသည်။ ကလေးလူငယ်များ စိတ်ဝင်စားပြီးလျှင် သဘောသဘာဝကို နားလည်စေနိုင်မှ သူတို့ကိုယ် သူတိုပ တစ်သက်ပတ်လုံး ထိန်းသိမ်းစောင့်ရှောက်နိုင်ပေလိမ့်မည်။

**ပန်းမျိုးတစ်ရာစာပေ**

ထို့ကြောင့် လူငယ်များအဖို့ 'စာရိတ္တပညာ' လောကနီတိသည် ဘဝခရီးတစ်လျှောက်တွင် အလွန်အရေးပါသည်။ ထိုပညာကိုပေးရာ၌ တရားဟောခြင်းထက် သာဓက ဥဒါဟရုဏ်များဖြင့် 'တရားပြ'ခြင်းက ပို၍ ထိရောက်လျော်ကန်ပေသည်။ ပုံပြင်တို့သည် ထိုပညာပေးနည်းတွင် အလွန် အသုံးဝင်သော ပစ္စည်းများ ဖြစ်ပေသည်။

စကားအလျဉ်းသင့်၍ ပြောခွင့်ပြုပါမူ ဗုဒ္ဓရှင်တော်သည် ပုထုဇဉ်တို့အား နိပါတ်တော်များဖြင့် ဥဒါဟရုဏ်များပြုကာ မြင့်မြတ်နက်နဲသော ဓမ္မဒေသနာပြုတော်မူသည်။ ပုံပြင်တို့သည်လည်း နိပါတ်တော်များ အမျိုးအစားဖြစ်သည်။ အချို့တို့သည် နိပါတ်တော်များ၏ အရိပ်အငွေ့မကင်းဟု သုတေသီတို့က ဆိုသည်။

'စိတ်ကောင်းထားပါ။ ဉာဏ်ကိုသုံးပါ။ ဖော်ရွေရည်မွန်ပါ။ သတ္တိစွမ်းရည်ကိုမွေးပါ။ မကောင်းမှု မတရားမှုတို့ကို ရှောင်ကြဉ်ပါ။ ရန့်ကြမ်းသောစကားဖြင့် ဆက်ဆံမှု မပျက်စီးပါစေနှင့်။ သူရဲဘောနည်း သတ္တိကြောင်ခြင်းကို ချိုးနှိမ်ပါ။ ရိုးသားခြင်း၊ မေတ္တာတရားထားခြင်း၊ ကရုဏာတရားပွားခြင်း၊ ကိုယ်ချင်းစာခြင်းရှိပါ' စသည် စသည်တို့ကို တိုက်ရိုက်တည့်တိုး ဟောပြောမည့်အစား ရိုးသားသူတို့ ကောင်းကျိုးရသည့်ပုံပြင်များ၊ မသမာသူတို့ နောက်ဆုံး၌ ဒဏ်သင့်ကြရသည့် ပုံပြင်များ၊ လောဘ၊ ဒေါသ၊ မောဟကြီးသူတို့ ဒုက္ခရောက်ကြရသည့် ပုံပြင်များ၊ စွန့်စားသဖြင့် အောင်နိုင်ခြင်းရသည့် ပုံပြင်များ၊ သူရဲဘောနည်းသူတို့ ခံစားရသော ဒုက္ခအကြောင်း ပုံပြင်များ စသည် စသည်တို့သည် ကမ္ဘာအရပ်ရပ်တွင် ထွန်းကားလျက်ရှိသော ပုံပြင်များ ဖြစ်ပေသည်။

**ပန်းမျိုးတစ်ရာစာပေ**

ထိုပုံပြင်များသည် ပုံနှိပ်စက်မပေါ်မီ အချိန်အခါက ကုန်သည်တစ်စု တို့သည် တစ်မြေတစ်ပြည်စီခြားရာဒေသများသို့ သွားကာ ကုန်ရောင်း ဝယ် ဖလှယ်ကြခိုက်တွင် မိမိတို့ကြားသိရသမျှ ပုံပြင်များနှင့် ဒေသခံတို့ ကြားသိရသမျှ ပုံပြင်များကိုလည်း ဖလှယ်ကြလေသည်။ ယင်းသို့ ဖလှယ်မှုကြောင့် ပုံပြင်တို့သည် ရောနှောလျက် အမည်များ အခြေအနေများကို ဒေသအလျောက် ပြုပြင်လိုက်ကြသောကြောင့် နောက်ဆုံးတွင် ပုံပြင်အားလုံးတို့သည် မိသားစုကြီးသဖွယ် ဖြစ်လာကြ လေသည်။ ထို့ကြောင့်ပင်လျှင် တိုင်းရင်းသားပုံပြင်တို့သည် တိုင်းခြား ပုံပြင်တို့နှင့် အမည်နှင့်နေရာဒေသတို့မှာသာ ကွဲပြားပြီး ဇာတ်လမ်းများ တူနေကြပေသည်။ ယင်းသို့သော ကမ္ဘာ့ပုံပြင်များသည် ကမ္ဘာသူ ကမ္ဘာသားအားလုံးက ပိုင်သော အနုပညာပစ္စည်းကြီး ဖြစ်နေလေ တော့သည်။

ပုံပြင်များသည် ဆန်းသည်လည်းရှိသည်။ မဆန်းသည်လည်း ရှိမည်။ မည်သို့ပင်ဖြစ်စေ ရိုးမသွားဘဲ အမြဲ စိတ်ဝင်စားဖွယ် ဖြစ်ပေတော့သည်။

**တက်တိုး**
**[မောင်ခေတ်ထွန်း၏ သားရွှေစင်ပုံပြင်မှ]**

# ပထမတန်း ဒေါင်းဖတ်စာမှ ပုံပြင်များ

၁။ ယုန်နှင့်လိပ်တို့ အကြောင်း

၂။ ဒေါင်ယောင်ဆောင်သောကျီး

၃။ ဝံပုလွေနှင့် သိုးငယ်

၄။ ပုရွက်ဆိတ်နှင့် နံ့ကောင်

ပန်းမျိုးတစ်ရာစာပေ

# ၁။ ယုန်နှင့်လိပ်တို့အကြောင်း



တစ်နေ့သ၌ ယုန်နှင့်လိပ်တို့သည် တောတွင်း တစ်နေရာတွင် တွေ့ကြုံကြ၏။ ထိုအခါ ယုန်က လိပ်ကို "သင်သည် အသွားနှေး သည်" ဟု ကဲ့ရဲ့၏။ လိပ်က "သင်သည် ငါ့အား အသွားနှေးသည်ဟု ဆိုလေသော် သင်သည် ငါနှင့် အပြေးပြိုင်ဝံ့သလော။ ငါ သင့်ကို မကြောက်" ဟု ဆို၏။ ထိုသို့ လိပ်ကဆိုလျှင် ယုန်က "အပြေးပြိုင် မည်" ဟု ပြော၏။

**ပန်းမျိုးတစ်ရာစာပေ**

နောက်တစ်နေ့နံနက်၌ ယုန်နှင့်လိပ်တို့သည် အပြေးပြိုင်ကြ၏။ ယုန်သည် လျင်မြန်စွာပြေးသည်။ လိပ်မှာမူကား တရွေ့ရွေ့ မရပ်အနားဘဲ တွားသွား၏။ ယုန်သည် မြတ်ခင်းတစ်ခုပေါ်သို့ ရောက်သောအခါ လိပ်ကိုစောင့်ရန် တစ်ရေးအိပ်၏။ အိပ်ရာမှ နိုးလေသော် ယုန်သည် တစ်ဟုန်ထိုး ထ၍ ပြေးလေသည်။ သို့ရာတွင် လိပ်သည် ပန်းတိုင်သို့ ရေးဦးစွာ ရောက်နှင့်ပြီး ဖြစ်လေသတည်း။

**[ဝီရိယရှိသူသည် ပျင်းရိသူကို အစဉ်သဖြင့် နိုင်မြဲတည်း]**

**ယုန်နှင့်လိပ်ကို ပုံပြဆို၊ ထိုထိုမှတ်ကြရန်။**
**လိပ်ထက်ပိုကာ ဆတစ်ရာ၊ များစွာယုန်ကမြန်။**
**သို့သော်ယုန်က ပျင်းရိလှ၊ လုံ့လမရှိပြန်။**
**လိပ်မှာမူကား နှေးသော်ငြား၊ စိတ်ထားလုံ့လသန်။**
**သူငါအရင် ပြိုင်ပွဲတွင်၊ လိပ်ပင်နိုင့်သည့်ဟန်။**
**အရာရာမှာ ဤနည်းသာ၊ မှတ်ပါမြဲစေကန်။**
**အားထုတ်လုံ့လ ဝီရိယ၊ များစွာအဖိုးတန်။**
**ပုံသက်သေကို ဖော်ပြဆို၊ ထိုထိုများကျမ်းဂန်။**
**သင်တို့စိတ်တွင် အပျင်းဝင်၊ ဆောလျင်ပယ်၍လှန်။**
**ပညာတတ်မှု လုံ့လပြု၊ မျှော်ရှုအဖန်ဖန်။**

ဤပုံပြင်သည် မြန်မာတို့နှင့် အလွန်ရင်းနှီးသောပုံပြင်ဖြစ်၏။ လူကြီးမိဘတို့က ဉာဏ်ရည်ဉာဏ်သွေးကောင်း၍ ဝီရိယမရှိသူတို့အား ပုံပြင်ထဲမှ ယုန်လိုဖြစ်လိမ့်မည်ဟု ဆိုကာ ဆုံးမကြ၏။ ဇွဲ၊ လုံ့လ၊ ဝီရိယရှိသူတို့အား ပုံပြင်ထဲမှ လိပ်လို အောင်မြင်မှုရလိမ့်မည်ဟု ချီးကျူးပြောဆိုတတ်ကြ၏။ နှေးလျှင် နှေးပါစေ ဖြည်းဖြည်းနှင့်မှန်မှန်

ပြုလုပ်သွားပါက အောင်ပွဲသို့ မုချရောက်မည်ဟူသော စိတ်ဓာတ်ကို ယုန်နှင့်လိပ်ပုံပြင်က ပေးပါသည်။ မည်မျှပင်နှေးကွေးပါစေ မလျှော့သောဇွဲဖြင့် ပြုလုပ်ပါက အောင်ပွဲကို ရစမြဲဟူသော အသိကိုပေးသည့် ဒေါင်းဖတ်စာပုံပြင်တစ်ခု ဖြစ်ပါ၏။

ကျွန်တော်၊ ကျွန်မတို့သည် ဘဝအစတွင် ယုန်နှင့်လိပ်ပုံပြင်ကို အကြိမ်ကြိမ် အထပ်ထပ်နားထောင်၍ ကြီးပြင်းလာကြသူများ ဖြစ်ပါ၏။ ဤပုံပြင်သည် လူ့အဖွဲ့အစည်းအတွက် ဇွဲလုံ့လနှင့် ဝီရိယကို ပျိုးထောင်ပေးသော ပုံပြင်လည်းဖြစ်ပါ၏။ တကယ်တော့ မြို့ကြီးများတွင် ကျွန်တော်တို့၊ ကျွန်မတို့သားအပါအဝင် လက်ဖက်ရည်ဆိုင်ထိုင်၍ အချိန်ဖြုန်းနေကြသော လူငယ်တို့သည် လိပ်ကိုစောင့်ရင်း တစ်ရေးတစ်မောအိပ်နေသော ယုန်နှင့်တူကြ၏။

မြို့ပေါ်ရှိလူငယ်များသည် ငွေကြေးပြည့်စုံကြ၏။ ဗဟုသုတပြည့်စုံကြ၏။ ပညာရေး၊ စီးပွားရေးလုပ်ဆောင်ရန် လက်လှမ်းမီကြ၏။ ကျေးလက်မှ မြို့တက်လာသော သူတို့မှာ အရင်းအနှီးမရှိ၊ ဗဟုသုတမပြည့်စုံ၊ ရန်ကုန်မြို့ပေါ်တွင် ရပ်တည်ခြေချစရာပင် မရှိသော်လည်း လက်ဖက်ရည်ဆိုင်ထိုင်နေကြသည့် ရန်ကုန်တွင်မွေး၊ ရန်ကုန်တွင်ကြီးပြင်ခဲ့သည့်လူငယ်များကို ခဏမကြာသောကာလတွင် ဖြတ်ကျော်၍ နေရာတကာတွင် ဝင်ဆံ့သူများ၊ စီးပွားရေးလောက ဝန်ထမ်းလောကတွင် အောင်ပွဲရသူများ ဖြစ်သွားကြသည်ကိုလည်း တွေ့ရ၏။

ယုန်နှင့်လိပ်ပုံပြင်သည် လူငယ်များ၏ဘဝအတွင်း၌ တကယ့်ကို လက်တွေ့ဖြစ်ပျက်နေသော အဖြစ်တစ်ခုဖြစ်၏။ မိတ်ဆွေတစ်ဦးက လက်ဖက်ရည်ဆိုင် ထိုင်ကာ အချိန်ဖြုန်းနေသော လူငယ်များကို

တွေ့တိုင်း ပုံပြင်ထဲမှ မြက်ခင်းတွင် ခေါင်းစိုက်၍ အိပ်နေသော ယုန်သူငယ်ကို မြင်နေမိသလို ကြိုးစားမှု၊ ဝီရိယရှိမှု အပြည့်ဖြင့် မိမိ၏ချို့တဲ့သော ဘဝကို လုံ့လဖြင့်တည်ဆောက်နေသော လူငယ်တို့ကို တွေ့မြင်တိုင်းလည်း ပန်းတိုင်သို့ဝင်လာသော လိပ်ကို မြင်ရသကဲ့သို့ အားရကျေနပ်မှုများ အကြိမ်ကြိမ်ဖြစ်ရသည်ဟု မကြာ ခဏ ပြောပြပါ၏။

ယုန်းနှင့်လပ်ပုံပြင်သည် အလွန်မှ ရိုး၏။ အလွန်မှလွယ်၏။ လေးနှစ်သား၊ ငါးနှစ်သားအရွယ်မှစ၍ ထိုပုံပြင်ကို ပြောပြထားရန် လိုပါ၏။ ထိုအချိန်မှစ၍ ယုန်နှင့်လိပ်တို့၏ အဖြစ်ကို ကြားနာထား ရသော ရင်သွေးငယ်သည် ယုန်လိုလျင်မြန်သည့်တိုင် ငါတော့ အိပ်နေ၊ ပြင်းနေလို့မဖြစ်ဘူးဟူသော အသိကို ရနိုင်၏။ လိပ်လို ဇွဲရှိလျှင် ပန်းတိုင်သို့ ရောက်နိုင်မည်ဟူသော အသိကိုလည်း ရ၏။

ဤပုံပြင်ကို မောင်ငယ်ရင်သွေးတို့အား မကြာခဏ ပြောပြသင့်၏။ အနည်းငယ်ကြီးလာသောအခါ ပုံကို အစအဆုံးမပြောတော့ဘဲ "သားသိတဲ့အတိုင်းပဲ။ သမီးသိတဲ့အတိုင်းပဲ။ လိပ်လေးက မြန်မှ မမြန်တာ။ ဒါပေမယ့် ပြေးပွဲမှာ သူအနိုင်ရခဲ့တယ်" ဟု ဆိုဆုံးမနိုင်၏။ တိရစ္ဆာန်ရုံသို့သွားဖြစ်၍ လိပ်ကိုမြင်လျှင် ပုံပြင်ထဲမှ လိပ်ကိုဂုဏ်ပြု၍ ကလေးအား ကန်စွန်းရွက်ဆုချစေသင့်ပါ၏။ ယုန်ကိုတွေ့လျှင်လည်း "ဟော့ ကိုရွှေယုံ မောင်ရင်တော့ ပုံပြင်ထဲကယုန်လို အိပ်မနေနဲ့"ဟု သတိပေးစေခြင်းဖြင့် ယုန်ကဲ့သို့ ပျင်းမနေခြင်း၊ လိပ်ကဲ့သို့ ဝီရိယရှိခြင်း စသည့် စရိုက်တို့သည် ပုံနားထောင်သည့် ရင်သွေးငယ်အတွက်

သူ့စရိုက် သူ့ဓလေ့ဖြစ်လာကာ ပုံနားထောင်သော ကလေးငယ်သည် အဖိုးမဖြတ်နိုင်သည့် ဘဝတစ်ခုကို ပိုင်ဆိုင်လာမည်ဟု ယုံကြည်ရပါသည်။

## ၂။ ဒေါင်းယောင်ဆောင်သောကျီး



တစ်ခါသော် ကျီးတစ်ကောင်သည် မိမိကောက်ရသော ဒေါင်းတောင်များကို ဝတ်ဆင်ပြီးလျှင် ဒေါင်းတို့နေရာသို့ သွား၏။

ဒေါင်းတို့နှင့်တွေ့သော်အခါ ကျီးက “ငါသည် ဒေါင်းဖြစ်သည်” ဟု ကြွားဝါပြောဆို၏။ ထိုအခါ ဒေါင်းတို့က “ဟယ် ငှက်ကြွား၊ နင်ကား ဒေါင်းမဟုတ်၊ ကျီးသာတည်း”ဟု ဆိုကြ၏။ ဒေါင်းတို့သည် ထိုသို့

ဆိုရုံသာမက ကျီး၏ကိုယ်မှ အမွေးအတောင်တို့ကို ဆိတ်ပေါက်နုတ်ပစ်ကြသည်။ ထိုအခါ ဒေါင်းတောင်များသာမကကျီးတောင်များလည်း ကျွတ်ကျ၏။

ထိုကျီးလည်း မိမိအမျိုးသားဖြစ်သော ကျီးတို့ထံ ပြန်သွား၏။ ကျီးတို့သည်လည်း "သင်သည် ငါတို့အမျိုးသား မဟုတ်တကား၊ ငါတို့နေရာသို့ မလာနှင့်"ဟု ဆို၍ နှင့်ထုတ်ကြ၏။

ကျီးဖြစ်ပါလျက် ဒေါင်းယောင်ဆောင်ခြင်းကြောင့် ယင်းကျီးကို ဒေါင်းနှင့်ကျီးတို့ နှစ်ဦးစလုံးတို့ကပင် မုန်းထားရွံ့ရှာကြ၏။

## မိမိအခြေအနေထက်ပို၍ အယောင်ဆောင်သောသူသည် မိမိအခြေ အနေအရင်းပင် ဆုံးရှုံးရတတ်သည်။

ဒေါင်းယောင်ဆောင်သောကျီးသည် ကျွန်တော်ကျွန်မတို့ မြန်မာ့လူ့အဖွဲ့အစည်းအတွက် အဖိုးမဖြတ်နိုင်သော သင်ခန်းစာများကို ပေးသော ပုံပြင်တစ်ခုဖြစ်၏။ ရင်းသွေးများသည် ယခုအခါ လူရွယ်လူလတ်ဘဝသို့ ရောက်လာသည်နှင့် အနောက်တိုင်း တေးဂီတ၊ အနောက်တိုင်းယဉ်ကျေးမှုတို့နှင့် မလွဲမရှောင်သာ ထိတွေ့ကြရ၏။ မြို့ပြဝန်းကျင် တစ်ခုလုံးကလည်း အမေရိကန် (ပေ့ါ) ယဉ်ကျေးမှုကို အဟုတ်ထင်မှတ်ကာ၊ အနောက်တိုင်းယဉ်ကျေးမှုကို အတုယူ၍ လူငယ်များသည် တိုက်ပုံကိုပစ်ပြီး ဂျင်းပင်နှင့် ဂျာကင်ကို ဝတ်ကာ အဟုတ်ကြီးထင်နေကြ၏။ ထို့ပြင် အမျိုးသမီးငယ်များကလည်း ပုံပန်းမကျသော အဝတ်အစားများကို ဝတ်၍ အမျိုးသားဝတ်စုံကို မခုံမင်ပစ်ပယ်လာကြ၏။ ထိုသို့သော ဝတ်စားဆင်ယင်မှုများကို တွေ့ရသော

အခါ ငယ်စဉ်က ကျွန်မတို့ နားထောင်ခဲ့ရသော ဒေါင်းယောင်ဆောင်သောကျီး၏အဖြစ်ကို သတိရမိပါ၏။

ဒေါင်းယောင်ဆောင်သောကျီးပုံပြင်သည် အလွန်အဖိုးတန်သော ပုံပြင်ဖြစ်သည်။ ဤပုံပြင်သည် မြန်မာ့လူ့အဖွဲ့အစည်း၏ အဖိုးတန်ရတနာတစ်ပါးလည်း ဖြစ်၏။ မိဘများသည် မိမိတို့၏ ရင်သွေးငယ်တို့အား ဒေါင်ယောင်ဆောင်သော ကျီး၏အဖြစ်ကို အကြိမ်ကြိမ်အခါခါ ပြောထားသင့်ပါ၏။ အမျိုးသားယဉ်ကျေးမှုကို အထင်သေး၍ တိုင်းတစ်ပါးယဉ်းကျေးမှုကို အထင်ကြီးကာ ဘောင်းဘီဖင်ကျပ်၊ ဘောင်းဘီအိုးကျယ်များ ဝတ်၊ ဂျာကင်ကိုမချွတ်ပဲ ဂျင်းအင်္ကျီ၊ ဂျင်းဘောင်းဘီကိုဝတ်ကာ အမျိုးသမီးငယ်တို့က အင်္ကျီကိုးရိုးကားရားဖိုးရိုးဖားရားတို့ဖြင့် ဒေါင်းယောင်ဆောင်မိနေကြသော မြန်မာလူငယ် တို့အတွက် ဤပုံပြင်သည် သင်ခန်းစာယူစရာ ဖြစ်ပါ၏။

တိုင်းတစ်ပါးသားအား အထင်ကြီးခြင်း၊ အမျိုးသားယဉ်ကျေးမှုကို အထင်သေးကာ နိုင်ငံခြားရောဂါ၊ ပြည်ပအထင်ကြီးရောဂါ စွဲကပ်နေသော သူတို့အား ဒေါင်းတို့ကလည်း လက်မခံ၊ ကျီးဘဝလည်းဆုံးကာ နောက်ဆုံးတွင် ဘဝပျက်ရမည့်အရေးကို ပုံပြင်နှင့် အသိပေးထားရန် လိုအပ်ပါ၏။

ယနေ့ ကမ္ဘာတွင် အင်္ဂလိပ်စာနှင့်စကားသည် အလွန်အရေးပါသော စာနှင့်စကား ဖြစ်နေပါ၏။ ကျွန်တော် ကျွန်မတို့သည် အင်္ဂလိပ်တို့၏ စာနှင့်စကားတို့အား စနစ်တကျ ပြောဆိုရေးသားနိုင်မှု အမွေအနှစ်ကိုကား ပြည့်ပြည့်ဝဝ မရခဲ့ကြပါ။ အတုခိုးသင့်သည်ကို အတုခိုးရန်လိုပါ၏။ ယခု ကျွန်တော် ကျွန်မတို့ လူငယ်များသည်

အင်္ဂလိပ်စာတတ်ရန်၊ အင်္ဂလိပ်လို ရေးနိုင်ပြောနိုင်ရန် ကြိုးစားသင့်၏။ အင်္ဂလိပ်စာသည် ယခုအခါ ကမ္ဘာသုံး ဘာသာရပ်တစ်ခု ဖြစ်နေ၏။ သို့သော် လူငယ်တို့သည် အင်္ဂလိပ်စာတတ်အောင်ကား မသင်ဘဲ ကိုယ့်ယဉ်းကျေးမှုနှင့် မဆီလျော်သော သူတို့၏ ဝတ်စားဆင်ယင်မှုကိုသာ မိမိကိုယ်ပေါ်၌ လာတပ်ခြင်း သက်သက်သာသာ ဖြစ်ပါ။ အနောက်တိုင်းတွင် အတုယူစရာတွေ အများကြီး ရှိပါ၏။ မိမိတို့နှင့် ဆီလျော်သည်ကို အတုယူပါ။ မိမိတို့အတွက် အသုံးဝင်သည်ကို အတုယူပါ။ သို့သော် အနောက်တိုင်းယဉ်ကျေးမှုသည်ကား မိမိတို့နှင့် လုံးလုံးလျားလျား မဆီလျော်ရုံသာမက မိမိတို့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်ဖြစ်ရာ ယနေ့လူငယ်တို့ အနောက်၏ ယဉ်ကျေးမှုကို အထင်မကြီးသင့်ပါ။ လက်မခံသင့်ပါ။ အနောက်တိုင်းယဉ်ကျေးမှုသည် မိမိတို့အတွက် စွန့်ပစ်ရုံမှတစ်ပါး အခြားဘာအတွက်မှ အသုံးမဝင်သောအရာ ဖြစ်ပါ၏။

ငယ်စဉ်ကစ၍ ဒေါင်းယောင်ဆောင်သောကျီးပုံပြင်ကို နားဝင်သော လူငယ်တို့သည် လူရွယ် လူလတ်ပိုင်းသို့ရောက်လာပြီး အနောက်တိုင်း ဝတ်စားဆင်ယင်မှုတို့နှင့် တွေ့လျှင်ပင် ပုံပြင်ထဲမှ ကျီးကဲ့သို့ မဖြစ်လို၍ ထိုယဉ်ကျေးမှုကို စက်ဆုတ်စွာ စွန့်ပစ်မည်မှာ သေချာလှပါ၏။

ထို့ကြောင့် ဒေါင်းယောင်ဆောင်သောကျီး ဒေါင်းဖတ်စာပုံပြင်ကို ငယ်စဉ်မှစ၍ ရင်သွေးတို့အား ပြောပြထားပါက အမျိုးသားယဉ်းကျေးမှု ထိန်းသိမ်းရှောက်ရေးတွင် အဖိုးမဖြတ်နိုင်အောင် ကြီးမားသော တန်းဖိုးတို့ကို ရရှိစေမည်ဖြစ်ကြောင်း တင်ပြရပါ၏။

**ပန်းမျိုးတစ်ရာစာပေ**

## ၃။ ဝံပုလွေနှင့် သိုးငယ်



ဝံပုလွေတစ်ကောင်သည် ချောင်းတစ်ခု၌ ရေဆင်းသောက်ရာ သိုးငယ်တစ်ကောင်ကို တွေ့၏။

ဝံပုလွေက "ဟယ် သို့မိုက်၊ ဝေးဝေးနေလော့၊ နင် ငါ့သောက်ရေကို မနှောက်နှင့်" ဟို ဆို၏။

သိုငယ်သည် ကြောက်လှ၍ "အရှင်သောက်သောရေကို ကျွန်တော်မျိုး မနှောက်ပါ။ ရေသည် အရှင်ထံမှ ကျွန်တော့မျိုးထံသို့ စီးပါသည်" ဟု ပြန်ပြော၏။

**ပန်းမျိုးတစ်ရာစာပေ**

"ရှိစေတော့။ သို့ရာတွင် မနှစ်က နင်ငါ့ကို ကဲ့ရဲ့သည်။ ယခု နင့်ကို ငါစားမည်" ဟု ဝံပုလွေက ကြိမ်းဝါးပြန်၏။

ထိုအခါ သိုးငယ်က "မနှစ်က ကျွန်တော်မျိုး မမွေးသေးပါ။ ကျွန်တော်မျိုး၏အသက် တစ်နှစ်ပင် မရှိသေးပါ"ဟု ဆို၏။

ဝံပုလွေလည်း 'နင်မဟုတ်လျှင် နင့်အဖေဖြစ်မည်' ဟု ဆို၍ သိုးငယ်ကို ကိုက်စားလေ၏။

## အပြစ်ရှာလိုသူထံ၌ ဆင်ခြေလဲခြင်းသည် အကျိုးမရှိချေ။

မြန်မာ့ဝလေ့စရိုက်တွင် ဝံပုလွေနှင့်သိုးငယ် ပုံပြင်သည်လည်း မှတ်သားစရာ ပုံပြင်တစ်ခု ဖြစ်၏။ အပြစ်ရှာသူထံတွင် ဆင်ခြေပေးခြင်းသည် အကျိုးမရှိကြောင်းကို ဤပုံပြင်က ကြီးမားသော သင်ခန်းစာ ပေးပါ၏။

ဤပုံပြင်သည် ဘဝ၌ အလွန်အရေးကြီးသော ပုံပြင်တစ်ခု ဖြစ်သည်။ လောကလူ့ဘဝ၌ အပြစ်ရှာသူများကို မကြာခဏ တွေ့ရတတ်သည်။ အပြစ်ရှာသူသည် သာမန်လူလိုင်ါလို လူဟု ဆိုပါက ကိစ္စမရှိသော်လည်း အပြစ်ရှာသူသည် အင်အားကြီးသူ၊ ရန်လိုသူ၊ အတ္တကြီးမားသူ၊ အာဏာရရှိသူဖြစ်ပါက သိုးငယ်ပမာ ဘဝဆုံးရှုံးနိုင်ပါ၏။ ထို့ကြောင့် အင်အားကြီးမားသော ဆိုးယုတ်ရက်စက်သူတို့အား ဆင်ခြေပေးမနေပဲ ဗာလာနံ-လူမိုက်နှင့် မပေါင်းသင်းရာ ဟူသော မင်္ဂလာတရားတော်နှင့်အညီ ထိုသူတို့အား အဝေးမှရှောင်ကွင်းနေထိုင်ခြင်းသည် အကောင်းဆုံးဟူသော အသိသင်ခန်းစာကို ဤပုံပြင်မှ ပေးပါ၏။

**ပန်းမျိုးတစ်ရာစာပေ**

သူလိုငါလိုပုဂ္ဂိုလ်မျိုးက အပြစ်ရှာပြောဆိုမှုသည် အန္တရာယ်မကြီးလှသော်လည်း ပစ္စည်းအင်အား၊ ရာထူးအင်အားတို့နှင့် ပြည့်စုံသူတို့က အပြစ်ရှာလျှင် အလွန်ကြီးမားသော အန္တရာယ်ရှိကြောင်းကို ဤဒေါင်းဖတ်စာပုံပြင်လေးက အစဉ်သတိပေးနေပါသည်။ ထို့ကြောင့် ပုံပြင်ကို ငယ်စဉ်မှစ၍ နားထောင်ခဲ့ရသောလူငယ်များသည် မိမိတို့ဘဝတွင် ဝံပုလွေကဲ့သို့သော သူများကိုတွေ့ပါက အဝေးမှရှောင်ရှားခြင်းဖြင့် သိုးငယ်၏အဖြစ်မျိုးကို မိမိဘဝတွင် မတွေ့ကြုံရလေအောင် ရှောင်ကွင်းနိုင်မည်ဖြစ်ပါသည်။

## ၄။ ကျီးနှင့် မြေခွေး



မြေခွေးသည် ကျီးအား မြှောက်ပင့်ပြောနေပုံ

ပန်းမျိုးတစ်ရာစာပေ

တစ်ခါသော် ကျီးတစ်ကောင်သည် အိမ်တစ်အိမ်မှ အသားတစ်တုံးကို ချီလာ၍ သစ်ပင်တစ်ပင်တွင် နားနေသည်။ မြေခွေးတစ်ကောင်သည် ကျီး၏နှုတ်သီးမှ အသားတုံးကိုမြင်လျှင် ထိုအသားတုံးအား စားချင်သော ဆန္ဒ ဖြစ်ပေါ်လာသဖြင့် သစ်ပင်အနီးသို့ ချဉ်းကပ်၍ လာခဲ့၏။

ထို့နောက် မြေခွေးသည် ကျီးကို မော့ကြည့်ပြီးလျှင် "သင်သည် အလွန်လှသောငှက် ဖြစ်ပေသည်။ သင်၏ သာယာသောအသံကို ကြားချင်သည်" ဟု ဆို၏။

ကျီးသည် မြေခွေးမြှောက်ပင့်ပြောဆိုသည်ကို ဝမ်းသာ၍ "အား အား"ဟု မြည်လိုက်လေ၏။ ထိုခဏ၌ အသားတုံးသည် မြေသို့ ကျသွားတော့သည်။

ထိုအခါ ကောက်ကျစ်စဉ်းလဲသော မြေခွေးသည် အသားတုံးကို ကောက်ယူ၍ မိမိတွင်းသို့ ပြန်သွားလေ၏။

**ခပ်သိမ်းသောသူတို့သည် သူတစ်ပါးပြောသောစကားကို စဉ်းစားဆင်ခြင်၍ ယုံသင့်မှ ယုံရာသည်။**

ဤပုံပြင်သည် မြှောက်ပင့်ပြောဆိုသော စကားများအား စဉ်းစားဆင်ခြင်၍ ယုံသင့်မှယုံရန် လေးနက်သည့် သင်ခန်းစာကို မြန်မာလူ့အဖွဲ့အစည်းအား အစဉ်ထာဝရပေးနေသော ဒေါင်းဖက်စာပုံပြင် ဖြစ်၏။

အရည်အချင်းညံ့သူများ၊ ဝီရိယစွမ်းအားကို မစိုက်ထုတ်လိုသူများ လူဖျင်းများသည် တစ်ခါတစ်ရံ မြှောက်ပင့်ပြောဆို၍ သိမ်းသွင်းတတ်

ကြ၏။ အချို့သော ပညာနည်းသူတို့သည် မိမိအား မြှောက်ပင့်ပြောဆိုလျှင်ပင် မြှောက်သည်ဟုမထင်ဘဲ ကျေနပ်နေမိတတ်၏။ ထိုအားနည်းချက်ကို ယူကာ ခပ်သိမ်းသောသူတို့သည် ရင်ထဲမှမပါဘဲ ပါးစပ်ဖြင့် ချီးမွမ်းတတ်ကြ၏။ ထိုသူများသည် ရန်သူများကဲ့သို့ ဆိုးဝါးသူများဖြစ်၍ အလွန်သတိထားအပ်ပါ၏။

လူအများသည် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဟုတ်သည်မှန်သည် မစဉ်းစားဘဲ မိမိအား ချီးမွမ်းပြောဆိုလျှင် ကျေနပ်ကြ၏။ တစ်ခါတစ်ရံ အကျိုးကိုလို၍ သတိပေးစကားပြောလျှင်ပင် မကြိုက်ကြ။ မြှောက်ပင့်ပြောဆိုမှသာ ကြိုက်ကြသောသူများလည်း ရှိ၏။ ကျီးနှင့်မြေခွေးပုံပြင်သည် လူ့ဘဝတွင် အထူးသတိပြုအပ်သော ပုံပြင်ဖြစ်ပါ၏။ ဤပုံပြင်သည် ဘဝတစ်လျှောက်တွင် ကျီးကဲ့သို့ ဆုံးရှုံးမှုမရှိစေရန် သတိပေးနေသော ဒေါင်းဖတ်စာပုံပြင်တစ်ပုဒ်ဖြစ်ရာ ဤပုံပြင်ကို နားသွင်း၍ ဘဝတွင် အစဉ်သတိရှိရန် လိုအပ်ပါသည်။

# ၅။ ပုရွတ်ဆိတ်နှင့် နှံကောင်



တစ်နေ့သ၌ နှံကောင်တစ်ကောင်သည် မိမိတွင်းသို့ အစာချီသွင်းနေသော ပုရွတ်ဆိတ်ကို တွေ့၏။ နှံကောင်က ပုရွတ်ဆိတ်အား အသင် အလုပ်မလုပ်ပါနှင့်။ ငါကဲ့သို့ စကားမြူးတူး ကခုန်နေပါ"ဟု ဆို၏။

ထိုအခါ ပုရွတ်ဆိတ်က "ငါ့မှာ ဆောင်းဥတု၌စားရန် အစာစုဆောင်းရသည်။ မကစား မကခုန်အားပါ"ဟု ပြန်ပြော၏။

**ပန်းမျိုးတစ်ရာစာပေ**

ဆောင်းဥတုသို့ရောက်သောအခါ ပုရွတ်ဆိတ်၌ အစာများစွာရှိပြီး နှံကောင်၌မူကား အစာမရှိဖြစ်၏။ သို့အတွက် နှံကောင်သည် ပုရွတ်ဆိတ်ထံသို့ သွား၍ “ကျွန်ုပ်အား အစာအနည်းငယ် ပေးပါ”ဟု တောင်း၏။

ထိုအခါ ပုရွတ်ဆိတ်က “သင့်အားပေးရန် အစာမရှိပါ။ ကျွန်ုပ် စားလောက်ရုံမျှသာ ရှိပါသည်။ အသင်သည် ကစားမြူးတူကာ နေပါဦးတော့လား” ဟု ဆိုလိုက်လေ၏။

ပုရွတ်ဆိတ်နှင့်နှံကောင်ပုံပြင်သည်လည်း မြန်မာတို့၏ ရင်ထဲ အသည်းထဲတွင် စွဲနေသော ဒေါင်းဖတ်စာပုံပြင်တစ်ပုဒ် ဖြစ်၏။ အလုပ်တာဝန်များကို ပေါ့လျော့၍ ပျော်မြူးနေသူတို့အား နှံကောင်ကဲ့သို့ ဒုက္ခရောက်တတ်ကြောင်းကို လူကြီးတို့က သတိပေးတတ်ကြ၏။

ပုရွတ်ဆိတ်သည် ဝီရိယရှိသူဖြစ်၏။ လူ့လောက လူ့ဘဝဟူသည် အစဉ်အမြဲ သာယာဖြောင့်ဖြူးနေသည်မဟုတ်။ နေသာသောအခါ သာ၍ မိုးချုပ်သောအခါ ချုပ်တတ်၏။ ဖြောင့်ဖြူးသောလမ်းကို လျှောက်ရသလို လမ်းကွေ့လမ်းကောက်နှင့်လည်း ကြုံရ၏။ ထို့ကြောင့် လူတိုင်းသည် ပုရွတ်ဆိတ်ကဲ့သို့ ဘဝတွင် စုဆောင်းထားသင့်တာ စုဆောင်း၊ သိမ်းဆည်းထားသင့်တာသိမ်းဆည်း၍ ပျော်သင့်သလောက်သာ ပျော်သင့်၏။ မိမိဘဝပျက်လောက်အောင်ကား မပျော်ပါးသင့်ပါ။

ထိုပုံပြင်မှတစ်ဆင့် လူငယ်များအား စုဆောင်းတတ်သော အလေ့အကျင့်လိုအပ်ကြောင်း၊ စုဆောင်းမှုမရှိပါက လိုအပ်လာသော အခါ၊ မရှိသည့်အခါ ရှာဖွေ၍ ရရန် ခဲယဉ်း ကြောင်းကိုလည်း တင်ပြ ထား၏။ ကိုရီးယားနိုင်ငံ ဖွံ့ ဖြိုးတိုးတတ်ခြင်းတွင် ယင်းတို့၏

စုဆောင်းတတ်သောအကျင့်သည် အရေးကြီးသောအချက်တစ်ရပ် အနေနှင့် ပါဝင်၏။ လောက၌ ပျော်ရွှင်ရန်ဖြစ်တိုင်း ပျော်နေ၍မဖြစ်၊ အပျော်ကြူးလွန်သူတို့ ဒုက္ခရောက်တတ်ကြောင်း ဤပုံပြင်မှ ဆုံးမ ထားပါ၏၊ ဝီရိယရှိမှု ကြိုတင်စီမံတတ်မှုတို့သည် ဘဝတွင် အရေးကြီးလှပါ၏။ ပုရွတ်ဆိတ်နှင့်နံ့ကောင်ပုံပြင်ကို လက်ခံစွဲမြဲနေ သော လူငယ်တစ်ယောက်သည်

- အချိန်အခါကို သိတတ်၏။
- ဝီရိယ၏ အကျိုးကိုလည်း သိတတ်၏။
- ကြိုးစားမှု၏ အရေးကြီးပုံကိုလည်း သဘောပေါက်၏။
- စုဆောင်ခြင်း၏ အကျိုးကျေးဇူးကိုလည်း သိ၏။
- အခွင့်ရတိုင်း အပျော်ကျူးပါက ဒုက္ခရောက်ကြောင်း သင်ခန်းစာကိုလည်း ရ၏။

အသက် ငါးနှစ်ခြောက်နှစ်အရွယ်မှစ၍ ပုရွက်ဆိတ်နှင့်နံ့ကောင် တို့၏အဖြစ်ကို အသည်းစွဲကြားနာခဲ့ရသော ရင်းသွေးငယ်သည် မိမိအပျော်ကျူးရန်ကြံမိတိုင်း နံ့ကောင်ကို သတိရနေမည်ဖြစ်၏။ဘဝတွင် ကြိုတင်ကြံစည်မှုအပေါ် ငယ်ရွယ်စဉ်မှစ၍ တန်ဖိုးထားတတ်သော ကလေးငယ်သည် လူ့ဘဝတွင် အောင်ပွဲမရဘဲ အဘယ်မှာ ရှိနိုင်ပါ မည်နည်း။

**ပန်းမျိုးတစ်ရာစာပေ**

# ဒုတိယတန်း ဒေါင်းဖတ်စာမှ

## ပုံပြင်များ

၆။ ရေနတ်မင်းနှင့်လှည်းသမား
၇။ အလိုကြီးက အရနည်း
၈။ မြေခွေးနှင့်ဖျံ
၉။ ဖခင်ကြီးနှင့်သားများ
၁၀။ အကျိုးအကြောင်းကို မသိတတ်သောသမင်
၁၁။ အမြီးပြတ်သောမြေခွေး
၁၂။ ငန်းကိုတုပသော မြေခွေး
၁၃။ ဆင်သေနှင့်ကျီးမိုက်
၁၄။ မြွေပါလည်းဆုံး သားလည်းဆုံး
၁၅။ မျက်မမြင်ပုံနားခြောက်ယောက်
၁၆။ ဆင်၊ မျောက်၊ ခါ သတ္တဝါသုံးဦး
၂၇။ သူတစ်ပါးမနာလို ကိုယ်အကျိုးပျက်
၁၈။ ပုဏ္ဏားနှင့်မြေခွေး
၁၉။ မြစ်စောင့်နတ်နှင့်သစ်ခုတ်သမား


ပန်းမျိုးတစ်ရာစာပေ

# ၆။ ရေနတ်မင်းနှင့် လှည်းသမား

လှည်းသမားတစ်ယောက်သည် ရွှံ့ဗွက်အလွန်ထူသောလမ်းခရီးတွင် လှည်းကို မောင်းနှင်သွားရာ နွားတို့ မရုန်းနိုင်လောက်အောင် လှည်းဘီးများသည် ရွှံ့ထဲ၌ ကျွံနစ်၍နေ၏။ ထိုအခါ လှည်းသမားသည် လှည်းရှေ့သို့တိုးအောင် အနည်းငယ်မျှ အားမစိုက်ထုတ်ဘဲ ဒူးထောက်၍ "အရှင်ရေနတ်မင်း၊ ကျေးတော်မျိုး ကျွန်တော်မျိုးကို ဤဒုက္ခမှ ကင်းလွတ်အောင် ကယ်ဆယ်စောင်မတော်မူပါ"ဟု ရေနတ်မင်းကိုသာလျှင် တိုင်တည်၍နေ၏။

ရေနတ်မင်းသည် ကိုယ်ထင်ပြပြီးလျှင် "ဟယ် လူပျင်း၊ လှည်းရှေ့သို့ ရွေ့လျားတိုးတက်အောင် သင့်ကိုယ်တိုင် ခွန်အားစိုက်ထုတ်ခြင်းမရှိဘဲ ငါ့ကိုသာ တိုင်တည်တောင်းပန်၍ နေဘိ၏။ အားထုတ်ခြင်းနှင့်ပြည့်စုံသောသူတို့ကိုသာလျှင် နတ်တို့သည် ကူညီစောင်မမြဲဖြစ်သည်။ သင်၏ပုခုံးဖြင့် လှည်းဘီးကို တွန်း၍ နွားတို့ကို ရုန်းစေလော့"ဟု ဆိုလေ၏။

**ပန်းမျိုးတစ်ရာစာပေ**



လှည်းသမားသည် နတ်မင်းဆိုမိန့်သည့်အတိုင်းလိုက်နာပြုလုပ် သဖြင့် ခဏချင်းပင် လှည်းဘီးတို့သည် ရွှံ့လျက် ရွံ့ဗွက်လွတ်ကင်း သောနေရာသို့ ရောလေ၏။

**[မည်သူကိုမဆို မိမိပြုလုပ်အပ်သော အမှုကိစ္စတွင် သူတစ်ပါး၏ အကူအညီအမအစကို တောင့်တမျှော်ကိုးခြင်းမရှိဘဲ မိမိကိုယ်စွမ်းကိုသာ မိမိအားကိုး၍ အားထုတ်ပြုလုပ်ရာ၏။ ဤသို့ ပြုလုပ်ခြင်းသည် အောင်မြင်ခြင်း၏ အကြောင်းဖြစ်ချေသည်။]**

**ပန်းမျိုးတစ်ရာစာပေ**

**လုံ့လရေးယူ၊ အားထုတ်သူ**
**နတ်လူနှစ်လိုသည်**
**လုံ့လမဲ့ငြား၊ ပျင်းသူအား**
**အများပြစ်ဆိုမည်။**

ဤပုံပြင်သည် မိမိကိုယ်မိမိ အားမကိုးတိုင်း လူကြီးမိဘတို့က အမြဲပြောဆိုဆုံးမသော ပုံပြင်တစ်ခုဖြစ်၏။ အရာရာတွင် သူများချည်း အားကိုးနေ၍မဖြစ်။မိမိကိုယ်မိမိအားထားအားကိုးမှု သည်သာလျှင် အဓိကဖြစ်၏။အောင်မြင်မှုကိုရယူလိုသူတိုင်းသည်မိမိ ကိုယ်မိမိ အားကိုးကြရမည်ဖြစ်၏။

လူကြီးတို့က ဤပုံပြင်ကိုပြောပြတိုင်း ဤပုံပြင်ပါလှည်းသမားနှင့် မတူ၊ လုံးဝခြားနားသောမဟာဇနကဇာတ်တော်ကိုလည်း ပြောကြား လေ့ရှိ၏။ မဟာဇနကမင်းသည် ဤပုံပြင်ထဲမှ လှည်းသမားနှင့် လွန်စွာခြားနားသည်။ပုံပြင်ထဲမှလှည်းသမားသည် ဒုက္ခနှင့် တွေ့ဆုံရာတွင်ရေနတ်မင်းကိုသာတမ်းတ၏။မိမိ၏ဝိရိယကိုကား လုံးဝ စိုက်ထုတ်ခြင်းမရှိ။

သို့သော် မဟာဇနကမင်းသားသည် မဟာသမုဒ္ဒရာအတွင်း၌ သင်္ဘောပျက်လေလျှင် မည်သူကိုမှ တမ်းတခြင်း၊ အကူအညီ တောင်းခြင်းမရှိဘဲ မိမိ၏လုံ့လဝီရိယကိုသာလျှင် အားကိုးလျက် မဟာသမုဒ္ဒရာအားလက်ပစ်ကူး၏။ ဤသည်ကို မဏိမေခလာ နတ်သမီးကမြင်လျှင် "အသင်မင်းသားမပြုအပ်သောအရာ၌ လုံ့လပြုခြင်းသည်မှား၏။ လုံ့လသည်အရာမရောက်"ဟုဆို၏။ ထိုအခါ မဟာဇနကမင်းသားက " နတ်သမီး၊ အမှုကိစ္စတို့နှင့်

ကြုံတွေ့ရသောအခါ ဤကိစ္စသည် ငါလုံ့လဖြင့် မအောင်နိုင်။ ကံကြမ္မာအတိုင်းသာရှိစေတော့” ဟုလုံ့လလျှော့သူတို့သည်လူပျင်း လူတန်သာဖြစ်၏။ မည်သည့်အရာတွင်မဆိုလုံ့လကိုမလျှော့ထိုက်။ ငါနှင့်အတူလာခဲ့ကြသည့်လုံ့လမရှိသောသင်္ဘောသားခုနစ်ရာသည် ယခု ငါးစာလိပ်စာ ဖြစ်ကုန်ကြပြီဖြစ်၏။ ငါကားမလျှော့သော လုံ့လ၏ ကျေးဇူးကြောင့် ငါးစာဘဝမှ လွတ်လာ၏။ ငါသည် မလျှော့သောလုံ့လကြောင့် လူသာမညတို့မမြင်ဖူးသော အသင်နတ်သမီး ကိုမြင်ဖူးပြီဖြစ်၏။ အကယ်၍သင်သည် ငါ့အားသနားချစ်ခင်၍ ကယ်လျှင် ငါသည် အသက်ရှင်ဦးမည် ဖြစ်၏။ သင်မကယ်၍ အသက်ဆုံးသည့်တိုင် ငါ၏ ဝီရိယအကျိုးကို ငါခံစားရပြီဖြစ်၍ ငါ၏လုံ့လထုတ်မှုသည် အကျိုးရှိလေပြီ” ဟုဆို၏။

ထိုအခါ မဏိမေခလာနတ်သမီးသည် မဟာဇနကမင်းသားအား ကယ်တင်ခဲ့၏။ ထို့နောက်မဟာဇနကသည် မိထိလာပြည်၌ မင်းအဖြစ်ကိုရလေ၏။ မဟာဇနကမင်းသား မိထိလာပြည်၌မင်း အဖြစ်ကိုရရှိခြင်းသည် လုံ့လဝီရိယအကျိုးခံစားရခြင်းဖြစ်၏။

မည်သို့သော အမှုအခင်းကြုံလာသည်ဖြစ်စေ ပထမမိမိ၏ ဝီရိယစွမ်းအားကိုအသုံးပြုရန် -ဤပုံပြင်လေးကအစဉ်သတိပေးနေ၏။ ရေနတ်သားနှင့်လှည်းသမားပုံပြင်သည် ကလေးသူငယ်တို့အား လုံ့လဝီရိယမျိုးစေ့ကို ပေးအပ်သော အဖိုးတန်ဒေါင်းဖတ်စာပုံပြင် တစ်ရပ်ဖြစ်သည်။

**ပန်းမျိုးတစ်ရာစာပေ**

## ၇။ အလိုကြီးက အရနည်း

တစ်ခါက လူတစ်ဦး၌ အလွန်ထူးဆန်း အံ့ဩဖွယ်ကောင်းသော ငန်းတစ်ကောင်ရှိ၏။ ထိုငန်းသည် နေ့တိုင်းနေ့တိုင်း ရွှေဥတစ်လုံးတစ်လုံး ဥသဖြင့် တစ်နေ့ထက်တစ်နေ့ ရွှေဥများလာပြီးလျှင် ထိုလူသည် ချမ်းသာကြွယ်ဝသည့်အဖြစ်သို့ ရောက်၏။

သို့သော် ထိုသူသည် တစ်နေ့လျှင် ရွှေဥတစ်လုံးစီသာ ရနေ၍ အလွန်နှေးလှသည်။ တစ်ခဏချင်းပင် အမြောက်အများ ရလိုသည်ဟု လောဘပိုမို အလိုကြီးသောကြောင့် ငန်း၏ ဝမ်းတွင်း၌ ရွှေအမြောက်အမြားရှိမည်အထင်အမှန်နှင့် ငန်းကိုသတ်၍ ဝမ်းထဲ၌ရှာဖွေရာ ရွှေကိုမတွေ့ဘဲဖြစ်၏။

**ပန်းမျိုးတစ်ရာစာပေ**



ထိုအခါမှ ငန်းရှင်သည် "ငါ ငန်းကို သတ်မိသည်မှာ မှားလေစွ တကား"ဟု နောင်တကြီးစွာ ရရှိလျှက် မိမိကိုယ်ကို အပြစ်တင်လေ၏။

ထို့ကြောင့် ဤပုံကို အစွဲပြု၍ **'အလိုကြီး အရနည်းသည်'** ဟု လူတို့ ဆိုရိုးပြုကြလေသည်။

**အလိုလောဘ၊ ကြီးလွန်းက**
**အရနည်းချေမည်။**
**အလိုနည်းပါး၊ ဖြောင့်သူအား**
**အများရတတ်သည်။**

အလိုကြီး အရနည်းပုံပြင်သည် အရာရာတွင် လောဘမကြီးလွန်း အပ်ကြောင်းကို သတိပေးသည့်ပုံပြင် ဖြစ်၏။ လောဘကြီးလွန်း

သူများသည် ထိုလောဘတရားကြောင့် ဆုံးရှုံးမှုနှင့် ကြုံရသည်သာ ဖြစ်၏။ လောဘတရား များပြားလာပါက သတိဉာဏ်ပညာတို့ နောက်တန်းရောက်ကာ မဆင်ခြင် မစဉ်းစားနိုင်ဘဲ ရှိ၏။ လောဘ တရားသည် ဒေသကဲ့သို့ သတိနှင့်ပညာကို မှေးမှိန်စေသောအရာ ဖြစ်၏။ လောဘသည် သူ၏ ညီအစ်ကိုနောင်ရင်းဖြစ်သည့် ဒေါသကဲ့သို့ အန္တရယ်ရှိသောအရာလည်း ဖြစ်၏။

ထို့ကြောင့် အလိုကြီးအရနည်းပုံပြင်သည် မြန်မာလူငယ်တို့အား လောဘ၏သားကောင်များ မဖြစ်ကြစေရန် ဆိုဆုံးမသော ထိရောက် သည့် ပုံပြင်တစ်ခု ဖြစ်၏။ လောဘကြီးသော ထိုသူသည် တစ်နေ့ ရွှေဉတစ်လုံး ရနေရမှ လောဘကြီးသဖြင့် ငန်းကိုသတ်၍ဝမ်းထဲ၌ ရွှေကိုရှာရာ ရွှေမတွေ့ ဖြစ်ရသောအဖြစ်ကို ငယ်စဉ်ဘဝမှစ၍ မိမိဘဝတွင် မိမိ၏လောဘကို များစွာ ချုပ်တည်းနိုင်၏။ လောဘ တရားထကြွသောင်းကျန်းလာတိုင်း ငန်းဗိုက်ကို ခွဲမိ၍ နောင်တကြီးစွာ ရနေသော ငန်းရှင်၏ ရုပ်သွင်ကို မြင်ယောင်လာကာ လောဘကို သတိနိုင်မည်ဖြစ်၏။


အလိုကြီးအရနည်း ပုံပြင်ကား အလွန်အဖိုးတန်သော ပုံပြင်တစ်ပုဒ် ဖြစ်ပါသည်။ ဤပုံပြင်ကို ငယ်စဉ်မှစ၍ နားထောင် ဖတ်ရှု သိရှိထားခြင်း သည် တစ်နေ့ရွှေဉတစ်လုံးဥပေးသော ငန်းတစ်ကောင် မိမိထံတွင် ရှိနေသကဲ့သို့ တန်းဖိုးရှိသည့်ပုံပြင် ဖြစ်ပါ၏။

## ပန်းမျိုးတစ်ရာစာပေ

မြန်မာ့လူ့ဘောင် အဖွဲ့အစည်း၌ ငယ်ရွယ်စဉ်ဘဝမှစ၍ လောဘကို ထိန်းချုပ်ရန် သင်ကြားရာတွင် ဤပုံပြင်သည် ထိရောက်သော ပုံပြင်ဖြစ်၏။

ငန်းရှင်လူမိုက်၏ အဖြစ်ကို သိကြားခဲ့ရဖူးသော လူငယ်များသည် မိမိတို့၏ဘဝတွင် လိုအပ်သည်ထက် ကျော်လွန်သော လောဘတရားကို ကန့်သတ်နိုင်စွမ်းရှိသည့် သတ္တိကို ဤပုံပြင်က ပေးစွမ်းနိုင်၏။ ထို့ကြောင့် အလိုကြီးအရနည်းပုံပြင်သည် မိဘများက လူငယ်ရင်သွေးတို့အား အစဉ်သတိပေးပြောကြားအပ်သော ပုံပြင်တစ်ပုဒ်ဖြစ်ပါသည်။

# ၈။ မြေခွေးနှင့် ဖျံ




တစ်ခါက ဖျံတစ်ကောင်သည် ဂင်္ဂါမြစ်အတွင်း၌ ငါးကြင်းကို ဖမ်းရာ ကောင်းစွာ မနိုင်မနင်းရှိခိုက် အခြား ဖျံတစ်ကောင်က ဝင်ရောက်ကူညီသဖြင့် ထိုငါးကြင်းကို ရရှိကြ၏။

ငါးကြင်းကို ခွဲဝေကြသောအခါ ပထမဖျံက "ငါသာ ဦးစွာ ရှာဖွေတွေ့ရှိပြီး မိအောင်ဖမ်းထားရသည်ဖြစ်၍ ဝမ်းပျဉ်းသားကို ငါရထိုက်သည်" ဟုဆို၏။ ထိုအခါ ဒုတိယဖျံက "ငါလာရောက်မကူညီ

လျှင် ဤ ကြီးစွာသောငါးကို သင်မနိုင်မနင်း၍ လွှတ်လိုက်ရချေမည်။ ငါလာရောက်ကူညီ၍သာ နိုင်နင်းရရှိသည်ဖြစ်သောကြောင့် ငါသာ ဝမ်းပျဉ်းသားကို ရထိုက်သည်”ဟု ငြင်းခုံ၍ နေကြ၏။

ထိုစဉ် မြေခွေးတစ်ကောင်သည် ဖျံနှစ်ကောင် ငြင်းခုံနေရာကို ရောက်လာ၍ အကြောင်းအရာကို မေးမြန်းပြီးလျှင် ‘သင်တို့သည် ငါဆုံးဖြတ်ရာကို နာခံကြမည်လော’ ဟု မေးမြန်း၏။ ဖျံနှစ်ကောင်တို့က အချင်းချင်းမခံချင်သည့် သဘောထားဖြင့် မြေခွေးစကားကိုပင် နာခံပါမည်ဟု ဝန်ခံကြ၏။

ထိုအခါ မြေခွေးသည် ငါးကြင်းကို သုံးပိုင်းပိုင်းပြီးလျှင် ခေါင်းပိုင်းကို ပထမဖျံယူစေ၊ အမြီးပိုင်းကို ဒုတိယဖျံယူစေ၊ အလယ်ပိုင်း သည်ကား ငါ တရားသူကြီးအတွက် ဖြစ်သည်ဟု ဆို၍ ငါးကြင်း အလယ်ပိုင်းကြီးကို အတင်းချီကိုက် ထွက်ပြေး၏။



**ပန်းမျိုးတစ်ရာစာပေ**

ဖျံနှစ်ကောင်တို့မှာ အကယ်၍သာ ငါတို့ မငြင်းခုံကြပါလျှင် နေ့ရက်ရှည်မြင့်စွာ ညီညီမျှမျှ စားသောက်၍ နေကြရမည်။ အခု ငြင်းခုံမိသည့်အတွက် ငါတို့စားရမည့်အစာကို မြေခွေးယူဆောင်ပြေး လေပြီ ဟု ညည်းညူငေးမှိုင်းကာ နေကြလေ၏။

**ငြင်းခုံတရား၊ တွေ့ကြငြား**
**စီးပွားယုတ်မည်သိ**
**အချင်းချင်းတွင်၊ မခံချင်**
**ပြင်လူအကျိုးရှိ။**

မြေခွေးနှင့်ဖျံ ပုံပြင်သည် ညီညွတ်စည်းလုံးမှု မရှိပါက ဆုံးရှုံးရကြောင်းကို သတိပေးသော ပုံပြင်ဖြစ်၏။ တိုင်းရင်းသား လူမျိုးများဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံတော်တွင် အရေးအကြီး ဆုံးသော အရာများ၌ တစ်ခုအဖြစ် အမြဲပါဝင်နေသော ကိစ္စမှာ အောင်မြင်မှုများရှိ၍ မစည်းလုံးမညီညွတ်ပါက ဆုံးရှုံးမှုများရှိ၏။ မြန်မာ့သမိုင်းတွင် ပဒေသရာဇ်တို့၏ နန်းတွင်းမညီညွတ်မှုကြောင့် နိုင်ငံတော် ဆုံးရှုံးခဲ့ရသော အထင်ကရ သင်ခန်းစာကြီးများ ရှိနေပါ၏။

မြန်မာစကားပုံများတွင် **'နွားကွဲလျှင် ကျားဆွဲမည်'** ဆိုသော စကားပုံမှာလည်း အများသိသော စကားပုံတစ်ခုဖြစ်၏။ မြေခွေးနှင့် ဖျံပုံပြင်သည် ညီညွတ်မှုမရှိပါက ဆုံးရှုံးရကြောင်းကို လက်တွေ့ သင်ခန်းစာပေးသော ပုံပြင်ဖြစ်၏။ မည်သည့်အရာတွင်မဆို၊ မည်သည့် ကိစ္စတွင်မဆို ညီညွတ်မှုသည် အရေးကြီးပါ၏။

**ပန်းမျိုးတစ်ရာစာပေ**

မညီမညွတ်သည့် အကြောင်းတစ်စုံတစ်ရာကြုံတွေ့တိုင်း မြေခွေးနှင့် ဖျံပုံပြင်ကို သတိရရန်လို၏။ မြေခွေး၏ အမြတ်ထုတ်မှုနှင့် ဖျံတို့ ဆုံးရှုံးမှုကို ကြိုတင်၍ သိသူတိုင်း ညီညွတ်မှု၏ တန်ဖိုးကို နားလည်နိုင်၏။ စုပေါင်းအလုပ်လုပ်ကြရာတွင် စုပေါင်းလုပ်ဆောင်သူတို့ မညီညွတ်ပါက ငါးကြင်းအလယ်သားအား မြေခွေးယူပြေးသည့် အဖြစ်ကို သိထားနားလည်နေခြင်းဖြင့် ညီညွတ်မှုကိုတည်ဆောက်နိုင်၏။

မြေခွေးနှင့်ဖျံပုံပြင်သည် လူငယ်များအား ငယ်စဉ်ကပင် မစည်းမလုံး၊ မညီမညွတ်ပါက ဆုံးရှုံးမှုရှိတတ်ကြောင်းကို သင်ခန်းစာပေးသော ပုံပြင်တစ်ရပ်ဖြစ်၍ ထိုပုံပြင်မျိုးကို လူငယ်များသည် တစ်ရံမလပ် ကြားနေအပ်၏။

လွတ်လပ်ရေးရချိန်မှစ၍ မြန်မာနိုင်ငံ သဘောထားကွဲလွဲမှု၊ ဆူပူသောင်းကျန်းမှုတို့ဖြင့် ပြည်တွင်း မညီညွတ်မှုများ ရှိခဲ့၏။ ထိုသို့သော မညီညွတ်မှုကြောင့် နိုင်ငံသည် ဖွံ့ဖြိုးမှုနှေးကွေးခဲ့ရ၏။ မညီမညွတ်ဖြစ်လေ မြေခွေးကဲ့သို့သောသူများ ပွပေါက်တိုးလေဖြစ်၏။ ထို့ကြောင့် မြေခွေးနှင့်ဖျံပုံပြင်ကို ငယ်စဉ်မှစ၍ ကြားသိစေပြီး မြန်မာလူငယ်တိုင်း၏ ရင်တွင် ညီညွတ်မှု မြို့ရှာနိုင်ငံကို တည်ဆောက်စေသင့်၏။

**ပန်းမျိုးတစ်ရာစာပေ**

## ၉။ ဖခင်ကြီးနှင့် သားများ



အိုမင်းမစွမ်းရှိသော လူတစ်ယောက်သည် သေမည့်ဘေးကို တွေးတော ဆင်ခြင်မိသဖြင့် သားတို့အား မိမိထံပါး၌ စုရုံးစေပြီးလျှင် ထင်းစည်းတစ်စည်းကို တစ်ယောက်ပြီးတစ်ယောက် အစည်းအတိုင်း ချိုးစေ၏။ သားတို့သည် ထင်းစည်းကို ခွန်အားစိုက်ထုတ်၍ တစ်လှည့်စီ ချိုးကြသော်လည်း ထင်းစည်းသည် မကျိုးဘဲရှိ၏။

**ပန်းမျိုးတစ်ရာစာပေ**

ထိုအခါ ဖခင်က "ချစ်သားတို့၊ ဤထင်းစည်းကို ဖြေပြီးလျှင် တစ်ယောက်တစ်ချောင်းစီယူ၍ ချိုးကြဦး" ဟုဆို၏။ သားတို့သည် အဖဆိုတိုင်း လိုက်နာ၍ ချိုးကြသောအခါ ထင်းချောင်းတို့သည် အလွယ်တကူ ကျိုးကုန်၏။

ဖခင်လည်း "ချစ်သားတို့၊ သင်တို့ သိမြင်ကြပြီလော။ သင်တို့သည် ထင်းစည်းကဲ့သို့ မကွဲမပြား တစ်စုတစ်ရုံးတည်းဖြစ်ပါမူ အင်အားကြီးများသဖြင့် သူတစ်ပါးတို့သည် သင်တို့ကို မနှိပ်စက်နိုင်ရာ။ သင်တို့သည် တစ်ဦးကိုတစ်ဦး မချစ်မခင်ဘဲ ထင်းအစည်းပြေသကဲ့သို့ ရှိကြမူ အင်အားနည်းပါးသဖြင့် သူတစ်ပါးတို့သည် သင်တို့ကို အလွယ်တစ်ကူ နှိပ်စက်နိုင်ရာ၏" ဟု ဆိုဆုံးမစကား ပြောကြားလေသည်။

**ထို့ကြောင့်အင်အားကြီးမားစေခြင်းငှာအများစည်းလုံးညီညွတ်စွာဖြင့် စီးပွားရေးလုပ်ငန်းများကို ပူးပေါင်းလုပ်ကိုင်သင့်ကြသည်။ သမဝါယမအဖွဲ့များ၊ကုမ္ပဏီများနှင့်စီးပွားရေးအဖွဲ့အစည်းများသည် ပူးပေါင်းစည်းလုံးခြင်းအင်အားမှအကျိုးခံစားကြရသူများဖြစ်သည်။**

**စည်းလုံးညီလျှင်၊ ပြုတိုင်းပင်**
**အားအင်ပြည့်စုံသည်။**
**မပေါင်းစည်းဘဲ၊ သီးသီးခွဲ**
**နွားကွဲကျားကိုက်မည်။**

မြေခွေးနှင့်ဖျံ ပုံပြင်သည် မစည်းလုံး၍ ဆုံးရှုံးရသည်ကို ပြဆိုသော ပုံပြင်ဖြစ်၍ ယခုဖခင်နှင့်သားများ ပုံပြင်သည် စည်းလုံးညီညွတ်ခြင်း၏

အကျိုးတရားကို ပြဆိုသော ပုံပြင်ဖြစ်၏။ ထင်းတစ်စည်းကို တစ်ဦးချင်းချိုးကြရာတွင် ကျိုးအောင် ချိုးနိုင်စွမ်း မရှိသော်လည်း တစ်ချောင်းချင်း ဖြစ်နေပါက အလွယ်တကူ ကျိုးနိုင်၏။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးတို့ စုပေါင်းနေထိုင်ကြသော နိုင်ငံတစ်နိုင်ငံဖြစ်၏။ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်နေသော အချိန်တွင် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်နေ၍ စည်းလုံးညီညွတ်မှု ပြိုကွဲတိုင်း ဘေးအန္တရာယ်နှင့် ကြုံတွေ့ကြရ၏။

စည်းလုံးညီညွတ်မှုသည် အရေးကြီးကြောင်း မြန်မာတို့အား အစဉ်သတိပေးနေသော ပုံပြင်သည် ဤဖခင်ကြီးနှင့် သားများပုံပြင်ဖြစ်၏။ သားများညီညွတ်နေပါက ဘေးမှ သွေးခွဲရန်၊ဖြိုဖျက်ရန် လုပ်ဆောင်နိုင်ကြမည် မဟုတ်၊ ပုဏ္ဏားခြေထိုး၍ ဝေသာလီပြည်ကြီး ပျက်စီးရသော ဇာတ်တော်ကိုလည်း မြန်မာတို့ သိရှိကြပြီးဖြစ်၏။

ဖခင်ကြီးနှင့်သားများ ဒေါင်းဖတ်စာပုံပြင်သည် မြန်မာလူ့အဖွဲ့အစည်းအတွက် အလွန်အရေးကြီးသော ပုံပြင်တစ်ရပ် ဖြစ်၏။ ငယ်ရွယ်စဉ်မှစ၍ ထင်းစည်း သဘာဝနှင့် ထင်းတစ်ချောင်းစီ၏ သဘောကို သိထားသော လူငယ်တို့၏ စိတ်ဝယ် စည်းလုံးမှုသဘောကို အသည်းစွဲနေသဖြင့် မညီညွတ်မှု၏ချည့်နဲ့မှုသဘောတရားများကို ကြိုတင်သိရှိကာ မညီညွတ်မှုမှန်သမျှကို အလေးအနက်ထား ရှောင်ကြ၍ စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ကြမည် ဖြစ်၏။

ငယ်စဉ်က အတန်းထဲတွင် ဤပုံပြင်ကို မသင်မီ ဆရာက အိမ်မှယူလာသော ထင်းစည်းကို တစ်တန်းသားလုံးအား ချိုးစေ၏။ ထို့နောက် အစည်းကိုဖြေကာ တစ်ယောက်စီ ချိုးစေပြန်၏။ အတန်း

သားတို့သည် ထင်းစည်းကို မည်သူမျှ မချိုးနိုင်။ သို့သော် အစည်းပြေနေ၍ တစ်ချောင်းစီဖြစ်နေသော ထင်းချောင်းများကိုကား ကျောင်းသားတို့က အပိုင်းပိုင်းဖြစ်အောင် ချိုးပစ်နိုင်ကြ၏။ ထိုအခါ ဆရာက "အေး၊ ငါ့တပည့်တို့၊ မင်းတို့ဟာ ဒီထင်းချောင်းတွေလို မဖြစ်စေနဲ့။ ဟောဒီထင်းစည်းလို အမြဲနေကြ" ဟု တိုတုတ်သော ဆုံးမစကားကို ဆို၏။

ထိုစကားကို နားစွဲနေသော လူငယ်တို့သည် မညီညွတ်မှု၏ ဆုံးရှုံးမှုတရားကို သိ၏။ ဤပုံပြင်ကိုငယ်စဉ်မှစ၍ နားထောင်ခဲ့ရပြီး အသည်းစွဲလာသော သူတိုင်းသည် စည်းလုံးမှုပြိုပျက်ရေးနှင့်ပတ်သက်၍ အကြောင်းတစ်စုံတစ်ရာ ကြုံကြိုက်တိုင်း ဤဒေါင်းဖတ်စာပုံပြင်ကို သတိရနေမည်မှာ သေချာလှပါ၏။

## ၁၀။ အကြောင်းအကျိုးကို

## မသိတတ်သော သမင်



သမင် တစ်ကောင်သည် ကြည်လင်သော ရေအိုင်တစ်ခု၌ ရေသောက်နေစဉ် မိမိ၏အရိပ်ကို မြင်လေသော် ငါ၏ ဦးချိုများသည်ကား သစ်ကိုင်း၏ အခက်အလက်များကဲ့သို့ အလွန်တရာမှ လှပတင့်တယ်၏။ ခြေထောက်များမှာမူကား သေးငယ်ဖြောင့်တန်းကာ တုတ်ချောင်းများကို ထောက်ထားဘိသကဲ့သို့ အလွန်အရုပ်ဆိုးလှတကားဟု ဦးချိုတို့ကို ချီးမွမ်းပြီးလျှင် ခြေထောက်တို့ကို ကဲ့ရဲ့ပြစ်တင်၏။ ထိုခဏ၌ပင်လျှင် သမင်၊ ဒရယ်တို့ကို လိုက်လံပစ်ခတ်သော မုဆိုးတစ်ယောက်သည် ထိုသမင်ကို မြင်လေလျှင် လှံတံကို ကိုင်စွဲ၍ လိုက်၏။

သမင်သည် အသက်ဘေးမှ ချမ်းသာရအောင် ပြေးလေလျှင် ဦးချိုတို့သည် ချုံနွယ်တို့၌ မြဲမြံစွာ ငြိတွယ်နေသောကြောင့် မပြေးနိုင်ဖြစ်ရ၏။ ထိုအခါ သမင်သည် နောင်တကြီးစွာရ၍ "သြော် ငါသည် လေကဲ့သို့ လျင်မြန်စွာပြေးလွှားနိုင်သော ခြေထောက်များကို ကဲ့ရဲ့ပြစ်တင်မိသည်မှာ မှားလေစွတကား။ ယခု ငါ၏ ဦးချိုတို့သာလျှင် ဤကြမ်းကြုတ် ရက်စက်သော မုဆိုး၏လက်၌ ငါ၏အသက်ကို ဆုံးရှုံးစေတော့မည်"ဟု မြည်းတမ်းလျက်ပင် မုဆိုးလက်နက်ဖြင့် အသက်သေလေ၏။

**ကဲ့ရဲ့ချီးမွမ်း၊ ဤနှစ်လမ်း**
**စုံစမ်းမျှော်ထောက်ချင့်။**
**ကြောင်းကျိုးစုံလင်၊ မသိခင်**
**ဆောလျင်မပြုသင့်**

အကြောင်းအကျိုးကို မသိတတ်သော သမင်အကြောင်း ဒေါင်းဖတ်စာပုံပြင်ကလည်း ဘဝသင်ခန်းစာကို ပေးသော ပုံပြင်တစ်ရပ် ဖြစ်၏။ ဘဝတွင် ပုံပြင်ထဲမှ သမင်ကဲ့သို့ တံလျှပ်ကို ရေထင်မိသည့် ဖြစ်ရပ်များ၊ ကျေးဖူးရှင်ကို ကျေးစွပ်ခြင်း၊ ဘီးလူးကို မင်းထင်၍ မင်းသားကို ဘီလူးဟု အမှတ်လွဲမှားမှုများ ရှိတတ်ပါ၏။ အပြင်သဏ္ဌာန်နှင့် အတွင်းသရုပ် မခွဲခြားနိုင်ဘဲ အလှအပကို ဘဝဟု မှတ်ယူသူတိုင်း၊ အလှအပကို ခင်တွင်၍ ဒုက္ခပင်လယ်ကို လက်ပစ်ကူးရသူတိုင်းအတွက် အကြောင်းအကျိုးကို မသိတတ်သော ဒေါင်းဖတ်စာပုံပြင်မှ သမင်ကို သမင်လို အစဉ်ခံစားရမည် ဖြစ်သည်။

**ပန်းမျိုးတစ်ရာစာပေ**

လူ့လောက သဘာဝတွင် လှပမှုပင် ကောင်းသည်ထင်ကာ အလှအပကို မက်မော၊ အလှစင်တင်၊ အလှကို တော်ကောက်၊ အလှနောက်သို့ ကောက်ကောက်ပါအောင် လိုက်တတ်သောသူတို့အား ဒေါင်းဖတ်စာထဲမှ သမင်က သင်ခန်းစာပေးနေပါ၏။

အကျိုးအကြောင်း၊ အဆိုးအကောင်းကို ခွဲ၍ ရှုမြင်တတ်စေရန် ဒေါင်းဖတ်စာပုံပြင်သည် အကြောင်းစုံလင်အောင် ဆုံးမမှုကိုလည်း ပြု၏။

လောကတွင် အကျိုးနှင့်အကြောင်း၊ အဆိုးနှင့်အကောင်း၊ အပြင်သဏ္ဌာန်နှင့် အတွင်းသရုပ် ခွဲခွဲခြားခြား သိမြင်ရေးမှာ အလွန်မှ အရေးကြီး၏။ ဘဝတွင် အဆိုးကို အကောင်းထင်၍ လူမိုက်နှင့် လူကောင်း မခွဲခြားနိုင်သဖြင့် အပေါင်းအသင်းကြောင့် ဒုက္ခကြုံခဲ့ရသော ဖြစ်ရပ်များက ကုဋေကုဋာ။

ထိုကြောင့် ဒေါင်းဖတ်စာမှ အကြောင်းအကျိုးကို မသိတတ်သော သမင်သည် သူ့ဘဝကိုလဲကာ သင်ခန်းစာတစ်ရပ်ကို လူငယ်များအား ပေးအပ်ထား၏။ ထိုသင်ခန်းစာသည် ဘဝတွင် အလွန်အရေးကြီးသော သင်ခန်းစာဖြစ်၏။ လူ့ဘဝ၏ စီးပွားရေး၊ လူမှုရေး၊ ပေါင်းသင်း ဆက်ဆံရေး နယ်ပယ်ထဲမှ သမင်ကဲ့သို့ အကျိုးမနည်းစေရန် အထူး သတိထားအပ်ကြောင်း ဤပုံပြင်လေးက သတိပေးနေပါသည်။

**ပန်းမျိုးတစ်ရာစာပေ**


## ၁၁။ အမြီးပြတ်သော မြေခွေး



တစ်နေ့သ၌ မြေခွေးတစ်ကောင်သည် ကြက်များကို ကိုက်မည်သွားရာ လူတို့ထောင်ထားသော ထောင်ချောက်တွင် အမြီးမိ၍နေသဖြင့် အသက်ချမ်းသာရန် အားကုန်ရုန်း၍ ထွက်ပြေး၏။ ထိုအခါ မြေခွေး၏ အမြီးသည် ထောက်ချောက်၌ ပြတ်၍ ကျန်ရစ်၏။ အမြီးပြတ်နေသော မြေခွေးကို အခြားမြေခွေးတို့ မြင်လေလျှင် ကဲ့ရဲ့ပြောဆို၍ ရယ်မောကြ၏။

**ပန်းမျိုးတစ်ရာစာပေ**

ထိုမြေခွေးသည် အလွန်အရှက်ရ၍ အခြားမြေခွေးတို့လည်း မြီးကိုဖြတ်ပစ်အောင် ငါ လီဆယ်၍ ပြောဆိုဦးအံ့။ သို့မှသာလျှင် သင်းတို့ ငါ့ကို မကဲ့ရဲ့နိုင်ဟု ကြံ၍ "အဆွေတို့၊ သင်တို့၌ရှိသော အမြီးများသည် အသုံးမဝင်လှသည်သာမက ထိုမှ ဤမှ သွားလာသော အခါတွင်လည်း နောက်က တံမြက်လှည်းလျက် လိုက်၏။ အမြီးသည် နောက်က လိုက်တွဲလျှက်ရှိနေသည့်အတွက် အသက်၏ ဘေးရန်ကိုလည်း ဖြစ်စေတတ်၏။ ထို့ကြောင့် ကျွန်ုပ်ကဲ့သို့ သင်တို့သည်လည်း အမြီးများကို ဖြတ်ပစ်ကြလော့"ဟု ပြောဆို၏။



မြေခွေးအိုတစ်ကောင်သည် ထိုစကားကိုကြားလျှင် "သင်၌ အမြီးရှိပါမူ ဤသို့သော စကားကို ဆိုမည်မဟုတ်ချေ၊ သင်တစ်ကောင်

တည်းသာ အမြီးမဲ့ဖြစ်ပါစေ။ အခြားသောမြေခွေးတို့ကို အမြီးဖြတ်ရန် မတိုက်တွန်းပါနှင့်”ဟု ဆို၏။

**ဤပုံပြင်ကိုထောက်၍ လောက၌ သူတစ်ပါး၏အကျိုးကို လိုလားလေဟန်နှင့် မိမိအကျိုးရှိရန်ကိုသာ ကြံစည်ပြောဆိုတိုက်တွန်းသောသူတို့၏ စကားကို မယုံကြည်ရာ။**

**အများကောင်းအောင်၊ လိုလားယောင်**
**ဟန်ဆောင်ပြောတတ်သည်။**
**တိုက်တွန်းပြောကြား၊ သူ့စကား**
**စဉ်းစားယုံရမည်။**

အမြီးပြတ်သော မြေခွေးပုံပြင်ကလည်း သင်ခန်းစာပေးသော ပုံပြင်တစ်ရပ်ဖြစ်၏။ လူ့ဘဝ အသိုင်းအဝိုင်းကား ကျယ်ဝန်းလှ၏။ လူမမည်တို့သည် ကျယ်ပြောလှသော ဘဝခရီးကြမ်းကို လျှောက်လှမ်းကြရာတွင် အမြီးပြတ်သော မြေခွေးသို့ သူများနှင့် မလွဲမသွေ တွေ့ကြရမည်ဖြစ်၏။ ထိုသူတို့နှင့်တွေ့တိုင်း ပုံပြင်ထဲမှ မြေခွေးကို သတိရရန် လိုအပ်၏။ အချို့သော သူတို့သည် မိမိက အရက်သောက်၊ ဖဲရိုက်၊ ဆေးရှူ၍ ဘဝပျက်နေသည်ကို သောက်သောက်စားစား လူ့မင်းသား၊ မယားအိမ်က ချစ်လတ္တံ့ဟု ဆိုကာ သူငယ်ချင်းတို့အား မကောင်းမှု၌ ပျော်ပိုက်စေရန် မြူဆွယ်တတ်၏။ ထိုသို့ မဟုတ်မမှန် ပြောသည်ကို အဟုတ်ထင်မှတ်ကာ အပျော်ကျူးမိပါက မိမိဘဝ သည် ပျက်စီး၏။

**ပန်းမျိုးတစ်ရာစာပေ**

အချို့ကလည်း ဘုရားသွား ကျောင်းတက် လူမှုကိစ္စများ ဆောင်ရွက်နေသည်ကို ကဲ့ရဲ့ပြစ်တင်၍ အပျော်ကျူးစေရန် စည်းရုံးတတ်၏။ ဤပုံပြင်သည် လောကသဘာဝ၊ လူတို့စရိုက်ကို ဖော်ပြသော ပုံပြင်တစ်ရပ် ဖြစ်၏။ အပေါင်းအသင်း မကောင်းပါက ကျောင်းသားလူငယ်ဘဝမှ အိုမင်းရင့်ရော်၍ သေမင်းက တံခါးခေါက်နေသည့် အချိန်သို့ ရောက်သည့်တိုင် ပျက်စီးဆုံးရှုံးမှု ရှိနိုင်၏။ ထို့ကြောင့် အရာရာကို တစ်ပါးသူပြောတိုင်း မယုံဘဲ သတိနှင့်ပညာ အမြဲကပ်ကာ မိမိပညာဖြင့် မမီမလှမ်းနိုင်သော ကိစ္စများ ကြုံကြိုက်ပါက ပညာရှိတို့အား ချဉ်းကပ် အကူအညီတောင်းရာ၏။

အကျိုးကို လိုလားဟန်ဖြင့် လိမ်ညာပြောဆိုမှုများ အမှန်ကို မစဉ်းစားနိုင်စေရန် မြှောက်ပင့်၍ အနီးကပ်ပြောဆိုမှုများသည် အဝေးမှ ရန်သူထက် ပိုမိုဆိုးဝါးလှ၏။ အဝေးမှရန်သူကို သတိထား၍ ရှောင်ရှားနိုင်သော်လည်း ထိုကဲ့သို့ အနီးကပ်၍ အကျိုးလိုဟန်ဖြင့် မဟုတ်မမှန် ပြောဆိုမှုများကို အစဉ်သတိထားမိစေရန် ဒေါင်းဖတ်စာမှ အမြီးပြတ်သောမြေခွေးက အစဉ်မပြတ်သတိပေးအပ်လျက်ရှိသည်ကို ရင်သွေးငယ်တို့အား အမြဲ အသိပေးနိုင်ရန် ဒေါင်းဖတ်စာတွင် အကြောင်းမှတ်စရာအဖြစ် ဖော်ပြထားသည်ကို အလေးထားစေလိုပါ၏။

**ပန်းမျိုးတစ်ရာစာပေ**

# ၁၂။ ငန်းကိုတုသော ကျီး



ကျီးတစ်ကောင်သည် အစာရှာရန် လှည့်လည်ပျံသန်းသွားရာ ရေချိုးနေသော ငန်းတစ်ကောင်ကို မြင်၏။

ကျီးသည် ဤငန်းကား မပျင်းမရိဘဲ နေ့စဉ် ရေချိုးသောကြောင့် ၎င်း၏ အမွေးအတောင်တို့သည် ဝါဂွမ်းကဲ့သို့ ဖြူဆွတ်ချေသည်။

**ပန်းမျိုးတစ်ရာစာပေ**

ငါ၏အမွေးအတောင်တို့သည်ကား မီးသွေးကဲ့သို့ မည်းနက်သော အရောင်းအဆင်း ရှိ၏။ ငါသည် ထိုင်နန်းကဲ့သို့ ပြုလုပ်လျှင် ကောင်းမည်ဟု ကြံစည်စိတ်ကူးမိ၏။

ထိုသို့ ကြံပြီးလျှင် ကျီးသည် ရေကန်နှင့် မနီးမဝေးသောအရပ်၌ အသိုက်လုပ်လျက် မိမိအတောင်များကို ဖြူစိမ့်သောငှာ အားထုတ်၍ နေ့စဉ်နေ့တိုင်း ရေချိုးသောကြောင့် အအေးမိကာ အသံမထွက်ဘဲ ရှိ၏။ သို့တိုင်အောင် ကျီး၏ အတောင်တို့မူကား နက်မြဲအတိုင်းပင် နက်၍နေ၏။

ထိုအခါ ကျီးသည် စိတ်ပျက်၍ "ငါ ဤအရပ်၌ နေခြင်းငှာ မသင့်။ နေရင်းအရပ်သို့ ငါပြန်မှ တော်မည်။ ဤနက်ကျောသော အမွေးအတောင်နှင့်သာလျှင် ငါသည် လှပတင်တယ် ရှုချင်ဖွယ်ရှိသည်" ဟု ဆို၍ မိမိ၏နေရာဟောင်းသို့ ပျံ၏။

**မိမိတို့နှင့် မသက်ဆိုင် အရာမဟုတ်သည်၌ သူတစ်ပါးတို့ကို တုပခြင်းမပြုရာ၊ ရှေးလူကြီးသူမတို့ကလည်း 'မတူတာမေတုနှင့်' ဟု ဆုံးမစကားပြောကြားခဲ့လေသည်။**

**မတူသူနှင့်၊ မတုပနှင့်**
**မျှော်ချင့်အရာရာ။**
**ငန်းကိုကျီးတု၊ ဆင်းရဲမှု**
**စံပြုနိုင်းစရာ။**

ငန်းကိုတုပသော ကျီး၏အဖြစ်ကား အလေးအနက် သင်ခန်းစာယူဖွယ်ရာ ဖြစ်၏။ လောကတွင် သူ့ကြိုးစားမှုနှင့်သူ၊ သူ့ဝီရိယနှင့်သူ၊

သူ့ကုသိုလ်နှင့်သူ အနိမ့်အမြင့်များ ရှိကြ၏။ ထိုအနိမ့်အမြင့် အရာအားလုံးသည် သူ့နေရာနှင့်သူ အသုံးဝင်ကြသည်ချည်းသာဖြစ်၏။ ပန်းချီကားတစ်ချပ်တွင် အနိမ့်အမြင့် ရှိနေ၍ အမြင့်သည် ပေါ်လွင်၏။ အကောက်ရှိနေ၍ အနွဲ့အနှောင်းဖြစ်ကာ မျဉ်းဖြောင့်များကြောင့် ခိုင်မာမှု၊ တောင့်တင်းမှုသည် ဖြစ်ပေါ်၏။ အရောင်မျိုးစုံရှိရာ အားလုံး သူ့နေရာနှင့်သူ အသုံးဝင်သည်သာ ဖြစ်၏။ သို့သော် တစ်ခါတစ်ရံတွင် လူတို့သည် မိမိဘဝကိုမိမိ အားမလိုအားမရဖြစ်ကာ အခြားသူတို့၏ ဘဝများကို သွားရောက် ခံမင်တတ်၏။ သွားရောက် ခံမင်မိသည်နှင့် မတူသည့်အရာကို သွား၍တုရာမှ ဘဝပျက် ဒုက္ခရောက်ရသော ဖြစ်ရပ်များစွာ ရှိသည်။


ပုံပြင်ထဲမှကျီးသည် ငန်းကဲ့သို့ ဖြစ်လိုသော ဆန္ဒကြောင့် ပြုမူမှုများယွင်းသဖြင့် အသံပျောက်၍ ဒုက္ခရောက်ရ၏။ မိမိဘဝက ဤမျှသာပေးသည်ကို တစ်ခါတည်း မော်တော်ကားစီးလို၍ မရ။ သူသည် ထိုကဲ့သို့ မော်တော်ကားစီးနိုင်ရန် သူ့ဘဝတွင် ကြိုးစားမှုများ ပြုခဲ့ပြီးဖြစ်၏။ ချက်ချင်း မော်တော်ကားစီးလို၍ ဖောက်ထွင်းမှုပြုရာ လူမိ၍ တရားရုံးရောက်ကာ ကားမစီးရဘဲ ထောင်ကျသွားသည့် ဖြစ်ရပ်များ ရှိခဲ့ဖူး၏။

ကျောင်းတွင်လည်းကောင်း၊ အရပ်ထဲတွင်လည်းကောင်း၊ အသက်အတော်အတန်ကြီးမှပင် ဂုဏ်တုဂုဏ်ပြိုင်လုပ်မှုများ ရှိတတ်၏။ သူက ဘာဝတ်လာ၍ ကိုယ်က လိုက်ဝတ်တာမျိုး စသည်တို့သည် တုပမှုဖြစ်၏။ သူက စိန်နားကပ်ပန်လာ၍ ကိုယ်က စိန်နားကပ်ကို အကြွေးဖြင့်ဝယ်၍ပန်ရာ ကြွေးမကျေမီ ကျပျောက်၍ အိမ်ကိုရောင်းပြီး ဆပ်လိုက်ရသောကြောင့် အိုးအိမ်မဲ့ ဖြစ်သွားရသော မိတ်ဆွေတစ်ဦး

ရှိခဲ့ဖူး၏။ ပိုးစုန်းကြူးသည် ရောင်ခြည်တစ်ထောင် အလင်းဆောင်သော နေမင်းကိုတု၍ အဘယ်မှာ ရနိုင်မည်နည်း။ သို့သော် လမိုက်သော ညချမ်းတွင်ပိုးစုန်းကြူ၏ အရောင်သည် အရောင်ခြည်တစ်ထောင် အလင်းဆောင်သော နေရောင်ခြည်ဖြင့် မလဲနိုင်ပါ။

ကိုယ့်လူမျိုးအား အထင်သေးကာ တိုင်းတစ်ပါးယဉ်ကျေးမှုကို အထင်ကြီး၍ ဝတ်စားဆင်ယင်ကြသူများ အထူးသတိပြုရန် လိုအပ်၏။ ယခုအခါ လူငယ်များသည် ဂီတလောက၌ နိုင်ငံခြားအသံများကိုတု၍ သီချင်းဟုဆိုသော်လည်း ဘာဆိုနေမှန်း စာသားအဓိပ္ပာယ်မပေါ်လွင်ဘဲ ဖြစ်ရှာသော ကျီးမိုက်၏ သင်ခန်းစာကို ဂီတလောကမှ အချို့ အချို့သောပုဂ္ဂိုလ်များ သင်ခန်းစာယူအပ်ပါ၏။

# ၁၃။ ဆင်သေနှင့် ကျီးမိုက်



ကျီးတစ်ကောင်သည် ပျံသန်းနေရင်း မြစ်ညာမှ မျောလာသော ဆင်သေကောင်ကို မြင်သဖြင့် ပျံသန်းရာမှ ဆင်းသက်ပြီးလျှင် ဆင်သေပေါ်၌ နား၏။ ထိုသို့နားမိသောအခါ ငါ့ကံ အလွန်ကောင်း

**ပန်းမျိုးတစ်ရာစာပေ**

လှသည်။ ဤဆင်သေကောင်သည် ကြီးမားလှသည်ဖြစ်၍ တစ်သက်ပတ်လုံးစားရန် အစာကို ငါလုံလောက်စွာရပြီဟု စိတ်ကြည်ပျော်ရွှင်စွာ ဆင်သေကိုစီး၍ လိုက်၏။

ဆင်သေကောင်သည် အစဉ်အတိုင်း မျောသွားရာမြစ်ကိုလွန်၍ ပင်လယ်ထဲသို့ဝင်၏။ ကျီးသည် အစာ၌ မက်မောလှသဖြင့် မိမိတွေ့ကြုံရမည့်ဘေးကို မျှော်တွေးဆင်ခြင်ခြင်း မရှိသောကြောင့် ကမ်းဆွယ် တောရိပ်ကို မြင်သေးသည်ခိုက် ကမ်းသို့ပြန်တက်ရန် သတိမရဘဲ အမှတ်မဲ့ လိုက်ပါသွား၏။

ဆင်သေကောင်သည် တစ်ဖြည်းဖြည်းမျော၍ သမုဒ္ဒရာအလယ်သို့ရောက်လျှင် ကြီးမားလှသောလှိုင်းတို့ ပုတ်ခတ်သဖြင့် ကြေမွနစ်မြုပ်၏။ ထိုအခါ ကျီးသည် အော်မြည်တမ်းလျက် ထိုမှဤမှ လှည့်လည်ပျံသန်းပါသော်လည်း နားနေရာမရဘဲ အတောင်ညောင်းသဖြင့် ရေထဲသို့ကျ၍ သေဆုံးရလေ၏။

**အရာတိုင်းမှာ၊ ဉာဏ်ပညာ**
**သုံးကာ ဆင်ခြင်လေ။**
**ဆင်ခြင်ကင်းက၊ ကျီးတမျှ**
**ဒုက္ခတွေ့တတ်ပေ။**

ဆင်သေနှင့်ကျီးမိုက် ပုံပြင်သည် မြန်မာလူ့အဖွဲ့အစည်းတွင် ထင်ရှားသော ပုံပြင်တစ်ရပ်ဖြစ်၏။ နိုင်ငံရေးလောက၊ စီးပွားရေးလောကတို့တွင် ဆင်ခြင်တရားကင်းမဲ့စွာ လုပ်ဆောင်မိ၍ ဒုက္ခတွေ့သူတိုင်းအား ဆင်သေကိုစီး၍ လိုက်သွားသောကျီးမိုက်ဟု တင်စားကာ ဆုံးမတတ်ကြ၏။

**ပန်းမျိုးတစ်ရာစာပေ**

လူ့ဘဝတွင် အခွင့်အရေး တစ်စုံတစ်ရာ ကြုံတိုင်း ထိုအရာကို ဆင်အခြင်ကင်း မဲ့စွာဖြင့် ထိုအခွင့်အရေးသည် အမြဲတမ်း မပျက်မစီး တော့ဟု မမှတ်ယူသင့်၊ ကိစ္စရပ်တိုင်းအား အစမှအဆုံး တွေးတော သင့်အပ်ပေ၏။ အချိန်ကာလအားလျော်စွာ ပြောင်းလဲသွားသောအခြေ အနေ တို့ကိုလည်း မမေ့အပ်၏။

ဆင်သေကိုစီး၍ သမုဒ္ဒရာတွင်းသို့ ရောက်ခဲ့သော ကျီးမိုက်၏ ပုံပြင်ကို ငယ်စဉ်မှစ၍ စဉ်သဖြင့် နားရည်ဝနေသော ကလေးသူငယ် တစ်ဦးအတွက် ဆင်သေကောင်နှင့်တွေ့ကြုံသည့်တိုင် ထိုပုံပြင်လေးက ကျီးကဲ့သို့မမိုက်ရန် အစဉ်သတိပေးနေ၏။ ဤပုံပြင်လေးသည် အဆင်အခြင်တရားရှိရန်၊ သတိလက်လွတ်မဖြစ်ရန် အသိပေးထား သော ပုံပြင်လည်းဖြစ်၏။

တစ်ခါက မိတ်ဆွေတစ်ဦးသည် မမျှော်လင့်ဘဲ စောင်မ သူတစ်ဦး ၏ အကူအညီကြောင့် ရာထူးရာခံတစ်ခုကို ရရှိ၏။ ထိုသူသည် သေသည်အထိ ထိုရာထူးနှင့် မြဲနေမည်ဟု ထင်မှတ်ကာ စုဆောင်းမှုမရှိ စားသောက်ပျော်ပါး၏။ ထို့ပြင် ထိုရာထူး၏ လုပ်ငန်းကိုင်ငန်း အခြေအနေကိုလည်း စူးစမ်းမှုမရှိဘဲ အောက်လက်ငယ်သားတို့ဖြင့် လွှဲထားရာ ပြဿနာပေါ်၍ အလုပ်မှပြုတ်လေလျှင် သားသမီး တစ်မြုံတစ်သိုက်ဖြင့် ဒုက္ခလှလှရောက်ခဲ့သော ဖြစ်ရပ်တစ်ခု ရှိခဲ့ဖူး၏။

ဒေါင်းဖတ်စာပုံပြင်များသည် ဘဝတွင် ကြုံတွေ့ရတတ်သည့် ဖြစ်ရပ်မျိုးစုံအတွက် သင်ခန်းစာအရပ်ရပ်ကို ပေးစွမ်းထား၏။ ထိုပုံပြင်ထဲမှ ရယူအပ်သော သင်ခန်းစာများအနက် တစ်ခုခုရယူ၍

ဘဝကိုရင်ဆိုင်လျှင်ပင် ဘဝအောင်မြင်မှုကို ဆွတ်ခူးနိုင်၏။ ဘဝ အေးချမ်းမှုကို ရရှိနိုင်၏။

ထို့ကြောင့် ပုံပြင်များကို ကလေးတို့အား ပြောရာတွင် ပုံပြင် သက်သက်ချည်းမဟုတ်ဘဲ လောကဘဝအတွင်း တကယ်ဖြစ်ခဲ့ကြ သော ဖြစ်ရပ်များကိုပါ ထည့်သွင်း၍ ဆိုဆုံးမမှုများနှင့် ဆက်စပ်ပြောဆို သင့်၏။ ပုံပြောရင်းဆုံးမ၊ ဆုံးမရင်းပုံပြောပါက ကလေးငယ်တို့၏ ရင်ထဲ၌ ထိုပုံပြင်ကို အသည်းစွဲကာ ဘဝတစ်လျှောက်လုံး အထောက် အကူဖြစ်စေနိုင်၏။ ပုံကိုပြောရာတွင်လည်း ပုံတွင်ပါသည့်အတိုင်း တိုတိုတုတ်တုတ်ပြောရန်မဟုတ်ပါ။ ကလေးတို့စိတ်ဝင်စားအောင် စကားချီး၊ စကားချတို့ဖြင့် ဖွဲ့နွဲ့သီကုံးဝေဆာအောင် ပြုလုပ်၍ ပြောဆိုရန်ဖြစ်ပါ၏။

# ၁၄။ မြွေပါလည်းဆုံး သားလည်းဆုံး



တစ်ခါက သာကေတရွာ၌ အဝတ်အထည်ဟောင်းများကို မြစ်ဆိပ်ကမ်း၌ လျှော်ဖွတ်၍ အသက်မွေးသောခဝါသည် လင်မယားနှစ်ယောက်ရှိသည် ထိုခဝါသည်လင်မယား၌ တောထဲမှ ဖမ်းဆီးရမိ၍ မွေးထားသော မြွေပါတစ်ကောင်ရှိ၏။ ထိုမြွေပါသည် နှစ်လရှည်ကြာစွာ လူနှင့်နီးနီးကပ်ကပ် နေရသောကြောင့် တောစိတ်ပျောက်၍ ယဉ်ပါးနေ၏။

**ပန်းမျိုးတစ်ရာစာပေ**

တစ်နေ့သ၌ ခဝါသည်လင်မယားတို့သည် နို့စို့သူငယ်ကို စောင့်ထိန်းကြည့်ရှုရန် မြွေပါအား မှာထားပြောဆို၍ မြစ်ကမ်းနားသို့ ခဝါဖွတ်ရန် သွားကြ၏။ မြွေပါသည် ကလေးအား စောင့်ထိန်းနေစဉ် မြွေတစ်ကောင်သည် အလွန်ရေငတ်လှ၍ ရေသောက်ရပါမည့်အကြောင်း မြွေပါထံ ခွင့်တောင်း၏။

ထိုအခါ မြွေပါက "သင်တို့မြွေမျိုးသည် သူတစ်ထူး၏ကျေးဇူးကို အလျဉ်းမသိတတ်။ ကြမ်းကြုတ်ရက်စက် အမျက်ပြင်းထန်သော သတ္တဝါမျိုးဖြစ်၏။ ရေအင်တုံနား၌ လေးဘက်တွားလျှက် ကစားနေသော ကလေးကို သင် အမျက်ထွက်၍ ပေါက်ချေသော် ငါ့၌ အကျိုးမယုတ်ပါလော"ဟု ဆို၍ မြွေကို မောင်းနှင်လေ၏။ မြွေက "ထိုသို့ မပြုလုပ်ပါ။ သည်းခံပါမည်"ဟု အကြိမ်ကြိမ် အဖန်ဖန် တောင်းပန်ပြောဆိုသောကြောင့် ရေသောက်ခွင့်ပေးလိုက်၏။

သူငယ်လေးသည် ရေသောက်လျှက်ရှိသော မြွေကို လက်ဝါးဖြင့် ပုတ်ခတ်ကစားလေသော် မြွေလည်း ဒေါသအမျက်ကို မချုပ်တည်းနိုင်၍ သူငယ်ကိုပေါက်မိ၏။ ထိုအခြင်းအရာကို မြွေပါမြင်လေသော် မြွေကို အပိုင်းပိုင်းကိုက်ဖြတ်၍ သတ်၏။

ထို့နောက် များမကြာမီ ခဝါသည်လင်မယားတို့သည် ခဝါဖွတ်ရာမှ ပြန်ရောက်၍ သားသေနှင့် သွေးပေနေသော မြွေပါတို့ကို တွေ့မြင်လျှင် အဆင်ခြင် မစူးစမ်းဘဲ ငါတို့သားကို မြွေပါကိုက်သတ်၏ဟု ဆိုကာ မြွေပါကို ရိုက်သက်၏။

ထို့နောက်၌ ခဝါသည်လင်မယားသည် မြွေသေကိုတွေ့မြင်လျှင် ဤသို့ ဆင်ခြင်အောက်မေ့၏။ အစဦး၌ မြွေသည် ငါတို့သားကို

ပေါက်သဖြင့် မြွေပါသည် ငါ့အရှင့်သားကို ကိုက်ရမည်လောဟု ဒေါသထွက်အမျက်ထွက်၍ မြွေကို အပိုင်းပိုင်း အတစ်တစ် အမြီးမှ ဦးခေါင်းတိုင်အောင် ကိုက်ဖြတ်ဟန်တကား။ ငါသည် မစူးစမ်း မဆင်ခြင်ဘဲ မြွေပါကို ဒေါသအလိုက် ရိုက်သတ်မိသည်မှာ မှားလေစွဟု နောင်တကြီးစွာ ရလေ၏။

**ရာခတ်သိမ်းပင်၊ မပြုခင်**
**ဆင်ခြင်စုံစမ်းပါ။**
**မဆင်ခြင်က၊ ပြုပြီးမှ**
**နောင်တရှိတတ်စွာ။**

မြွေပါလည်းဆုံး သားလည်းဆုံး ပုံပြင်သည်လည်း မဆင်မခြင် မပြုအပ်ကြောင်း၊ အရာရာကို ဆင်ဆင်ခြင်ခြင် ပြုအပ်ကြောင်း၊ ဒေါသရှေ့ထားပါက မှားတတ်ကြောင်းကို ငယ်စဉ်မှစ၍ နားဝင်စေရန် ဆိုဆုံးမထားသော ပုံပြင်ဖြစ်၏

ခဝါသည်လင်မယားသည် သား သေနေသည်ကို တွေ့လျှင် ဆင်ခြင်စူးစမ်းမှု မပြုဘဲ မြွေပါက သတ်သည်ဟု ထင်မှတ်ကာ သစ္စာရှိသော မြွေပါအား ရိုက်သတ်၏။ ပြီးမှ မြွေသေကို မြင်လျှင် သားဆုံးရှုံးရုံသာမက မြွေပါလည်းဆုံးရသဖြင့် နောင်တကြီးစွာရ၏။

ဘဝတွင် နောင်တ မရစေဖို့ အရေးကြီး၏။ ဘဝတွင် နောင်တ ဟူသည်မှာလည်း တစ်ကြိမ်တစ်ခါသာ ရသင့်၏။ ခဏခဏ နောင်တရသူတိုင်းအတွက် ကြီးမားသော အဆုံးအရှုံးတို့ဖြင့် ကြိမ်ဖန် များစွာ ရင်ဆိုင်ရ၏။

**ပန်းမျိုးတစ်ရာစာပေ**

ဒေါင်းဖက်စာပုံပြင်များက ဘဝ၏နောင်တ တစ်ကြိမ်မျှပင် မရစေရန် ကြိုတင်ရန် သတိပေးထား၏။ နောင်တရစေမည့်ကိစ္စများကို ပုံပြင်ထဲမှ ဇာတ်ကောင်များအားသာ နောင်တရစေပြီး အရေးကြီးသော သင်ခန်းစာကို ပေးထားပါ၏။ မဆင်မခြင်ပြုခြင်းဖြင့် ခဝါသည် လင်မယားသည် နောင်တရခဲ့ရ၏။ ဘဝတွင် မိမိနောင်တတရားနှင့် ရင်မဆိုင်ရမီ ပုံထဲမှ ခဝါသည်လင်မယား၏ နောင်တကို ကြားနာရခြင်းဖြင့် ထိုနောင်တမျိုး မိမိဘဝ၌ မကြုံတွေ့စေဘဲ ရှောင်ရှားနိုင်ရန် ကြိုတင်၍ အသိတရားကို ရစေ၏။

ကာကွယ်ဆေးထိုးခြင်းသည် ရောဂါသေးသေးလေးတစ်ခုကို ဖန်တီးယူခြင်းဖြင့် ကိုယ်ခံအားများကို မြှင့်တင်ပေးခြင်းဖြစ်၏။ ဥပမာတီဘီရောဂါ ကာကွယ်ဆေးဟူသည် အင်အားချည့်နဲ့နေသော တီဘီရောဂါပိုးများကို ခန္ဓာကိုယ်ထဲသို့ ထည့်ပေး၍ တီဘီရောဂါ သေးသေးလေးကို ဖြစ်စေသည်။ ထိုအခါ ခန္ဓာကိုယ်ထဲ တီဘီရောဂါ ကိုယ်ခံစွမ်းအားများ ပေါ်ပေါက်ကာ ရောဂါများများကြီး ဝင်လာလျှင်လည်း ထို ကိုယ်ခံစွမ်းအားက ကာကွယ်နိုင်ပါ၏။

ပုံပြင်များသည်လည်း ကလေးငယ်တို့၏ အကျင့်စာရိတ္တ၊ အားမာန်နှင့် အစွမ်းသတ္တိ၊ ဆင်ခြင်တုံတရားများ ရှိစေရန် ပုံပြင်ထဲမှ တိရစ္ဆာန်လေးများ၊ ဇာတ်ဆောင်များ၏ အမှားများ၊ ဒုက္ခများ၊ ဝေဒနာများကို ပြ၍ သင်ခန်းစာပေးခြင်းဖြစ်၏။

**ပန်းမျိုးတစ်ရာစာပေ**

ထို့ကြောင့် ကလေးများအား ပုံပြောမှုသည် သူတို့စိတ်ဓာတ် ပြုပြင်မှုရရှိရန် ကြိုတင် ကာကွယ်ဆေးထိုးပေးခြင်းနှင့် အတူတူပင် ဖြစ်၏။


ပုံပြင်ထဲမှ ဖြစ်တတ်ပျက်တတ်သော အကျိုးအကြောင်း အဆိုး အကောင်းများကို နားထဲတွင် စွဲနေရာမှ ကာကွယ်ဆေးထိုးသလို ကလေးငယ်တို့၏ စိတ်တွင် ကိုယ်ခံစိတ်စွမ်းအားများ တက်လာစေ နိုင်ပါ၏။ ပုံးနားထောင်ရသော ကလေးများသည် ပုံပြင်ထဲမှ ဖြစ်ရပ်မျိုး ဘဝတွင် ကြုံတွေ့တိုင်း အမှားနှင့်အမှန် ပိုင်းခြားသိနိုင်သည့် ပုံထဲမှ အသိရထားသောကြောင့် ဘဝတွင် အမှားများကို ရှောင်နိုင်၍ အမှန်များကို ဆောင်နိုင်၏။

ကလေးတို့အား ပုံပြောခြင်းသည် ထိုကလေးတို့၏ ဘဝအတွက် စိတ်ပိုင်းဆိုင်ရာ ကာကွယ်ဆေးထိုးပေးခြင်းဖြစ်၏။ ကာကွယ်ဆေး မထိုးသောကလေးသည် ရောဂါရပါက ပြင်းထန်စွာ ခံစားရ၏။ အသက်ဆုံးရှုံးရ၏။ ဒုက္ခရောက်ရ၏။

အလားတူပင် ပုံပြင်ထဲမှ သင်ခန်းစာကိုမျှ မကြားမသိရသော ကလေးငယ်တို့သည် ဘဝ၌ ပုံပြင်ထဲမှ ဖြစ်ရပ်များနှင့် ကြုံတွေ့ရလျှင် အမှားအမှန်မခွဲခြားတတ်ဘဲ ဒုက္ခတွေ့ကြရ၏။ ထို့ကြောင့် ကလေး ငယ်တို့၏ ဘဝတစ်ရပ်လုံးအတွက် စိတ်ကာကွယ်ဆေးဖြစ်သော ပုံပြောသည့်အလုပ်ကို မိဘတိုင်းက ရောဂါခြောက်မျိုးမှ ကာကွယ် ဆေးထိုးသည့်သဘောမျိုးထားကာ ကလေးငယ်တို့အား ပုံပြော၍ ချော့မြူ သိပ်သင့်ပါ၏။


**ပန်းမျိုးတစ်ရာစာပေ**

# ၁၅။ မျက်မမြင် ပုဏ္ဏားခြောက်ယောက်




မျက်စိအလင်းမရသော ပုဏ္ဏား ခြောက်ယောက်တို့သည် အရာရာသောအမှုတို့၌ ကျွမ်းကျင်လိမ္မာလိုကြ၍ အတူတကွ ထွက်

**ပန်းမျိုးတစ်ရာစာပေ**



သွားကြပြီးလျှင် ဆင်၏ ပုံသဏ္ဍာန်ကို သိစေခြင်းငှာ ဆင်တစ်ကောင်ကို စမ်းသပ်ကြ၏။


ပထမ ပုဏ္ဏားသည် ဆင်၏ ကျယ်ဝန်းသော နံဘေးကို စမ်းမိ၍ "ဆင်သည် အုတ်နံရံ တံတိုင်းနှင့် တူသည်" ဟု ပြော၏။



ဒုတိယပုဏ္ဏားသည် အစွယ်ကို စမ်းမိသဖြင့် ဤအရာသည် ချောမွတ်၍ လုံးလည်းလုံးသည် ထက်မျက်သောအစွန်းလည်း ရှိသည်ဟု ဆင်ခြင်အောက်မေ့ပြီးလျှင် "ဆင်သည် သဏ္ဍာန်အားဖြင့် လှံနှင့်တူသည်" ဟု ဆို၏။



တတိယပုဏ္ဏားသည် ပျော့ပျောင်း၍ တွန့်လိမ်လျက်ရှိသော နှာမောင်းကို ကိုင်မိသဖြင့် "အလိုလေး ဆင်ဆိုသည်မှာ မြွေကဲ့သို့ပင် ဖြစ်ပါသည်တကား"ဟု ဆို၏။




စတုတ္ထပုဏ္ဏားသည် ခြေထောက်ကို စမ်းမိ၍ "ဆင်သည် အမှန်အားဖြင့် ကျွန်းတိုင်ကြီးနှင့် တူသည်"ဟု ဆို၏။



ပဉ္စမပုဏ္ဏားသည်ကား ခတ်လျက်ရှိသော နားရွက်ကို စမ်းမိ၍ "ဆင်သည် သင်တို့လေးဦး ပြောသည့်အတိုင်း မဟုတ်။ သင်တို့ မှားလေပြီ။ ဆင်ဆိုသည်မှာ ယပ်တောင်နှင့်တူသည်" ဟု ပြော၏။



နောက်ဆုံးဖြစ်သော ပုဏ္ဏားသည်ကား စမ်းရန် လျှောက်သွားရာ အမြီးကို ကိုင်ဆွဲမိ၍ "သင်တို့ အားလုံး မှားကြပြီ။ ဆင်သည် ကြိုးတစ်မျိုးဖြစ်သည်" ဟု ဆို၏။



ဒေါင်းဖတ်စာပုံပြင်လာ ပုဏ္ဏားတို့ကဲ့သို့မဖြစ်စေရန် အရာခပ်သိမ်းသောကိစ္စတို့တွင် မိမိဘက်ကသာတဖက်သတ်မကြည့်ဘဲ ကိုယ့်ဘက်သူ့ဘက် စုံလင်စွာ စဉ်းစားဆင်ခြင်ပြီးမှ ပြောဆိုရသည်။ ဤကဲ့သို့ပြောဆိုမှ မှန်ကန်ခြင်းဖြစ်နိုင်၏။ တဖက်သတ်ကြည့်၍ ပြောဆိုခဲ့ပါလျှင် မျက်မမြင်ပုဏ္ဏားတို့နှယ် ကိုယ်ပြောသည်ဘက် ကသာမှန်၍ အခြားဖက်ကမှားယွင်းတတ်ပါသည်။

**ကိုယ့်ဘက်ကိုသာ၊ ကြည့်ပြောကာ**
**မှန်ရာတစ်ပိုင်းမျှ။**
**ကိုယ့်ဘက်သူ့ဘက်၊ ကြည့်ကာမြွက်**
**မှန်ချက်စင်စစ်ရ။**

တစ်စုံတစ်ယောက်သည် မိမိ အနည်းအပါးသိသည်ကို အလုံးစုံသိကဲ့သို့ထင်မှတ်၍ ပြောဆိုလာပါက မျက်မမြင်ပုဏ္ဏားများကဲ့သို့

ဖြစ်လာသည်ဟု လူကြီးတို့ကပြောဆိုကြ၏။ အရာရာတွင်အပြည့်အစုံ သိရန်လို၏။ တစ်ပိုင်းတစသိရုံ၊ တစ်ပိုင်းတစကို စမ်းမိရုံဖြင့် ထင်မြင်ချက်ပေးပါက တက်တက်စင်လွဲတတ်၏။ ရယ်ဖွယ်လည်း ဖြစ်တတ်၏။


အရာရာ၌ အဆုံးအဖြတ်ပေးရာတွင် ဘက်ပေါင်းစုံမှပြည်စုံအောင် စူးစမ်း၍ ပြောဆိုမှသာ အမှန်ဖြစ်နိုင်၏။

တစ်ခါကအရှေ့ဘက်မှလာသော သူတစ်ဦးနှင့် အနောက်ဘက်မှ လာသူတစ်ဦးတို့သည် ထမင်းဆိုင်၏ဆိုင်းဘုတ်အား မိမိတို့အသီးသီး တစ်ဖက်သတ်မြင်သည်ကိုပြောကြ၏။ တစ်ဦးကထမင်းဆိုင်၏ ဆိုင်းဘုတ်သည်အနီရောင်ဟုပြော၍ တစ်ဦးကအစိမ်းဟုပြောဆိုပြီး တစ်ဦးနှင့်တစ်ဦး ငြင်းခုန်ကြရာမှ ခိုက်ရန်ဖြစ်ပွားခဲ့ကြ၏။ တစ်ဦးနှင့် တစ်ဦးဓားခြင်းယှဉ်၍ ခုတ်ကြသည်အထိ ဖြစ်ကြပြီးကာမှ ထမင်းဆိုင် ၏ဆိုင်းဘုတ်ကို ထိုလူနှစ်ဦး ဘက်ခြင်းပြောင်း၍ ကြည့်ကြရာ ထမင်းဆိုင်၏ဆိုင်းဘုတ်သည် တစ်ဖက်မှဆေးအစိမ်းသုတ်ထား၍ အခြားတဖက်မှ အနီသုတ်ထားသည်ကိုတွေ့ရ၏။ နှစ်ဦးစလုံး မိမိဘက်မှ မြင်သည်ကိုသာ စွဲကိုင်ငြင်းခုံကြသဖြင့် ပြည့်စုံသော အမှန်ကိုမရပဲ ဖြစ်ကြရ၏။

ထို့ကြောင့် အရာရာကို ထင်မြင်ချက် ပေးရာတွင် သူ့ဘက် ကိုယ့်ဘက် ပြည့်စုံအောင် ကြည့်ရှုပြီးမှ ထင်မြင်ချက်ပေးရ၏။ အနည်းငယ်သိရုံမျှဖြင့် မှတ်ချက်ချပါကပုဏ္ဏားများကဲ့သို့ ရယ်ဖွယ် ဖြစ်စေနိုင်သည်ကို ဤပုံပြင်က ဘဝတစ်လျှောက်လုံး သတိပေး နေပါ၏။


**ပန်းမျိုးတစ်ရာစာပေ**

# ၁၆။ ဆင်၊ မျောက်၊ ခါ သတ္တဝါသုံးဦး



ရှေးလွန်လေပြီးသောအခါ ဟိမဝန္တာတော၌ တစ်ခုသော ညောင်ပင်ကြီးကို အမှီပြု၍ ဆင်၊ မျောက်၊ ခါသတ္တဝါသုံးဦးတို့ နေကြ၏။ ထိုသတ္တဝါတို့သည် တစ်ဦးကိုတစ်ဦးရိုသေလေးမြတ်ခြင်း မရှိဘဲ အမှတ်တမဲ့နေကြရာ တစ်နေ့သ၌ ငါတို့သုံးဦး၏ နေခြင်းကား မမြတ်သောနေခြင်းဖြစ်သည်။ ကြီးသောသူကိုငယ်သောသူက

အရိုအသေ အလေးအမြတ် မပြတ်ပြု၍နေကြကုန်အံ့ဟု အညီအညွတ် တိုင်ပင်ကြပြီးလျှင် အသီးသီး မိမိတို့၏ အသက်ကြီးသည်၏၊ အဖြစ် ငယ်သည်၏အဖြစ်ကို သိသာရန်ဤညောင်ပင်ကြီးကို ဘယ်အနေ အထားလောက်ကစ၍ အမှတ်ရပါသနည်းဟု အချင်းချင်းမေးမြန်း ကြ၏။



ထိုအခါ ဆင်က"အဆွေမျောက်နှင့်ခါတို့၊ ဤညောင်ပင်ကြီးကို ငါငယ်စဉ်ကခွ၍သွားသောအခါ ၎င်း၏ အညွန့်များသည်ငါ့ချက်ကို ထိရုံမျှသာရှိသေးသည်ကိုငါအမှတ်ရ၏"ဟုဆို၏။

မျောက်လည်း"အဆွေဆင်နှင့်ခါတို့၊ ငါငယ်စဉ်အခါ မြေကြီး ပေါ်ထိုင်လျှက် လည်ပင်းကိုမဆန့်ရပဲ ဤညောင်ပင်၏ အညွန့် တို့ကိုငါစားခဲ့ရသည်ကို အမှတ်ရပါသည်"ဟုဆို၏။

**ပန်းမျိုးတစ်ရာစာပေ**

ခါကလည်း"အဆွေဆင်နှင့်မျောက်၊ ငါငယ်စဉ်အခါက ဤညောင်ပင်ကြီးသည် ဤအရပ်၌မရှိသေး။ ငါသည်တပါးအရပ်က ညောင်သီးကိုစားခဲ့၍ ဤအရပ်၌ မစင်စွန့်သောကြောင့်ဤညောင်ပင်ပေါက်ရောက်ခဲ့သည်"ဟုဆိုလျှင်ခါသည်အသက်အကြီးဆုံးဖြစ်၍ ၎င်းကိုမျောက်နှင့်ဆင်တို့က အရိုအသေပြုကြ၏။

ခါသည်လည်း မိမိအောက်ငယ်သော ဆင်နှင့်မျောက်တို့ကို နေ့တိုင်းနေ့တိုင်း အကျိုးရှိသောစကားဖြင့် ဆုံးမသည်။ မျောက်နှင့်ဆင်တို့သည်လည်းမိမိတို့ထက် အသက်ကြီးသောခါ၏စကားကို လိုက်နာ၍ ထိုညောင်ပင်ကြီး၌ အသက်ထက်ဆုံးနေကြ၏။

**မိမိတို့ထက်၊ ဂုဏ်အသက်**
**တိုးတက်ကြီးမြင့်လျှင်။**
**ငယ်သူတို့က၊ ရိုသေရ**
**လောကကျင့်မြဲပင်။**

ဆင်၊ မျောက်၊ ခါသတ္တဝါသုံးဦးပုံပြင်သည် မြန်မာ့စရိုက်ဓလေ့အတွင်း၌ အလွန်အရေးကြီးသော ပုံပြင်တစ်ရပ်ဖြစ်၏။ မြန်မာတို့သည် မိမိတို့ထက်တစ်ရက်၊ တစ်မိနစ်၊ တစ်စက္ကန့်၊ တစ်ဗီဇနာကြီးသောသူတို့အားရိုသေရ၏၊ ကြီးသူကိုလေးစား၊ ငယ်သူကို သနားညှာတာတတ်သော အကျင့်သည် မြန်မာ့တို့၏ဓလေ့စရိုက်ဖြစ်သည်။

အသက်ကြီးခြင်း ရာထူးဂုဏ်ကြီးခြင်း၊ ဂုဏဝုဒ္ဓိ၊ ဝယဝုဒ္ဓိ ဟူသောစကားရှိ၏။ အသက်ကြီးသူတို့အားလည်းကောင်း၊ ရာထူးဂုဏ်သိက္ခာရှိသူတို့အားလည်းကောင်း၊ အသက်ငယ်သူ၊ ဂုဏ်သက္ခာ

ငယ်သူတို့က အစဉ်ရိုသေလေးစား နှိမ့်ချ၍ ဆက်ဆံကြ၏။ဤသို့ ဆက်ဆံခြင်းဖြင့် ညီညွတ်ခြင်း၊ လုပ်ငန်းအောင်မြင်ခြင်းဟူသော အကျိုးဆက်များကိုရရှိစေ၏။

ပုံပြင်ထဲမှဆင်သည် အလွန်ကြီးမားသော်လည်း မျောက်နှင့်ခါထက် အသက်အရွယ်အားဖြင့် ငယ်၏။ ခါသည်ဆင်နှင့်စာပါက မနှိုင်းယှဉ်လောက်အောင် သေးငယ်သော်လည်း ခါသည် အသက် အကြီးဆုံးဖြစ်၏။ ထို့ကြောင့် ဆင်၊ မျောက်၊ ခါ သုံးဦးသည် အသက်ကြီးသူတို့အား အဆင့်ဆင့်လေးစား၍ ရိုသေသမှုပြုကြ၏။ ဤပုံပြင်သည် အသက်အရွယ်ကြီးသူတို့အား ရိုသေနှိမ့်ချအပ်ကြောင်း မြန်မာ့လူ့အဖွဲ့အစည်းအတွင်း၌ အလွန်ခိုင်မာသည့်အုတ်မြစ်ကို ချပေးသောဒေါင်းဖတ်စာပုံပြင်တစ်ရပ်ဖြစ်၏။

မြန်မာ့ရိုးရာစရိုက်များတွင်လည်း လူကြီးမိဘတို့အားနှစ်စဉ် ဝါဝင်ဝါထွက် အချိန်အခါများ၊ အရေးအကြောင်းတစ်စုံတရာ ကြုံသောအခါများ၊ သို့မဟုတ်ခရီးသွားခရီးပြန်အချိန်များ၊ အိပ်ရာဝင် အိမ်ရာထချိန်များတွင် ကန်တော့၍အရိုအသေပြုသော ဓလေ့ထုံးစံများရှိ၏။ ထိုဓလေ့စရိုက်များသည် မြန်မာလူမျိုးတို့၏ အလွန်ကောင်းမွန်သော ဓလေ့စရိုက်ကြီး ဖြစ်၏။ ထိုဓလေ့စရိုက်သည် ကျေးလက်တွင်ယနေ့တိုင် ခိုင်မာစွာရှိနေသော်လည်း မြို့ကြီးများတွင် လူငယ်များကလူကြီးများအား ခေတ်နောက်ကျသူများ၊ ခေတ်မမီသူများဟု ထင်မှတ်ကာလူကြီးမိဘတို့၏ ဆိုဆုံးမမှုများအား လူငယ်တို့က လက်မခံဘဲ လူကြီးများအား မလေးမစားပြုသူ လူငယ်များသည်

ဒေါင်းဖတ်စာမှ ဆင်၊မျောက်၊ ခါ သုံးဦးတို့၏ အကြောင်းကို မသိသူတို့သာဖြစ်ပါ၏။

ဤပုံပြင်အား အိပ်ယာဝင်ပုံပြင်အဖြစ် ပြောဆိုဆုံးမခြင်းဖြင့် လူကြီးလူငယ်များအတွင်း မှန်ကန်သောမြန်မာ့စရိုက် ဆက်ဆံမှု ထွန်းကားညီညွတ်ခြင်း ဉမကွဲသိုက်မပျက်ခြင်း၊ ခွန်အားရှိခြင်း တိုးပွားချမ်းသာခြင်းဟူသော ကျေးဇူးတရားများ ရရှိမည်မှာ ဧကန် ဖြစ်ပါသည်။


## ၁၇။ သူတစ်ပါးမနာလို ကိုယ့်အကျိုးပျက်

ရှေးသရောအခါ ကာသိကရာဇ်တိုင်း ဗာရာဏသီပြည်တွင် ခဝါဖွတ်ခြင်းအလုပ်ဖြင့် ဥစ္စာပစ္စည်းကြွယ်ဝချမ်းသာသော ခဝါသည် တစ်ယောက်ကို အိုးထိန်းသည်က မနာလိုသောကြောင့် ပြည့်ရှင်မင်းကြီးထံ ဝင်၍ "အရှင်မင်းကြီး၌ရှိသော စီးတော်ဆင်သည်ကား အမည်းဖြစ်ချေသည်။ ဆင်ဖြူဖြစ်အောင် ခဝါသည်ကို ဖွပ်စေသော် မဖြူပါလော"ဟု တင်လျှောက်လေ၏။

မင်းကြီးလည်း ပညာအဆင်အခြင်နည်းသောသူ ဖြစ်သောကြောင့် အိုးထိန်းသည် တင်လျှောက်သောစကားကို ကြားလျှင် အကယ်ထင်မှတ်၍ ခဝါသည်ကို ခေါ်ပြီးလျှင် "ဟယ် ခဝါသည်၊ နင်ငါ့ဆင်ကို ဖြူအောင်ဖွပ်လော့"ဟု အမိန့်ပေး၏။

ခဝါသည်လည်း အိုးထိန်းသည်၏ အကြံကို သိ၍ မင်းကြီးအား "အရှင်မင်းကြီး အကျွန်ုပ်တို့ ခဝါသည်များအတတ်သည် ဆပ်ပြာနှင့် အဝတ် ပုဆိုးတို့ကို ပေါင်းတင်၍ဖွပ်မှ ဖြူပါသည်။ အရှင်မင်းကြီး၏

ဆင်တော်ကိုလည်း ထိုနည်းတူ ပေါင်းတင်၍ဖွပ်မှ ဖြူမည်ဖြစ်သော ကြောင့် ဆင်တော်နှင့်တန်ရုံသော ဖျဉ်းအိုးကို ဘုန်းတော်ကြီးသော အရှင်ဖြစ်သည့်အတိုင်း ကယ်မပေးသနားတော်မူပါဘုရား" ဟု ပြန်လည်လျှောက်ထား၏။



ထိုစကားကို မင်းကြီးကြားတော်မူလေသော် ဖျဉ်းအိုးသည်ကား ခဝါသည်တို့အရာ မဟုတ်ပေ။ အိုးထိန်းသည်တို့အရာသာ ဖြစ်ပေသည်ဟု အိုးထိန်းသည်ကို ခေါ်တော်မူပြီးလျှင် "ဟယ် အိုးထိန်းသည်၊ ဖျဉ်းအိုးကြီး၌ ဆပ်ပြာရည်ထည့်၍ ဆင်တော်ကို ပေါင်းတင်ဖွပ်ရမည်

ဖြစ်သောကြောင့် ငါ့ဆင်တော်နှင့် တန်ရုံသော ဖျဉ်းအိုးကို လုပ်လော"ဟု မိန့်တော်မူ၏။

အိုးထိန်းသည်လည်း မင်းကြီး၏အမိန့်ကို ကြားလေသော် အဆွေအမျိုးတို့ကို စုရုံးခေါ်ငင်၍ မြေကို များစွာပုံပြီးလျှင် ဆင်နှင့်တန်ရုံသော ဖျဉ်းအိုးကြီးကို လုပ်ပြီးသော် မင်းကြီးအားဆက်သ၏။ မင်းကြီးလည်း ခဝါသည်ကိုခေါ်၍ အိုးတော်ကို ပေး၏။



ထိုအခါ ခဝါသည်က ဖျဉ်းအိုး ကြီးတွင် ဆပ်ပြာရည်ထည့်၍ ၎င်း အတွင်းသို့ ဆင်ကိုဝင်စေသော် ဖျဉ်းအိုးကြီးသည် ဆင်၏အလေးကို မခံနိုင်သဖြင့် ကွဲ၏။ အိုးကွဲလျှင် ခဝါသည်လည်း အိုးတော်လုပ်ဖုတ်ရင်းက မကျက်ဟု ဆို၍ ဖျဉ်းအိုးကွဲကြောင်းကို မင်းကြီးအား လျှောက်တည်၏။

မင်းကြီးလည်း အိုးထိန်းသည်ကို ခေါ်ပြန်၍ "ဟယ် အိုးထိန်းသည်၊ နင် ဖျဉ်းအိုးသည် ဆင်နင်းရုံမျှမခံ။ ညံ့ဖျင်းယောင်တကား။ ထပ်မံ လုပ်ဦးလော့" ဟု မိန့်တော်မူ၏။ အိုးထိန်းသည်လည်း အိုးတော်ကို

တစ်ဖန် ခိုင်ခံ့အောင်လုပ်ပြန်သော် ထူလွန်းသောကြောင့် မကျက်နိုင်။ ပါးပြန်လျှင်လည်း ဆင်ခြေနှင့်နင်းလျှင် မခံနိုင်။ ကွဲပျက်လေတိုင်း အကြိမ်အဖန်ဖန် အိုးကိုလုပ်ရလေသောကြောင့် အိုးထိန်းသည်မှာ မိမိ၏အလုပ်ကို လုပ်ကိုင်၍မစားရသဖြင့် ပျက်စီးခြင်းသို့ ရောက်လေ၏။

**သူတစ်ပါးမနာလို၊ ကိုယ်အကျိုးပျက်ဟူသောဆိုရိုးစကားနှင့် လျော်ညီစွာ သူတစ်ပါး၏ စီးပွားဥစ္စာကို ဆုတ်ယုတ်ပျက်စီးအောင် ကြံသောသူသည် သူတစ်ပါးကို ကြံရာမရောက်၊ မိမိကိုယ်ကိုယ်သာ ကြံရာရောက်သောကြောင့် မနာလိုဝန်တိုသောစိတ်ကို သတိပညာဖြင့် သိမ်းဆည်း ချုပ်တည်းရာ၏။**

**သူတစ်ပါးကို၊ မနာလို**
**ဝန်တိုမရှိရ။**
**ဝန်တိုသူအား၊ ကိုယ့်စီးပွား**
**ပျက်ပြားတတ်လှပါ။**

လောကတွင် လူတို့၏ သဘာဝအရ မနာလိုမှု၊ ဝန်တိုမှုတို့သည် ရှိကြစမြဲဖြစ်၏။ အချင်းချင်း အလုပ်တူ အကြံတူသူများသည် သူထက်ငါ ပြိုင်ဆိုင်ကြရာမှ ရန်သူသဖွယ်ပင် သဘောထားတတ်ကြ၏။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူ၍ တရားများလည်းရှိရာ လောကတွင် မေတ္တာနှင့် ကရုဏာကို ထားနိုင်သူများသော်လည်း မုဒိတာနှင့် ဥပေက္ခာတရားကို လက်ကိုင်ထားနိုင်သူများ နည်းပါး၏။ တစ်လမ်းတည်းတွင် နေကြသူများရှိကြရာ ယင်းအထဲမှ ဝီရိယ၊

လုံ့လရှိသူတို့ ကြီးပွားကြလျှင် ထိုသူကဲ့သို့ ဝီရိယ လုံ့လမရှိသူများသည် မိမိတို့ ဝီရိယ ကင်းမဲ့မှုကို ပြန်လည်ဆန်းစစ်ခြင်းမပြုဘဲ ထိုသူ ကြီးပွားသည်ကို မနာလို ဝန်တိုဖြစ်ကြပြန်၏။

လူများကြီးပွားချမ်းသာကြရာတွင် ယခုပစ္စုပ္ပန်ကာလ၏ လုံ့လဝီရိယ ကြိုးစားအားထုတ်မှုတို့ကြောင့်လည်းကောင်း၊ အတိတ်ကာလ၏ ဒါနနှင့် ကုသိုလ်ကောင်းမှုတို့ကြောင့်လည်းကောင်း ကြီးပွားချမ်းသာအောင်မြင်ကြခြင်းဖြစ်၏။ မည်သူမျှ အကြောင်းမဲ့ချမ်းသာခြင်းသည်မရှိ။

ထိုသို့ သူ့အကြောင်းတရား၊ သူ့ကုသိုလ်၊ သူ၏ လုံ့လကြောင့် ကြီးပွားကြသည်ကို များစွာသော သူတို့သည် မနာလိုဝန်တိုဖြစ်ကာ မှားယွင်းသော အလုပ်များကို လုပ်မိတတ်ကြ၏။ သူတစ်ပါးအား မနာလိုဝန်တိုမှုပြုသူတို့သည် သူတစ်ပါးကို မကောင်းကြံစည်နေရသဖြင့် မိမိ၏အဖိုးတန်အချိန်များ ဆုံးရှုံးရ၏။ သူတစ်ပါးကို မကောင်းကြံနေရသဖြင့် မိမိတိုးတက်ရာ တိုးတက်ကြောင်း၊ ကြီးပွားရာ ကြီးပွားကြောင်းကို မကြံဆနိုင်ဘဲ ရှိ၏။

သူတစ်ပါးအား မနာလိုသူများသည် မိမိတိုးတက်ရာ တိုးတက်ကြောင်းများကို မကြံစည်နိုင်သည်သာမက မကောင်းကြံသူတို့သည် အိုးထိန်းသည်ကဲ့သို့ အကျိုးလည်း ယုတ်ရသည်။ ထို့ကြောင့် ဘယ်သောအခါမှ သူတစ်ပါးအား မနာလိုခြင်း၊ အကျိုးပျက်အောင် လုပ်ခြင်းများ မပြုသင့်။

သူတစ်ပါးအား မနာလိုဝန်တိုခြင်းသည် အခြားသူအား မစင်ပေစေလိုသော စေတနာဖြင့် မစင်တုံးကိုကိုင်၍ တစ်ပါးအား ပေါက်သည်

နှင့် တူ၏။ သူတစ်ပါးကို ပေစေလိုသော စေတနာဖြင့် မစင်ကိုကိုင်၍ ပေါက်ရာ မစင်များ သူတစ်ပါးအား မပေမီ မိမိလက်သည် ရှေးဦးစွာမစင်ပေကျံရသည့်အဖြစ်သို့ ရောက်ရ၏။


ဒေါင်ဖတ်စာကို သင်ဖူးသူတိုင်းသည် ဒေါင်းဖတ်စာထဲမှ အိုးထိန်းသည်၏ ပုံကို မျက်စိထဲတွင် အမြဲမြင်နေ၏။ အိုးကြီးများကို အကြိမ်ကြိမ် ပြုလုပ်ရသဖြင့် နောင်တကြီးစွာ ရရှိပြီး ဆုံးရှုံးမှု၊ ပျက်စီးမှုတို့ဖြင့် ညှိုးငယ်စွာဖြစ်နေရှာသော အိုးထိန်းသည်ပုံသည် သူတစ်ပါး၏ ပျက်စီးရာ ပျက်စီးကြောင်း မပြုလုပ်စေရန် အမြဲသတိပေးနေပါ၏။

ခဝါသည်နှင့် အိုးထိန်းသည်တို့၏ အကြောင်းကို ကျောင်း သင်ခန်းစာအဖြစ် နာယူသင်ကြားခဲ့ရသောသူတို့သည် အနည်းနှင့် အများ မနာလိုစိတ် ကင်းနိုင်ကြ၏။ မနာလိုစိတ်ပေါ်လာသည့်တိုင် ထိုပုံလေးကို သတိရသဖြင့် မကောင်းသောစိတ်ကို ချိုးနှိမ်နိုင်ကြ၏။

ထို့ကြောင့် မိဘများသည် အိုးထိန်းသည်နှင့် ခဝါသည်ပုံပြင်ကို မိမိတို့၏ သားသမီးတို့အား အိပ်ရာဝင်ပုံပြင်တစ်ပုဒ်အနေနှင့် ပြောကြား ကာ ဘဝတစ်လျှောက် အမှား မလုပ်မိစေရန် သားသမီးတို့အား သင်ခန်းစာပေး ပြောကြားအပ်ပါ၏။

# ပုဏ္ဏားနှင့် မြေခွေး

ရှေးသရောအခါ ဗာရာဏသီပြည်၌ ဂတပတိ အမည်ရှိသော ပုဏ္ဏားတစ်ယောက်သည် ကိုယ်လက်သုတ်သင်ရန် တုတ်တစ်ချောင်းကို ကိုင်စွဲလျှက် ချုံတစ်ခုထဲသို့ ဝင်၏။ ထိုအခါ မြို့အနီးအနားတွင် လူတို့စွန့်ပစ်သော ထမင်းကျန် ဟင်းကျန်များကို လိုက်လံရှာဖွေစားသောက်လေ့ရှိသည့် မြေခွေးတစ်ကောင်နှင့် တွေ့၏။



မြေခွေးသည် တုတ်ကိုင်၍ဝင်လာသော ပုဏ္ဏားကိုမြင်လျှင် ကြောက်လန့်သဖြင့် "အရှင်ပုဏ္ဏား၊ အကျွန်ုပ်၏ အသက်ကို သတ်၍ အဘယ်အကျိုးရှိအံ့နည်း။ အရှင်ပုဏ္ဏား မသတ်ပါလင့်။ အရှင်သုံးစွဲရန် ရွှေချိန် နှစ်ထောင် ပေးပါမည်" ဟု ဆို၏။ ပုဏ္ဏားလည်း ဥစ္စာကို တပ်မက်၍ ခွေးဆိုတိုင်း ယုံကြည်သဖြင့် "ပေးမည်ဆိုတိုင်းသာ ယခုပေးလော့။ သို့မှသာ သင်သည် အသက်ဘေးမှ ချမ်းသာရာ ရမည်" ဟု ဆို၏။

ခွေးက တစ်ဖန် "အရှင်ပုဏ္ဏား၊ ဤအရပ်၌ အဘယ်မဟာလျှင် ရွှေချိန်နှစ်ထောင်ကို ရနိုင်မည်နည်း။ အကျွန်ုပ်၏ နေရင်းဌာနသို့ အကျွန်ုပ်ကို ပို့ဆောင်မှသာလျှင် ပေးနိုင်ပါအံ့"ဟု ဆို၏။ ပုဏ္ဏားက "ဟယ်ခွေး၊ နင်ကား တောတိရစ္ဆာန် ဖြစ်သည်။ နင့်ကို ယူဆောင်သွားက လူအများ ကဲ့ရဲ့ကြမည်"ဟု ဆို၏။

ခွေးက "အကျွန်ုပ်ကို ပုဆိုးအိတ်ထောင်၌ ထည့်လျှက်သား အဖြစ်ဖြင့် ယူဆောင်သော် သူတစ်ပါးတို့ ကဲ့ရဲ့မည် မဟုတ်"ဟုဆိုလျှင် ပုဏ္ဏားသည် ခွေးပြောသည့်အတိုင်း ယူဆောင်၍ တောသို့ ရောက်၏။

ထိုအခါ ခွေးက "ကျွန်ုပ်၏အသက်ကို ချမ်းသာပေးသည်မှာ အလွန်ကျေးဇူးကြီးပေစွ။ အရှင်သုံးစွဲရန် ရွှေချိန်နှစ်ထောင်ကို အကျွန်ုပ် ယခုယူချေအံ့။ ဤနေရာ၌ နေဝင်သည့်တိုင်အောင် အရှင် စောင့်ဆိုင်း နေပါ။ အကျွန်ုပ်သွားရမည့်ခရီးသည် အတန်ငယ် ဝေးကွာပါသည်"ဟု ဆို၍ တောထဲသို့ ဝင်ပြေး၏။



ပုဏ္ဏားလည်း တစ်နေ့ပတ်လုံး မျှော်လင့်ကာနေရှာ၏။ ခရီးသွားယောက်ျားတစ်ယောက်သည် ထိုပုဏ္ဏားကို မြင်လေသော် "အသင် အဘယ်ကိုမျှော်၍ နေဘိသနည်း" ဟုမေ၏။ ပုဏ္ဏားလည်း ခွေးဆိုသမျှကို ပြန်ပြောပြရာ ခရီးသည်က "သင်ကား ခွေး

ထက်ပင် မိုက်သေး၏။ မိမိအစာကို လုံလောက်စွာမရနိုင်သော ခွေး၏စကားကို သင်ယုံလေသည်မှာ များစွာ အံ့သြဖွယ်ရှိစွတကား။ သင့် နေရာသို့သာ ပြန်လေတော့” ဟုဆိုမှ ပုဏ္ဏားသည် ပြန်ခဲ့ရလေ၏။

**စဉ်းစားဆင်ခြင်၍ ယုံသင့်သောစကားမှသာ ယုံကြည်ရာ၏။**

**ဥစ္စာရွှေငွေ၊ အထွေထွေ**
**ရှာဖွေရခဲ့စွာ။**
**လွယ်ကူသဘော၊ ပေးမည်ပြော**
**တွေးတောချင့်စာနာ။**

မြောက်မြားစွာသောသူတို့သည် ယုံလွယ်တတ်ကြ၏။ အကျိုး အကြောင်းနှင့်ပြောလျှင် ပုံ၍ယုံလွယ်၏။ အချို့သည်ကား မိမိက အထင်ကြီးသူ၊ အကြီးအကဲဖြစ်သူတို့ကပြောလျှင် ပို၍ယုံလွယ်သည်။

အကျိုးအကြောင်းနှင် အထင်ကြီးအပ်သော သူတို့က ပြောသည်ကို ယုံလွယ်ခြင်းသည် ခွင့်လွတ်နိုင်စရာရှိသော်လည်း အချို့သူတို့သည် မြေးခွးက ပုဏ္ဏားအား ပြောသကဲ့သို့ အကြောင်းအကျိုးမရှိ၊ မြေခွေး ကဲ့သို့သော တိရစ္ဆာန်က ပြောသည်ကိုပင် ယုံတတ်သူများကား မိုက်မဲခြင်း ဖြစ်၏။

ထမင်းကျန် ဟင်းကျန်မျှကိုသာမက ပုဏ္ဏားစွန့်ပစ်သော မစင် ကိုပင် စားသုံးရမည့်အခြေအနေရှိသည့် မြေခွေး၏စကားကို ယုံကြည် ခြင်းကား မိုက်မဲမှုသက်သက်ဖြစ်၏။

လူတို့သည် လောဘတရား အားကြီးပါက အလိမ်ခံကြရ၏။ အညာခံကြရ၏။ ဆင်ခြင်တုံတရား ကင်းမဲ့တတ်ကြ၏။ ထိုအခါ

ဆုံးရှုံးခြင်း၊ အရှက်ရခြင်း၊ အချိန်ကုန်ခြင်း၊ လူပင်ပန်းခြင်း၊ ဒုက္ခနှင့် ကြုံတွေ့ရခြင်းများ ဖြစ်ရသည်။ လောဘတက်နေသူတိုင်းအား လိမ်လည်ရန် အလွယ်ကူဆုံးဖြစ်၏။

မြန်မာတို့သည် ကောလာဟလများကို ယုံလွယ်တတ်၏။ ထိုကဲ့သို့ ယုံလွယ်ခြင်းသည် ရိုးသားမှုတစ်ရပ်လည်း ဖြစ်သည်။ တစ်ဖန် မသိနားမလည်ခြင်း၊ ဗဟုသုတ နည်းပါးခြင်းတို့ကြောင့်လည်း ဖြစ်နိုင်မည်။

ထို့ကြောင့် လောကတွင် အစစအရာကို အလွယ်တကူဖြင့် မယုံကြည်ကြဘဲ စဉ်းစားဆင်ခြင်၍ ယုံသင့်မှ ယုံရာ၏။ တစ်ခါက ရွာတစ်ရွာတွင် ရွာထိပ်ရှိ ဝါးရုံပင်မှ ခေါင်းမရှိသော သရဲကြီးက လျှာထုတ်ပြသည်ဟုဆိုကာ တစ်ရွာလုံးက ကြောက်ရွံ့နေကြ၏။ ထိုသတင်းကို ရွာကျောင်းဆရာတော်ကြားလေလျှင် ခေါင်းတောင် မရှိတဲ့ သရဲက ဘယ်လိုလျှာထုတ်ပြလို့ရပါ့မလဲဟု ဆိုမှ ရွာသားများ အကြောက်ပြေကာ အမှန်ကို စဉ်းစားမိကြသည်ဟု ဆို၏။

မည်သည့်အရာမဆို စဉ်းစား၍ ယုံကြည်ရာ၏။ စဉ်းစဉ်းစားစား ယုံကြည်ခြင်းဖြင့် အမှန်ကို တွေးတောနိုင်၏။ ပုဏ္ဏားနှင့်မြေခွေး ပုံပြင်သည် ဘဝတစ်သက်တာ၌ စဉ်းစဉ်းစားစားတွေးခေါ်ချိန်ဆ၍ ယုံသင့် ယုံအပ်ကြောင်း သတိ သင်ခန်းစာပေးသော အဖိုးတန် ပုံပြင်တစ်ရပ် ဖြစ်သည်။ ကောလာဟလနှင့် အတင်းစကားကို ယုံလွယ်တတ်သော သူများအတွက် လက်ကိုင်ထားအပ်သော ပုံပြင် တစ်ပုဒ် ဖြစ်ပါ၏။

**ပန်းမျိုးတစ်ရာစာပေ**

# ၁၉။ မြစ်စောင့်နတ်နှင့် သစ်ခုတ်သမား



ပန်းမျိုးတစ်ရာစာပေ

တစ်နေ့သ၌ သစ်ခုတ်သမားတစ်ယောက်သည် မြစ်ကမ်းနားတွင် သစ်ပင်တစ်ပင်ကို ပုဆိန်ဖြင့် ပေါက်လှဲနေစဉ် ပုဆိန်လွတ်၍ မြစ်ထဲသို့ ကျသွား၏။ သစ်ခုတ်သမားသည် ထိုပုဆိန်တစ်လက်ဖြင့်သာ ဝမ်းစာကို ရှာမှီးစားသောက်နေရသဖြင့် များစွာ စိတ်ပူပန် ညှိုးငယ်ခြင်း ဖြစ်လျှက် ပုဆိန်ကို ပြန်၍ရနိုင်ရန် နည်းမျိုးစုံဖြင့် ကြိုးစားအားထုတ် ပါသော်လည်း မရနိုင်သောကြောင့် အကြံကုန်ပြီး ကမ်းနဖူးပေါ်တွင် ထိုလျှက် ငိုယိုမြည်တမ်းကာ နေ၏။

ထိုသစ်ခုတ်သမားယောကျ်ား ကျေးတောသား၏ ငိုယိုမြည်တမ်းသံကို မြစ်စောင့်နတ် ကြားသောအခါ လာ၍ ကိုယ်ထင်ပြပြီးလျှင် "အသင်ယောကျ်ား အဘယ်အကြောင်းကြောင့် ငိုသနည်း"ဟု မေး၏။ သစ်ခုတ်သမားက "တစ်လက်တည်းသာရှိသော ပုဆိန်ဖြင့် လုပ်ကိုင်စားသောက်နေစဉ် ထိုပုဆိန် ရေထဲသို့ကျ၍ ဆုံးသောကြောင့် ငိုပါသည်"ဟု ပြန်ပြော၏။

ထိုစကားကိုကြားလျှင် မြစ်စောင့်နတ်သည် မြစ်ရေတွင်ငုပ်၍ ဝင်းဝင်းတောက်ထိန်သော ရွှေပုဆိန်ကို ယူလျှက် တက်ပြီးသော် "သင်ပျောက်ဆုံးသောပုဆိန်သည် ဤပုဆိန်ဖြစ်ပါသလော"ဟု မေး၏။

သစ်ခုတ်သမားက ထိုရွှေပုဆိန်သည် မိမိပျောက်ဆုံးသော ပုဆိန် မဟုတ်ကြောင်းကို ပြန်ပြောလေလျှင် မြစ်စောင့်နတ်သည် တစ်ဖန် ရေထဲသို့ငုပ်ပြန်၍ငွေပုဆိန်ကို ယူပြီးလျှင် သစ်ခုတ်သမားကို ရှေးနည်းတူ မေးပြန်၏။ ထိုငွေပုဆိန်သည်လည်း မိမိပျောက်ဆုံးသော ပုဆိန်မဟုတ်ကြောင်းကို သစ်ခုတ်သမားက ရိုးဖြောင့်မှန်စွာ ပြောဆိုပြန်လျှင် မြစ်စောင့်နတ်သည် တစ်ဖန် ရေထဲသို့ ငုပ်၍

ပျောက်ဆုံးသော သံပုဆိန်စစ်ကို ယူပြသောအခါ သစ်ခုတ်သမား ကျေးတောသားက အရှင် ဤပုဆိန်သည်သာ ကျွန်ုပ်ပျောက်ဆုံးသော ပုဆိန် မှန်ပါသည်ဟု အားရဝမ်းသာစွာ ပြော၏။

မြစ်စောင့်နတ်သည် သစ်ခုတ်သမား၏ ရိုးသားဖြောင့်မတ်ခြင်းကို အလွန်နှစ်သက်သဖြင့် ရွှေ၊ ငွေ၊ သံ သုံးလက်သော ပုဆိန်တို့ကို သူ့အား ပေးလိုက်၏။

သစ်ခုတ်သမားသည် ရွာသို့ရောက်သော် မိမိဖြစ်ပျက်သမျှ အကြောင်း အကုန်အစင် လုံးစုံကို ရွာသားတို့အား ပြန်ကြားပြော ဆိုသည့်အခါ တစ်ဦးသော ယောက်ျားသည် ထိုအရပ်သို့ သွားပြီးလျှင် သစ်ပင်တစ်ပင်ကို ခုတ်လှဲဟန်ဆောင်၍ ပါလာသည့် သံပုဆိန်ကို ရေထဲသို့ ပစ်ချပြီးသော် မတော်တဆ လွတ်ကျဘိသကဲ့သို့ ရှိုက်ကြီး တငင် ငိုကြွေးမြည်တမ်း၏။

ထိုယောက်ျား၏ ငိုကြွေးသံကိုကြားလျှင် မြစ်စောင့်နတ်သည် ရှေးနည်းတူ ပေါ်လာ၍ မေးသော် ရေ၌ ကျမြုပ်သွားသော ပုဆိန်ကို မရသည့်အတွက်ကြောင့် ငိုကြောင်းကို သိသောအခါ ရှေးနည်းတူ ပုဆိန်ကို ငုပ်ယူ၍ ပြပြီးလျှင် ဤပုဆိန်သည် သင်၏ပုဆိန်လောဟု မေး၏။ ရွှေပုဆိန်ကိုမြင်လျှင် လိုချင်လှသော ထိုယောက်ျားက အရှင်နတ်မင်း၊ ဤပုဆိန်သည် အကျွန်ုပ်ပျောက်ဆုံးသော ပုဆိန်ပင် ဖြစ်ပါသည်ဟု လိမ်လည်ပြောဆို၏။

ထိုအခါ မြစ်စောင့်နတ်သည် မုသားစကားကို မနှစ်သက်သဖြင့် ရွှေပုဆိန်ကို ကိုင်စွဲလျက် ကွယ်ပျောက်သွားလေတော့ရာ ထိုယောက်ျား မှာ ရွှေပုဆိန်ကို မရဘဲ အိမ်မှပါသွားသည့် သံပုဆိန်ပါ ဆုံးရှာလေ၏။

**ပန်းမျိုးတစ်ရာစာပေ**

**ဤဒဏ္ဍာရီကိုထောက်ရှု၍ အမျိုးကောင်းသားသမီးတို့သည် ဟုတ်မှန်သောစကားကိုသာ ပြောဆိုကြရာသည်။**

**စိတ်ထားစင်ဖြူ၊ ရိုးသားသူ**
**နတ်လူနှစ်သက်သည်။**
**တစ်ဦးဦးက၊ တစ်နေ့ကျ**
**စောင်မ ချီးမြှင့်မည်။**

မြစ်စောင့်နတ်နှင့် သစ်ခုတ်သမားပုံပြင်သည် လူငယ်တို့အား မှန်ကန်သောစကား ဆိုရန် ပျိုးထောင်ပေးသော ပုံပြင်ဖြစ်၏။ ထိုပုံပြင်လေးကို ငယ်စဉ်အခါမှစ၍ ကြားနာခဲ့ရသော လူငယ်များသည် ရိုးသားသောအသွင်ဖြင့်သာ ကျင့်ကြံနေထိုင်သည့်အလေ့ ရှိခဲ့ကြ၏။

မြစ်စောင့်နတ်နှင့် သစ်ခုတ်သမားပုံပြင်သည် မြန်မာပုံပြင်များ အနက် ထင်ရှားသော ပုံပြင်တစ်ရပ်လည်းဖြစ်၏။မ ရိုးသားသော သစ်ခုတ်သမားသည် ရွှေနှင့် ငွေပုဆိန်ကို မရသည်သာမက မိမိ သံပုဆိန်ပါ ဆုံးရှုံးရ၏။

ဤပုံကို မိဘများသည် ငယ်စဉ်မှစ၍ လူငယ်များ၏အသည်းတွင် စွဲနေရန် ထပ်ကာထပ်ကာ ပြောသင့်၏။ ထိုပုံပြင်လေးအား ထပ်ကာ ထပ်ကာ ကြားနေရသော လူငယ်တိုင်း၏ အသည်းပြင်တွင် ရိုးသားမှု သည် အစဉ်ထင်ဟပ်၍ ကောင်းမြတ်သော အမွေတစ်ရပ်ကို မိဘတို့က ပေးအပ်သည်နှင့်တူ၏။

**ပန်းမျိုးတစ်ရာစာပေ**

ငယ်စဉ်အခါမှစ၍ ဆိုဆုံးမမှုမရှိသော မိဘတို့သည်လည်း တစ်နည်းအားဖြင့် ရန်သူမည်၏ဟု ဆိုရိုးရှိ၏။ ထို့ကြောင့် မြစ်စောင့်နတ်နှင့် သစ်ခုတ်သမားပုံပြင်အပါအဝင် ဒေါင်းဖတ်စာပုံပြင်များသည် မိဘတိုင်းက ဖတ်ရှုကာ သားသမီးတို့အား နားဝင်အောင် ပြောကြားနေသင့်သော ပုံပြင်များ ဖြစ်၏။

အမျိုးသားစည်းကမ်းအစ စာသင်ခန်းမှဟုဆို၏။ လူမျိုးတစ်မျိုး၏ စာရိတ္တကိုကား ကျောင်းရောက်မှမဟုတ်ဘဲ မိခင်၏ရင်ခွင်ထဲမှစ၍ ပြုပြင်ကြရမည် ဖြစ်၏။ မိခင်ရင်ခွင်ထဲ၌ ရှိနေစဉ်ကာလကပင် မိဘများသည် မိမိတို့ ရင်သွေးငယ်များအား ရိုးသားကြိုးစား၍ စာရိတ္တကောင်းမွန်သော နိုင်ငံသားတစ်ဦး ဖြစ်လာရေးကို ရှေးရှု၍ ပြုပြင်မှုများ လုပ်ဆောင်သင့်ပါ၏။

ယခုအခါမရိုးသားမှုများ၊ လိမ်လည်မှုများ၊ အဓမ္မအနိုင်ကျင့်မှုများ၊ တရားမစောင့်စည်းမှုများသည် လွန်စွာမှ များပြား၍လာရာ နောင်လာမည့်အနာဂတ်၏ သားကောင်းများအား ထိုစိတ်ဆိုး စိတ်ညစ်များမှ ကင်းဝေးစေရေးအတွက် မိမိရင်ခွင်တွင်း၌ ရှိစဉ်ကပင် မြစ်စောင့်နတ်နှင့် သစ်ခုတ်သမားကဲ့သို့သော ပုံပြင်များကို ပြောဆိုဆုံးမသင့်ပါ၏။

ယခုအခါ ကလေးက မိခင်၏ရင်ခွင်တွင်နေ၍ ပြောဆိုဆုံးမမှုကို ခံယူပါမည်ဟု ဆိုစဉ်တွင် မိဘတို့က ကလေးများအား ပုံပြော၍ မဆုံးမဖြစ်ခဲ့ကြ။ သို့သော် ကလေးများက သူ့ဘာသာသူ ဖြစ်သလို ကြီးပြင်လာရပြီး လူကြီးမိဘစကားကို နားထောင်ရန် နားမဝင်တော့မ

ရှည်ရှည်ဝေးဝေး ဆုံးမနေရမည့် အချိန်ကာလမဟုတ်တော့။ ထို့ကြောင့် မိဘများသည် မိမိတို့၏ သားသမီးတို့အား တကယ်ချစ်ပါက ရင်ခွင်တွင်းမှာပင် ပုံပြော၍ ပြည့်စုံအောင် ဆုံးမကြရန် အထူးလိုအပ်ပါသည်။

# တတိယတန်းဒေါင်းဖတ်စာမှ

## ပုံပြင်များ


၂၀။ ခြသေ့်မင်းနှင့် ကြွက်ငယ်အကြောင်း

၂၁။ အမှီကောင်းလျှင် တစ်ချက်

၂၂။ မြေခွေးနှင့် ငှက်ကျား

၂၃။ သစ်တောက်ငှက်နှင့် ခြသေ့်


၂၄။ လေထဲတွင် တိုက်အိမ်ဆောက်ခြင်း

၂၅။ နှုတ်မစောင့်စည်းသော မြည်း

၂၆။ ဘုရင်တစ်ပါးနှင့် တစ်ငါသည်

၂၇။ မျောက်နှင့် မိကျောင်းတို့အကြောင်း

## ၂၀။ ခြင်္သေ့မင်းနှင့် ကြွက်ငယ်အကြောင်း




တစ်နေ့သ၌ ခြင်္သေ့တစ်ကောင်သည် အိပ်ပျော်နေ၏။ ထိုစဉ် ကြွက်တစ်ကောင်သည် ခြင်္သေ့မျက်နှာပေါ်မှ ဖြတ်သန်း၍ ပြေးသွားမိ၏။ ထိုအခါ ခြင်္သေ့သည် ဒေါသအမျက် ချောင်းချောင်းထွက်ပြီးလျှင် ကြွက်ငယ်ကိုဖမ်း၍ သတ်မည်ပြုသည်။

ကြွက်သည် သေဘေးကို ကြောက်ရွံ့လှသောကြောင့် ချမ်းသာပေးရန် ခြင်္သေ့မင်းအား အကြိမ်ကြိမ် အဖန်ဖန် တောင်းပန်၏။ ထိုအခါ

ခြသေ့်သည် ကြွက်ငယ်အား လွှတ်လိုက်၏။ ကြွက်ငယ်လည်း အရှင်ခြသေ့်မင်း၏ ကျေးဇူးကို တစ်နေ့နေ့ ပြန်ဆပ်နိုင်ပါလိမ့်မည် ဟု ဆိုပြီး ထွက်သွား၏။

ခြသေ့်လည်း ဤမျှလောက် သေးငယ်သောကြွက်သည် ငါ့အား အဘယ်သို့ ကျေးဇူးဆပ်နိုင်မည်နည်းဟု အောက်မေ့လျှက် ပြုံး၏။



ထို့နောက် များမကြာမီ ထိုခြသေ့်သည် မုဆိုးတို့ ထောင်ထားသော ပိုက်၌မိရာ လွတ်မြောက်ရန် ရုန်းကန်ပါသော်လည်း မလွတ်နိုင်ဘဲရှိ၏။ ထို့ကြောင့် ခြသေ့်သည် ညည်းညူအော်ဟစ်၍သာ နေရတော့၏။ ထိုအခါ သူ့ကျေးဇူးကို သိတတ်သော ကြွက်ငယ်သည် ခြသေ့်ညည်းညူသံကို ကြားသဖြင့် အလျင်အမြန်ရောက်လာ၍ ပိုက်ကြိုးတို့ကို မိမိသွားငယ်ဖြင့် ကိုက်ဖြတ်လေရာ ခြသေ့်သည် အနှောင်အဖွဲ့မှ လွတ်၏။ ထို့နောက် ကြွက်ငယ်က "ခြသေ့်မင်း၊ သတ္တဝါတို့မည်သည် ကြီးသည် ငယ်သည်မဆိုသာ။ အရေးအကြောင်းအားလျော်စွာ အသီးသီး

ကိုယ့်နေရာနှင့်ကိုယ် တွင်ကျယ်စွာ အသုံးကျချေ၏” ဟု ဆိုကာ ထွက်ခွာသွားလေသည်။

**သူ့အရာဝယ်၊ သူတွင်ကျယ်**
**ကြီးငယ်မဆိုသာ။**
**သူ၏ကျေးဇူး၊ ရှိပေဖူး**
**အထူးသိတတ်စွာ။**

ခြင်္သေ့မင်းနှင့်ကြွက်ငယ်ပုံပြင်သည် မည်သည့်အရာမဆို မည်သူ့ကိုမဆို အထင်မသေးသင့်။ သူ့နေရာနှင့်သူ အစွမ်းရှိသည်ကို ပြဆိုသော ပုံပြင်ဖြစ်၏။ လောကတွင် အသုံးမကျသော အရာဟူ၍မရှိ။ အသုံးချ၍ မရသောအရာဟူ၍ မရှိ။ လောကသို့ ရောက်ရှိလာသော လူ တိရစ္ဆာန် သတ္တဝါ ပစ္စည်းတစ်ခုခုသည် တစ်နေရာရာ၌ အသုံးဝင်သည်သာဖြစ်၏။ မိမိမည်သို့ အသုံးပြုရမည်ကို မသိခြင်းသည်သာ မိမိ၏ အားနည်းချက်ဖြစ်ပါ၏။

ကြွက်ငယ်သည် ခြင်္သေ့မင်းအား ကယ်တင်ခဲ့သလို ကမ္ဘာတွင် စစ်ပွဲကြီးတစ်ပွဲကို စစ်သားလေးတစ်ဦးက အဆုံးအဖြတ်ပေးခဲ့မှုများ၊ အိမ်ထောင်တစ်ခုလုံး၏ သေရေးရှင်ရေးကို အိမ်ဖော်မလေးကတစ်ဦးက ကယ်တင်လိုက်မှုများ စသည့်ဖြစ်ရပ်များစွာ ရှိပါ၏။

တစ်ခါက သူဌေးကြီးတစ်ဦး၏အိမ်တွင် ခွေးဝဲစားလေးတစ်ကောင်သည် ကပ်၍နေ၏။ သူဌေးကြီးကို ထိုခွေးဝဲစားအား စျေးတွင်သွား၍ပစ်စေ၏။

**ပန်းမျိုးတစ်ရာစာပေ**

သို့သော် ခွေးသည် သူဌေးကြီးအိမ်သို့ ပြန်လာကာ ခြံဝတွင်အိပ်မြဲအိပ်နေ၏။ ညနေခင်းတွင် ခွေးဝဲစားပြန်ရောက်နေသည်ကို သူဌေးကြီးမြင်လေလျှင် အလွန်ဒေါသထွက်၍ နောက်တစ်နေ့နံနက်၌ ထိုခွေးဝဲစားအား မြစ်အတွင်းသို့ ပစ်ချသတ်ရန် အမိန့်ပေးခဲ့၏။

သို့သော် ထိုညနေတွင် လူဆိုးများက သူဌေးကြီးအား သတ်ဖြတ်၍ ဥစ္စာပစ္စည်းများကိုရယူရန် သူဌေး၏ခြံအတွင်းသို့ ဝင်လာလေရာ ထိုခွေးဝဲစားက ထ၍ဟောင်၍ သူဌေး၏အခြွေအရံများ နိုးပြီး လူဆိုးများ ထွက်ပြေးကြရ၏။

ထို့ကြောင့် မည်သည့်အရာကိုမဆို မည်သူ့ကိုမျှ အထင်မသေးအပ်။ သူ့နေရာနှင့်သူ အသုံးကျသည်သာ ဖြစ်၏။ ငယ်စဉ်က သောမတ်အယ်ဒီဆင်သည် ကျောင်းတွင် ခေါင်းမကောင်းသည့် အဆန်ချောင်လေးဟု အပြောခံရသော်လည်း နောင်တွင် တီထွင်မှု ကဝိတစ်ဆူ ဖြစ်လာကာ ကမ္ဘာသည် ယနေ့ထက်တိုင် သူ့ကျေးဇူးနှင့် မကင်းနိုင်တော့ဘဲ ရှိတော့၏။

ဤသည်မှာ ဘဝတွင် အရေးကြီးသော သင်ခန်းစာတစ်ရပ်ဖြစ်၏။ မည်သူ့ကိုမှာ အထင်မသေးအပ်။ တစ်ခါက ရွာတစ်ရွာတွင် စကား မပြောနိုင်သော အ,အတစ်ဦးရှိရာ မည်သူမျှ လူရာမသွင်းဘဲရှိ၏။ သို့သော် ဂျပန်ခေတ် ဂျပန်တပ်များအဆုတ်တွင် ထိုအ,အသည် မိမိ၏အသက်ကိုပင်ပေး၍ ထိုရွာအား ကာကွယ်ခဲ့၏။

ထို့ကြောင့် ခြသေ့်မင်းနှင့် ကြွက်ငယ်ပုံပြင်ကို ရင်သွေးငယ်လေး များအား ပြောပြ၍ သေးငယ်တိုင်း အထင်မသေးအပ်ကြောင်း၊ သူ့နေရာနှင့်သူ အစွမ်းအစရှိကြကြောင်းကို စံထားပြောနိုင်၏။

**ပန်းမျိုးတစ်ရာစာပေ**

## ၂၁။ အမှီကောင်းလျှင် တစ်ချက်

တစ်ခါက တောသုံးထောင်ကို အစိုးရသော ကေသရာဇာခြင်္သေ့မင်းသည် ရွှေဂူ၌နေလျက် သားတကာတို့အပေါ်တွင် မင်းပြုနေ၏။ တစ်နေ့တွင် ခြင်္သေ့မင်းသည် အစာရှာဖွေအံ့ဟု သွားရာ ရေအိုင်တစ်အိုင်သို့ ရောက်၏။

ထိုအခါ ယင်းရေအိုင်တွင် ပေါက်နေသည့် ကြာရွက်ပေါ်၌ စောင့်ကြောင့်ထိုင်နေသော ဖားငယ်တစ်ကောင်က ခြင်္သေ့မင်းကို မြင်လျှင် "ငါ့အရပ်သို့ ကျူးကျော်လာသူသည် အဘယ်သူဖြစ်သနည်း" ဟု မေး၏။ ထိုအခါ ခြင်္သေ့မင်းက "ငါသည် တောသုံးထောင်ကို အစိုးရသော ခြင်္သေ့မင်း" ဟု ဆိုလျှင် ဖားငယ်လည်း "ဟိမဝန္တာ၌



ကေသရာဇာခြင်္သေ့မင်းနှင့် ဖားမင်းပုံ

**ပန်းမျိုးတစ်ရာစာပေ**


ရွှေဂူသာလျှင် သင်ခြင်္သေ့မင်း၏ အရပ်ဖြစ်ချေသည်။ ၍အရပ် ကားငါ၏အရပ်တည်း။ ငါ့အရပ်သို့ ကျူးကျော်၍ မလာနှင့်”ဟု ဝင့်၍ ဆိုသည်။



ထိုစကားကိုကြားလျှင် ခြင်္သေ့မင်းသည် အမျက်ထွက်၍ “သင်မျှ လောက်သော ဖားငယ်သည် ငါကဲ့သို့သော ခြင်္သေ့မင်းကို မရိုမသေ စကားဆို၍ အန်တုဖက်ပြိုင်လိုသလော”ဟု မေး၏။ ဖားငယ်က “သင်ခြင်္သေ့လည်း သားမင်း၊ ငါလည်း သားမင်းဖြစ်၏။ ငါကဲ့သို့သော သားမင်းကို သခြင်္သေ့မင်းသည် အန်တုဖက်ပြိုင်လိုသလော။ အန်တု လိုသော် တုလှည့်”ဟု ဆိုပြီးလျှင် ကြာရွက်ပေါ်၌ ရှေ့လက်နှစ်ချောင်း ကိုထောက်လျက် ဖားမင်း၏ဟန်ဖြင့် ထိုင်နေ၏။

**ပန်းမျိုးတစ်ရာစာပေ**


ခြသေ့်သည်လည်း ဒေါသအမျက် ခြောင်းခြောင်းထွက်၍ အားကုန် ဟောက်၏။ ဖားငယ်သည် ရေသို့ဆင်း၍ ငုပ်နေပြီးလျှင် ခြသေ့် ဟောက်သံစဲမှ ကြာရွက်ပေါ်သို့ တက်လာပြီး "ငါ့ကို အန်တုဝံ့က



တုလှည့်" ဟု ဆိုပြန်၏။ ခြသေ့်လည်း တစ်ဖန် ဟောက်ပြန်၏။ ဖားငယ်သည် ရေသို့ဆင်း၍ ငုပ်ပြန်၏။

ဤသို့ဖြင့်ခြသေ့်သည် ဟောက်ဖန်များလတ်သော် ရင်ကွဲ၍ သေ၏။ ဖားငယ်လည်း အဖော်ဖြစ်သော ဖားတို့ကိုခေါ်၍ စည်းဝေး ကြည့်ရှုစေပြီးလျှင် အောင်သေအောင်သားစာမည်ဟူ၍ ခြသေ့်မင်း၏ အသားကို စားကြကုန်၏။

**ပန်းမျိုးတစ်ရာစာပေ**



ဤပုံပြင်၌ ဖားငယ်သည် ရေအိုင်တည်းဟူသော အမှီကောင်းကို ရလေသောကြောင့် မိမိထက် ခွန်အားကြီးမားသော ခြင်္သေ့မင်းကိုပင် အောင်မြင်သည်။ ထို့ကြောင့် သူတကာတို့သည်လည်း အကြံအစည် တစ်စုံတစ်ခုကို ပြုလုပ်မည်ဆိုပါက ဖားငယ်ကဲ့သို့ အမှီကောင်းကို ရှေးဦးစွာ ရှာဖွေကြံဆ၍ ပြုလုပ်ရာသည်။ ထို့ကြောင့် လူတို့သည် 'အမှီကောင်းလျှင် တစ်ချက်၊ အနေကောင်းလျှင် တစ်သက်'ဟူ၍ စကားပုံ ဆိုထုံးပြုကြသည်။

**ပန်းမျိုးတစ်ရာစာပေ**

**မှီခိုဖွယ်ရာ၊ လောကမှာ**
**မှန်စွာရှိသင့်သည်။**
**အမှီကောင်းလျှင်၊ ကြံရာတွင်**
**စုံလင်ပြည့်ဝမည်။**

ခြသေ့်မင်းနှင့် ကြွက်ငယ်ကဲ့သို့ ခြသေ့်မင်းနှင့် ဖားငယ်အကြောင်း ဒေါင်းဖတ်စာပုံပြင်ကလည်း သင်ခန်းစာယူဖွယ်ရာဖြစ်၏။ တောသုံးထောင်ကို အစိုးရသော ခြသေ့်မင်းပင် ဖြစ်လင့်ကစား အခြေအနေမပေးပါက ရှုံးနိမ့်ရ၏။ ဖားသူငယ်သည် ရေကန်ကို အမှီသဟဲ ရရှိသောကြောင့် ခြသေ့်မင်းအား အောင်နိုင်၏။ ထို့ကြောင့် ဘဝခရီးလမ်းတွင် အမှီသဟဲဟူသည် မည်မျှအရေးကြီးကြောင်း သိသာနိုင်ပါ၏။

အချို့သောသူတို့သည် အရည်အသွေးရှိပါလျက် အမှီမရှိသဖြင့် မထင်ပေါ်မကျော်ကြားဘဲ ရှိရ၏။ အချို့သောသူများသည် အတော်အသင့် အရည်အသွေးမျှပင် ရှိလင့်ကစား အမှီကောင်းသောကြောင့် အောင်မြင်မှု ရကြ၏။

အနေအထားဟူသော စကားသည်လည်း ဘဝတွင် အလွန်မှ အရေးကြီး၏။ တစ်ဖက်နှင့်တစ်ဖက် တိုက်ကြသော တိုက်ပွဲများတွင် စစ်အင်အားထက် ဉာဏ်ရည် ဉာဏ်သွေး၊ နေရာအနေအထား၊ အမှီအတွယ် စသည်တို့သည်လည်း တိုက်ပွဲ၏ အရှုံးအနိုင်ကို အဆုံးအဖြတ်ပေး၏။

အမှီကောင်း ရရှိရန် ရှာဖွေရ၏။ အမှီကောင်းကို တွေ့လျှင် သစ္စာရှိစွာ မှီခိုရာ၏။ ထိုသို့ ပြုမူသူတို့သည် အင်အားကြီးမားသော ရန်သူတို့ကိုပင် အောင်နိုင်ပါ၏။

**ပန်းမျိုးတစ်ရာစာပေ**

## ၂၂။ မြေခွေးနှင့် ငှက်ကျား



တစ်နေ့သ၌ မြေခွေးတစ်ကောင်သည် ပြက်ရယ်ကျီစယ်မှုပြုလို
သော သဘောထားနှင့် ငှက်ကျားတစ်ကောင်ကို မိမိအိမ်သို့ ထမင်း

**ပန်းမျိုးတစ်ရာစာပေ**


စား လာရောက်ရန် ဖိတ်ကြား၏။ ငှက်ကျားသည် သဘောရိုးနှင့် ဖိတ်ကြားသည်ထင်မှတ်၍ မြေခွေး၏အရပ်သို့ သွားရောက်၏။

သရော်စိတ်ထားနှင့် ဖိတ်ကြားသည့် မြေခွေးက ပက်လှသော ပန်းကန်ပြား၌ အဖက်မပါ ဟင်းရည်သက်သက်ကိုသာ ထည့်၍ "မိတ်ဆွေငှက်ကျား၊ သုံးဆောင်စားသောက်ပါလော့။ ဤဟင်းလျာကို မိတ်ဆွေအား ကျွေးမွေးလိုသောကြောင့် ကျွန်ုပ်ကိုယ်တိုင် စံမံချက်ပြုတ် လုပ်ကိုင်သဖြင့် ကောင်းသောအရသာနှင့် ပြည့်စုံပါသည်" ဟု ပြောပြီးလျှင် ပန်းကန်၌ရှိသည့် ဟင်းရည်များကို သူသာလျှင်လျက်သောက်၏။ ထိုသို့ အားရတင်းတိမ်အောင် စားသုံးပြီးသောအခါ မြေခွေးသည် ရွှင်ပြသောမျက်နှာနှင့် ငှက်ကျားကို စေ့စေ့ကြည့်နေ၏။

ငှက်ကျားမှုကား သေးသွယ် ရှည်လျားသော နှုတ်သီးဖြင့် ပက်လှစွာသော ပန်းကန်ပြားမှ ဟင်းရည်ကို ယူဆောင်ခြင်းငှာ မတတ်နိုင်။ ထို့ကြောင့် ငှက်ကြားက "အဆွေမြေခွေး၊ သင်လျက် သောက်ဟန်ကို မြင်ရရုံနှင့်ပင် သင်၏ဟင်းရည်သည် အရာသာ ရှိမည်"ဟု ပြောပြီး ပြန်သွား၏။

ထို့နောက် များမကြာမီ ငှက်ကျားသည် မြေခွေးအား ထမင်းစား လာရောက်ရန် ဖိတ်ကြားပြီးလျှင် အမဲကြော် အတစ်ငယ်များကို လည်ဝကျဉ်းသော ကရားအရှည်၌ ထည့်လျှက် ကျွေးမွေး၏။

**ပန်းမျိုးတစ်ရာစာပေ**



မြေခွေးသည် ကရား၏အဝအတွင်းသို့ မိမိနှုတ်သီးကို ထိုးသွင်းခြင်း ငှာ မတတ်နိုင်ဘဲရှိ၏။ ထို့ကြောင့် သူသည် မသာသောမျက်နှာနှင့် ထိုင်ကာနေရ၏။ ငှက်ကျားသည် မိမိ၏နှုတ်သီးဖြင့် အမဲကြော် များကို တစ်လုတ်ပြီးတစ်လုတ် ကောက်စားရင်း "မိဆွေ၏ ဟင်းရည်သည် ကျွန်ုပ်မှာ အရာသာရှိသကဲ့သို့ ကျွန်ုပ်၏အမဲကြော်သည် လည်း မိတ်ဆွေ၏ လျှာပေါ်၌ အတော်ပင်ကောင်းလိမ့်မည် ထင်ပါ သည်"ဟု ပြော၏။

**ပန်းမျိုးတစ်ရာစာပေ**

**ဤပုံပြင်ကိုထောက်ရှုသဖြင့် လူခပ်သိမ်းတို့သည် 'သူ့စိတ်ကိုလို၊ ကိုယ့်စိတ်နှင့်နှိုင်း မရိုင်း' ဟူသော စကားပုံကို မှတ်ယူကြရာသည်။**

**သူများစိတ်ကို၊ သိရှိလို**
**ကိုယ့်စိတ်နှင့်သာနှိုင်း။**
**အရာရာမှာ၊ ကိုယ်ချင်းစာ**
**ဘယ်ခါမျှမရိုင်း။**

မြေခွေးနှင့် ငှက်ကျားပုံပြင်တွင် သင်ခန်းစာယူဖွယ်ရာ အများအပြားပါဝင်ပါသည်။ မြေခွေးသည် မူလကပင် ပြက်ရယ်ကျီစယ်လိုသောဆန္ဒရှိ၏။ ထိုကြောင့် မြေခွေးက ဟင်းရည်များကို ပန်းကန်ပြားနှင့် ထည့်၍ ငှက်ကျားအားကျွေးလေရာ ဧည့်သည်ငှက်ကျားမှာ မစားတတ်ဘဲရှိ၏။ တစ်ဖန် ငှက်ကျားက ပြန်၍ အသားတုံးများကို အဝကျဉ်းသော ကရားရှည်တွင်ထည့်၍ ကျွေးသောအခါ မြေခွေးမှာ ဝဋ်လည်ခဲ့ရ၏။

လောကတွင် ဘယ်သောအခါမှ တစ်ဘက်သတ်မရှိ။ မိမိက ထိုကဲ့သို့လုပ်လျှင် သူ့ဘက်တွင်လည်း တုံ့ပြန်လုပ်ကိုင်စရာတို့သည် ရှိမြဲဖြစ်၏။ ဤဖြစ်ရပ်တွင် မြေခွေးက တကယ့်စေတနာအမှန်ဖြင့် ငှက်ကျားအား ခေါ်၍ဖိတ်ကျွေးပါက အပြန်အလှန်မိတ်ဆွေဖြစ်ကာ နှစ်ဦးနှစ်ဖက် ကြီးစွာသောအကျိုးကျေးဇူးကို ဖြစ်စေနိုင်ပါ၏။ သို့သော် မြေခွေး၏စိတ်ထားမမှန်သဖြင့် နှစ်ဦးနှစ်ဖက် တွေ့ဆုံရပါလျက် အကျိုးကျေးဇူးမရှိဘဲ ဖြစ်ရ၏။

**ပန်းမျိုးတစ်ရာစာပေ**

နောက်ပြောင်ကျီစယ်ခြင်းသည် ဘယ်သောအခါမှ မကောင်း။ ပုဂံနရပတိစည်သူမင်းသည် မိမိ မိဖုရားဖြစ်သူ စောလုံအား ကျီစယ်လိုသောစိတ်နှင့် ရေရွှဲအောင်လောင်းခဲ့သည်။ သို့အတွက် မိဖုရားမှာ အရှက်ကြီးရှက်ပြီး နရပတိစည်သူမင်းအား လုပ်ကြံရန် ကြံစည်ခဲ့သောကြောင့် မိဖုရား၏အသက်ဆုံးရှုံးခဲ့ရ၏။ နရပတိစည်သူဘုရင်မှာလည်း မိမိချစ်မြတ်နိုးသော မိဖုရားတစ်ပါး ဆုံးရှုံးခဲ့ရ၏။ နောက်ပြောင်ကျီစယ်မှုများသည် ဘယ်နေရာတွင်မှ ကောင်းကျိုးမပေးတတ်သည်ကို သတိပြုရာ၏။

ထို့ပြင် စေတနာသည်လည်း အလွန် အရေးကြီး၏။ စေတနာမပါဘဲ မည်သည့်အလုပ်ကိုမှ မလုပ်အပ်ပါ။ သို့မဟုတ် ဆုံးရှုံးမှုများနှင့် ကြုံတွေ့ရ၏။ မြေခွေးလုပ်ရပ်သည် မယဉ်ကျေးသော၊ ရိုင်းပျသော အမူအရာဖြစ်၏။ စိတ်ဓာတ်သိမ်ဖျင်းသော အပြုအမူဖြစ်၏။ လူကြီးလူကောင်းတို့တွင် ရှိအပ်သော အပြုအမူမဟုတ်။ ထိုကဲ့သို့သော အပြုစရိုက်မျိုးကို အသက်ထက်ဆုံး ရှောင်ကြဉ်ရာ၏။

လူတစ်လုံး သူတစ်လုံးဖြစ်ရေးအတွက် ထိုကဲ့သို့သော အပြုအမူများကို ရှောင်ရှားရန် လိုအပ်ရာ မြေခွေးနှင့်ငှက်ကျား ပုံပြင်သည် ကလေးလူငယ်တို့၏ အပြုအမူအလေ့အထကို ပြုပြင်ပေးနိုင်သဖြင့် ဒေါင်းဖတ်စာပုံပြင်ထဲတွင် အရေးကြီးသောပုံပြင်တစ်ခု ဖြစ်သည်။

ဤပုံပြင်လေးအားမိဘတို့ကပြောပြ၍မြေခွေးကဲ့သို့ဘယ်တော့မှ မလုပ်ရန် သင်ခန်းစာပေး သင်ကြားရုံသာမက လူတစ်လုံးသူတစ်လုံးဖြစ်ပါက လူမဉဆက်ဆံရေးကိစ္စများကို မည်သို့ဆောင်ရွက်ရမည်၊

**ပန်းမျိုးတစ်ရာစာပေ**

တစ်ဦးနှင့်တစ်ဦး မည်သို့ စေတနာထား၍ ပေါင်းသင်းရမည်၊ မိတ်ဆွေအပေါင်းအသင်းများ တစ်ဦးနှင့်တစ်ဦး မည်သို့ သဘောထားရမည်ကို မိဘတို့က တိုးချဲ့ဆုံးမနိုင်၏။ တစ်ဆက်တည်းမှာပင် မြန်မာတို့၏ ချစ်စရာ့ ဓလေ့စရိုက်များကိုလည်း သင်ကြားနိုင်သည်။

ကျေးလက်တွင် ဟင်းကောင်း ထမင်းကောင်းလေးများ ချက်စားလျှင် အရှေ့ခုနစ်အိမ်၊ အနောက်ခုနစ်အိမ် ဝေငှပေးပို့လေ့ရှိ၏။ ကောက်သစ်ပေါ်ချိန်တွင် ကောက်ဦးကိုချက်၍ မိတ်ဆွေများအား ဖိတ်ကျွေး၏။ အခါကြီးရက်ကြီးများတွင် အရသာ ထူးကဲသော ရွှေထမင်း၊ ရွှေချည်၊ ငှက်ပျောသီးမုန့်၊ မုန့်ဆီကြော်၊ အကြော်စုံ စသည့်မုန့်မျိုးစုံ ကြော်လှော်ပြုလုပ်ကာ မိတ်ဆွေသင်္ဂဟများထံ ပေးပို့၍ စားသုံးစေပါ၏။ မြန်မာ့ကျေးလက်တွင် ဧည့်သည်လောက ဧည့်သည်ရှိသော အိမ်သို့ အိမ်နီးချင်းတို့က ဟင်းချက်၍ ပို့ပေးကြသော ဓလေ့ပင်ရှိ၏။

ဤအပြုအမူများသည် မြေခွေး၏ ယုတ်ညံ့သော အကျင့်အကြံထက် အလွန်အမင်း သာလွန်မြင့်မြတ်ရကား ထိုပုံပြင်ကို ပြဆို၍ လူငယ်တို့၏ ပေါင်းသင်းဆက်ဆံမှု စရိုက်ဓလေ့များကို ပြုပြင်နိုင်ကြပါ၏။ မြန်မာတို့၏ ကောင်းမြတ်သော ဓလေ့စရိုက်များကိုလည်း သင်ကြားပေးနိုင်ပါ၏။

**ပန်းမျိုးတစ်ရာစာပေ**

# ၂၃။ သစ်တောက်ငှက်နှင့် ခြင်္သေ့



တစ်ခါက ခြင်္သေ့တစ်ကောင်သည် မိမိရှာဖွေဖမ်းဆီး၍ရသော အမဲကို စားနေစဉ် လည်ချောင်းတွင် သားရိုးစူး၏။ ခြင်္သေ့သည် ထိုဝေဒနာကြောင့် ပြင်းပြစွာ နာကျင်လှသဖြင့် အစာဖြစ်သော

**ပန်းမျိုးတစ်ရာစာပေ**

သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်တို့ကို မဖမ်းဆီးနိုင်ဘဲ အင်အား ဆုတ်ယုတ်၍ သစ်ပင်တပင်အောက်၌ လဲလျက်နေ၏။

သစ်တောက်ငှက်တစ်ကောင်သည် အစာရှာဖွေရာမှ လှည့်လည် ပျံသန်းလာရာ ထိုခြင်္သေ့ကိုမြင်လျှင် သနားစိတ်ဖြင့် "အရှင် ခြင်္သေ့မင်း၊ အဘယ်မည်သောရောဂါဝေဒနာ စွဲကပ်၍ လျောင်းလျက် မအီမသာ နေပါသနည်း"ဟု မေး၏။ ခြင်္သေ့က "အဆွေသစ်တောက် ငှက်၊ ကျွန်ုပ်၏လည်ချောင်းကို သားရိုးစူးနေသောကြောင့် ဤကဲ့သို့ နေရပါသည်"ဟု ဖြစ်ပျက်သမျှသော အကြောင်းကို ပြောပြ၏။

သစ်တောင်ငှက်သည် ခြင်္သေ့ဆိုသောစကားကို ကြားသော် "အဆွေခြင်္သေ့မင်း၊ အသင်၏လည်ချောင်း၌ စူးဝင်နေသော အရိုးကို ကျွန်ုပ် နှုတ်ပေးပါ၏။ သို့သော်လည်း အသင်ခြင်္သေ့မင်း၏ ခံတွင်းသို့မဝင်ဝံ့ပါ။ ခြင်္သေ့မင်းသည် ကျွန်ုပ်ကို ဝါးစားချေသော် ကျွန်ုပ် သေရပါအံ့"ဟု ဆို၏။

ဤတွင် ခြင်္သေ့က "အဆွေသစ်တောက်ငှက်ကျွန်ုပ်အသက်ကို ကယ်ဆယ်ပါ။ သင့်ကို ကျွန်ုပ်မစားပါ"ဟု ဝန်ခံကတိပေးသဖြင့် သစ်တောက်ငှက်သည်လည်း "ကောင်းပါပြီ။ လျောင်းလျက်သာ နေပါတော့"ဟု ဆိုပြီး အရိုးကိုနှုတ်ရန် ပြင်၏။ ထိုနောက် သစ် တောက်ငှက်သည် "အဘယ်သူသည် သူတစ်ပါး၏ စိတ်နေစိတ်ထား အကြံအစည်ကို သိနိုင်မည်နည်း"ဟု မိမိစိတ်၌ အောက်မေ့၍ ခြင်္သေ့သည် ခံတွင်းကို မပိတ်နိုင်ရန် တုတ်တစ်ချောင်းဖြင့် အာခေါင်ကို ထောက်ထားပြီးမှ ခြင်္သေ့ခံတွင်းသို့ ဝင်၍ နှုတ်သီးဖြင့် အရိုးကို နှုတ်ယူလေ၏။ နှုတ်ယူရရှိ၍ ပြန်ထွက်လာသောအခါ ထိုတုတ်ကို

နွတ်သီးဖျားဖြင့် ပုတ်ချပြီးလျှင် သစ်ပင်ထက်၌နား၍ လိုရာအရပ်သို့ ပျံသွား၏။

တစ်နေ့သ၌ ထိုခြင်္သေ့သည် တောကျွဲတစ်ကောင်ကို စားနေခိုက်တွင် သစ်တောက်ငှက်နှင့် တွေ့၏။ သစ်တောက်ငှက်သည် ခြင်္သေ့၏ သဘောကို သိလို၍ "တရစ္ဆာန်တို့၏ဘုရင်ဖြစ်သော ခြင်္သေ့မင်း၊ အကျွန်ုပ်သည် ခြင်္သေ့အသက်ကို ကယ်ဆယ်ဖူးပါသည်။ အသက်ကယ်ဆယ်သည့်အတွက် ကျွန်ုပ်ခြင်္သေ့မင်းထံမှ တစ်စုံတစ်ခု ရသင့်ပါ၏"ဟု ဆို၏။

သစ်တောက်ငှက်ပြောသောစကားကို ခြင်္သေ့ကြားလျှင် "အလွန်တရာ ရောင့်ရဲနိုင်လှသော ငှက်၊ အသွေးကိုသောက်၍အသားကိုစားလေ့ရှိသော ငါ၏ခံတွင်းမှ အသက်နှင့်တကွ ချမ်းသာရာရသည်မှာ သင့်အတွက် အသက်ကယ်ခဟူ၍ သင်မှတ်လော့" ဟု ပြန်ပြော၏။

ထိုအခါ သစ်တောက်ငှက်သည် ဤလောက၌ သူတစ်ပါး၏ ပြုခဲ့ဖူးသည့် ကျေးဇူးအား မသိတတ်သောသူကို ကူညီစောင်မခြင်းသည် အချည်းအနှီးပင်ဖြစ်တော့သည်။ ထို့ကြောင့် ငါသည် အမျက်ဒေါသ မထွက်ဘဲ ကောင်းသောစိတ်ထားနှင့် ဤသူယုတ်မာကို ရှောင်ကြဉ်ရတော့မည်ဟု ကြံ၍ မိမိလိုရာအရပ်ဌာနသို့ ပျံသွားလေ၏။

**ကျေးဇူးကိုမူ၊ အရေးယူ**
**သိသူရှားလှသည်။**
**ကျေးဇူးကန်းခဲ့၊ တရားမဲ့**
**ကဲ့ရဲ့လူတို့ပြည်။**

**ပန်းမျိုးတစ်ရာစာပေ**

သစ်တောက်ငှက်နှင့် ခြင်္သေ့ပုံပြင်သည် ကျေးဇူးမသိတတ်သော သူ၏ အကြောင်းကို ပြဆိုသော ပုံပြင်ဖြစ်၏။ တစ်နည်းဆိုရသော် ကျေးဇူးသိတတ်ရန် ဆိုဆုံးမသော ပုံပြင်လည်းဖြစ်၏။ မြန်မာတို့တွင် တစ်လုတ်စားဖူး သူ့ကျေးဇူးဟူသော စကားရှိ၏။ သူ့ထံမှ တစ်လုတ် စားဖူးရုံမျှဖြင့် ကျေးဇူးသည်ရှိ၏။ ထို့ကြောင့် မိဘတို့၏ ကျေးဇူးကား ဆပ်၍ကုန်နိုင်ဖွယ်မရှိ။ မြတ်စွာဘုရားသော်မှပင် မိခင်၏ကျေးဇူး နို့တစ်လုံးဖိုးသာ ကျေသည်ဟု ဆို၏။

ဤပုံပြင်တွင် သစ်တောက်ငှက်သည် ခြင်္သေ့အား အသက်သေ လောက်သည့် ဝေဒနာမှ ကယ်တင်ခဲ့၏ သို့သော် နောင်ကာလတွင် ခြင်္သေ့သည် ကျေးဇူးတရားကို မသိတတ်ဘဲ ကျေးဇူးရှင်အား ခြိမ်း ခြောက်ပြောဆိုမှုပင် ပြု၏။ ထိုသို့ ကျေးဇူးမသိတတ်သူနှင့် အတူနေရခြင်းသည် အန္တရာယ်ရှိ၏။ ကျေးဇူးမသိတတ်သူသည် ယုတ်ညံ့သူဖြစ်သောကြောင့် ထိုသူကို ရှောင်ရှားရန် လို၏။

လူ့လောက အဖွဲ့အစည်းသည် ကျေးဇူးတရားတို့ဖြင့် ဖွဲ့စည်း ထားခြင်းဖြစ်သည်။ ကျေးဇူးတရားသည် အလွန်မှ အရေးကြီး၏။ လူ့အဖွဲ့အစည်းသည် တစ်ဦးတစ်ယောက်တည်းနေ၍ ရသော အဖွဲ့အစည်းမဟုတ်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ကူညီ၍ ကျေးဇူးတရားများနှင့် ဖွဲ့စည်းထား၏။

အထူးသဖြင့် မြန်မာ့လူ့အဖွဲ့အစည်းသည် ကျေးဇူးတရားများအား ကွန်ရက်သလို အပြန်အလှန်ရက်၍ ဖွဲ့စည်းထားသော အဖွဲ့အစည်းဟု

ဆိုပါက မမှားပါ။ မြန်မာတို့သည် လယ်ယာကုန်ထုတ်လုပ်သော တောင်သူလယ်သမားကြီးများအား ကျေးဇူးရှင်ကြီးများဟု ခေါ်ကြ၏။ မြန်မာလယ်ယာလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေကြသော နွားများကိုပင် ကျေးဇူးရှိသူများအဖြစ် အသိအမှတ်ပြုထားကြ၏။

တစ်ကြိမ်တစ်ခါ အရိပ်ခိုဖူးလျှင် ထိုအပင်မှ အကိုင်းကို မချိုးတော့ အရိပ်လည်းခို အကိုင်းလည်း ချိုးသူတို့အား အရိပ်နေနေ အခက်ချိုး ချိုးဟု ဆိုကာ ကျေးဇူးမသိတတ်သူများအဖြစ် ရှောင်ရှားကြ၏။ တစ်ဖန် သားရေ၌အိပ်ပြီး သားရေးအနားကိုစားသော ခွေးအား သားရေပေါ် အိပ် သားရေးနားစားသည်ဟု ဆိုကာ ပြစ်တင်ရှုတ်ချ၍ ထိုသို့သော အကျင့်ရှိသူတို့အား ဝိုင်းပယ်တတ်ကြ၏။

လူကြီးမိဘတို့သည် သစ်တောက်ငှက်နှင့် ခြသေ့်မင်း၏ ဒေါင်း ဖတ်စာပုံပြင်ကို မိမိတို့ရင်သွေးများအား ကြိမ်ဖန်များစွာ ပြောပြပြီး ငယ်စဉ်မှစ၍ လူငယ်ရင်သွေးတို့၏ နှလုံးသားတွင်လည်းကောင်း၊ အသည်းတွင်လည်းကောင်း ကျေးဇူးသိတတ်ရန် လိုအပ်ကြောင်း အသိတရားကို ပျိုးထောင်ပေးကြရမည် ဖြစ်ပါ၏။

တစ်ဆက်တည်းမှာပင် ဤနိုင်ငံ၌မွေး၊ ဤနိုင်ငံ၌ကြီးပြင်လာသူ တို့သည် နိုင်ငံအပေါ်၊ အမျိုးသားအပေါ် ကျေးဇူးတရားကို သိတတ်ကြ မည် ဖြစ်၏။ မိမိ၏ ယဉ်ကျေးမှု၊ မိမိ၏ အနုပညာ၊ မိမိတို့၏ ရိုးရာအစဉ်အလာများကို ချစ်မြတ်နိုးသော၊ ကျေးဇူးသိတတ်သော နိုင်ငံသားတစ်ယောက် ဖြစ်စေရန် ပျိုးထောင်ကြရမည် ဖြစ်ပါ၏။

**ပန်းမျိုးတစ်ရာစာပေ**

မိမိဘဝတစ်လျှောက်တွင် ဘယ်သောအခါမှ ခြသေ့်ကဲ့သို့ ကျေးဇူး မသိတတ်သောသူ ဖြစ်မလာစေရန်လည်း လူငယ်များအား ဘဝ အသိပေးကာ ဘဝရှေ့ရေးအတွက် ခြသေ့်နှင့် သစ်တောက်ငှက် ဒေါင်းဖတ်စာပုံပြင်ကို ပြောပြ၍ ဆိုဆုံးမနိုင်ပါ၏။

## ၂၄။ လေထဲ၌ တိုက်အိမ်ဆောက်ခြင်း

တစ်ခါက လုလင်ပျိုတစ်ယောက်သည် သေလွန်သူ မိဘနှစ်ပါး၏ အမွေအနှစ်ဖြစ်သော ငွေကျပ်ဒင်္ဂါးနှစ်ဆယ်ကို လက်ဝယ်ရရှိသောအခါ ဤမျှလောက်ဥစ္စာကို မည်သည့်အခါကမျှ မရဖူးသည်နှင့် ဥစ္စာ အမြောက်အမြား ရရှိသကဲ့သို့ ထင်မှတ်၏။ ဤသို့ ထင်မှတ်ပြီးလျှင် ထိုငွေကို အရင်းပြု၍ ဖောက်ကားရောင်းဝယ်ခြင်းဖြင့် စီးပွားဖြစ်ထွန်း မြတ်စွန်းက မကြာမီအတွင်း သူဌေးကြီးအဖြစ်ကို ရလတ္တံ့ဟု အထင်ရောက်သည့်အတိုင်း ဖန်ဘူးဖန်ခွက်များကို ငွေဒင်္ဂါးနှစ်ဆယ်ဖိုး ဝယ်၍ တောင်းတစ်လုံး၌ထည့်လျှက် ဖန်ဆိုင် တည်ခင်းရောင်းချ၏။

**ပန်းမျိုးတစ်ရာစာပေ**

ထိုလုလင်သည် ဖန်ဆိုင်ထက်၌ ထရံကိုမှီပြီးလျှင် ဝယ်သူများကို စောင့်စားမျှော်လင့်လျှက် နေ့စဉ် စိတ်ကူးကြံစည်မိသည်ကား ဤ တောင်း၌ရှိသော ဖန်ဘူးဖန်ခွက်တို့ကို ရောင်းချရက ငွေ ၄၀ ဖြစ်လတ္တံ့။ ထိုငွေ ၄၀ ဖြင့် ပြန်လှန်ရင်းနှီးရောင်းချပါလျှင် ငွေ ၈၀ ရလတ္တံ့။ ငွေ ၈၀ နှင့် တစ်ဖန် ပြန်လှန်ရောင်းဝယ်၍ ရက်လ ကြာသည့် ကာလ၌ ငွေ ၅၀၀ က ၁၀၀၀ အထိရလတ္တံ့။ ငွေ ၁၀၀၀ ရရှိသော အခါ ဤဖန်ဆိုင်မျိုးကို မရောင်းချတော့ဘဲ ရုပ်သိမ်းလိုက်ပြီးလျှင် စိန် ကျောက် ပုလဲ စသည်တို့ကို ရောင်းချရန် ရွှေဆိုင် ငွေဆိုင် တည်ထောင်ဖွင့်လှစ်မည်။

ဤကဲ့သို့ ရွှေဆိုင်တည်မိသဖြင့် စီးပွားဥစ္စာ ချမ်းသာကြွယ်ဝသည့် ကာလ မြေတစ်ကွက်ကို ဝယ်၍ တင့်တယ်ကောင်းမွန်ပြီး အလွန် အံ့ဩဖွယ်ကောင်းသည့် တိုက်ကြီးတစ်လုံးကို ဆောက်လုပ်ပြီးလျှင် ရထား၊ ဆင်၊ မြင်း၊ သင်းပင်းကျေးကျွန် ခြွေရံအပေါင်းတို့နှင့် ခမ်းနားကြီးကျယ်စွာ နေထိုင်မည်။ ထိုအခါ၊ သူငယ်ချင်းမိတ်ဆွေ အပေါင်းတို့ကို မကြာ မကြာ ဖိတ်ကြား၍ ဧည့်ခံကျွေးမွေးပြီး ၎င်းတို့ပါ ရွှင်လန်းပျော်ပါးစေခြင်းငှာ ပွဲလမ်းသဘင် ကျင်းပပြုသမည်။ ဤသို့ ပြုလုပ်သည်ရှိသော် မြေပေါ် လောကဓာတ်အားလုံး၌ ငါ၏သတင်းသည် ကျော်စောထင်ရှား နှံ့ပြားလိမ့်မည်။

ဤကဲ့သို့ ထင်ပေါ်ကျော်စောသော်လည်း ငါ၏လိုအင်ဆန္ဒ တောင့်တခြင်း ပြည့်စုံပြီးမဟုတ်သေး။ ကြေးငွေဥစ္စာ ချမ်းသာစည်းစိမ် တိုးပွားအောင် ကြံဆောင်ပြုလုပ်၍ ငွေပေါင်းကုဋေ စုဆောင်း

မိသည့်ကာလ မင်းညီမင်းသားတို့နှင့် ဂုဏ်သရေ တူမျှလိမ့်မည်။ ဤကဲ့သို့ ဂုဏ်သရေကိုရရှိသည့်ကာလ ဘုရင်မင်းမြတ်၏ သမီးတော်နှင့် လက်ထပ်ရန် တင်လျှာတစ်စောင်ကို ရေးသားဆက်သွင်းလိုက်မည်။ ယင်းသို့ တင်လျှာဆက်သွင်းသည်ကို ပြည့်ရှင်မင်းက သဘောမတူခဲ့ပါလျှင် သမီးတော်ကို အဖော်ကာလသားတို့၏ အကူအညီဖြင့် ခိုးယူ၍ ခမ်းနားကြီးကျယ် တင့်တယ်စွာထားပြီးမှ ရွှေကုန်းနှီးတင်သော မြင်းကောင်း ရတနာကြီးကိုစီး၍ နောက်ပါ အခြွေအရံတို့နှင့်တကွ နန်းတော်သို့ ဝင်တော့မည်။ ထိုအခါ ဗိုလ်ပါမျူးမတ် ပရိသတ်အပေါင်းတို့သည် ငါဝင်လာသည်ကို မြင်ကြလျှင် ခရီးဦးကြိုဆို၍ အရိုအသေပြုကြလိမ့်မည်။

ထိုအခါ မျူးမတ်ဗိုလ်ပါတို့ ညီလာခံ အစုံအလင်တွင် ထွက်စံလျက်ရှိသော ယောက္ခမဖြစ်သူ ဘုရင်မင်းမြတ်အား ရွှေနှစ်အိတ်ဆက်သ၍ အိမ်သို့ ပြန်လာခဲ့မည်။ အိမ်သို့ရောက်သည့်ကာလ မယားဖြစ်သူ မင်းသမီးသည် ငါ့ကို အသက်ထက်ဆုံး ကျိုးနွံရိုသေလေအောင် လက်ဦးအစ ပထမပြု၍ ဆုံးမသွန်သင်ခြင်းငှာ သို့ကို မမြင်ဟန်ဆောင်၍ ကြီးစွာသောဣန္ဒြေနှင့် ထိုင်နေမည်။ ထိုအခါ မယားဖြစ်သူသည် လာ၍ ငါသောက်ရန် အဖျော်ရည် စသည်တို့ကို ပေးကမ်းရာ မလှမ်းမယူ နေမည့်ပြင် အဖျော်ခွက်ကိုပင် ခြေနှင့်ကန်လိုက်မည်ဟု တသီတတန်းကြီး စိတ်ကူးယဉ်ကြံစည်မိသည့်အတိုင်း သတိလစ်၍ တကယ်ကန်လိုက်ရာ ဖန်ခွက်တောင်းကို ကန်မိ၍ ဖန်ခွက်တစ်တောင်းလုံး ကွဲလေ၏။

**ပန်းမျိုးတစ်ရာစာပေ**

**ဤကဲ့သို့ မဖြစ်မြောက်နိုင်သော အရာများကို အခြေအမြစ်မရှိဘဲ ကြံစည်စိတ်ကူးခြင်းကို 'လေထဲ၌ တိုက်အိမ်ဆောက်သည်' ဟူ၍ စကားပုံ ဆိုထုံးပြုကြသည်။**

**ပြည့်စုံစေရန်၊ ကြောင်းတန်တန်**
**ဝေဖန်စိတ်ကူးပါ။**
**စိတ်ထဲပြည်စုံ၊ ခံစားပုံ**
**အာရုံမထားရာ။**

လေထဲတွင် တိုက်အမ်ဆောက်သော လုလင်ပျို၏ အဖြစ်မှာ ရယ်ဖွယ်ရာဖြစ်၏။ ထို့ကြောင့် မိမိ၏ရင်မှမွေးသော ရင်သွေးငယ်သည် ထိုလုလင်ပျိုကဲ့သို့ ရယ်ဖွယ်ရာမဖြစ်စေရန် ဤပုံပြင်လေးကိုလည်း အိပ်ရာဝင်ပုံပြင်အဖြစ် ပြောဆိုထားသင့်ပါ၏။

စိတ်ကူးစတ်သန်းသည် လိုအပ်လှပါ၏။ သို့သော် ထိုစိတ်ကူး အားလုံးသည် လက်တွေ့ဘဝတွင် ဖြစ်နိုင်သော စိတ်ကူးမျိုးသာ ဖြစ်သင့်၏။ လက်တွေ့မပါသော စိတ်ကူးယဉ်မှု အားလုံးသည် အချိန်ဖြုန်းခြင်းသာလျှင် ဖြစ်၏။ မည်သည့်စိတ်ကူးစိတ်သန်းမဆို တစ်ဆင့်ပြီးတစ်ဆင့် လက်တွေ့ဘဝတွင် ဖြစ်နိုင်သည်တို့မှ စတင်ကြ ရမည်ဖြစ်၏။

တစ်ဖန် စိတ်ကူးစိတ်သန်းများအပေါ် အာရုံမထားရေးသည်လည်း အရေးကြီးသော ကိစ္စတစ်ရပ်ဖြစ်၏။ စိတ်ကူးအပေါ် အာရုံထား ခံစားမိပါက စိတ်ကူးယဉ်သောဘဝသို့ ရောက်သွားနိုင်ပါ၏။ စိတ်ကူး

ယဉ်ခြင်းသည် လက်တွေ့ဘဝနှင့် ကင်းကွာမှုဖြစ်၍ အကျိုးကျေးဇူး မရှိသော အရာဖြစ်၏။

တစ်ခါက လူငယ်တစ်ယောက်သည် စဉ်းစားဟန်ပြု၍နေရာ ဤသူငယ်သည် ပညာရှိဖြစ်မည့်သူတည်းဟု ယောက္ခမလောင်း ဖြစ်သူက သမီးနှင့်ပေးစားခဲ့၏။ ထိုသို့ပေးစားပြီး နောက်တစ်နှစ် နေလည်း စဉ်းစား၊ နှစ်နှစ်နေလည်း စဉ်းစားနှင့် စဉ်းစားချည်းနေရာမှ ယောက္ခမဖြစ်သူက သမက်အား "ဘာတွေများစဉ်းစားနေပါသလဲ"ဟု မေးသောအခါ သမက်က "မုတ်ဆိတ်မွေးနှင့် ဆံပင်မွေး ဆက်နေသလားလို့ စဉ်းစားနေတာပါ"ဟု ဖြေ၏။

ထို့ကြောင့် ထိုကဲ့သို့ တော်စဉ်ရေမရ စဉ်းစားမှုမျိုးမဟုတ်ဘဲ အကျိုးနှင့်အကြောင်းနှင့် စဉ်းစားတတ်နိုင်ရန် ငယ်စဉ်မှစ၍ ပျိုးထောင်ပေးရမည်ဖြစ်၏။

ငယ်စဉ်က 'သစ်ကိုင်းသစ်ကိုင်း၊ ဘာကြောင့်ကိုင်း၊ ဗျိုင်းနားလို့ကိုင်း'ဟု ဆိုကာ အော်ကြီးဟစ်ကျယ်ဆိုကြ၏။ သစ်ကိုင်းသစ်ကိုင်း ဘာ့ကြောင့်ကိုင်းဟူသော စကားများသည် ငယ်စဉ်မှစ၍ မြန်မာတို့က အဆင့်ဆင့်တွေးခေါ် မြော်မြင်တတ်စေရန် သင်ကြားခြင်းဖြစ်၏။ သစ်ကိုင်းသစ်ကိုင်း ဘာ့ကြောင့်ကိုင်းသည် ကလေးသူငယ်တို့အား မြန်မာဒဿနကို စတင်သင်ကြားခြင်းဖြစ်၏။

> သစ်ကိုင်း သစ်ကိုင်း ဘာ့ကြောင့်ကိုင်း
> ဗျိုင်းနားလို့ကိုင်း
> ဗျိုင်း ဗျိုင်း ဘာလို့နား

**ပန်းမျိုးတစ်ရာစာပေ**

ငါးပေါ်လို့နား
ငါး ငါး ဘာလို့ပေါ်
ကျွဲလူးလို့ပေါ်
ကျွဲ ကျွဲ ဘာလို့လူး
ဖြုတ်ကိုက်လို့လူး
ဖြုတ် ဖြုတ် ဘာလို့ကိုက်
မိုးရွာလို့ကိုက်
မိုး မိုး ဘာလို့ရွာ
ဖားအော်လို့ရွာ
ဖား ဖား ဘာလို့အော်
မြွေကိုက်လို့အော်
မြွေ မြွေ ဘာလို့ကိုက်
ငါ့ဝမ်းမှာ အစာမရှိလို့ကိုက်။

ဤစကားရပ်များသည် အဆင့်ဆင့် အကျိုးနှင့်အကြောင်းနှင့် သင်ကြားမှုကို ပြဆို၏။ လောက၌ ခွန်အားရှိမှုသည် အရေးကြီးကြောင်းကို ပြဆို၏။ လူ့ဘဝတွင် အင်အားရှိပါက ဗိုလ်ကျလွှမ်းမိုးတတ်သည်ကို ပြဆို၏။

အယူတော်မင်္ဂလာဦးနိုးသည် အကျိုးအကြောင်း ဆက်စပ်တွေးတောမှုတွင် မြန်မာ့ဒဿန၏ ဖခင်ကြီးဖြစ်ပါ၏။

ထို့ကြောင့် မိဘများသည် မိမိတို့၏ ရင်သွေးငယ်အား ဒေါင်းဖတ်စာထဲမှ စိတ်ကူးယဉ်သော လုလင်ပျိုကဲ့သို့ မဖြစ်စေရန် ဤပုံလေး

အား ပြောဆို၍ ကြိုတင် အသိပေးထားရန် လိုအပ်ပါ၏။ ထိုသို့ အသိပေးရုံသာမက ဆက်စပ်တွေးခေါ်မှု၊ စိတ်ကူးနှင့် လက်တွေ့ ဆက်စပ်မှုတို့ကိုပါ အသိပေးသင်ကြားပြီး မြန်မာလူငယ်တို့ အား လေထဲတွင် တိုက်အိမ်ဆောက်သူများ မဟုတ်ဘဲ တကယ့်မြေပေါ်တွင် တိုက်အိမ်ဆောက်ရေးအတွက် စိတ်ကူးစိတ်သန်းရှိသူများ ဖြစ်အောင် ဒေါင်းဖတ်စာမှ သင်ခန်းစာများကို ထုတ်နှုတ်၍ ပြုစုပျိုးထောင်ရန် လိုအပ်ပါ၏။

# ၂၅။ နှုတ်မစောင့်စည်းသောမြည်း

ရှေးသရောအခါ ဗာရာဏသီပြည်သား ကုန်သည်တစ်ဦးသည် ကုန်စည်အထုပ်အပိုးတို့ကို မြည်းတစ်ကောင်၏ ကျောကုန်းထက်၌ တင်၍ တစ်ရပ်မှ တစ်ရပ်သို့ လှည့်လည်သွားလာလျက် ရောင်းချလေ့ရှိ၏။ ဤကဲ့သို့ လှည့်လည်သွားရာ ရွာသို့ ဆိုက်ရောက်တိုင်း မိမိက ထမင်းဟင်းချက်ပြုတ် စားသောက်နေခိုက် မြည်းကို ခြသေ့်သားရေဖြင့် လွှမ်းခြုံလျက် မုယောလယ်ပြင်သို့ လွှတ်၍ မုယောစပါးကို စားလေ့ရှိ၏။ တစ်နေ့သ၌ ထိုကုန်သည်သည် ရွာတစ်ရွာ၏ တံခါးပေါက်ဝ၌ ခေတ္တရပ်တန့် ဆိုင်းငံ့နေ၏။

ထိုသို့ ဆိုင်းငံ့သည့်အခိုက် ကုန်သည်သည် မိမိမြည်း၏ကျောကုန်းထက်မှ အထုပ်အပိုးတို့ကို မြေပေါ်၌ ချထား၍ မြည်းကို ခြသေ့်သားရေဖြင့် ဖုံးလွှမ်းခြုံအုပ်ပြီးလျှင် စပါးလယ်ပြင်သို့ လွှတ်လိုက်၏။

**ပန်းမျိုးတစ်ရာစာပေ**

ထိုမြည်းကို လယ်စောင့်သမားတို့မြင်လျှင် ခြင်္သေ့အစစ်ဟု ထင်မှတ်ကြသဖြင့် မချဉ်းကပ်ဝံ့ဘဲ ရွာထဲသို့ဝင်၍ တစ်အိမ်မှတစ်အိမ်သို့ လှည့်လည်သွားလာကြပြီး ခြင်္သေ့တစ်ကောင် လယ်ပြင်သို့ဝင်၍ စပါးနှံများကို စားသောက်ဖျက်ဆီးသည်ဟု ပြောဆိုကြ၏။

ရွာသားတို့သည် ထိုစကားကိုကြားသော် အုတ်ခဲ တုတ်ခဲစသော လက်နက်တို့ကို ကိုယ်စီကိုယ်ငှ ကိုင်စွဲလျက် ခြင်္သေ့ကို သတ်ဖြတ်ရန် လယ်စောင့်သမားတို့နှင့်အတူ လိုက်သွားကြ၏။ ရွာသားတို့သည် ခြင်္သေ့သားရေ ဝတ်ဆင်လျက်ရှိသော မြည်းကို အဝေးကမြင်ကြသော် တစ်တောလုံး ပွဲ့တင် ဟည်းလောက်အောင် တုတ် လက်နက်တို့ဖြင့် အနီးနားရှိ ချုံပုတ် သစ်ပင်တို့ကို ရိုက်နှက်ခြောက်လှန့်ကြ၏။

မြည်းသည်လည်း သေဘေးကိုမြင်သောအခါ ထိတ်လန့်တုန်လှုပ်၍ မြည်းတို့အသံဖြင့် အော်၏။ ထိုအခါ ဉာဏ်ပညာအဆင်အခြင်နှင့်ပြည့်စုံသော လူတစ်ယောက်က “အို အချင်းတို့ ဤခြင်္သေ့သည် ခြင်္သေ့အစစ်မဟုတ်။ ခြင်္သေ့သားရေကို ဝတ်ဆင်ထားသော မြည်းယုတ်မာတည်း။ တုတ်လက်နက်တို့ဖြင့် လိုက်၍ ပစ်ခတ်ရိုက်ကြကုန်လော့”ဟု ဆိုသောအခါ လူအပေါင်းတို့သည် မြည်းကို အတင်းလိုက်ပြီးလျှင် မိမိတို့ကိုင်စွဲလျက်ရှိသော လက်နက်တို့ဖြင့် ရိုက်နှက်သတ်ကြ၏။ ကုန်သည်လည်း မိမိမြည်းကို ရှာဖွေသောအခါ အသက်နှင့်တကွသော မြည်းကိုမတွေ့။ မြည်းသေကိုသာတွေ့၍ ငါ့မြည်းလည်း ခြင်္သေ့သားရေကို ဝတ်ဆင်လျက် စိမ်းဖတ်နုနယ်သော စပါးနှံတို့ကို စားသောက်နေသည်မှာ ကာလ

အတော်ကြာမြင့်ပြီ။ ယခု မိမိနှုတ်မစောင့်စည်းဘဲ အသံမပြု သင့်သောနေရာ ပြုမိချေသောကြောင့် အသက်သေရလေသည်ဟု ညည်းညူပြီး တစ်ယောက်တည်း ထွက်ခွာသွားရ၏။

နှုတ်မစောင့်သော မြည်းပုံပြင်သည်လည်း လူငယ်တို့ သိထားရန် လိုအပ်သော ပုံပြင်တစ်ခု ဖြစ်၏။ ဤပုံပြင်မှ သင်ခန်းစာနှစ်ခု ယူအပ်၏။ တစ်ခုမှာ အယောင်ဆောင်မှုသည် မကောင်း၊ တစ်နေ့တွင် မုချပေါ် ပေါက်သည်ဟူသော အချက်နှင့် နောက်တစ်ချက်မှာ နှုတ်စောင့် စည်းမှုသည် လိုအပ်သည်။ မြည်းသည် နှုတ်မစောင့်စည်းသောကြောင့် အသက်ပင်ဆုံးရှုံးခဲ့ရသည်ဟူသော အချက်တို့ ဖြစ်ပါ၏။

ကုန်သည်အမျိုးသားသည် သူတစ်ပါး စိုက်ပျိုးထားသသော စပါးနှံ များကို မိမိမြည်းအား အယောင်အဆောင်၍ စားစေ၏။ ထိုသို့သော စားသုံးမှုကြောင့် မြည်းတစ်ကောင်လုံး ဆုံးရှုံးရသောဘဝသို့ ရောက်ရ သည်ဟူသော သင်ခန်းစာကိုလည်း ဤပုံပြင်မှ ပေးအပ်ထားပါ၏။

မြန်မာစကားတွင် စကား စကား ပြောပါများ စကားထဲက ဇာတိပြဟုဆိုသော ဆိုရိုးရှိ၏။ စကားသည် လိုအပ်သည်ထက်ပို၍ ပြောအပ်သောအရာ မဟုတ်။ မလိုအပ်သော စကားများကို မပြောအပ်။ လိုအပ်ပါက စကားကို မိုးကြီးရွာသကဲ့သို့ ပြောနိုင်ပါ၏။

မိဘတို့သည် ပုံပြင်များကို ရင်သွေးတို့အား ပြောဆိုရာတွင် ဇာတ်လမ်းပုံပြင်သက်သက်သာ မဟုတ်ဘဲ သင်ခန်းစာများကိုပါ ထည့်၍ အသိပေးသွားရန် လိုအပ်၏။

အတန်းထဲတွင် စကားများသော ကျောင်းသားတို့သည် ဆရာ သမားတို့၏ သင်ကြားပြောဆိုမှုကို မသိလိုက် မမှတ်လိုက်ရဘဲ

ဖြစ်တတ်၏။ စာကျက်ချိန်တွင် မောင်နှမများ စု၍ စကားပြောနေပါက အချိန်ဖြုန်းရာရောက်ကြောင်းများကို ပုံပြင်ကပေးသော သင်ခန်းစာနှင့် နှိုးနွယ်၍ ပြောဆိုဆုံးမသင့်ပါ၏။


လူငယ်များအား မိမိရင်ခွင်ထဲ၌ ရှိနေချိန်တွင် ဆိုဆုံးမမှုသည် အလွယ်ကူဆုံးဖြစ်၏။ ကြီးလာမှ ဆုံးမပြောဆိုပါက နားမဝင်နိုင်ဘဲ ရှိတတ်၏။ အသက်ခြောက်နှစ်မှ အသက် ၁၂ နှစ်လောက်အထိသော အရွယ်သည် ပုံပြော၍ ဆုံးမရန် မကောင်းဆုံးအရွယ်လည်းဖြစ်၏။ မိမိပုံသွင်းလျှင် ပုံသွင်းသလို ရရှိသော အရွယ်လည်း ဖြစ်၏။ ထိုအရွယ်တွင် ကလေးများသည် ပုံပြင်များကို အလွန် နားထောင်ချင်သောအရွယ်လည်းဖြစ်၏။ ထိုအရွယ်၌ စနစ်တကျ ပြောဆို ပြုပြင်ပါက တစ်သက်လုံး လုံလောက်သော ဆိုဆုံးမမှုများကို ရရှိနိုင်ပါ၏။

ထို့ကြောင့် မိဘတိုင်းသည် အရေးကြီးသော မိဘဝတ္တရားတစ်ရပ် အနေဖြင့် ကလေးများအား ပုံပြောပြကြရမည်ဖြစ်၏။ ပုခက်လွှဲသော လက်သည် နိုင်ငံကို အုပ်စိုးနိုင်သည်ဟု ဆိုရာတွင် လက်မှ ပုခက် လွှဲနေရုံသက်သက်ဖြင့် မရ။ ပါးစပ်မှလည်း ပုံပြော၍ တေးဆိုရန် လိုသည်ကို အထူးသတိပြုကြရမည် ဖြစ်ပါသည်။

**ပန်းမျိုးတစ်ရာစာပေ**

# ၂၆။ ဘုရင်တစ်ပါးနှင့် တံငါသည်

ရှေးသရောအခါ ပြည့်ရှင်မင်း တစ်ပါးသည် မိမိသက်တော်
ခြောက်ဆယ်ပြည့်သောနေ့၌ ပြည်ထောင်ချင်းချင်း ထီးဆောင်းမင်း



များကို ဖိတ်ကြား၍ ကြီးကျယ်ခမ်းနားစွာ ပျော်ပွဲသဘင် ကျင်းပတော်မူ
၏။ ထိုမင်းအပေါင်းတို့ ပွဲတော်တည်ရန် အမျိုးမျိုးသော အမဲဟင်းလျာ၊

ပန်းမျိုးတစ်ရာစာပေ

အချိုအချဉ်တို့ စုံလင်ပြောသော်လည်း တစ်ညဉ့်ပတ်လုံး လေမုန်တိုင်းပြင်းထန်စွာ တိုက်ခတ်ခြင်းကြောင့် ပင်လယ်၌ လှိုင်းတံပိုးတို့ထသဖြင့် တံငါသည်များသည် ငါမရနိုင်သည့်အတွက် ထိုမင်းအဖို့ စားတော်ပွဲ၌ ငါးဟင်းလျာတစ်မည် လိုလျက်ရှိသည်။ ပြည့်ရှင်မင်းလည်း ထိုအတွက် နှလုံးမသာမယာ ရှိတော်မူ၏။

ထိုသို့ မသာယာသောစိတ်ဖြင့် ငါးကိုသာ တောင့်တလျက်နေစဉ် ဘုရင်မင်းမြတ်သည် ခပ်လှမ်းလှမ်း၌ ငါးထမ်း၍ ဝင်လာသော တံငါသည်တစ်ယောက်ကို မြင်လျှင် ရွှင်လန်းဝမ်းမြောက်လှသဖြင့် မင်းချင်းတစ်ယောက်စေ၍ တံငါသည်အား ရှေ့တော်သို့ အမြန်ဝင်စေ၏။

တံငါသည်သည် ရှေ့တော်၌ ခစားမိသောအခါ ပြည့်ရှင်မင်းက "အချင်းတံငါသည် တော်ပေစွ။ ငါ၏မင်းပွဲ၌ အမဲမျိုးစုံလျက် အေဟုန်ပြင်သဖြင့် ငါးဟင်းလျာမဲ့လျက်ရှိခဲ့သည်။ သို့ဖြစ်သောကြောင့် သင့်ငါးဖိုး လိုသလောက်ကိုငါ့အား တင်လျှောက်လော့"ဟု ဝမ်းမြော်ကရွှင်လန်းစွာ မိန့်တော်မူ၏။

တံငါသည်လည်း "အရှင်မင်းကြီး၊ ကျွန်တော်မျိုးသည် လေပြင်းမုန်တိုင်း ပင်လင်လှိုင်းကို မကြောက်အရွံ့ဘဲ အားခဲ ကွန်ပစ်၍ မိသော ဤငါးတစ်ကောင်၏ အဖိုးအဖြစ် ရွှေ ငွေ ဥစ္စာကျေးရွာတို့ကို မလိုပါ။ ကျွန်တော်မျိုး၏ ကျောပြင်ဝယ် ငါးဆယ်သော ကြိမ်ဒဏ်ချက်ကို ငါးအဖိုးအတွက် ပေးတော်မူပါ"ဟု ရဲဝံ့စွာ လျှောက်ထား၏။ ဘုရင်မင်းမြတ်လည်း "အချင်းတံငါသည်၊ ပြန်၍တင်လျှောက်ဦးလော့"ဟု မိန့်တော်မူပြန်၏။ တံငါသည်လည်း ရှေးနည်းတူ သုံး

ကြိမ်စေအောင် တင်လျှောက်လေသဖြင့် ငါးကို အလိုရှိလှသောကြောင့် များစွာအံ့ဩလျက်ပင် တံငါသည်အား ဖြည်းညင်းသော ကြိမ်ဒဏ် အချက် ငါးဆယ်ဖြင့် ငါးဖိုးပေးစေဟု အမိန့်ချတော်မူ၏။

မင်းတို့သည် မကြုံစဖူး ဤလူထူးကို ရှူးသည်ဟု ဆိုရမည် လည်းအခက်၊ ငါးဖိုးအတွက် အချက်ငါးဆယ်သော ကြိမ်ဒဏ်ကို တောင်းသဖြင့် လူကောင်းဟုလည်း မဆိုသာဟု အချင်းချင်းပြောဆို ရယ်မောကြလျက် တံငါသည်ကို ဖြည်းညင်းစွာ ရိုက်ကြ၏။ ထိုသို့ ရိုက်နှက်၍ နှစ်ဆယ့်ငါးချက်စေသောအခါ တံငါသည်က "ရပ်ပါဦး၊ ရပ်ပါဦး။ ကျွန်တော့၌ ကုန်ဖက်တစ်ယောက် ရှိပါသေးသည်။ ငါးဖိုး၏ထက်ဝက်ကို ကျွန်တော်၏ကုန်ဖက်လည်း ဆိုင်ပေသော ကြောင့် ကြွင်းသည့် အချက်အစိတ်ကို ထိုသူ့အားပေးလော့"ဟု ဆို၏။ ထိုစကားကိုကြားလျှင် မင်းချင်းတို့က အဖွယ်မရာ ဤကမ္ဘာ၌ သင် ကဲ့သို့ မိုက်မဲသောသူကား တစ်ယောက်သာ ရှိပေလိမ့်မည်ဟု ငါတို့ ထင်မှတ်မိသည်။ သင့်မှာသော်ကား အဖော်ကုန်ဖက်ပင် ရှိချေသေး၏ တကားဟု အံ့ဩရယ်မောကြလျက် ထိုအကြောင်းကို မင်းကြီးအား တင်လျှောက်ကြ၏။

မင်းကြီးလည်း "အချင်းတံငါသည်၊ သင့်မှာ ကုန်ဖက်ပင် ရှိချေသေးသည်တကား။ သင်၏ကုန်ဖက်ကား အသူနည်း။ ဘယ်ကဲ့သို့ စပ်ခဲ့သနည်း။ မခြွင်းမချန်ဘဲ ငါ့အား တင်လျှောက်လော့"ဟု မိန့်ဆို၏။ ထိုအခါ တံငါသည်က "အရှင်မင်းကြီး၊ အရှင်မင်းကြီး၏ စားတော်ပွဲ၌ အမဲမျိုးစုံပါလျက် ငါးတစ်မည် လိုနေသဖြင့် ထိုငါးကို ကိုယ်တိုင်ဝင်ရောက် သက်ဆလိုသောကြောင့် တံခါးမှူးထံ အကြိမ်ကြိမ်

ခွင့်တောင်းရာ တံခါးမှူးက ကျွန်တော်မျိုးသည် ငါးဖိုးအတွက် ဆုလာဒ်များစွာရမည်ဖြစ်၍ ငါးဖိုး၏ ထက်ဝက်ကို သူ့အားပေးမည်ဟု ကတိထားမှ ခွင့်ပြုမည်ဆိုသည်ကို ကျွန်တော်မျိုး ကတိထားခဲ့ပါသည်။ ထို့ကြောင့် အရှင်ဘုရား၏ တံခါးမှူးဖြစ်သော ကျွန်တော်မျိုး၏ ကုန်ဖက်အား ကြွင်းသော နှစ်ဆယ့်ငါးချက် ကြိမ်ဒဏ်ကို အမြန်ဝေငှ ပေးသနားတော်မူပါ"ဟု တင်လျှောက်၏။

ထိုသို့ တံငါသည်၏ အကြောင်းအရာ ဖြစ်ပျက်ပုံ အလုံးစုံကို အကုန် တင်လျှောက်အခါမှ တံငါသည်၏ အကြံဉာဏ်စိတ်ကူးကို မင်းမှူးမတ် ပရိသတ်တို့ သိကြသဖြင့် တံငါသည်ကို များစွာ ချီးမွမ်းအံ့သြကြ၏။

ဘုရင်မင်းမြတ်လည်း တံခါးမှူးကို ခေါ်တော်မူစေ၍ ရောက်လျှင် စစ်ကြောမေးမြန်းရာ တံခါးမှူးလည်း မငြင်းမကွယ်သာ၍ တံငါသည် ပြောဆိုသည့်အတိုင်း ပြောဆိုခဲ့မိကြောင်းကို ဝန်ခံတင်လျှောက်၏။

ထိုအခါ မင်းကြီးက "အချင်းတို့၊ တံငါသည်လူထူး၏ ကုန်ဖက် ဖြစ်သော ငါ့တံခါးမှူးအား ငါးဖိုး၏ ထက်ဝက်ဖြစ်သော ပြင်းထန် သည့် ကြိမ်ဒဏ်အချက်အစိတ်ကို ပေးကြပြီးနောက် ရာထူးမှ ချလေကုန်" ဟု အမိန့်တော်မှတ်ပြီးလျှင် ဤတံခါသည်အား ငါ၏ တံခါးမှူး လာဘ်စားသည်ကို ရွှေနားတော်ပေါက်ကြားအောင် ဉာဏ်သွားစိတ်ကူး နှင့် ကြံဖန်လျက် ရဲရင့်စွာ တင်လျှောက်ဝံ့သည်။ မင်းမှုထမ်းစေရသော် ကောင်း၏ဟု ကြံ၍ တံငါသည်ကို ထိုသူ၏နေရာ၌ တံခါးမှူး ခန့်တော်မူ၏။

**ပန်းမျိုးတစ်ရာစာပေ**

**ပညာဉာဏ်ကျယ်၊ ပရိယာယ်**
**ဝိုက်သွယ်ပြောသင့်သည်**
**ထိုက်တန်အဖိုး၊ ပြောပုံမျိုး**
**နည်းခိုးရချေမည်။**

ဘုရင်တစ်ပါးနှင့် တံငါသည်ပုံပြင်သည် တံစိုးလက်ဆောင်ယူမှု လာဘ်စားမှုတို့အတွက် ဆိုဆုံးမသော ပုံပြင်တစ်ရပ်ဖြစ်၏။ နိုင်ငံတစ်နိုင်ငံတွင် လာဘ်ပေးလာဘ်ယူမှုကြီးမားပါက ထိုနိုင်ငံသည် ပျက်စီးတတ်သည်သာ ဖြစ်၏။ တံစိုးလက်ဆောင်အားကိုးဖြင့် ဝန်ထမ်းလုပ်ခြင်းသည် တိုင်းပြည်အား ဖျက်ဆီးရာကျပါ၏။ ယခုအခါ ရုံးတိုင်း၊ ဌာနတိုင်းတွင် လာဘ်ပေးလာဘ်ယူသူဟူသော စာသားများကို ဆွဲချိတ်ထားကြ၏။ အလွန်တရာ ရှက်ဖွယ်ကောင်းသော စာသားများ ဖြစ်ပါ၏။

ငယ်စဉ်မှစ၍ ဘုရင်တစ်ပါးနှင့် တံငါသည်ပုံပြင်ကို နားဝင်အောင် ပြောထားခြင်းခံရသော လူငယ်သည် လာဘ်ပေး လာဘ်ယူမှုကို ငယ်စဉ်မှစ၍ စက်ဆုပ်ရွံရှာဖွယ်ရာအဖြစ် သူ၏ ရင်ထဲတွင် မှတ်ယူထားမည်မှာ သေချာလှပါ၏။

အသက်ကြီး အရိုးရင့်သောအခါတွင်မှ လာဘ်မစားရ၊ ရိုးသားပါ၊ လာဘ်ပေးလာဘ်ယူမှုသည် မကောင်းဟုပြောဆို၍ မရ။ လာဘ်ပေး လာဘ်ယူမှုကို တစ်မျိုးသားလုံးက အမြစ်ဖြုတ် သုတ်သင်လိုပါက ယနေ့အသက်ခြောက်နှစ်အတွင်းမှ ၁၂ နှစ်အတွင်ရှိသော ကလေးများအား ဘုရင်တစ်ပါးနှင့် တံငါသည်ပုံပြင်ကို ပြော၍ လာဘ်ပေး လာဘ်ယူမှုသည် ပျက်စီးဆုံးရှုံးနိုင်သည့်အကြောင်းကို ပြောဆိုဆုံးမ

**ပန်းမျိုးတစ်ရာစာပေ**

ပါက နောင်လာမည့် ဆယ်နှစ်တွင် လာဘ်ပေး၊ လာဘ်ယူမှုသည် တစ်စ တစ်စ နည်းပါလည်မည် ဖြစ်သည်။ ရင်သွေးငယ်တို့အား ပြုပြင်ကြရာတွင် ပုံပြောမှုသည် အလွန်မှ အရေးကြီးလှပါ၏။

ဤပုံပြင်ကိုပြောဆိုရာတွင် လာဘ်ယူသော တံခါးမှူး၏ စရိုက်ကို ပိုမိုပေါ်လွင်အောင် ပြောဆိုရန် လိုအပ်ပါ၏။ တံငါသည်သည် မုန်းတိုင်းနှင့် ပင်လယ်လှိုင်းတို့ကြားမှ မကြောက်မရွံ့ သက်စွန့်ဆံဖျား ငါးတစ်ကောင်ကို ဖမ်းခဲ့၏။ ထိုငါးအား ဘုရင့်ထံသို့ ပို့ရာတွင် တံခါးမှူးက ကြားမှနေ၍ ငါးဖိုးဆုငွေတစ်ဝက် မပေးလျှင် မဝင်ရဟု ဆို၏။ တံခါးမှူးသည် ဘုရင်၏ ကျေးဇူးတစ်ရားကိုလည်း မထောက်ထား၊ နိုင်ငံတော်မှ ပြုလုပ်သော ထီးဆောင်မင်းအပေါင်းတို့ ပါဝင်သည့် ထမင်းပွဲ အခမ်းအနားကြီး မပြည့်မစုံ ဖြစ်ရမည့်အရေးကိုလည်း မတွေးမတောနိုင်ဘဲ လာဘ်ယူမှုတစ်ခုတည်းကိုသာကြည့်၍ အကြံပက်စက်စွာဖြင့် လာဘ်ယူမှုသည် ရွံရှာဖွယ်ရာ ဆိုးညစ်မှုတစ်ခု ဖြစ်ကြောင်းကို ပေါ်လွင်အောင် ကလေးအား ပြောကြာထားရမည် ဖြစ်ပါ၏။

ထိုသို့ ပြောကြားထားခြင်းဖြင့် ရင်သွေးငယ်တို့ ကြီးပြင်းလာသောအခါ လာဘ်ပေးလာဘ်ယူရန် အခွင့်အရေးများ ပေါ်ပေါက်ခဲ့သည့်တိုင် မိမိကိုယ်မိမိ တံခါးမှူးအဖြစ်ကို ပြန်လည်မြင်ယောက်မိကာ လာဘ်ယူလိုသော မိမိ၏ အတွင်းစိတ်ကိုပင် ဖယ်ရှားနိုင်မည်ဖြစ်ပါ၏။

နေရာတကာတွင် လာဘ်ပေး လာဘ်ယူမှုမပါလျှင် မပြီးသော အခြေအနေသည် ဆိုးရွားသော အခြေအနေတစ်ရပ်ဖြစ်၏။ ဝန်ထမ်းသည် မိမိ ဤအလုပ်ကို လုပ်ပါက ဤလစာကို ရရှိမည်ဟု အလုပ်

မဝင်မီကပင် သိရှိပြီးမှ ဝင်ရောက်ခဲ့ခြင်းဖြစ်၏။ ဘယ်ဝန်ထမ်းကိုမှ လစာအပြင် လာဘ်သည် ယူ၍ရမည်ဟု မဆိုခဲ့ကြပါ။ မိမိအလုပ်နှင့် မိမိလစာကျေနပ်၍ ဝင်ရောက်လုပ်ကိုင်ခဲ့ပြီးမှ လစာအပြင် လာဘ် ယူမှုသည် စာရိတ္တပျက်စီးမှုတစ်ရပ် ဖြစ်၏။

လူငယ်ရင်သွေးများအား တိုင်းနိုင်ငံ ပျက်စီးရာ ပျက်စီးကြောင်းဖြစ်သော လာဘ်ယူမှုကို ငယ်စဉ်မှစ၍ အသိတရားဖြင့် ဖယ်ရှားထားရမည် ဖြစ်ပါ၏။ လာဘ်ယူမှုသည် အမှန်ကို အမှား၊ အကောင်းကို မကောင်း ထင်းစေခြင်း၊ မပါသင့်တာတွေပါ၊ မရှိသင့်သူရှိ၊ မဖြစ်သင့်တာတွေဖြစ် စသော ရေတွက်ခြင်းငှာ မစွမ်းနိုင်သည့် ဆိုးကျိုးများကို ဖြစ်စေနိုင်ပါ၏။ ထို့ကြောင့် နိုင်ငံကို ချစ်မြတ်နိုးသူတိုင်းသည် မိမိတို့၏ ရင်မသွေးငယ် များအား လူတစ်လုံးသူတစ်လုံး၊ လူကြီးလူကောင်း၊ လူတော်လူထက် များ ဖြစ်စေရေးအတွက် လာဘ်ပေးလာဘ်ယူမှု မကောင်းကြောင်းကို ငယ်စဉ်မှစ၍ အသိပညာပေးထားကြရမည် ဖြစ်ပါ၏။

ထို့ပြင် ဒေါင်းဖတ်စာ ဘုရင်တစ်ပါးနှင့် တံငါသည်ပုံပြင်မှ တံငါသည်၏ စိတ်ကူးစိတ်သန်းကိုလည်း ဖော်ပြထားပါသည်။ လောက တွင် ဉာဏ်ရည် ဉာဏ်သွေးသည် အလွန်မှ အရေးကြီးလှပါ၏။ အရေးကြုံလာပါက မိမိ၏ဉာဏ်ရည်ကို လွှာ၍ သုံးရမည်ဖြစ်၏။ ထိုသို့ အသုံးပြုနိုင်ရန် နည်းလမ်းများကို ငယ်စဉ်မှစ၍ လူငယ်များအား အသိပေးထားသင့်ပါ၏။ တံငါသည်ကဲ့သို့ ဉာဏ်ကိုလွှာ၍ သုံးတတ်ရန် အလေ့အကျင့်များကိုလည်း ပေးထားသင့်ပါ၏။

ဘုရင်တစ်ပါးနှင့် တံငါသည်ပုံပြင်သည် မြန်မာ့လူ့အဖွဲ့အစည်း တွင် နာမည်ကြီးပုံပြင်တစ်ခုဖြစ်၏။ လာဘ်ပေးလာဘ်ယူမှုနှင့် တံငါသည်၏

ဉာဏ်ရည်ဉာဏ်သွေးကို အသုံးပြုတတ်မှုကြောင့် ဤပုံပြင်သည် နာမည်ကြီး လူသိများခြင်းလည်း ဖြစ်ပါ၏။

လူငယ်တို့အား လာဘ်ဏှာလောဘကိုမျှော်ကိုးသောဝန်ထမ်းများ၊ စာရိတ္တချွတ်ယွင်းသူများ မဖြစ်လာစေရန်၊ တံငါသည်ကဲ့သို့ အရေးအခင်းများတွင် ဉာဏ်ရည်ကို အသုံးပြုနိုင်သော လူငယ်များ ဖြစ်လာစေရန် ဤပုံပြင်ကို ပြောဆို၍ လေ့ကျင့်ပေးနိုင်ပါ၏။

# ၂၇။ မျောက်နှင့် မိကျောင်းတို့အကြောင်း

ရှေးလွန်လေပြီးသောအခါက ခွန်အားဗလနှင့် ပြည့်စုံသော မျောက်ကြီးတစ်ကောင်သည် ဂင်္ဂါမြစ်ကမ်းနား၌ရှိသော သဖန်းပင်ကို အမှီပြု၍နေ၏။ ထိုဂင်္ဂါမြစ်၌ မိကျောင်းတစ်ကောင်သည်လည်း ခင်ပွန်းဖြစ်သော မိကျောင်းမနှင့် အတူနေရာ မိကျောင်းမသည် ထိုမျောက်ကို မြင်လေလျှင် အသည်းနှစ်လုံးကို စားလိုသောစိတ် ဖြစ်သဖြင့် မိကျောင်းဖိုအား ထိုအကြောင်းကို ပြောကြား၏။

မိကျောင်းဖိုလည်း ငါတို့မှာ ရေ၌သာ ကျက်စား၏။ မျောက်သည်ကား ကုန်း၌သာ ကျက်စားသည်။ အဘယ်နည်းဖြင့် မျောက်ကို ငါးဖမ်းနိုင်အံ့နည်းဟု ဆို၏။ မိကျောင်းမက မောင်မင်းသည် ယောကျ်ား မဟုတ်ဘိသကဲ့သို့ ပြော၏။ အကယ်၍ ထိုမျောက်၏ အသည်းနှလုံးကို ကျွန်ုပ်မစားရလျှင် အမှန်ပင် သေရပါလိမ့်မည်ဟု ပြောသည့်ကာလ

မိကျောင်းဖိုက ရှင်မ မစိုးရိမ်နှင့်။ တစ်နည်းနည်းအားဖြင့် မျောက်၏ အသည်းနှလုံးကို သင်အား စားရစေအံ့ဟု မိကျောင်းမကို နှစ်သိမ့်၏။

မိကျောင်းဖိုလည်း ထိုမျောက် နေထိုင်ရာသို့ သွားပြီးလျှင် မျောက်မင်း-အစားအသောက်ရှားပါးသော ဤအရပ်မှာ အဘယ် ကြောင့် နေဘိသနည်း။ ဂင်္ဂါမြစ်တစ်ဖက်ကမ်း၌ သရက်၊ မိန္ဒ၊ နုရွဲ၊ မာလကာ အစရှိသော သစ်သီးတို့သည် ပေါများကုန်၏။ ထိုနေရာသို့ သင်သွား၍ ကျက်စားရန် အလွန်သင့်လျော်ပေသည်ဟု ပြော၏။ မိကျောင်းမင်း၊ ဂင်္ဂါမြစ်သည် အလွန်ကျယ်ပြန့်လှသော ရေပြင်ကြီး ဖြစ်သဖြင့် တစ်ဖက်ကမ်းသို့ အဘယ်သို့လျှင် ကျွန်ုပ် သွားရောက်နိုင်ပါ အံ့နည်းဟု မျောက်က ဆိုလေသော် မျောက်မင်း၊ အကယ်၍ သင် သွားလိုအံ့၊ ကျွန်ုပ် သင့်ကို ကျောကုန်းထက်တွင် တင်ဆောင်၍ ယူ သွားပါအံ့ဟု မိကျောင်းက ဆို၏။

မျောက်လည်း မိကျောင်းပြောဆိုသောစကားကို ယုံကြည်သဖြင့် ကောင်းပြီဟု ဝန်ခံ၍ မိကျောင်း၏ ကျောကုန်းပေါ်သို့ တက်၏။ မိကျောင်းသည် အတန်ငယ် ကူးဟန်ပြု၍ အောက်သို့ ငုပ်လေလျှင် မျောက်က အဆွေ-သင်သည် ငါ့ကို အဘယ်ကြောင့် ရေ၌မွန်းစေ သနည်းဟု မေး၏။ မိကျောင်းက ငါသည် သဘောရိုးဖြင့် သင့်ကို ဆောင်ယူလာသည် မဟုတ်။ ငါ၏ ခင်ပွန်းဖြစ်သော မိကျောင်းမက သင့်အသည်းနှလုံးကို စားလိုသောကြောင့် သင့်ကို ယူဆောင်ခဲ့သည်ဟု ဆို၏။

မျောက်က အဆွေ-သင်ပြောသည်အတိုင်းမှန်လျှင် သင်ငါ့ကို ယူဆောင်ခဲ့သည်မှာ အကျိုးမဲ့ဖြစ်ချေပြီ။ အဘယ်ကြောင့်နည်းဟု

ဆိုသော် ငါတို့မျောက်မျိုးသည် အသည်းနှလုံးကို ရင်တွင်း၌ မထား ကြချေ။ အကယ်၍ ထားသည်ဖြစ်အံ့။ ငါတို့သည် သစ်ပင်ဖျားတို့၌ ခုန်လွှားပြေးသွားကြသောအခါ အသည်းနှလုံးတို့သည် မှုန့်မှုန့် ညက်ညက် ကြေလေရာ၏ဟု ပြော၏။ မိကျောင်းက အသင်သည် အဘယ်မည်သောအရပ်၌ အသင်၏အသည်းနှလုံးကို ထားသနည်းဟု မေးရာ မျောက်သည် အနီး၌ရှိသော အသီးအပွင့်နှင့် ပြည့်စုံသည့် ရေသဖန်းပင်၌ ဆွဲထားသည်ဟု ပြန်ပြော၏။ မိကျောင်းလည်း မျောက်မင်း၊ သင်သည် ငါ့အား အသည်းနှလုံးကိုပေးသော် သင့်ကို ချမ်းသာပေးအံ့ဟု ဆို၏။

ထိုစကားကို ကြားလျှင် မျောက်က ကောင်းပြီ၊ ထိုအရပ်သို့ ငါ့ကို ယူဆောင်သွားလော့။ သင့်အား သစ်ပင်၌ ဆွဲထားသော အသည်းနှလုံးကို ငါပေးအံ့ဟု ဆိုသဖြင့် မိကျောင်းသည် မျောက် ပြညွှန်သောနေရာသို့ရောက်အောင် ယူဆောင်သွား၏။ မျောက်လည်း ရေသဖန်းပင်ထက်သို့ ခုန်တက်၍ သဖန်းသီးများကို ဆွတ်ပြီးသော် "မိုက်လှသော မိကျောင်း၊ သင်ကားမျောက်တို့၏ အသည်းနှလုံး မည်သည် သစ်ပင်များ၌ ရှိသည်ဟု ထင်မှတ်ယုံကြည်ဘိ၏။ မိုက် လေစွတကား။ သင်သည် ငါ့ကို ရှေးဦးစွာ လှည့်စားသဖြင့် သင့်ကို လည်း ငါလှည့်စား၍ ကလဲ့စားချေ၏။ ငါသည် သင့်အား သဖန်း ပင်၌ ဆွဲထားသော အသည်းနှလုံးကို ပေးမည်ဟု ကတိထားသည့်အတိုင်း ဤသဖန်းသီးတို့ကိုသာ ယူလော့"ဟု ဆိုပြီးလျှင် သဖန်းသီးများကို မိကျောင်းအား ပစ်ပေါက်၍ ပေးလေ၏။

**ပန်းမျိုးတစ်ရာစာပေ**

**သူများအပေါ်၊ မသင့်လျော်**
**မတော်မပြုရ။**
**ပြုခဲ့လျှင်ကား၊ ထိုသူအား**
**အစားချေတတ်လှ**

ဤပုံသည် ကလေးသူငယ်တို့အား လှည့်စားလိမ်ညာမှုမပြု အပ်ကြောင်းသင်ခန်းစာပေးသည့် ပုံပြင်ဖြစ်သည်။ ဤမျောက်နှင့် မိကျောင်းပုံပြင်မှာ မိကျောင်းကဲ့သို့မည်သူမဆို မိမိကသူတစ်ပါးအား လှည့်စားမိပါကမိမိလည်း သူတစ်ပါး၏လှည့်စားမှုကိုခံရ၏။ မိမိသည်ကိစ္စအရပ်ရပ်တွင် ရိုးသားရန်၊ မမှန်မကန်မလုပ်ရန် လိုအပ်၏။

လူ့ဘဝတွင်လှည့်စားမှုများ အလွန်များ၏။ မိကျောင်းမကဲ့သို့ ချင်ခြင်းတပ်သူများကလည်း တစ်ပုံတစ်ပင်ရှိ၏ ထို့သို့မသင့်မမျှ မလျော်ကန် လိုခြင်တပ်မက်ချင်ခြင်းတပ်မှုကို ဆင်ခြင်တွေးတောမှု မရှိပဲလိုက်လျောအားပေးလုပ်ဆောင်သည့် မိကျောင်းမိုက်ကဲ့သို့သော သူများလည်းရှိ၏။ ထိုကဲ့သို့သောသူများနှင့် ပြည့်နေတတ်သော လောကတွင် လှည့်စားဖြားယောင်းမှုဖြင့် ကြုံလာရပါကမျောက်မင်း ကဲ့သို့ဉာဏ်ကိုသုံး၍ ထောင်ချောက်တွင်းမှလွတ်မြောက်အောင် လုပ်ဆောင်ရန်လိုအပ်၏။ ထို့သို့ဤပုံပြင်သည်လူငယ်များအား မိမိတို့ကိုယ်တိုင်က မိကျောင်းမိုက်များကဲ့သို့ မလုပ်ဆောင်ရန်ကိုလည်း သင်ခန်းစာပေးပါသည်။ ထို့သို့လုပ်ဆောင်ပါက မိမိကိုယ်တိုင်လည်း လှည်းစားမှုခံရမည်ကို ကောင်းစွာသိရှိထားရန်လိုအပ်ပါသည်။

**ပန်းမျိုးတစ်ရာစာပေ**

ဒေါင်းဖတ်စာပုံပြင်များ ပထမတွဲအဖြစ် ဒေါင်းဖတ်စာပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်းစာအုပ်တို့မှ သင့်တော်ရာပုံပြင် ၂၇ပုဒ်အား ရွေး၍ ထိုပုံပြင်များမှပေးသော သင်ခန်းစာကို ရှင်းလင်းချက်များနှင့်အတူ ဖော်ပြခဲ့ပါသည်။

ပထမတန်းမှပုံပြင်များသည် အသက်လေးနှစ်ငါးနှစ်၊ ပုံစ၍ နားထောင်သည်မှာ ခြောက်နှစ်အထိ ကလေးများအားပြောဆိုရန် ဖြစ်ပါ၏။ ဒုတိယတန်းပုံပြင်များက အသက်ခြောက်နှစ်၊ခုနစ်နှစ် အရွယ်ကလေးများအားပြောရန်ဖြစ်ပြီး တတိယတန်းပုံပြင်များသည် အသက်ခုနစ်နှစ်၊ ရှစ်နှစ်အရွယ် ကလေးများအားပြောရန်ဖြစ်ပါသည်။ ကလေးများအားအလွန်ရှုပ်ထွေး၍ ကလေး၏ဦးနှောက်နှင့် မဆံ့သော ပုံပြင်များကိုမပြောအပ်ပါ။ ပုံပြင်များကိုတဆင့်ပြီး တစ်ဆင့်ပြောရမည်ဖြစ်သည်။ ဒေါင်းဖတ်စာပုံပြင်များသည် အဓိကအားဖြင့်သင်ခန်းစာကို ပေးသောပုံပြင်များဖြစ်၏။ သင်ခန်းစာကိုပေးသော ပုံပြင်များနှင့် ရယ်ရွှင်ဖွယ်ရာ ပုံပြင်များကိုလည်း တွဲ၍ပြောသင့်၏။

**ပန်းမျိုးတစ်ရာစာပေ**

အချို့သောပုံပြင်တို့သည် သင်ခန်းစာကိုကား မပေး။ သို့သော် ရွှင်မြူးစရာကြည်နူးစရာတို့ကိုပေး၏။ဤသို့သော်ပုံပြင်များကိုလည်း ပြောသင့်ပါ၏။ ထို့ပြင်သတ္တိကိုပျိုးထောင်သော ပုံပြင်များ၊လုပ်အားကို ပျိုးထောင်သောပုံပြင်များ စသည့်ဖြင့်အမျိုးမျိုးရှိရာ ထိုပုံပြင်များ ကိုလည်း ဒေါင်းဖတ်စာပုံပြင်ကဲ့သို့ သင်ခန်းစာပေးသောပုံပြင်များနှင့် အတူတွဲ၍ပြောသင့်ပါသည်။

မိဘတိုင်းသည်မိဘအဖြစ်ကို ခံယူရမည်ဟုဆိုပါက မိမိတို့ကိုယ်တိုင်က ပုံအိုးကြီးများ ဖြစ်သင့်၏။ပုံပြင်များကို စုဆောင်းသင့်၏။ကိုယ်ဝန်ရှိလာပါက မိမိတို့ရင်သွေးငယ်အတွက် ခြေအိတ်များ၊ အဝတ်အစားလေးများ၊ လိုအပ်သောဆေးဝါးများ စသည်တို့ကိုစုဆောင်းသလို မိဘတိုင်းသည် ကလေးများအတွက် ပုံပြင်များကိုစုဆောင်းသင့်၏။ ဘယ်အရွယ်တွင်ကလေးအား ဘာပုံပြောမည်၊ဘယ်နေ့ ဘယ်ရက်တွင် ဘာပုံပြောမည်ဆိုသည့် ကိစ္စအား ကြိုတင်စီစဉ်ထားသင့်ပါ၏။

ယနေ့လူကြီးမိဘများသည် လူငယ်တို့အားမိမိတို့စိတ်တိုင်း မကျလျှင်၊ မိမိတို့ဆန္ဒအတိုင်း ဖြစ်မလာလျှင် ဖြစ်မလာသလို လူငယ်တို့အားအပြစ်ဖို့၍ ဒီခေတ်ကလေးတွေ ဆိုးကိုဆိုးပါတယ်ဟု ဆိုကြ၏။ သို့သော်မိမိတို့သည် မိသားစုအတွင်းလူငယ်များအား မွေးစမှစ၍ အသက်ရှစ်နှစ်၊ ကိုးနှစ်တိုင်စနစ်တကျသောပြုစု ပျိုးထောင်မှုကို ဘာလုပ်ခဲ့သနည်းဟုဆိုပါက ဘာမျှမလုပ်ခဲ့ပါ။ မလုပ်ခဲ့သည်အပြင် မိဘများသည် ကလေးများပျိုးထောင်ရာတွင် အမှားပေါင်း မြောက်မြားစွာကို ပြုလုပ်ကြပါသေး၏။

**ပန်းမျိုးတစ်ရာစာပေ**

ကလေးငယ်များအား လူကြီးမိဘတို့သည် မူကြိုကဲ့သို့သော ကျောင်းများကိုပို့ကာကြက်တူးရွေး စာသင်သလို အင်္ဂလိပ်စာလုံး ၁၄လုံး ၁၅လုံးကို အတင်းအားဒမ္မအလွတ်ကျက်စေပြီး မိမိတို့ သား၊ မိမိတို့သမီး အင်္ဂလိပ်စာတတ်နေပြီးဟုဆိုကာ ကလေးကိုပြ၍ မိဘတို့ကကြွားတတ်ကြ၏။ ထို့သို့လုပ်ဆောင်ခြင်းသည်ပင်လျှင် ကလေး၏စိတ်ဓာတ်ကို စတင်ဖျက်ဆီးရာကျ၏။ မိမိကမိမိကလေး ဖျက်ဆီးနေကြောင်း ဘယ်မိဘမှ သတိမထားမိပါ။ ကလေးများအား မူကြိုပို့၍ စာများအတင်းအကျပ် သင်ခြင်းသည် အသက်၁၃နှစ် ၁၄နှစ်အရွယ် အထက်ပိုင်းတွင် ကလေးဉာဏ်ရည်နှေးကွေး သွားသည်ဟုဆိုသော သုတေသနစာတမ်းများစွာ ရှိနေသည့်တိုင် အချို့သောမိဘတို့သည် လေးနှစ်၊ ငါးနှစ်ကလေးများကို စာဖိ၍ သင်နေကြ၏။ ထိုအရွယ်တွင် စာကို ၅ ရာခိုင်နှုန်းသင်၍ ပုံကို၂၀ ရာခိုင်နှုန်းပြောကာ ကျန်၇၅ရာခိုင်နှုန်းကို ကစားရင်း နားရင်း ပျော်စရာတို့ဖြင့် အချိန်ကို ကုန်လွန်စေသင့်ပါသည်။

မြန်မာမိဘများသည်ကလေးငယ်တို့အား အားကစားလှုပ်ရှားမှုများ တွင်အားမပေးတတ်ကြ။ စာနှင့်ကစားခုန်စားပြုမှုဆိုလျှင် စာကို အဓိကထား၍သင်ကြ၏။ကစားခုန်စားဝါသနာကို မိဘတို့က ခွင့်မပြုကြ။ အချို့ပိတ်ပင်မှုများပင်ရှိကြ၏။ ကလေးများအား မိဘတို့ကပြုပြင်ရာတွင် တက်တက်စင်အမှားပေါင်းများစွာရှိ၏။ ထိုအမှားများကိုလည်းမပြင်၊ ပုံပြောခြင်းကဲ့သို့ မိမိတို့ဘက်က လုပ်သင့်သည်များကိုလည်း မပြုလုပ်ပဲကလေးဆိုးလေးများဖြစ်လာ

သည်ကိုကလေးများအပေါ်သာ အပြစ်ပုံချပါက တက်တက်စင် လွဲမှားမှုတစ်ခုကို ထပ်မံပြုလုပ်ခြင်း မည်ပါ၏။

တိုင်းရင်းသားပုံပြင်များ၊ မြန်မာ့ရိုးရာပုံပြင်များ၊ နိုင်ငံတကာ ပုံပြင်များသည်ဖြင့် ပုံပြင်များစွာရှိ၏။ ကလေးသူငယ်တိုင်းသည် ပုံပြင်တောကြီးထဲတွင် နွံနစ်နေသူပမာ ပုံများကိုနားထောင်၍ ကြီးပြင်းလာစေသင့်ပါ၏။ ကလေးငယ်တို့အား စာရိတ္တပြုပြင်မှုကို မွေးစမှ ၁၀ နှစ်အထိနိုင်နိုင်နင်းနင်း အချိန်ပေး၍ပြုလုပ်ရန် လိုအပ်ပါ၏။ အသက် ၁၀ နှစ်အထိပုံပြင်များကိုနားထောင်၍ မိဘ၏ပျိုးထောင်မှုကို စနစ်တကျခံခဲ့ကြရသော ဘယ်လူငယ်မဆို ဘယ်သောအခါမှ ဆိုးဝါးမှုသည် မဖြစ်နိုင်ပါ။ ပုံများကိုနားထောင် ခွင့်ရခြင်းသည် ကလေး၏ကိုယ်ကျင့်တရားကို ကောင်းမွန်စေရုံ သာမက ကိုယ်ရည်ကိုယ်သွေးကိုလည်း ထက်မြက်စေပါ၏။ တစ်ဖန် ကလေးများတွင် Sincerity ဟုခေါ်သော ရိုးသားမှုကိုလည်းဖြစ်ပေါ် တည်ရှိစေပါသည်။ ရိုးသားမှု၊သန့်စင်မှုသည် လူကောင်းလူတော် တစ်ဦးဖြစ်ရေးအတွက် မရှိမဖြစ်သော အရည်အသွေးတစ်ရပ် ဖြစ်ပါ၏။

သို့ပါ၍ သင်ခန်းစာကိုပေး၍ စာရိတ္တကို ပျိုးထောင်ကာ ရိုးသားမှု၊ သန့်စင်မှုကို ရင်သွေးငယ်တို့၏ နှလုံးသားတွင် ကိန်းအောင်းတည်ရှိစေ မည့်ပုံပြင်ပြော၍ ပြုပြင်ခြင်းလုပ်ငန်းကို မိဘတိုင်းပြုမူဆောင်ရွက်နိုင် ကြပါစေဟု ဆုတောင်းအပ်ပါ၏။

**မချိုမော်-ချစ်စံဝင်း**

**ပန်းမျိုးတစ်ရာစာပေ**

# စတုတ္ထတန်း ဒေါင်းဖတ်စာမှ

## ပုံပြင်များ

၂၈။ စောင်းတီးသင်ကြားသူနှစ်ဦးအကြောင်း

၂၉။ ကုန်သည်နှစ်ဦးကြောင်း

၃၀။ ကျေးဇူးရှင် ကိုပြစ်မှားသော မြေခွေး

၃၁။ ရိုးဖြောင့်သောသူတစ်ယောက်အကြောင်း

၃၁။ ပုဏ္ဏားတစ်ယောက်အကြောင်း

၃၃။ အစ်ကိုအပေါ်၌ အကောက်ကြံသောညီ

## ၂၈။ စောင်းတီးသင်ကြားသူနှစ်ဦးအကြောင်း

အတီးအမှုတ် ဝါသနာပါသော သူငယ်ချင်းနှစ်ယောက်တို့သည် စောင်းတီးအတတ်ကိုသင်ကြားရန် ထင်ရှားကျော်စောသော စောင်းဆရာကြီးတစ်ဦးထံသို့ သွားရောက်ကြ၏။ စောင်းဆရာကြီးက သင်တို့သည် စောင်းကို တီးဖူးကြပါသလောဟု မေးမြန်းရာ တစ်ယောက်သောသူက တစ်နှစ်ကျော်ခန့် မိမိဘာသာ လေ့လာအားထုတ်၍ တီးခဲ့ဖူးကြောင်းကို ပြောပြ၏။ တစ်ယောက်သောသူကမူကား တစ်ကြိမ်တစ်ခါမှ မတီးခဲ့ဖူးကြောင်းကို ပြောပြ၏။

ထိုအခါ တစ်နှစ်ကျော်ခန့် မိမိဘာသာ တီးခဲ့ဖူးသောသူက ငွေငါးရာ၊ တစ်ကြိမ်တစ်ခါမျှ မတီးခဲ့ဖူးသောသူက ငွေနှစ်ရာ့ငါးဆယ် အသီးသီး ဉာဏ်ပူဇော်ခ ပေးနိုင်ကြလျှင် ကောင်းမွန်စွာ တတ်မြောက်အောင် သင်ပေးမည်ဟု ဆရာကြီးက မိန့်ဆိုလေ၏။

**ပန်းမျိုးတစ်ရာစာပေ**

ထိုစကားကိုကြားလျှင် တစ်နှစ်ကျော်ခန့် တီးဖူးခဲ့သောသူက ကျွန်တော်သည် စောင်းတီးအတတ်တွင် အစိမ်းအရိုင်းမဟုတ်။ အတော်အတန် တီးတတ်ပြီးဖြစ်၍ ဉာဏ်ပူဇော်ခ နည်းခြင်း နည်းလျှင် ကျွန်တော်ကသာ နည်းထိုက်ပါသည်။ ယခုမှာ လုံးဝမတီးခဲ့ဖူးသူထက် ကျွန်တော်က ဉာဏ်ပူဇော်ခ ပိုမိုပေးရမည်ဆိုသည်ကို စိတ်မကျေနပ်ပါဟု ပြောကြား၏။



"မောင် အတော်အတန် တတ်ခဲ့ပြီးဖြစ်သော ပညာသည် ဆရာသမားနှင့် သင်ကြား၍ နည်းလမ်းကျကျနန ဖြစ်ခဲ့ပါလျှင် မောင်ပြောသောစကားသည် အမှန်ပင်ဖြစ်သည်။ သို့ရာတွင် သင်ပြသူဆရာမရှိဘဲ

မိမိဘာသာတီးခဲ့သောအရာဖြစ်၍ နည်းလမ်းကျမည် မဟုတ်ချေ။ ဤကဲ့သို့ နည်းလမ်းမကျဘဲ လွဲ၍နေသော အလေ့အကျင့်တို့ကို ပျောက်အောင် အတော်ပြုပြင်ပြီးမှ ကျနမှန်ကန်သော နည်းလမ်းတို့ကို သင်ပြရမည်ဖြစ်၍ ပိုမိုတာဝန်များပြားသည်။ တစ်ခါမျှမတီးဖူးသော သူမှာ မှန်ကန်သောနည်းလမ်းကို သင်ပြရုံမျှဖြစ်၍ တာဝန်နည်းပါး သည်။ သို့ဖြစ်၍ တာဝန်များမည့် မောင့်ထံမှ ဉာဏ်ပူဇော်ခပို၍ တောင်းရခြင်း ဖြစ်သည်”ဟု ရှင်းလင်းမိန့်ဆိုလေ၏။

ဤပုံကိုထောက်၍ ဆရာသမားတို့ထံမှ နည်းခံသင်ကြားထိုက် သော ပညာရပ်တို့ကို မိမိဘာသာ စိတ်ထင်ရာ လေ့ကျင့်၍ မနေ အပ်ကြောင်း သတိပြုသင့်လေသည်။

မြန်မာတို့တွင် ဆရာမပြ နည်းမကျဟူသော စကားရှိ၏။ အရာရာတိုင်းတွင် ဆရာလိုအပ်သည်။ ငါးပိဖုတ်ရာတွင်ပင် ဆရာ မပြပါက နည်းမကျဟု ဆို၏။ မည်သည့်ပညာမဆို စနစ်တကျ သင်ကြားရန် လိုအပ်ကြောင်းကို ပြဆိုသော ပုံပြင်ဖြစ်သည်။

ဤပုံပြင်သည် ဆရာသမား၏ ကျေးဇူးကို ပြဆိုသော ပုံပြင်လည်း ဖြစ်၏။ မြန်မာတို့သည် ဆရာကို အနန္တော အနန္တငါးပါးတွင် တစ်ပါးအဖြစ် ထည့်သွင်းထားပါ၏။ ဘုရား တရား သံဃာ ဆရာ မိဘတို့အား မြန်မာတို့သည် တစ်တန်းတည်းထား၍ အနန္တော အနန္တဝင်များအဖြစ် ရိုသေကိုင်းရှိုင်း၏။ လောက လူ့ဘဝတွင် လူဟူ၍ စတင်ဖြစ်ပေါ် မွေးဖွားလာသည်မှ အိုမင်းရင့်ရော် သေဆုံးရ သည်အထိ ပညာရပ်များကို သင်ကြားနေရ၏။

**ပန်းမျိုးတစ်ရာစာပေ**

ဘဝဟူသည် သင်ကြားမှုတို့ဖြင့် စတင်၍ သင်ကြားရင်းပင် သေဆုံးကြရ၏။ သင်ကြားမှုသည် အဆုံးမရှိပါ။ ယခုကဲ့သို့ ခေတ်မီ တိုးတက်၍ ပညာရပ်များ တိုးပွားနေချိန်တွင် ဘာသာရပ်တစ်ခုတည်း၌ပင် အဆုံးအစမရှိသော သင်ကြားလေ့လာမှုကို ပြုကြရပါ၏။

သင်ကြားမှုတိုင်းတွင် ဆရာသမားလို၏ ဆရာမရှိပဲဘာမျှ မတတ်နိုင်။ လေ့ကျင့်သင်ကြားမှုကိုပြုရာတွင် အားလုံးစနစ်တကျ လုပ်ရန်လို၏။ဤပုံပြင်လေးသည် ဆရာ၏စနစ်တကျသင်ကြားမှု သည်မည်မျှအရေးကြီးသည်ကို ပြဆိုသောပုံပြင်ဖြစ်၏။ ဤပုံပြင် ကိုပြောကြား၍ ဆရာသမား၏ ကျေးဇူးတရား ကြီးမားပုံကို လူငယ်များအားအသိပေး ဆုံးမထားသင့်၏။

ယခုကဲ့သို့ကျူရှင်စာအုပ်များ၊ မှတ်စုစာအုပ်များ ပလူပျံအောင် ထွက်နေချိန်တွင် ထိုစာအုပ်များအားကိုးဖြင့် လူငယ်ကျောင်းသားသည် ဆရာမဲ့သင်ကြားခြင်းများပြုလုပ်တတ်ကြ၏။ ထိုသို့ပြုလုပ်ခြင်းဖြင့် မိမိကအမှားမည်မျှ ပြုလုပ်မိသည်ကို မိမိကိုယ်တိုင်မသိပဲရှိ၏။ ထို့ပြင်ကျောင်းသားလူငယ်တို့သည် ဆရာသမားတို့အားရိုသေ ကိုင်းရှိုင်းမှုနည်းလာ၏။ ရှေးအခါ မြန်မာလူအဖွဲ့အစည်းတွင် ပညာသင်သောဆရာ၊ဆေးဝါးကုသပေးသောဆေးဆရာ စသည်တို့ အားတရပ်တရွာလုံးကရိုသေကြ၏။ ကိုင်းရှိုင်းကြ၏။ ထို့သို့ ရိုသေကိုင်းရှိုင်းကြသည်နှင့် တပည့်များသည်ပညာတတ်၍ လိမ္မာ ရေးခြားရှိကြသော တပည့်များဖြစ်လာသည်။ မြန်မာ့လူအဖွဲ့အစည်းတွင် ဆရာတပည့်ဆက်ဆံရေးသည် အလွန်အရေးကြီး၏။ ဆရာကလည်း

တပည့်တို့အား သားသမီးသဖွယ် ဆက်ဆံ၍ဆရာများကိုလည်း တပည့်တို့က မိဘသဖွယ် ဆက်ဆံ၏။

ယခုအခါမြို့ကြီးများပေါ်တွင် ဆရာတပည့်ဆက်ဆံရေး၌ ရိုသေကိုင်းရှိုင်းမှု အတော်ပင်နည်းလာသည်။ တပည့်တို့ကလည်း ဆရာကို ပိုက်ဆံပေး၍ပညာသင်တာပဲဟုဆိုကာ ရိုသေမှုကင်း၏။ ဆရာသမားတို့ကလည်း ပညာကိုပိုက်ဆံနှင့်သာတွက်ပြီး တန်ဖိုးဖြတ်၏။ ကျူရှင်ဆရာလောကတွင် အရာရာကို ငွေကြေးနှင့်သာ အပေးအယူလုပ်ရာမှ မြန်မာတို့၏ အဖိုးထိုက်တန်လှသော ဆရာတပည့်ဆက်ဆံရေး လျော့ပါးလာမှုသည် တစ်မျိုးသားလုံး၏ ဧရာမဆုံးရှုံးမှုတစ်ရပ်ပင်ဖြစ်ပါသည်။ ဆရာအမည်ခံသူတို့ကတပည့်များအားမှတ်စုစာအုပ်ကို လိမ်ညာ၍ရောင်းခြင်း၊ အကျင့်ပျက်ခြင်း တပည့်တို့အားကိုးရာမဲ့ အခြေအနေပေါ် အမြတ်ထုတ်ခြင်းများသည် စက်ဆုပ်ဖွယ်ရာပင်ဖြစ်၏။

မြန်မာလူ့အဖွဲ့အစည်းတွင် ဆရာတပည့် ဆက်ဆံရေးသည် အလွန်အရေးကြီးလှပေရာ စောင်းသင်ကြားမှုပုံပြင်သည်ပညာရပ်တရပ်ကို သင်ကြားရာတွင် ဆရာ၏ အခန်းကဏ္ဍမည့်မျှ အရေးကြီးသည်ကို ပြဆိုသောပုံပြင်ဖြစ်၏။ ဤပုံပြင်ကိုပြောကြား၍ ဆရာသမားအရေးကြီးပုံ ဆရာ၏အခန်းကဏ္ဍ မြင့်မားပုံကို ပြော၍ လိမ္မာရေးခြားရှိသော ဆရာသမားကိုရိုသေကိုင်းရှိုင်းသော လူငယ်ပေါ်ပေါက်ဖို့ရှေးရှု ဆုံးမအသိပေးရန်လိုအပ်ပါ၏။

**ပန်းမျိုးတစ်ရာစာပေ**

## ၂၉။ ကုန်သည်နှစ်ဦးတို့အကြောင်း

ရှေးသရောအခါ မိတ်ဆွေနှစ်ဦးတို့သည် ကုန်ဝယ်ရန် အတူတိုင်ပင်၍ ခြေကျင်ခရီး သွားကြရာ မိုးချုပ်၍ အချိန်ကုန်သဖြင့် တည်းခိုရန်ဘုန်းကြီးကျောင်းတစ်ကျောင်းသို့ ဝင်ရောက်ကြ၏။

ထိုအခါဘုန်းတော်ကြီးက ဒါယကာတို့ မည်သည့်ကိစ္စဖြင့် လာရောက်ကြသနည်းဟု မေးမြန်းသဖြင့် တပည့်တို့မှာတစ်ဦးက စပါးကုန်သည်၊ တစ်ဦးကသားရေကုန်သည်ဖြစ်၍ မိမိတို့ရောင်းချဖို့ ကုန်များကိုဝယ်ယူရန်လာခဲ့ကြရာ အချိန်မရှိတော့ပြီဖြစ်သောကြောင့် တစ်ညမျှတည်းခိုရန် အရှင်ဘုရားကျောင်းသို့ ဝင်ရောက်ကြခြင်းဖြစ်ကြောင်းကို လျှောက်ထား၏။

ဘုန်းတော်ကြီးက တပည့်ကျောင်းသားများကိုခေါ်ပြီးလျှင် ဤဒကာနှစ်ယောက်တွင် စပါးကုန်သည်အားအိပ်စရာနေရာ

ကောင်းနှင့်ဖျာသင်းဖြူးစသော ပစ္စည်းများကိုပေး၍ သားရေကုန်သည်ကိုကား တစ်စုံတရာမပေးပဲ ကြမ်းပေါ်တွင်သာ အိပ်ပါစေဟု အမိန့်ပေးလိုက်၏။

ကုန်သည်နှစ်ယောက်တို့လည်း ဘုန်းကြီးအမိန့်ပေးသည်အတိုင်း ပင်အိပ်ကြရ၍ နံနက်လင်းသောအခါ လိုရာအရပ်သို့သွားရောက်ပြီး အသီးသီးအလိုရှိသော ကုန်များကို ပြည့်စုံအောင်ဝယ်ခြမ်း၍ပြန်လာကြ၏။

အပြန်တွင်လည်း ယခင်ဘုန်းတော်ကြီးကျောင်းအနီးသို့ ရောက်လျှင်မိုးချုပ်သောကြောင့် ၎င်းကျောင်းတွင်ပင် တည်းခိုရန် စပါးကုန်သည်ကပြော၏။ ထိုအခါသားရေကုန်သည်က ဤဘုန်းကြီးသည် စပါးကုန်သည်ကိုသာနှစ်သက်၍ သားရေကုန်သည်ကိုမုန်း၏။ သို့ဖြစ်၍ ငါမလိုက်လိုဟု ငြင်းပယ်သော်လည်း စပါးကုန်သည်က အတင်းဆွဲသဖြင့် သားရေကုန်သည်လည်းအတူလိုက်ပါခဲ့ရ၏။

ထိုအခါဘုန်းတော်ကြီးကဒါယကာတို့ အလိုရှိသောကုန်များ ပြည့်စုံကြပြီလော့စုမေးရာ ပြည့်စုံခဲ့ကြကြောင်းကိုလျှောက်သော အခါ တပည့်ကျောင်းသားများကိုခေါ်၍ သားရေကုန်သည်အား အိပ်ရာနေရာကောင်းပေး၍ စပါးကုန်သည်ကို တစ်စုံတရာမပေးဘဲ ကြမ်းပေါ်မှာအိပ်ပါစေဟု အမိန့်ပေးပြန်သည်။

ကုန်သည်နှစ်ယောက်တို့လည်း ဘုန်းကြီးအမိန့်ပေးပုံကို အံ့အားသင့်ကာ အကြောင်းကိုသိသာရန် လျှောက်ထားကြ၏။ ထိုအခါ ဘုန်းကြီးကဒါယကာတို့သည် ကုန်ဝယ်ရန်လာစဉ်က စပါးကုန်သည်က မိမိဝယ်လိုသောစပါးများဈေးကျပါစေ၊ ပေါပါစေဟုဆု



စပါးကုန်သည်နှင့်သားရေကုန်သည်တို့ပုံ

**ပန်းမျိုးတစ်ရာစာပေ**

တောင်းမည်ဖြစ်၍ သတ္တဝါများ အစားအစာပေါများပါစေ ဆုတောင်းသည်နှင့်တူသောကြောင့် စိတ်ထားကောင်းမွန်သည်။ သားရေကုန်သည်ကသားရေများဈေးကျပေါများပါစေဟု ဆုတောင်းမည်ဖြစ်၍ ကျွဲနွားသတ္တဝါများ သေပါစေဟု ဆုတောင်းသည်နှင့် တူသောကြောင့် စိတ်ထားယုတ်ညံ့သည်။ သို့ဖြစ်၍ကုန်ဝယ်သွားကြစဉ်အခါက စိတ်ထားကောင်းမွန်သောစပါးကုန်သည်ကို ငါအိပ်ယာနေရာကောင်းပေးစေသည်။ အလိုရှိသောကုန်များဝယ်ခြမ်းပြည့်စုံ၍ပြန်လာကြသောအခါမှာကား မိမိကုန်များကို တန်ဖိုးကြီးမြင့်စွာနှင့်ရောင်းချရန် စပါးကုန်သည်ကစပါးရှားပါးပါစေဟု ဆုတောင်းမည်ဖြစ်၍ သတ္တဝါတို့အစားအစာရှားပါးပါစေဟုဆုတောင်းသည်နှင့်တူသောကြောင့် စိတ်ထားယုတ်ညံ့သည်။ သားရေကုန်သည်ကမူ သားရေရှားပါးပါစေဟု ဆုတောင်းမည်ဖြစ်၍ ကျွဲနွားအသေနည်းပါးပါစေဟု ဆုတောင်းသည်နှင့်တူသောကြောင့် စိတ်ထားကောင်းမွန်သည်။ သို့ဖြစ်ပါ၍ စိတ်ထားကောင်းမွန်သောသားရေကုန်သည်ကိုသာ အိပ်ရာနေရာပေးစေဟု အမိန့်ရှိလေ၏။

ဤပုံပြင်သည် စိတ်ကောင်းနှလုံးကောင်းထားရှိရန်လိုအပ်ကြောင်း သတိပေးသည့်ပုံပြင်တစ်ရပ်ဖြစ်သည်။ သူတော်ကောင်းတို့သည် လောကသတ္တဝါတို့ ချမ်းသာကြွယ်ဝရေးကိုလိုလားကြ၏။ သူတော်ကောင်းတို့သည်စိတ်ကောင်းစိတ်မြတ် ထားရှိသောသူတို့အား ထားရှိသော စိတ်စေတနာနှင့်အညီ ကူညီတတ်ကြ၏။

ဤပုံပြင်ကိုရင်သွေးတို့အား ပြောကြားရင်း စိတ်မြတ်စိတ်ကောင်းကို ပျိုးထောင်ပေးနိုင်မည် ဖြစ်ပါ၏။

**ပန်းမျိုးတစ်ရာစာပေ**

ဒေါင်းဖတ်စာပုံပြင်များကို လေ့လာပါက ပထမတွင် ယုန်နှင့်လိပ်ပုံပြင်၊ ဒေါင်းယောင်ဆောင်သောကျီး စသည်ဖြင့် မှတ်သားရန်လွယ်ကူရှင်းလင်းသော ပုံများကို တစ်ဆင့်ပြီးတစ်ဆင့် ပေးလာရမှ စတုတ္ထတန်းစသောအသက် ၉ နှစ် ၁၀ နှစ်သို့ရောက်သောအခါ သူ့အသက်အရွယ်နှင့်သူ တဖြည်းဖြည်း တွေးစရာလေးများ စဉ်းစားစရာလေးများ၊ ပဟေဠိလေးများ ထည့်သွင်း၍ ဖော်ပြလာသည်ကိုတွေ့ရသည်။

ယခုကုန်သည်နှစ်ဦးပုံပြင်တွင် လူငယ်တို့စိတ်ဝင်စားဖွယ်ရာဖြစ်အောင်ဖန်တီးရေးသွင်းထား၏။ စိတ်ဝင်စားဖွယ်ဖြစ်အောင်ရေးသားချက်မှာ ထိုပုံပြင်တွင် လျှို့ဝှက်မှုပါဝင်နေ၏။ ပုံကိုနားထောင်ရင်း လူငယ်တို့သည်လျှို့ဝှက်မှုကိုသိလိုကြ၏။ ဤလျှို့ဝှက်မှုမှာလည်း ပုံပြင်၏အသက်ပင်ဖြစ်သည်။

ဤပုံပြင်ကစိတ်ကောင်းစိတ်မြတ်ထားသူများသည် အဆင့်မြင့်မား၍ကောင်းမွန်သောနေရာထိုင်ခင်းနှင့် ထိုက်တန်၏။ စိတ်မကောင်းထားသူတို့သည် နိမ့်ကျသော အခြေအနေဖြင့်သာထိုက်တန်၏။ ထို့ကြောင့်လူများသည် အစဉ်သဖြင့်စိတ်ကောင်းစိတ်မြတ်ကိုထားရန်လိုအပ်ကြောင်း၊ စိတ်ကောင်းစိတ်မြတ်မွေးမြူသော လူငယ်များဖြစ်ရေးကိုဦးတည်၍ ဆိုဆုံးမထားသောပုံပြင်တစ်ရပ်ဖြစ်၍ အထူးကောင်းမွန်သောပုံပြင်တစ်ရပ်ဖြစ်ပါ၏။

ပုံပြင်၏အဓိကသော့ချက်ဖြစ်သော စိတ်ကောင်းစိတ်မြတ်ထားရေးကိုပုံပြင်တစ်ခုလုံး၏ လျှို့ဝှက်မှုအဖြစ်ထားရှိ၏။ ပုံပြင်တွင် ထိုလျှို့ဝှက်မှုကိုဖော်ရင်း မိမိပေးလိုသောအသိပညာကိုလည်း

တစ်ပါးတည်းဖော်ပြထားသဖြင့် နားထောင်သူတို့အတွက်စိတ်ဝင်စား ဖွယ်ရာ အဓိကအချက်ကို ချက်ချင်းလိုက်နာဖွယ်ရာ၊လက်ခံဖွယ်ရာ ဖြစ်ရသည်။

ဤပုံပြင်မှာစိတ်ကောင်းထားလျှင် ကောင်းမွန်သောအိပ်ရာအိပ်ခင်း ရ၍ စိတ်ကောင်းမထားလျှင် အိပ်ရာနေရာကောင်းပင်မရ ဟူသော အသိကိုစွဲမြဲစွာရစေနိုင်ပါသည်။

ထို့ကြောင့်လူများသည် စိတ်ကောင်းစိတ်မြတ်များ အမြဲထား ရမည်၊ မကောင်းသောစိတ်၊ လောဘစိတ်များကို ဖယ်ရှားရမည်။ စိတ်ကောင်းထားခြင်းသည်မြင့်မြတ်၏။ မကောင်းစိတ် လောဘ စိတ်ထားရှိခြင်းသည် နိမ့်ကျ၏ဟူသော အတွေးအမြင်ကို ရရှိအောင်။ ရင်သွေးငယ်တို့အသည်းတွင် စွဲသွားအောင် ရှင်းလင်းပြောကြားရန် လိုအပ်ပါသည်။

## ၃၀။ ကျေးဇူးရှင်ကို ပြစ်မှားသောမြေခွေး

ရှေးသရောအခါ ဟိမဝန္တာတောတွင်တန်ခိုးအာနုဘော်ကြီးမြတ်သော ရှင်ရသေ့တစ်ပါး သီတင်းသုံးနေတော်မူ၏။ မြေခွေးငယ်တစ်ကောင်သည် ထိုရှင်ရသေ့ထံ မပြတ်မပြတ်သွား၍ ခစားရာ ခစားဖန်များသောအခါရှင်ရသေ့က ခွေးငယ်သင်သည် ခြင်္သေ့ဖြစ်ချင်သလောဟုမေးမြန်း၏။

မြေခွေးငယ်က ခြင်္သေ့ဖြစ်ချင်ပါသည်ဟုလျှောက်ထားသောအခါ ထို့သို့ဖြစ်ချင်လျှင် ခြင်္သေ့ပင်ဖြစ်လေတော့ဟု အမိန့်ရှိလိုက်၏။ ဤကဲ့သို့တန်ခိုးကြီးသော ရှင်ရသေ့ အမိန့်ရှိလိုက်သည်မှစ၍ ၎င်းခွေးငယ်ကိုမြင်မြင်သမျှ သတ္တဝါပေါင်းတို့သည် ခြင်္သေ့ဟူ၍ပင် ထင်မှတ်နေကြရ၏။

**ပန်းမျိုးတစ်ရာစာပေ**



ထိုမြေခွေးလည်းမိမိကို သတ္တဝါအပေါင်းတို့ကခြင်္သေ့ဟူ၍ မှတ်ထင်ကြကြောင်းကိုသိပြီးလျှင် ခြင်္သေ့တို့သာပေါင်းသင်းဆက်ဆံနေထိုင်သဖြင့် ခြင်္သေ့မတစ်ကောင်နှင့်သင့်မြတ်၏။ သို့သော်လည်းနဂိုကခြင်္သေ့အစစ်မဟုတ်ပဲ ရှင်ရသေ့၏တန်ခိုးကြောင့်သာအများထင်မှတ်ခြင်းခံရရုံမျှဖြစ်၍ အချို့နေရာတွင်ခြင်္သေ့နှင့်မတူအမူအကျင့်ကွဲပြားသဖြင့် မယားခြင်္သေ့မကသံသယဖြစ်ပြီးလျှင် ရှင်ရသေ့ထံခြင်္သေ့မျိုးမှန်မမှန်ကို သွား၍လျှောက်ထားမေးမြန်းမည်ဟုပြောဆို၏။ ထိုအခါမြေခွေးငယ်က ဤသို့ကြံ၏ အကယ်၍ခြင်္သေ့မင်းသည် ရှင်ရသေ့ထံသွားရောက်မေးမြန်းလျှင် ရှင်ရသေ့လည်း

လိမ်လည်လှည့်ဖြား၍ ပြောမည်မဟုတ်ကြောင့် ငါ၏ဇာတိ ပေါ်ချေမည်။ ဤကဲ့သို့ သွားရောက်၍မမေးရဟု ခြင်္သေ့မအား ငါတား၍လည်းမသင့်လျော်။ သို့ဖြစ်၍ခြင်္သေ့မ သွားရောက် မမေးမြန်းခင် ငါကြိုတင်၍ ရှင်ရသေ့ကိုကိုက်သတ်မှတော်မည်ဟု ကြံစည်ပြီးလျှင် ရှင်ရသေ့ထံသွား၏။ တန်ခိုးကြီးသောရှင်ရသေ့လည်း ခွေးငယ်၏အကြံကို သိနှင့်ပြီးဖြစ်၍ ဟဲ့--ခွေးငယ်အဘယ်ကိစ္စရှိ၍ လာသနည်းဟုဆီး၍အမိန့်ရှိ၏။ ဤသို့အမိန့်ရှိသည်နှင့်တပြိုင်နက် ခွေးဖြစ်မြဲပြန်၍ဖြစ်သွားလေသည်။

ဤပုံဝတ္ထုကို ထောက်ပြီးလျှင် မည်သူမဆို မိမိအားအခြား ပုဂ္ဂိုလ်တို့ကကြီးမြင့်သောအခြေအနေသို့ရောက်အောင် ချီးမြှောက် စောင်မလိုက်သည်ရှိသော ထိုရောက်သောအခြေအနေနှင့် အလုံးစုံ ညီညွတ်ခြင်းရှိအောင် မိမိကိုယ်တိုင်ကလည်း အထူးသတိထား၍ ကြိုးစားအားထုတ်လျက်ချီးမြှောက် စောင်မလိုက်သောကျေးဇူးကို လည်းကောင်းကြံစည် ပြစ်မှားခြင်းမှ အမြဲရှောင်ကြဉ်ကြရသည်။

ကျေးဇူးကိုပြစ်မှားသောမြေခွေးပုံပြင်သည် ကျေးဇူးတရား သိတတ်ရန် လိုအပ်ကြောင်း၊ ကျေးဇူးသိတတ်ပါက ဤလောကတွင် ဆုံးရှုံးမှုနှင့်ကြုံရတတ်ကြောင်းကို လူငယ်တိုင်းအား သင်ခန်းစာပေး ပြောကြားထားသောပုံပြင်တစ်ရပ်ဖြစ်ပါ၏။

ဤပုံပြင်မှ သင်ခန်းစာများကိုပေးပါ၏။ ပထမသင်ခန်းစာမှာ မည်သည့်အရာမဆိုအယောင်ဆောင်မှုသည် တာရှည်မခံဟူသော သင်ခန်းစာကိုပေး၏။ဒုတိယသင်ခန်းစာမှာ တစ်စုံတစ်ယောက်က

မိမိအားကျေးဇူးပြုသဖြင့် နေရာတစ်နေရာကို ရောက်ရှိပါက ထိုနေရာနှင့်အညီမိမိကိုယ်တိုင် အရည်အသွေးရှိအောင်ပျိုးထောင်ရန် လိုအပ်သည်ဟုသော အချက်နှင့် ကျေးဇူးရှင်အားကျေးဇူးမဆပ်လျှင် နေပါ ဘယ်သောအခါမှကျေးမစွပ်ရန်လိုအပ်ကြောင်း နှင့်ကျေးစွပ်သူ အားလုံးသည်ဘဝပျက်၍ ဒုက္ခရောက်ရကြောင်းကိုလည်း ဤပုံပြင်မှ သင်ခန်းစာပေးပါ၏။

ဤပုံပြင်လေးကို ထပ်ကာထပ်ကာပြောကြားထားခြင်းအားဖြင့် နားရည်ဝအောင်ကြားနေရသောလူငယ်တို့သည် မိမိဘဝတွင်မြေခွေး ကဲ့သို့အခွင့်အရေးရခဲ့သော မြေခွေး၏မှားယွင်းသောအကြံ အစည်များကိုမထားဘဲ လမ်းမှန်ကမ်းမှန်စဉ်းစားဆောင်ရွက်နိုင်ခြင်း ဖြင့် ဘဝတက်လမ်းတွင် တိုးတက်ပွင့်လင်းစေနိုင်မည်ဖြစ်ပါသည်။

တစ်ခါကပုဂ္ဂိုလ်တစ်ဦးသည်မိမိကျွမ်းကျင်သော။မိမိနှင့် မဆီလျော်သောရာထူးတစ်ခုကို တာဝန်အရထမ်းဆောင်ရသည်။ ထို့သို့တာဝန်အရထမ်းဆောင်ရသော်လည်း မိမိမသိနားမလည် သည်ကိုနားလည်အောင် ကြိုးစား၍တာဝန်ကို ကျေပွန်စွာ ကြိုးစားရမည့်အစား မိမိနားမလည်မှုကိုသိုဝှက်၍ မိမိတာဝန် ယူရသောအလုပ်တွင် သြဇာအာဏာပြပြီး ဆက်ဆံအုပ်ချုပ်ရာ ပုဂ္ဂိုလ်၏ဘဝလည်းပျက်၊ ထိုလုပ်ငန်းလည်း ပျက်သုန်းရသော ဖြစ်ရပ်တစ်ခုရှိခဲ့ဖူး၏။

ထိုကဲ့သို့သောဖြစ်ရပ်များသည် တစ်ခုသာမကများစွာရှိ၏။ တစ်စုံတစ်ယောက်သောသူက မြေခွေးကို ခြင်္သေ့ဟုသမုတ်ယုံမျှဖြင့် မြေခွေးများသည် ခြင်္သေ့ဘဝသို့ရောက်သော်လည်း ခြင်္သေ့လို

မကျင့်ကြံမနေထိုင်တတ်ဘဲ ဆုံးရှုံးခဲ့ရသောဖြစ်ရပ်များရှိခဲ့ပါ၏။ ဤဒေါင်းဖတ်စာပုံပြင်ကို မြေခွေးများလည်းနားထောင်သင့်၏။ လူငယ်များလည်းဒေါင်းဖတ်စာပုံပြင်ကို ဖတ်၍ဘယ်သောအခါမှ အယောင်မဆောင်ရန် သို့မဟုတ် မြင့်မားသောဘဝတစ်ခုကိုရရှိလာပါက ထိုဘဝနှင့်အညီ ကြိုးစားမှု၊ ဝီရိယရှိမှုပြုရန် လိုအပ်ပါ၏။

မည်သို့ပင်ဖြစ်စေ ခွေးသည် ခွေးနေရာတွင်ပင်နေ၍ ခြင်္သေ့သည် ခြင်္သေ့အလုပ်ကိုလုပ်ခြင်းသည်သာ အမှန်ကန်ဆုံးဖြစ်၏။ သူ၏ဘဝမူလကိုက မြေခွေးဘဝတွင်သူသည် မြေခွေးဘဝ၌ ကားကျွမ်း ကျင်ပြောင်မြောက်မည်ဖြစ်၏။ သို့သော်ချက်ချင်းမြေခွေးတန်ခိုးဖြင့် ခြင်္သေ့ဖြစ်စေဟုဆိုကာ ခြင်္သေ့ဖြစ်လာသောအခါတွင်ကား အသွင်သဏ္ဌာန်အရ ချက်ချင်းဖြစ်နိုင်သော်လည်း အနှစ်သာရအားဖြင့် ခြင်္သေ့အရည်သွေးများကို ချက်ချင်းရလာနိုင်သည်မဟုတ်ကြောင်းကို ခြင်္သေ့ဖြစ်လာသောမြေခွေးတိုင်း သတိပြုရန်အထူးလိုအပ်ပါသည်။

ပုံပြင်ထဲမှမြေခွေးသည် ဆရာရသေ့၏ကျေးဇူးဖြင့် ခြင်္သေ့အသွင်ကိုရ၏၊ မိမိကသတိထား၍ ခြင်္သေ့ကဲ့သို့မကျင့်ကြံ။ ခြင်္သေ့၏ အရည်အချင်းရှိအောင် မနေတတ်မထိုင်တတ်။ ထို့ပြင်အများသူငါက အသွင်သဏ္ဌာန်သာရှိ၍ အနှစ်သာရမရှိဟု ဆိုသောအခါမြေခွေးသည် ကျေးဇူးရှင်ကိုပင်ပြစ်မှား၏။ ထို့ကြောင့်စောင်မကြည့်ရှုမှုများ ပြုရာတွင် မြေခွေးကဲ့သို့သောသူကို ခြင်္သေ့အဖြစ် မဖန်ဆင်းအပ်ကြောင်းကိုလည်းဤပုံပြင်မှ သင်ခန်းစာပေးထားသောကြောင့် ဤပုံပြင်ကို ထောက်ရှု၍ များစွာသော သင်ခန်းစာကို ရယူဖွယ်ရာ ဖြစ်ပါသည်။

**ပန်းမျိုးတစ်ရာစာပေ**

## ၃၁။ ရိုးဖြောင့်သောသူတစ်ယောက်အကြောင်း

လွန်လေပြီးသောအခါဗာရာဏသီပြည်တွင် ထက်ဝန်းကျင် အရပ်လေးမျက်နှာ ကြေညာ ထင်ရှားကျော်ကြားသော ဒိသာပါမောက္ခ ဆရာကြီးတစ်ဦးထံတွင် ငါးရာသောလုလင်တို့သည် ပညာသင်ကြား၍ နေကြကုန်၏။ ထိုဆရာကြီးတင် ရုပ်ရည်ချောမောလှပတင့်တယ်အချိန် အရွယ် ရောက်သော သမီးတစ်ယောက်ရှိ၏။

ဆရာကြီးသည်မိမိသမီးကို တပည့်ငါးရာထဲက သင့်လျော် သည့်သူနှင့် ပေးစားမည်ဟု ကြံစည်ပြီးလျှင်တစ်နေ့သ၌တပည့်တို့ကို ခေါ်၍ "အမောင်တို့ . . ငါ့သမီး အရွယ်သို့ရောက်ပြီဖြစ်သော်ကြောင့် ထိမ်းမြားမင်္ဂလာပြုပေးလိုသည်။ သို့ဖြစ်၍ငါ့သမီးဝတ်ဆင်ရန် ဝတ်စားပြုပေးလိုသည်။သို့ဖြစ်၍ငါ့သမီးဝတ်ဆင်ရန် ဝတ်စားတန်ဆာ တို့ကို သင်တို့ မိဘဆွေမျိုးများ အိမ်မှ မည်သူတစ်စုံတစ်ယောက်မျှ

မသိအောင်ခိုးယူခဲ့ကြရမည်။ ဤကဲ့သို့ခိုးယူနိုင်သောသူနှင့် ငါ့သမီးကို ထိမ်းမြားလက်ထပ်ပေးမည်” ဟုပြော၏။

ထိုအခါဆရာကြီး၏သမီးကိုချစ်ကြိုက်စုံမက်ကြသူ တပည့်အပေါင်းတို့သည် ပုတီး၊ နားထောင်း၊ လက်ကောက် စသော ဝတ်စားတန်ဆာတို့ကို မိမိတို့နေအိမ်မှ အိမ်သူအိမ်သားများမသိရအောင်သီးသီးခိုးယူခဲ့ပြီးလျှင် ဆရာကြီးထံပေးအပ်ကြ၏။ ဆရာကြီးကတပည့်တို့ပေးအပ်သမျှ ပစ္စည်းများကိုအသီးသီးကောင်းမွန်စွာမှတ်သား၍ ထား၏။ ထိုအခါတပည့်ငါးရာတို့တွင် ပညာအထက်မြက်ဆုံးဖြစ်၍ လက်ထောက်ဆရာအဖြစ်လွှဲအပ်ခြင်းခံရသူ တပည့်ကြီးသည်ကား အခြားတပည့်များကဲ့သို့ ပစ္စည်းတစ်စုံတစ်ရာမျှ မယူခဲ့ဘဲ ဆရာကြီးပြောဆိုသောစကားကို အလေးမမူသကဲ့သို့ နေ၏။

ဆရာကြီးကဂုဏ်းတပည့်ကြီးကိုခေါ်၍ အမောင်အခြားတပည့်တို့သည်ငါပြောသည့်အတိုင်း မိမိတို့အိမ်မှ အထူးထူးသောပစ္စည်းတို့ကို အသီးသီးယူဆောင်လာကြသည်။ အမောင်မူကားအဘယ်ကြောင့် မယူဆောင်ခဲ့ပါသနည်းဟုမေး၏။ ထို့အခါတပည့်ကြီးက မည်သူတစ်စုံယောက်မှမသိအောင် ခိုးယူခဲ့ရမည်ဟုဆရာက အမိန့်ပေးပါသည်။ ဆရာအမိန့်ပေးသည့်အတိုင်း ညီညွတ်အောင် ခိုးယူရန်နည်းလမ်းကို ကျွန်တော်မမြင်ပါ။ အိမ်သူအိမ်သားလူအများတို့ မသိစေကာမူ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ် သိကြမည်ပင် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်တော်မယူခဲ့ပါကြောင်းကို ပြောဆိုလေ၏။

**ပန်းမျိုးတစ်ရာစာပေ**



ထိုစကားကိုကြားသောအခါ ဆရာကြီးသည်လွန်စွာဝမ်းမြောက်သည်ဖြစ်၍ တပည့်များအားစုဝေးစေပြီး "အမောင်တို့ ငါ့မှာဥစ္စာပစ္စည်း မရှိသောကြောင့် တပည့်တို့ကိုဤကဲ့သို့အခိုးခိုင်းသည်မဟုတ်။ သင်တပည့်တို့စိတ် သဘောထား ရိုးသားဖြောင့်မတ်ခြင်းရှိမရှိကိုသိရအောင် စုံစမ်းလိုသောကြောင့်သာ ဤကဲ့သို့စေခိုင်းခြင်းဖြစ်သည်။ ငါ့တပည့်အပေါင်းတို့တွင် ဤတပည့်တစ်ယောက်သာ ဉာဏ်ပညာလည်းအထက်မြက်ဆုံး ဖြစ်သည့်အပြင် ကိုယ်ကျင့်တရားသဘောထားလည်း ရိုးသားကောင်းမွန်သူ ဖြစ်သောကြောင့် သူနှင့်သာ ငါ့သမီးထိုက်တန်သည်" ဟုချီးမွမ်းပြီးလျှင် ဘာပစ္စည်းမျှ ခိုးမယူခဲ့

သောတပည့်အား သမီးနှင့်လက်ထက်ထိမ်းမြားပေး၏။ ထို့နောက် ပစ္စည်းများကိုအသီးသီးခိုးယူလာကြသော တပည့်တို့အားလည်း မိမိတို့ခိုးယူလာကြသည့် ပစ္စည်းများကို မိမိတို့အိမ်သို့ပင် ကောင်းမွန်စွာ ပြန်ပို့စေလေသည်။

သို့ဖြစ်၍ပညာသင်တတ်မြောက်စေကာမူ ကိုယ်ကျင့်တရား သဘောထား ရိုးဖြောင့်ကောင်းမွန်ခြင်း မရှိက အဖိုးမတန်ကြောင်း များကို သတိပြုကြရသည်။

ရိုးသားသော လူတစ်ယောက်အကြောင်း ပုံပြင်သည်မြန်မာပုံပြင် လောကတွင်ထင်ရှားသော ပုံပြင်တစ်ခုဖြစ်၏။ မိဘများကသားသမီး တို့အားမကြာခဏ ပြောဆိုဆုံးမသော ပုံပြင်လည်းဖြစ်၏။

ပညာမည်မျှပင် တတ်မြောက်စေကာမူ ကိုယ်ကျင့်တရားကောင်း မွန်ခြင်းမရှိပါက ထိုသူသည်တန်ဖိုးမရှိ လူငယ်တို့အတွက် ဘဝ တစ်သက်လုံးတွင် စာရိတ္တကောင်းမွန်သောသူတစ်ယောက်ဖြစ် စေရန်ငယ်စဉ်ကစ၍ ပျိုးထောင်ရမည်ဖြစ်သည်။ လူတစ်ယောက်၏ ဘဝတန်ဖိုးသည်စရိတ္တဖြစ်သည်။ စာရိတ္တသည်လူ့ဘဝတွင် အရေးအကြီးဆုံးအရာဖြစ်သည်။ ယခုအခါ အကျင့်စာရိတ္တချွတ်ယွင်း မှုများနေရာတိုင်းတွင် ရှိနေရာ ယနေ့အမိနိုင်ငံ တိုးတက်ဖွံ့ဖြိုးမှု နှေးကွေးနေခြင်းသည် လူအများစာရိတ္တချွတ်ယွင်း၍ ရိုးသားခြင်း မရှိသောကြောင့်ဖြစ်၏။

စာရိတ္တကိုပျိုးထောင်ပေးသော ဤပုံပြင်သည်လူငယ်တိုင်းအား မိဘတို့ကငယ်ရွယ်စဉ်မှစ၍ အမြဲ အသိပေးထားရန်လိုအပ်သော ပုံပြင်သာဖြစ်ပါ၏။

**ပန်းမျိုးတစ်ရာစာပေ**

လူဘဝတွင်အရေးကြီးဆုံးအရာသည် စာရိတ္တဖြစ်၏။ လူဘဝတွင်စာရိတ္တထက်ပို၍ ကြီးကျယ်သောအရာသည် မရှိ။ လောကတွင်စာရိတ္တချွတ်ယွင်းခြင်းသည် ဘဝပျက်သုဉ်းခြင်းသာ ဖြစ်၏။ လူတို့သည် စိတ်ကွယ်ရာရှိသည်နှင့်မကောင်းမှုတို့ကို ပြုလုပ်ရန် ဝန်မလေးဘဲ ရှိတတ်သည်။ ဤပုံပြင်သည်လောက၌ မကောင်းမှုပြုလုပ်ရန်ဆိတ်ကွယ်ရာဟူ၍ မရှိကြောင်းဖော်ပြသည့် ပုံပြင်ဖြစ်၏။

မကောင်းမှုပြုသူများသည်မည်သူမှ မသိဟု ဆိုသည့်တိုင် ထိုမကောင်းမှုပြုလုပ်ကြောင်းကို မိမိကိုယ်မိမိသိနေ၏။ မိမိသည်မကောင်းမှု ပြုလုပ်ခဲ့ကြောင်း မိမိသည်မရိုးသားသူဖြစ်ကြောင်းမည်သူမျှ မသိလျှင်နေပါစေ၊မိမိကိုယ်မိမိသိနေခြင်း သည်ပင် အလွန်ရှက်စရာကောင်းသော အလုပ်ဖြစ်၏။ မည်သူမျှ မသိဟူ၍ မကောင်းမှုကိုပြုလုပ်သူသည် မကောင်းမှုပြုလုပ်သည့် အတွက် အပြစ်တစ်ခုကိုကျူးလွန်သည့်အပြင်သူများ မသိအောင် ပြုလုပ်ခြင်းအတွက် လိမ်ညာမှုတစ်ရပ်ကိုလည်း ကျူးလွန်ရာရောက် ၏။ မကောင်းမှုတစ်ခုကို ကျူးလွန်မိတိုင်း ထိုသူ၏ဘဝတွင် မကောင်းမှုသည်အရိပ်သဖွယ် ထိုးနေ၍ ထိုသူသည်ဘယ်သောအခါမှ အမြင့်အမြတ်နေရာသို့ မရောက်နိုင်ပါ။

ရိုးသားခြင်းသည် လူတို့၏အကြီးကျယ်ဆုံးသောဂုဏ်ပုဒ် ဖြစ်၏။ မြတ်စွာဘုရားသည်။ အမှန်တရားအတွက် နန်းစည်းစိမ်ကို စွန့်၏။ ဥစ္စာပစ္စည်းကို စွန့်၏။ သံယောဇဉ် ဟူသမျှကို ဖြတ်၏။

**ပန်းမျိုးတစ်ရာစာပေ**

အမှန်တရားကို ရှာဖွေ၏။ ဘဝနှင့်ကြီးကျယ်သော နန်းစည်းစိမ်ကို စွန့်၍ မြတ်စွာဘုရားရှာဖွေတွေ့ ရှိခဲ့သော အရာတွင်

ကောင်းစွာနေရန်

ကောင်းစွာကျင့်ကြံရန်

ကောင်းသောအပြုအမူကိုပြုရန်

ကောင်းတာကိုတွေး၍ ကောင်းတာကိုလုပ်ရန်ဖြစ်၏။

တနည်းဆိုရသော် မကောင်းမှုကိုမပြုလုပ်ရန်၊ မကောင်းတာကို ရှောင်ရန်ဖြစ်၏။

သို့သော် မြတ်စွာဘုရားအားရိုသေ ရှိခိုးကိုးကွယ်သူများသည် မြတ်စွာဘုရား၏ အလိုတော်နှင့် ဆန့်ကျင်၍ ပစ္စည်းဥစ္စာနေပိုင်ဆိုင်မှုနှင့် သံယောဇဉ်တို့အတွက် မကောင်းမှုကိုပြုကြ၏။ မကောင်းတာကို လုပ်ကြ၏။ မမှန်သောစကားကို ဆိုကြ၏။

တကယ်တော့ ဗုဒ္ဓဘာသာထွန်းကားသောနိုင်ငံတွင် စာရိတ္တ ကောင်းမွန်ရေးသည်အရေးကြီး၏။စာရိတ္တမြင့်မားရန်လိုအပ်သည်။ ဗုဒ္ဓဘာသာသည် ကောင်းမြတ်သောစာရိတ္တ၌တည်ရှိသော ဘာသာ ဖြစ်၏။ ဗုဒ္ဓဝင်၊ မဟာဝင်၊ ငါးရာငါးဆယ် အစရှိသော ပုံဝတ္ထုဇာတ်များ တွင်စာရိတ္တကိုပြုပြင်သည့် ဇာတ်တော်ဇာတ်လမ်းများစွာရှိ၏။

စာရိတ္တကိုကြီးမှပြုပြင်သည်ထက် ငယ်ငယ်ကပြုပြင်ရန်လို၏။ ကျွန်တော်တို့၏ စာရိတ္တသည် ငယ်စဉ်ကဘာသာတရား၏အဆို အဆုံးအမ၊ အဘွားပြောသောပုံပြင်များနှင့် ကောင်းမွန်သော စာပေများ၏ အကျိုးကျေးဇူးကြောင့် ခိုင်မာသောစာရိတ္တကိုထိန်း ကျောင်းနိုင်ခဲ့၏၊ လူငယ်တို့အား မိဘတို့သည် ရိုးဖြောင့်သော

ထိုသူတစ်ယောက် အကြောင်း ပုံပြင်ကို တစ်ရံမလပ် ပြောကြားနေရန် လိုအပ်ပါသည်။ မိဘတိုင်းသည် သားသမီးတို့အား မြင့်မားသော စာရိတ္တကို ပျိုးထောင်ပေးရန် လိုအပ်ပါ၏။ ရိုးသားသောစာရိတ္တရှိသည့် လူငယ်တစ်ယောက်အဖြစ် သားသမီးတစ်ယောက်ကိုပျိုးထောင်ပေး လိုက်နိုင်သော မိဘသည်သစ်တောတစ်အုပ်ကို ပျိုးထောင်သည်ထက် ပိုမိုမြင့်မြတ်သော အလုပ်တစ်ခုကိုလုပ်ဆောင်ရာကျ၏။ စာရိတ္တကို ပြုပြင်သောမိဘသည် တာဝန်ကျေသော မိဘလည်း မည်ပါ၏။

တစ်ခါက အမေတွင် သားတစ်ယောက်ရှိရာ သားသည် ကျောင်းမှခဲတံကလေး ကိုယူလာ၏။ ထိုအခါ အမေက အမှုမဲ့ သိမ်းဆည်းထားခဲ့၏။ တစ်ဖန်သားကသူငယ်ချင်း တို့ထံမှ စာအုပ် လေးများကိုယူလာ၏။ အမေကဆိုဆုံးမမှုမပြုဘဲ သားယူလာသမျှကို သိမ်းဆည်း၍ထားရာ သားသည်တစ်စတစ်စ လက်ရဲလာ၍ ခိုးတတ် သောအကျင့် ရလာ၏။

ခိုးတတ်သော အကျင့်ရ၍ ခိုးသည့်တိုင်မိခင်ဖြစ်သူ ဆိုဆုံးမ မှုမပြုဘဲ နေခဲ့ရာ သားသည်သူခိုးကြီးဖြစ်လာခဲ့၏။ နိုင်ငံအဝန်းတွင် နာမည်ကြီးသူခိုးကြီးဖြစ်နေရာမှတစ်နေ့တွင် ဘုရင်ကဖမ်းမိပြီး သူခိုးအား လူသတ်ကုန်းသို့ပို့၍ သတ်စေသည်။ သားဖြစ်သူသူခိုးသည် မသေမီ မိခင်ဖြစ်သူနှင့် တွေ့ဆုံပါရစေဟုခွင့်တောင်း၏။ မိခင်ရောက် လာသောအခါသားကအမေအား တိုးတိုးပြောရန် ရှိပါသည်ဟု ဆိုသဖြင့် မိခင်က သား၏ပါးစပ်နားသို့ ကပ်၍နားထောင်ရာ သားသည်မိခင်နားရွက်ကို ကိုက်ဖြတ်ပစ်လိုက်သည်ဟု ဆို၏။

**ပန်းမျိုးတစ်ရာစာပေ**

ထိုအခါ မင်းမှုထမ်းတို့က သူခိုးအား မိခင်၏နားရွက်ကို ဘာကြောင့်ကိုက်ရသနည်းဟု မေးလေလျှင် သားဖြစ်သူသူခိုးက မိမိငယ်စဉ်ကျောင်းမှ ပစ္စည်းတစ်ခု၊ နှစ်ခု ယူလာသည်ကိုမိခင်သည်တားမြစ်ဆုံးမခြင်းမရှိ။ ထို့ကြောင့်တစ်စတစ်စခိုးယူ သည့် အကျင့်ရလာသည် မှစ၍မိမိမှာ သူခိုးကြီးဖြစ်လာခဲ့ရာ ယခုမင်းပြစ်မင်းဒဏ်ခံရ၍ အသတ်ခံရတော့မည်။ ထို့ကြောင့် မိခင်၏နားရွက်ကိုကိုက်ဖြတ်ရသည်ဟု ဆိုလေ၏။

သို့ဖြစ်ရာမိဘပင်လျှင် ဖြစ်လင့်ကစား ငယ်စဉ်က ဆိုဆုံးမမှု မပြုပါက မိဘပင်လျှင် ရန်သူမည်၏ဟု ဆိုစမှတ်ပြုကြခြင်း ဖြစ်ပါသည်။

**ပန်းမျိုးတစ်ရာစာပေ**

## ၃၂။ ပုဏ္ဏားတစ်ယောက်အကြောင်း

ရှေးသရောအခါ ချမ်းသာကြွယ်ဝသော ပုဏ္ဏားကြီးတစ်ယောက်ထံသို့ဆင်းရဲနွမ်းပါးသောသူများ လာရောက်၍ငွေချေးကြရာ ထိုချေးလာသောသူတိုင်းအား ပုဏ္ဏားကြီးကဘုရင်မင်းမြတ်နတ်ရွာစံလွန်တော်မူသောအခါ လာရောက်ပေးဆပ်ကြမည်ဟု ကတိပေး၍ချေးငှား၏။ ထိုအကြောင်းကိုမင်းချင်းယောက်ျားတို့သိရှိသောအခါ ဤပုဏ္ဏားကြီးသည် မိမိဘာသာ ငွေချေးရာတွင် ဘုရင်မင်းမြတ်နှင့် စပ်လျဉ်း၍ မသင့်လျော်သောစကားကို အသုံးပြုသည်ဟု ဘုရင်မင်းမြတ်ထံ လျှောက်ထား သံတော်ဦးတင်ကြ၏။

ဘုရင်မင်းမြတ်လည်း ပုဏ္ဏားကြီးကိုဆင့်ခေါ်၍စစ်ဆေးမေးမြန်းတော်မူရာတွင် ပုဏ္ဏားကြီးက ကျွန်တော်မျိုးသည် အရှင်မင်းကြီးကို အလွန်တရာမြတ်နိုးလှသောကြောင့် ဘုန်းတော်ကြီးလျက်သက်တော်ရာကျော် ရှည်ပါစေသောဟူ၍ နေ့စဉ်မပြတ် ဆုတောင်းပါသည်။

**ပန်းမျိုးတစ်ရာစာပေ**

ဤသို့ ကျွန်တော်မျိုးတစ်ယောက်တည်း ဆုတောင်းနေရုံနှင့် စိတ်မကျေနပ်နိုင်ပါ၍ အခြားသူများလည်း ကျွန်တော်မျိုးကဲ့သို့ဆုတောင်းကြရန် ရည်သန်ပြုလုပ်ခြင်းဖြစ်ပါသည်။ ကျွန်တော်မျိုးထံမှ ငွေကြေးချေးယူသော သူတို့သည် ဘုရင်မင်းမြတ်နတ်ရွာစံလျှင် ကြွေးကိုပြန်လည်ပေးဆပ်ကြရမည်ဖြစ်၍ ထို့သို့မပေးဆပ်ရလေအောင် ဘုရင်မင်းမြတ် သက်တော်ရကျော်ရှည်ပါစေဟူ၍ အများကပင် ဆုတောင်းနေကြပါသည်ဟု သံတော်ဦးတင်လေ၏။

ထိုအခါဘုရင်မင်းမြတ်သည် ဤပုဏ္ဏားကြီးကား ငါ့အကျိုးစီးပွားကိုဆောင်ရွက်ပေးပေသည်ဟု နှစ်သက်သည်ဖြစ်၍ ဆုလာဘ်များစွာပေးသနားတော်မူလေသည်။

ဤပုဏ္ဏားကြီးဝတ္ထုကိုထောက်၍ ခပ်သိမ်းသော သူအပေါင်းတို့သည်မိမိတို့အား တရားသဖြင့် စိုးအုပ်စောင့်ရှောက်တော်မူသော ဘုရင်မင်းမြတ်ကို ဘုန်းတော်ကြီးလျှက် သက်တော်ရာကျော်ရှည်ပါစေဟူ၍ နေ့စဉ်မပြတ်ဆုတောင်းခြင်းအမှုပြုလုပ်ကြရသည်။

ဤပုံပြင်သည် အရေးကြီးသောပုံပြင်တစ်ခု ဖြစ်ပါ၏။ မင်းအုပ်ချုပ်သူတို့နှင့် အများပြည်သူတို့အကြား အပြန်အလှန်ကျေးဇူးတရားရှိကြောင်းကို ပြဆိုသော ပုံပြင်ဖြစ်ပါသည်။

စုဝေးနေထိုင်ကြသော တိုင်းနိုင်ငံ အဖွဲ့အစည်း အဝန်းအသိုင်းတို့တွင် အုပ်ချုပ်သူများရှိသလို ပြည်သူများလည်းရှိသည်။ အုပ်ချုပ်သူများ၊ မင်းများတွင် သီးခြားတာဝန်နှင့် ဝတ္တရားများ ရှိ၍ အများပြည်သူတို့တွင်လည်းပြည်သူ့ဝတ္တရားများ-ရှိကြ၏။ အုပ်ချုပ်သူတို့သည် မိမိတို့၏ တာဝန်များကျေပွန်ရန်လိုအပ်သလို ပြည်သူတို့ကလည်း

ပြည်သူတာဝန်များကို ကျေပွန်ကြရ၏။ ထို့ကဲ့သို့ကျေပွန်ပါမှ နိုင်ငံအေးချမ်းမှု၊ကြွယ်ဝမှု၊ ချမ်းသာမှုများပြုကြ၏။

သို့မဟုတ်ဘဲ အုပ်ချုပ်သူကသူ၏ တာဝန်ကျေလျှင် အများပြည်သူတို့ဘက်ကလည်း တာဝန်ကျေရှိတတ်၏။ ထို့သို့အပြန်အလှန် တာဝန်မကျေပွန်မှုများ ရှိပါက နိုင်ငံသည် အေးချမ်းမှုမရှိခြင်း ဆူပူခြင်း၊ တရားနှင့်အညီမရှိခြင်းများ ဖြစ်တတ်ပါသည်။

ဤပုံပြင်တွင် မင်းနှင့်ပြည်သူသည် တာဝန်ကျေပွန်ရုံသာမက တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် မေတ္တာတရားရှေ့ထားရန် ကျေးဇူးတရားကို အပြန်အလှန်ထားရှိရန် ဆိုဆုံးမသောပုံပြင်တစ်ရပ် ဖြစ်ပါ၏။ အုပ်ချုပ်သူဆိုသည်မှာ အစိုးရအဖွဲ့အစည်းကိုမှ ဆိုလိုသည် မဟုတ်ဘဲအုပ်ချုပ်မှုအာဏာကို ခွဲဝေကိုင်စွဲသုံးကြသောမြို့ရွာ ရပ်ကွက်ကျေးရွာ အကြီးအကဲ လူကြီးသူမများမှအစ အဆင့်ဆင့်သော တရားစီရင်အပ်သူများ၊ ဝန်ထမ်းများကိုပါဆိုလိုကြရာ ဤပုံပြင်ကို ပြောပြ၍လူငယ်များအား မိမိအုပ်ချုပ်သည့် အပိုင်းမှ ဝန်ထမ်းဖြစ်ပါက လည်း ဝန်ထမ်းတာဝန် ကျေပွန်ရေးကို ငယ်စဉ်မှစ၍ အသိပေးဆိုဆုံး မထားခြင်းဖြင့် တိုင်းနိုင်ငံ အေးချမ်းခြင်း၊ သာယာခြင်း၊ ဝပြောခြင်း အထိ ပေါက်မြောက်အောင် စွမ်းဆောင်နိုင်သည့် အဖိုးတန် ပုံပြင် တစ်ရပ် ဖြစ်ပါသည်။

## ၃၃။ အစ်ကိုအပေါ်အကောက်ကြံသောညီ

ရှေးသရောအခါ ဗာရာဏသီပြည်၌ ဥစ္စာခနေ ကြွယ်ဝချမ်းသာသော သူဌေးကြီးတစ်ဦးသည် မိမိသေခါနီးတွင် သားနှစ်ယောက်ကို ခေါ်၍ မည်သည့်အရပ်နေ ငါ့မိတ်ဆွေတစ်ဦးထံမှာ အပ်နှံထားသော ရွှေအများ ရှိသည်။ သင်တို့တောင်းယူရစ်ကြဟု မှာထားပြီးနောက်ကွယ်လွန်၏။ သားနှစ်ယောက်တို့လည်း ဖခင်မှာသည့်အတိုင်း သွားရောက် တောင်းယူရရှိ၍ ပြန်လာကြရာ ညီဖြစ်သူအကောက်ကြံ၍ ရွှေထုပ်နှင့် သဏ္ဍာန်တူစွာ ကျောက်စရစ်ခဲတို့ကို အထုပ်တစ်ခု ပြုလုပ်ဆောင်ယူခဲ့၏။

လမ်းခရီးတွင်ရှိသော မြစ်ကမ်းသို့ရောက်၍ ထမင်းစားသောက်ကြ ပြီးလျှင် အစ်ကိုဖြစ်သူသည် အကျန်ကို ရေနေသတ္တဝါတို့အား ကျွေးမွေးလျက် ထို့ကုသိုလ်ကံ၏ အဖို့ကို နတ်တို့အား အမျှဝေ၏။ ထို့နောက်မြစ်ကိုကူးတို့ဖြင့် ဖြတ်ကူးကြသောအခါ ညီဖြစ်သူသည် အထုပ်ကို မတော်တဆလွတ်ကျလေဟန်ပြု၍ ရေထဲသို့ တမင်ချ

လိုက်ပြီး‘‘အလို ရေထဲ ရွှေထုပ်ကျသွားပြီ၊ ဆယ်ပေးကြပါ၊ ဆယ်ပေးကြပါ”ဟုများစွာ စိတ်ပူပန်သည့်ဟန်ဆောင်၍ ဟစ်အော်၏။ ထိုအခါ အစ်ကိုက“အလို ဖြစ်မှ ဖြစ်ရလေ၊ မတော်တဆဖြစ်ပြီးလို့ ရှိမှဖြင့် လည်း ငါ့ညီစိတ်မပူနဲ့တော့၊ ငါ့တို့မှာဉစ္စာများစွာ ရှိသေးသည်” ဟုညီဖြစ်သူကိုအားပေးစကားပြောကြား၏။

ညီအစ်ကိုနှစ်ယောက် ကိုယ့်နေအိမ်သို့ အသီးသီးရောက်ကြသော အခါညီဖြစ်သူသည် ငါဥာဏ်လီဆယ်ပြီးလျှင် ကျောက်စရစ်ခဲထုပ်ကို ချ၍ ရွှေထုပ်ကျဟန်ပြုခဲ့သည်ကို ငါ့အစ်ကိုကောင်းစွာယုံကြည်ပြီး၊ စစ်စစ်အားဖြင့် ဤရွှေထုပ်ကို ငါတစ်ဦးတည်းသာရတော့အံ့ဟု ဝမ်းမြောက်ဝမ်းသာ မိမိလျှို့ဝှက်ယူဆောင်လာသော အထုပ်ကို ဖြေ၍ကြည့်လေသော် ကျောက်စရစ်ခဲတွေကိုသာ တွေ့ရသဖြင့် အလိုလေး ဒီအခါမှ ကိုယ်ကျိုးနည်းပြီ။ ငါမြစ်ထဲမှာချခဲ့သော အထုပ်သည်ကျောက်စရစ်ခဲထုပ် မဟုတ်။ ရွှေထုပ်ဖြစ်နေပါပြီကော။ အမယ်လေး ဘယ်ပုံပြုလုပ်ရမည်နည်းဟု လွန်စွာပူပင်သောက ဖြစ်ရသည်။

အစ်ကိုဖြစ်သူ အမျှပေးဝေခြင်းကို ခံယူရသော နတ်တို့သည် မြစ်ထဲတွင်ကျသော ရွှေထုပ်ကို ငါးတစ်ကောင်အားမျိုစေ၍ တံငါတို့မိအောင် ပြုလုပ်ပြီးလျှင်ငင်းငါးကို တံငါတို့က ဗာရာဏသီပြည်တွင် လှည့်လည်ရောင်းချသောအခါ အခြားသူတစ်ဦးတစ်ယောက်မျှ မဝယ်ချင်အောင်၊ သဌေးသားအကြီးအိမ်သို့ ရောက်သောအခါ တံငါတို့က အခမဲ့ပေးချင်အောင် မိမိတို့တန်ခိုးဖြင့် သွေးဆောင် ပြုလုပ်လာကြ၏။

**ပန်းမျိုးတစ်ရာစာပေ**

ဤကဲ့သို့ပြုလုပ်ထားသည် အတိုင်း သဌေးသားအကြီးသည် ဝင်းငါးကိုရရှိသဖြင့် ချက်ပြုတ်ရန် ငါးကိုခွဲသောအခါ ရွှေထုပ်တွေ့မြင်၍ အလိုငဲ့ညီ မတော်တဆ ရေထဲလွတ်ကျသော ရွှေထုပ်ကြီးပါလား။ သွား သွား၊ ငါညီကို ခေါ်ကြပါချေဟု အမြန်ခေါ်ခိုင်း၍ညီရောက်သောအခါ ညီမျှစွာခွဲဝေ၍ပေးလေသည်။

**ဤသို့ယုတ်မာသော လူတို့သည် ညီအစ်ကိုခြင်းပင် ဖြစ်လင့်ကစား မကောင်းကြံစည်တတ်သည်ဖြစ်၍ ထိုကဲ့သို့သောလူများကို ဝေးစွာရှောင်ကြဉ်ကြရာသည်။**

ဤပုံပြင်သည် မြန်မာတွင်သာမက နိုင်ငံခြားပုံပြင်များတွင်လည်း အလားတူပင်ရှိ၏။ အတူတကွ စီးပွားရှာသူတို့အချင်းချင်း အကောက်ကြံသူများ၊ မတရားလုပ်သူများကို သတိပေးသောပုံပြင်ဖြစ်၏။

အစ်ကိုအပေါ် အကောက်ကြံသော ညီပုံပြင်တွင် အစ်ကိုဖြစ်သူက စိတ်သဘောထားကောင်း၏။ ရိုးဖြောင့်၏။ ကြင်နာသနားတတ်သော စိတ်ရှိ၏။ ထို့ကြောင့်ရေသို့ကျသော ရွှေထုပ်သည်ပင် သူ၏နေအိမ်သို့ ပြန်ရောက်၏။

ဤပုံပြင်ကို နားထောင်ရခြင်းဖြင့် နားထောင်ရသူလူငယ်များအဖို့ အစ်ကိုကြီးကဲ့သို့ စိတ်ကောင်းစေတနာကောင်းထားရန်နှင့် အစ်ကိုကြီး၏ ရင်တွင်းမှ ဖြူစင်သောစိတ်ထားသည် ပုံနားထောင်သူတို့၏ ရင်တွင်းသို့ ကိန်းဝပ်ပွားများကာ လူရိုးလူဖြောင့် လူကောင်းတစ်ဦး

ဖြစ်လာစေရန်အတွက် ပြုစုစွမ်းဆောင်နိုင်သော ပုံပြင်တစ်ရပ်ဖြစ်ပါ၏။

ဤပုံတွင် မရိုးဖြောင့်သူတို့သည် ညီအစ်ကိုရင်းပင်ဖြစ်လင့်ကစား မကောင်းကြံစည်တတ်သည်ကိုလည်း သတိပေး၏။ ဘဝတွင် ညီအစ်ကိုမောင်နှမ ဖြစ်ရုံမျှဖြင့် ယုံကြည်အပ်ပြီးစိတ်ချအပ်ပြီဟု စိတ်မချရ။ ဆိုးဝါးကောက်ကျစ်သော သူတို့သည် ညီအစ်ကိုမောင်နှမ အချင်းချင်းပင်ဖြစ်လင့်ကစား ဆိုးဝါးကောက်ကျစ်သော အမှုတို့ကို ပြုတတ်ကြသဖြင့် ဆိုးဝါးမှုကောက်ကျစ်မှု စိတ်ထားသည် မည်မျှ ကြောက်စရာကောင်းသည်ကို ဤပုံပြင်ကပြဆိုပါ၏။ ဤပုံပြင်ကို ပြောဆို၍ဆိုးဝါးမှု၊ မကောင်းကြံစည်မှုစိတ်ယုတ် စိတ်ညံ့များသည် ညီအစ်ကိုမောင်နှမ အချင်းချင်းတို့ကိုပင် ညှာတာမှုမရှိကြောင်းကို ပြောပြနိုင်ပါသည်။

# ပဥ္စမတန်း ဒေါင်းဖတ်စာမှ

## ပုံပြင်များ


၃၄။ ကေဒါရကျေးမင်း

၃၅။ မစူးစမ်း မဆင်ခြင်သော ယုန်သူငယ်

၃၆။ ပုဏ္ဏားနှင့် ပုစွန်

## ၃၄။ ကေဒါရကျေးမင်း



ရှေးသရောအခါ သာလိနန္ဒိယရွာ၏အနီး လက်ပံတောကြီးဝယ် ကျေးငှက်အပေါင်း သောင်းသောင်းအုတ်အော် အဖော်အသင်းဖွဲ့၍ နေကြကုန်၏။ ကျေးတို့၏ ဘုရင်ဖြစ်သော လှည်းပုံတောင်ပမာဏ လှပကြီးမားသော ကိုယ်အားကိုယ်ထည်ရှိသည့် ကေဒါရကျေးမင်းသည် အစာရှာ၍ မိဘနှစ်ပါးကို လုပ်ကျွေးမွေးမြူကာနေ၏။

**ပန်းမျိုးတစ်ရာစာပေ**

တစ်နေ့သ၌ ကောလိယပုဏ္ဏား၏လယ်မှာ ကေဒါယကျေးမင်းသည် ကျေးသားအခြံအရံနှင့်တကွ ကျရောက်စားသောက်ကြလေသော် လယ်စောင့်သမားသည် ကျေးငှက်တို့ကို ခြောက်မောင်းရာ ဤနေမှ ခြောက်လျှက် ထိုနေရာမှာ၊ ထိုနေရာမှခြောက်လျှင် ဤနေရာမှကျ၍ စားသောက်ကြသဖြင့် များလွန်းသောကြောင့် အားလုံးပျံအောင် မခြောက်မမောင်းနိုင် ရှိ၏။

ကျေးတို့သည် အလိုရှိသမျှ တစ်ဝစား၍ နှုတ်သီးဖြင့် မကိုက်မချီဘဲ ပျံကြကုန်၏။ ကေဒါရကျေးမင်းမှာကား မိမိလည်း အလိုရှိသမျှ စားသည့်အပြင် အနှံကြီး အနှံကောင်းတို့ကို ကိုက်ဖြတ်၍ နှုတ်သီးဖြင့် တစ်စုတစ်ပေါင်းတည်းချီလျက် ပြန်လေ၏။ လယ်စောင့်သမားသည် အိမ်သို့ပြန်သွားပြီးလျှင် ခြောက်၍မရကြောင်းနှင့်တကွ ကြီးမားလှသော ကျေးကြီးတစ်ကောင်သည် စပါးနှံတို့ကို ကိုက်ချီ၍ သွားကြောင်းကို လယ်ရှင် ပုဏ္ဏားအား ပြောကြား၏။ ထိုအခါ လယ်ရှင်ပုဏ္ဏားက အချင်းယောက်ျား လယ်စောင့်သမား၊ ထိုသို့ဖြစ်လျှင် မြင်းမြီးကို ကျစ်လျက် ထိုကျေးကြီးစားသောနေရာ၌ ကွင်းချ၍ ထောင်ပြီးလျှင် အရှင်ရအောင် ဖမ်းယူခဲ့ဟု စေခိုင်းသော် လယ်စောင့်သမားလည်း လယ်ရှင်ပြောသည့်အတိုင်း ပြု၍ ကျေးမင်းကို ဖမ်းမိလျှင် ကောလိယ ပုဏ္ဏားအား ပြလေ၏။

ပုဏ္ဏားသည် ကျေးမင်းကိုမြင်လျှင် ချစ်ခင်သည့် မေတ္တာဖြင့် ရင်ခွင်မှာပိုက်ချီလျှက် ကျေးမင်းပြုသော အပြုအမူကို မေးသည်မှာ “ကျေးမင်း၊ အသင်သည် အလိုရှိတိုင်း စားသောက်ရုံမျှမက နှုတ်သီးဖြင့် ကိုက်ချီသွားလေသည်ကား လှောင်ထားရန် တိုက်တာ ကျီကျများ

ရှိပေသလော၊ သို့တည်းမဟုတ် ကျွန်ုပ်ကို ရန်မူလို၍ ပြုလုပ်ဘိသလော" ဟု မေးလေ၏။ ထိုစကားကိုကြားလျှင် ကျေးမင်းက သာယာကျူအေးသော အသံဖြင့် "ကောလိယနွယ်ဖွား အရှင်ပုဏ္ဏား၊ အရှင်ပုဏ္ဏားကိုလည်း အကျွန်ုပ်ရန်မလို၊ စပါးကိုလှောင်ရန် တိုက်တာကျီကျတို့သည်လည်း အကျွန်ုပ်၌မရှိ၊ လက်ပံတောကြီးသို့ ရောက်သည်ရှိသော် ကိုယ်ပေါ်ရစ် ဆောင် ကြွေးမြီဟောင်းတို့ကိုလည်း ဆပ်ရပါသည်။ ကြွေးသစ်မြီသစ် ကိုလည်း အတိုးချကာ ပေးရပါသည်။ ထိုလက်ပံတောပျော် ကျေးငှက် တို့အပေါ်၌ ဖော်ထုတ်ခိုးယူသဖြင့် မပျောက်မပျက်နိုင်သော ရွှေအိုးကို လည်း မြှုပ်နှံရပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် စပါးနှံများကို ကိုက်ချီသွားပါသည်" ဟု ပြော၏။

ပုဏ္ဏားသည် ကျေးမင်းပြောသောစကားကို နားမလည်သည်ဖြစ်၍ "ကြွေးဆပ်ခြင်းဟူသည် အဘယ်နည်း။ သင်တို့ ကျေးသားများမှာပင် ကြွေးမြီတင်သည်ဟု ရှိသေးသလား။ ကြွေးသစ်ပေးခြင်းဟူသည် အဘယ်နည်း။ တိရစ္ဆာန်ကျေးငှက်များပင် အတိုးအရင်းပွား ချေးငှား ပေးကမ်းသေးသလော။ ရွှေအိုးမြှုပ်နှံခြင်းဟူသည် အဘယ်နည်း။ ကျေးမင်းတို့မှာ နောင် သားမယားတို့အဖို့ရော ရွှေ ငွေ ရတနာ မြှုပ်ထားခြင်း ရှိသေးသလော"ဟု မေး၏။

ထိုအခါ ကျေးမင်းက "အမိအဖတို့ကို လုပ်ကျွေးခြင်းသည် ငယ်စဉ်က ကိုယ့်အပေါ်၌ ပြုစုလုပ်ကျွေးခဲ့ဖူးသောကြောင့် ကြွေးဟောင်း ဆပ်သည်မည်၏။ သားသမီးတို့ကို လုပ်ကျွေးခြင်းသည် မိမိတို့ အရွယ်ကြီးသောအခါ ကျွေးတုံ့ကျွေးလှည့်၊ မွေးတုံ့မွေးလှည့် မွေးကျေးဇူး ဆပ်ကြလတ္တံ့ဟု ရည်မှန်းအားထား၍ လုပ်ကျွေးသောကြောင့် ကြွေး

သစ်ပေးသည်မည်၏။ အစွမ်းမသန် အားအင်ကုန်ခန်းသော ငှက်အို သူစိမ်းတို့ကို လုပ်ကျွေးခြင်းသည် ကောင်းမှုသက်သက်မျှသာ ဖြစ်သော ကြောင့် ရွှေအိုးမြှုပ်သည်မည်၏"ဟု ပြောလေ၏။

ပုဏ္ဏားကြီးသည် ကျေးမင်းပြောဆိုသည့်စကားကို အလွန်နှစ်သက်၍ မိမိလယ်ထဲ၌ ကျက်စားစေရန် အခွင့်ပေးပြီးလျှင် မြင်းမြီးအနှောင်အဖွဲ့မှ လွှတ်လိုက်၏။ ကေဒါရကျေးမင်းသည် လက်ပံတောဌာနသို့ ပျံသွားပြီးလျှင် မိခင်ဖခင်နှင့်တကွ ဒုက္ခိတကျေးအိုတို့ကို အသက်ထက်ဆုံး လုပ်ကျွေးမွေးမြူလေ၏။ ထို့ကြောင့် မိဘတို့ မွေးကျေးဇူးကို သိတတ်သောသူသည် ကေဒါရကျေးမင်းကဲ့သို့ ခပ်သိမ်းသော ဘေးဆင်းရဲအပေါင်းတို့မှ လွတ်ကင်းရာသတည်း။

ကေဒါရကျေးမင်းသည် မိဘများအား စောင့်ရှောက်၏။ သားသမီးများကိုလည်း ပြုစု၏။ အိုမင်းမစွမ်းရှိသော ကျေးတို့အားလည်း ပြုစုသည်။

ဤသည်ကို ကေဒါရကျေးမင်းက သူသည် ကြွေးဟောင်းကိုလည်း ဆပ်ရ၏။ ကြွေးသစ်ကိုလည်း ပေးရသည်။ ရွှေအိုးကိုလည်း မြှုပ်နှံသည်ဟု ဆို၏။


လူ့ဘဝတွင် အသက်ရှင် ထင်ရှားလာပါက ကျေးဇူးတရားများသည် ရှိလာတော့၏။ မြန်မာ့လူ့အဖွဲ့အစည်းသည်လည်း ကျေးဇူးတရားဖြင့် ဖွဲ့စည်းထားသော လူ့အဖွဲ့အစည်းဖြစ်၏။ မြန်မာလူ့အဖွဲ့အစည်းသည်

ကျေးဇူးတရားကို သိတတ်သော လူ့အဖွဲ့အစည်းဖြစ်၏။ ကေဒါရ ကျေးမင်းပုံပြင်သည် လူ့အဖွဲ့အစည်း၌ ကျေးဇူးတရားကို ပျိုးထောင်ပေးသော ပုံပြင်တစ်ရပ် ဖြစ်ခဲ့၏။ ကေဒါရကျေးမင်း ပုံပြင်သည် လူ့အဖွဲ့အစည်း၌ ကျေးဇူးတရားတို့သည် မိဘနှင့် သားသမီး၊ သားသမီးနှင့် မိဘ၊ မိမိနှင့်အသိုင်းအဝိုင်း၊ အသိုင်းအဝိုင်းနှင့် မိမိတို့ ချည်ရက်သကဲ့သို့ ရက်ထားခြင်းကို ပြဆိုသော ပုံပြင်တစ်ရပ်လည်း ဖြစ်ပါ၏။

ဤပုံပြင်ကို ပြောဆိုခြင်းဖြင့် လူငယ်များ၏ ရင်တွင်း၌ ကျေးဇူးတရားကို ပျိုးထောင်ပေးနိုင်ပါ၏။

## ၃၅။ မစူးစမ်း မဆင်ခြင်သော ယုန်သူငယ်

ရှေးသရောအခါ ဗာရာဏသီပြည်၏ အနီးတွင် ဥသျှစ်ပင်နှင့်
ရောသော ထန်းတောတည်ရှိ၏။ ယုန်တစ်ကောင်သည် ဥသျှစ်ပင်ရင်း၌



ပေါက်သော ထန်းပင်အောက်၌ ဝပ်၍နေလေ့ရှိ၏။

**ပန်းမျိုးတစ်ရာစာပေ**

တစ်နေ့သ၌ ထိုယုန်သည် ကျက်စားရာမှ ပြန်လာသော် ထန်းရွက်အောက်၌ ဝပ်နေပြီးလျှင် အကယ်၍ မြေကြီးသည် ပြိုပျက်ချေအံ့။ ငါသည်ကား ဘယ်အရပ်သို့ သွားရပါအံ့နည်းဟူ၍ အကြံဖြစ်၏။ ဤသို့ ကြံစည်စိတ်ကူးနေဆဲအခါတွင် ဥသျှစ်သီးမှည့်သည် ထန်းရွက်၏ အပေါ်သို့ ကြွေကျ၏။ ထိုသို့ ကြွေကျသောအသံကို ကြားလျှင် မြေကြီး ပြိုပျက် ချေပြီဟူ၍ ထင်မှတ်လျက် သေအံ့သောဘေးကို ကြောက်ရွံ့လှသောကြောင့် တစ်ဟုန်တည်းထွက်ပြေး၏။ အခြားသော ယုန်တို့က မြင်၍ မေးသည်ရှိသော် သင်တို့ မေး၍မနေကြလင့်၊ ကျွန်ုပ်နောက်သို့သာ မြန်စွာလိုက်ခဲ့ကြလော့ဟူ၍ ပြေးလျက် ပြောဆိုသွား၏။

အခြားသော ယုန်တို့သည်လည်း ရန်သူလိုက်လာလေပြီဟု ထင်မှတ်၍ ပြေးသော ယုန်၏နောက်သို့သာ ထပ်ကြပ်မကွာ ပြေးလိုက်ကြ၏။ လမ်းတွင်တွေ့သော ကျွဲတို့ကိုလည်း သင်တို့ ဤနေရာ၌ နေခြင်းငှာမသင့်။ ကျွန်ုပ်တို့နောက်သို့ မြန်စွာပြေးလိုက်ခဲ့လော့ဟု ဆိုရာ ဘေးအန္တရာယ်ကို ကြောက်ရွံ့၍ ပြေးလာသော ယုန်၏အသွင်ကို မြင်သဖြင့် ကျွဲတို့လည်း ထိတ်လန့် တုန်လှုပ်လျက် ပြေးလိုက်ကြ၏။

ထို့နောက် ဆင်တို့သည်လည်း မိမိအသင်းအပင်းနှင့်တကွ ကျက်စားနေရာမှ ယုန်နှင့်ကျွဲတို့ ပြေးလာသည်ကိုမြင်သော် သင်တို့ အဆောတလျင် ပြေးကြသည်ကား မည်သို့သော အကြောင်းနည်းဟူ၍ မေးကြ၏။ ထိုသို့မေးသည်ကို တစ်စုံတစ်ရာမျှ ပြန်၍ဆိုခြင်းမှာ မစွမ်းနိုင်ကြဘဲ ပြေမြဲသားပြေးကြ၏။ ထိုအခါ ဆင်တို့သည် ဤကဲ့သို့ မေးသည်ကိုမျှ စကားတုံ့ပြန် မပြောနိုင်လောက်အောင် ဖြစ်ခြင်းသည်

ရက်စက်ကြမ်းကြုတ်သော ရန်သူမုဆိုးများ အနီးသို့ ရောက်လာဟန် ရှိချေပြီတကား။ ငါတို့လည်း ယုန်၏နောက်သို့ လိုက်မှ တော်ချေမည် ဟူ၍ ပြောဆိုလျှက် အစဉ်တစိုက် ပြေးလိုက်ကြ၏။ ထို့နောက် နွား၊ ကြံ့၊ စိုင်၊ ဆတ်၊ ဖွတ်၊ ပတတ်၊ ချေ၊ သမင် စသည်တို့သည်လည်း ထိုသတ္တဝါတို့နည်းတူ ပြေး၍သာ လိုက်ကြသဖြင့် တိရစ္ဆာန်အများတို့ ပြေးရင်းလွှားရင်း ပေါင်းစုမိသောနေရာသည် တစ်ယူဇနာမျှ အတိုင်း အရှည် ရှိ၏။

ထိုနောက် ခြင်္သေ့သည် အစာရှာအံ့သောငှာ မိမိနေရာမှထွက်၍ ဟောက်သံပြုသော် တိရစ္ဆာန်အပေါင်းတို့သည် ကြောက်ရွံ့လျက် ငြိမ်ဝပ်စွာနေ၏။ ခြင်္သေ့သည် ထိုသားအပေါင်းတို့ကို မြင်သဖြင့် ဤမျှလောက် ကြီးကျယ်များပြားသော တိရစ္ဆာန်အပေါင်းအစုသည် အလွန်အံ့ဩဖွယ်ရှိစွတကား။ မည်ကဲ့သို့သော အကြောင်းဖြစ်လေ သနည်းဟူ၍ စိုင်နှင့်ဆတ်တို့ကို မေးသော် စိုင်နှင့်ဆတ်တို့က တစ်စုံ တစ်ရာကိုမျှ မသိပါ။ နွားနှင့်ကြံ့တို့ပြေးသောကြောင့် ပြေးရသည်ဟု ဆို၏။ နွားနှင့်ကြံ့တို့ကို မေးသောအခါလည်း ကျွန်ုပ်တို့မသိပါ။ ဆင်တို့ပြေးသောကြောင့် ပြေးရသည်ဟု ဆို၏။ ဆင်တို့ကို မေးသော အခါလည်း ကျွန်ုပ်တို့မသိပါ။ ကျွဲတို့ပြေးသောကြောင့်သာ ပြေးရ သည်ဟု ဆို၏။

ဤကဲ့သို့မေးရာ တစ်စုံတစ်ဦးမျှပင် မသိကြသောကြောင့် ယုန်တို့ ကို မေးသောအခါ ပထမ စ၍ပြေးသော ယုန်က အရှင်ခြင်္သေ့မင်း၊ မြေကြီးပြိုပျက်ချေသောကြောင့် မြန်စွာပြေး၍ လာရသည်။ ယခုမှ

အသက်ချမ်းသာပေပြီဟူ၍ ဆို၏။ ထိုစကားကိုကြားလျှင် ခြသေ့်သည် ဤယုန်မူကား အလွန်မိုက်လေစွ။ မြေကြီးပြိုပျက်သည်ကို သင်မြင်ခဲ့သလောဟု မေးရာ ကျွန်ုပ်မမြင်ခဲ့ပါ။ လွန်စွာကြောက်လန့်တုန်လှုပ်သောကြောင့် မကြည့်ဝံ့ပါဟု ဆို၏။ ခြသေ့်လည်း တိရစ္ဆာန်အပေါင်းတို့အား သင်တို့သည် ဤနေရာ၌ နေကြဦးလော့။ ငါမူကား ယုန်ပြောဆိုသည့်အတိုင်း ဟုတ်,မဟုတ်ကို စုံစမ်းချေအံ့ဟု ဆို၏။

ခြသေ့်သည် ယုန်ကို ကျောပေါ်သို့တင်၍ လျှင်မြန်သောအဟုန်ဖြင့် သွားလေရာ တစ်ခဏချင်းပင် ဖြစ်ရင်းရပ်သို့ ရောက်၍ မြေပြိုပျက်သည်ဟု ယုန်ဆိုသောနေရာကို ကြည့်ရှုသော် ထန်းရွက်ပေါ်သို့ ဥသျှစ်သီးကြွေကျသောအကြောင်းကို သေချာစွာ သိသောကြောင့် မိမိနေရာသို့ ပြန်လာပြီးလျှင် ဖြစ်ပျက်သော အကျိုးအကြောင်းကို သားအပေါင်းတို့အား ပြောဆိုသောကာလ သားအပေါင်းတို့ စိတ်နှလုံးသည် အေးချမ်းသာရာသို့ ရောက်ကြလေ၏။

ထို့ကြောင့် မည်သည့်အမှုအရာကိုမဆို မစူးစမ်း မဆင်ခြင်ဘဲ မပြုအပ်။ ပြုမိချေမူကား ဆင်းရဲပင်ပန်း ငြိုငြင်သောအဖြစ်သို့ ရောက်ရာချေသည်။ စူးစမ်းဆင်ခြင်၍ ပြုသော်ကား မှားယွင်းခြင်း မရှိနိုင်။ ချမ်းသာနှင့် ပြည့်စုံသည်ဟူ၍ တိရစ္ဆာန်အပေါင်းတို့အား ခြသေ့်မင်းသည် ဆုံးမဩဝါဒ ပေးလေသတည်း။

မစူးစမ်း မဆင်ခြင်သေ ယုန်သူငယ် ပုံပြင်သည် အရာရာကို စူးစမ်းဆင်ခြင်အပ်ကြောင်း သင်ပြ ပြောဆိုသော ပုံပြင် ဖြစ်၏။

**ပန်းမျိုးတစ်ရာစာပေ**

မည်သည့်အရာမဆို စူးစမ်းဆင်ခြင်ရန် လိုအပ်၏။ လေ့လာသုံးသပ်ရန် လိုအပ်၏။ စူးစမ်းလေ့လာမှု မပြုဘဲ ဆုံးဖြတ် လုပ်ဆောင်ပါက အမှားများကိုသာ ဆုံးဖြတ်မိတတ်၏။ မြန်မာရာဇဝင်၌ လေတိုက်၍ ဆန်ကောတစ်ချပ် လေလွင့်ရာတွင် ဆန်ကောရှင် အမျိုးသမီးက 'ငါ့ဆန်ကော ငါ့ဆန်ကော' ဟု အော်ပြီး ဆန်ကောနောက်သို့လိုက်ရာ ငါ့ဆန်ကောစစ်လာသည်ဟုဆိုကာ သရေခေတ္တရာမြို့ကြီး ပျက်ဖူးပါ၏။

ထိုဖြစ်ရပ်နှင့်ထပ်တူပင် ယုန်သူငယ်သည် မစူးစမ်း မဆင်ခြင်ဘဲ မြေပြိုသည် အထင်ရှိ၍ ပြေးသောကြောင့် သတ္တဝါများသည် ယုန်နောက်သို့ လိုက်လာကာ တောပျက်ခဲ့ရ၏။ ခြင်္သေ့မင်းနှင့်တွေ့သော အခါမှ ဖြစ်ရပ်ကို စူးစမ်းလေ့လာသော် ထန်းရွက်ပေါ်သို့ ဥသျှစ်သီး ကြွေကျခြင်း ဖြစ်သည်ကိုတွေ့ရပါ၏။ မြန်မာတို့သည် ကောလာဟလ ကို ယုံလွယ်ကြ၏။ သတင်းစကားကြားလျှင် အမှန်ဟု ယူဆတတ် ကြ၏။ အဘယ်အိမ်က ဘယ်နေ့စုန်းတောက်သည်ဟု ဆိုလျှင် မစူး မစမ်း ယုံတတ်ကြ၏။ အထူးသဖြင့် မိမိတို့လူမျိုးသည် အလွန်ရိုးသား ကြ၏။ ထိုကြောင့် ယုံလွယ်တတ်သည်။ ယုံလွယ်သဖြင့် အမှန်သို့ မရောက်ဘဲ အမှားဖြင့် မကြခဏ ကြုံကြရ၏။

အမှားသည် စီးပွားကို ပျက်စီးစေ၏။ မကောင်းကျိုးအရပ်ရပ်ကို ဖြစ်ပေါ်စေပါ၏။ မဆင်မခြင် ယုံလွယ်မှုမှ မိတ်ဆွေပျက်ရခြင်းများ၊ စည်းလုံးညီညွတ်မှု ပျက်သုဉ်းရမှုများ၊ မိတ်ဆွေဘဝမှ ရန်သူဘဝ ရောက်ရခြင်းများစသည့် ဆိုကျိုးများစွာ ဖြစ်ပေါ်တတ်ပါ၏။ '

**ပန်းမျိုးတစ်ရာစာပေ**

ထို့ကြောင့် ဤပုံပြင်ကို အကြိမ်ကြိမ် ပြောပြ၍ သူများပြောတိုင်း မယုံကြည်ရန်၊ ဆင်ခြင်တုံတရား ထားရှိရန်၊ တွေးတောချိန်ဆပြီးမှ ယုံကြည်သော အလေ့အထများကို ငယ်စဉ်မှစ၍ သင်ကြားပြီး လူငယ်များအား အဆင်အခြင်ရှိသူ၊ စနစ်တကျ တွေးခေါ်မြော်မြင်၍ ယုံကြည်တတ်သူများ ဖြစ်စေရန် ဤမစူးစမ်း မဆင်ခြင်သော ယုန်သူငယ်၏ ပုံပြင်ကို ပြောဆို၍ လေ့ကျင့်ပြုပြင်နိုင်ပါ၏။

## ၃၆။ ပုဏ္ဏားနှင့်ပုစွန်

လွန်လေပြီးသောအခါ ဗာရဏသီပြည်၏ အရှေ့မျက်နှာတွင် သာလိဒ္ဒယမည်သော ပုဏ္ဏားရွာ၌ ဘုရားလောင် ပုဏ္ဏားလုလင်ပျိုသည် အရွယ်သို့ရောက်လေသော် ဥစ္စာကို စုဆောင်း၍ ထိုရွာ၏ အရှေ့မြောက်အရပ်ဖြစ်သည့် ကွင်းတစ်ခု၌ အတောင်ရှစ်ဆယ် အတိုင်းအရှည်ရှိသော လယ်ကို ထွန်စေ၏။

တစ်နေ့သ၌ ထိုပုဏ္ဏားလုလင်သည် လုပ်သားဖြစ်သော သူတို့နှင့် တကွ လယ်တောသို့သွား၍ ပြုဖွယ်အမှုတို့ကို ပြုကြကုန်လော့ဟု စေပြီးလျှင် မျက်နှာသစ်အံ့သောငှာ လယ်အစွန်ရှိ ကြီးစွာသော ထုံးအိုင်နားသို့ သွား၏။

**ပန်းမျိုးတစ်ရာစာပေ**



ထိုထုံးအိုင်၌ ရွှေအဆင်းနှင့်တူသော အဆင်းရှိသည့် ပုစွန်တစ်ကောင်သည် ကျက်စားနေ၏။ အလွန်အဆင်းလှပတင့်တယ်ခြင်းဖြင့်နှစ်သက်ဖွယ်ရှိ၏။ ပုဏ္ဏားလုလင်သည် တံပူကိုထား၍ ထုံးအိုင်သို့သက်ပြီးလျှင် မျက်နှာသစ်သောကာလ၌ ပုဏ္ဏားလုလင်ထံသို့ ပုစွန်သည် ချဉ်းကပ်လာ၏။ ထိုအခါ ပုဏ္ဏားလုလင်သည် ပုစွန်ကို ကောက်ယူ၍ မိမိအပေါ်ရုံပုဆိုးကြား၌ ချထား အိပ်နေစေ၏။ လယ်၌ ပြုဖွယ်ကိစ္စခပ်သိမ်းတို့ကို ပြီးပြီမ်းအောင်ပြု၍ ပြန်သောအခါ၌လည်း ထိုထုံးအိုင်မှာ ပုစွန်ကို ထားခဲ့၍ အိမ်သို့ ပြန်သွား၏။ ထိုအခါမှစ၍ လယ်တောသို့ လာသည်ရှိသော် ရှေးဦးစွာ ထုံးအိုင်သို့သွား၍ ပုစွန်ကို မိမိ၏ အပေါ်ရုံပုဆိုးကြား၌ သိမ်းထားပြီးမှ ပြုအပ်သမျှအမှုကို ကြည့်ရှုစီရင်၏။ ဤသို့လျှင် ပုံဏ္ဏားနှင့် ပုစွန်တို့အချင်းချင်း ကျွမ်းဝင်ခြင်းသည် အလွန်တရာ မြဲမြံစွာ ဖြစ်လေ၏။

**ပန်းမျိုးတစ်ရာစာပေ**

ဤသို့လျှင် ပုဏ္ဏားလုလင်သည် လယ်တောသို့ မပြတ်လာရာ တစ်နေ့သ၌ လယ်အစွန်းမှ တစ်ခုသော ထန်းပင်ရှိ ကျီးသိုက်တွင် နေသည့် ကျီးမသည် ထိုဘုရားလောင်း ပုဏ္ဏား၏ မျက်စိတို့ကို မြင်၍စားလိုသဖြင့် အကျွန်ုပ်၏ချစ်လင် အိုသခင်၊ အကျွန်ုပ်သည် ထိုပုဏ္ဏား၏မျက်စိတို့ကို စားလို၏ဟု ကျီးဖိုအားပြော၏။ ထိုပုဏ္ဏား၏ မျက်စိတို့ကိုရရန် အလွန်ခက်ခဲသဖြင့် အဘယ်မည်သောသူ ဆောင်ယူခြင်းငှာ တတ်စွမ်းနိုင်ပါအံ့နည်းဟု ကျီးဖိုကဆိုသော် သင်သည် အကယ်ပင် မတတ်နိုင်၍ ဆိုသလောဟု မေးပြန်၏။ ငါမတတ်နိုင်၊ မကြံစည်နိုင်သောကြောင့်သာ ဤစကားကို ဆိုပါသည်ဟု ကျီးဖိုက ဆိုလျှင် ငါသည် ထိုမျက်စိတို့ကို ရခြင်း၏အကြောင်းကို ကောင်းစွာ သိပါသည်။ ဤထန်းပင်၏အနီးဖြစ်သော တောင်ပို့၌ အဆိပ်ထန်သော မြွေဟောက်တစ်ကောင်သည် နေ၏။ ထိုမြွေဟောက်ထံ ခစားလေလော့။ ထိုမြွေဟောက်သည် ထိုပုဏ္ဏားကို ကိုက်၍ သေစေလတ္တံ့။ ထိုသို့သေသောအခါ ထိုပုဏ္ဏား၏ မျက်စိတို့ကို ယူ၍ ဆောင်ခဲ့လော့ဟု ဆို၏။

ကျီးဖိုသည် "ကောင်းပြီရှင်မ၊ ဤကိစ္စကို ငါပြုအံ့"ဟု ဝန်ခံပြီးလျှင် ထိုအခါမှစ၍ မြွေဟောက်ထံ ခစားလေ၏။ ထိုပုဏ္ဏားလုလင်၏ စိုက်ပျိုးထားသော ကောက်ပင်တို့သည် ဖုံးလုံးခြင်းသို့ ရောက်သည့်ကာလ ပုစွန်သည်လည်း ကြီးမားခြင်းသို့ ရောက်၏။

တစ်နေ့သောအခါ မြွေသည် ကျီးကို "အဆွေကျီး အဘယ် အကြောင်းကြောင့် ငါထံသို့ မပြတ်ခစားသနည်း။ သင်၏ပြုဖွယ် အဘယ်ကိစ္စကို ပြုအံ့နည်း"ဟု မေး၏။ ကျီးက "အရှင်၊ အရှင်၏

ကျွန်မသည် တစ်ယောက်သော ပုဏ္ဏား၏ မျက်စိကို စားလို၏။ ထို့ကြောင့် အကျွန်ုပ်သည် အရှင်၏ အစွမ်းအားနုဘောအားဖြင့် ထိုပုဏ္ဏား၏ မျက်စိတို့ကို ရလိုပါ၏”ဟု ဆို၏။ ထိုအခါ မြွေသည် “ထိုသို့ဖြစ်လျှင် ဤအမှုကိုပြုအံ့သောငှာ ငါ့မှာ ဝန်မလေး။ မနေ့အမြန် အမှန်ရစေအံ့”ဟု ထိုကျီးကို သက်သာရာရစေ၏။

တစ်ဖန် မိုးသောက် နက်ဖြန်ရောက်သောအခါ ပုဏ္ဏားလုလင် လာရာလမ်းတွင် လယ်ကန်သင်းကို မှီ၍ မြက်တို့ဖြင့် မိမိကိုယ်ကို ဖုံးလွှမ်းပြီးမှ ပုဏ္ဏား၏လာခြင်းကို မျှော်လျက် အိပ်နေ၏။ ပုဏ္ဏား လာသည်ရှိသော် ရှေးဦးစွာ ထုံးအိုင်သို့သက်၍ မျက်နှာသစ်ပြီးလျှင် ချစ်ခင်ခြင်းဖြင့် ရွှေပုစွန်ကိုခေါ်၍ အပေါ်ရုံပုဆိုးအကြား၌ ထည့်ထား ယူဆောင်လျက် လယ်တောသို့ ဝင်၏။ မြွေသည် ရှေးရှုထားသော ပုဏ္ဏားလုလင်ကို မြင်လျှင် လျင်မြန်စွာပြေးသွားလျက် ဖနောင့်၌ကိုက်၍ ထိုအရပ်၌သာလျှင် လဲစေပြီးမှ မိမိနေရင်းတောသို့ ပြေးသွား၏။

ဘုရားလောင်း၏ လဲခြင်းသည် လည်းကောင်း၊ ပုဆိုးကြားမှ ရွှေပုစွန်ခုန်ချခြင်းသည်လည်းကောင်း၊ကျီးလာ၍ဘုရားလောင်းရင်၌ နားခြင်းသည်လည်းကောင်း၊ မရှေးမနှောင်း တစ်ပြိုင်နက် ဖြစ်၏။ ကျီးသည် ဘုရားလောင်း၏ရင်၌ နား၍ မျက်စိတို့ကို နှုတ်သီးဖြင့် ထိုး ဆိတ်၏။ ပုစွန်သည် ဤကျီးကိုမှီ၍ ငါ၏အဆွေခင်ပွန်းအား ကြီးမားသောဘေးဖြစ်၏ ထိုကျီးကို ဖမ်းသည်ရှိသော် မြွေသည် လာလတ္တံ့ဟု ညှပ်ဖြင့်ညှပ်သကဲ့သို့ ကျီး၏လည်ကို မိမိ၏လက်ဖြင့် မြဲမြံစွာညှပ်၍ များစွာနာကျင်စေပြီးမှ အတန်ငယ်လျှော့၏။

**ပန်းမျိုးတစ်ရာစာပေ**

ထိုအခါ ကျီးက "အဆွေမြွေ၊ ငါ့ကိုစွန့်၍ အဘယ်ကြောင့် ပြေးလေဘိနည်း။ တစ်ကောင်သော ပုစွန်သည် ငါ့ကို လက်မဖြင့်လွန်စွာ ညှပ်၏။ ငါမသေခင် အလျှင်အမြန်ရောက်၍ ငါ့အသက်ကို ကယ်ပါဦးလော့။ အဆွေဖြစ်သောမြွေ၊ ရှည်သောမျက်စိတစ်မျိုးတည်းနှင့် အရိုးတည်းဟူသော အရေရှိသော၊ ရေ၌သာလျှင် ပျော်ရွှင်ကျက်စားသွားလာ၍ ပြကတေ့ အိပ်လေ့ရှိသော၊ အမွေးဟူ၍ ပြောပြစရာ ဘယ်မှတစိမရှိသော၊ ရွှေအဆင်းနှင့်မယွင်းတူစွာ အဆင်းရှိသော ပုစွန်သည် ငါ့ကို အလွန်နှိပ်စက်အပ်သည်ဖြစ်၏။ ငါသည် ဆင်းရဲပင်ပန်းစွာ ငိုကြွေးမြည်တမ်းရ၏။ အဘယ်ကြောင့် ငါ့ကိုသင်စွန့်ပစ်၍ ပြေးပါသနည်း။"ဟု ဆို၏။ ထိုသို့ဆိုသောစကားကို မြွေကြားသဖြင့် ကြီးစွာသောပါးပြင်ကိုပြု၍ ကျီးကိုကယ်ဆယ်ရန်လာရာ ပုစွန်သည် မြွေကိုလည်း တစ်ဖန် ဖမ်းယူလေ၏။

ထိုအခါ မြွေသည် ပုစွန်တို့မည်သည်ကား ကျီးသားကိုလည်း မစားကုန်၊ မြွေသားကိုလည်း မစားကုန်။ သို့ဖြစ်ပါလျက် ဘယ်အတွက်

ကြောင့် ငါတို့ကို ဤပုစွန်ဖမ်းလေသနည်းဟု ကြံပြီးလျှင် "အဆွေ ပုစွန်၊ ပုစွန်တို့မည်သည်ကား စားလိုသောအားဖြင့် ကျီးကိုလည်း ကောင်း၊ မြွေကိုလည်းကောင်း ဖမ်းယူရိုးဓမ္မတာ ထုံးစံမရှိပါ။ သို့ဖြစ်ပါလျက် ယခုအခါ ငါတို့နှစ်ဦးကို သင် ဘယ့်အတွက်ကြောင့် ဖမ်းပါသနည်း"ဟု မေး၏။

ထိုအခါ ပုစွန်က "အကြံပက်စက်သည့် ကျီးနှင့်မြွေဟောက်၊ ဤယောက်ျားသည် ငါ့ကို ရေအိုင်မှ ယူဆောင်ကာ ကောင်းစွာ ကျက်စားစေ၍ ငါ၏အကျိုးစီးပွားများခြင်းကို အလိုရှိ၏။ အကယ်၍ ထိုယောက်ျားသေခဲ့လျှင် ငါ့အား များစွာသော ဆင်းရဲခြင်း မယွင်း မုချ ဖြစ်ရတော့မည်။ ငါနှင့်ထိုလူ ကြည်ဖြူနှစ်သက် စုံမက်ခြင်း မရှိသည်ဖြစ်အံ့။ ခပ်သိမ်းသောလူအပေါင်းတို့သည် ကြီးသောကိုယ် ရှိသည့်ငါ့ကိုမြင်လျှင် ညှင်းဆဲခြင်းငှာအလိုရှိကြ၏။ ကောင်းစွာ ဆူဖြိုးနူးညံ့သော အသားရှိသော ငါ့ကိုမြင်လျှင် ကျီးတို့သည်လည်း ညှင်းဆဲနှိပ်စက် ဖျက်ဆီးကုန်၏။ ထို့ကြောင့် သင်တို့ကိုဖမ်း၍ ထိုယောက်ျားအား ဘေးဘယာမရှိအောင် ငါပြုအံ့" ဟုဆို၏။

ထိုသို့ ပုစွန်ပြောသောစကားကို ကြားလျှင် မြွေသည် တစ်ခုသော နည်းဖြင့် ပုစွန်ကိုလှည့်စား၍ ကျီးကိုလည်းကောင်း၊ ငါ့ကိုလည်း ကောင်း လွတ်စေအံ့ဟု ကြံလျက် ပုစွန်ကို လှည့်စားအံ့သောငှာ ဤသို့ဆို၏။ "အဆွေပုစွန်၊ ထိုယောက်ျား၏ အကြောင်းကြောင့် ကျီးနှင့်ငါ့ကို ဖမ်းသည်ဖြစ်ငြားအံ့၊ ထိုပုဏ္ဏားသည် လျှင်မြန်စွာ ထနိုင်စေခြင်းငှာ ငါသည် လတ်တလော သေစေတတ်သောအဆိပ်ကို ဆောင်ငင်ပြန်ထုတ်နုတ်ယူအံ့။ လုလင်ယောက်ျား၌ ပြင်းထန်သော

မြွေဆိပ်သည် ထိပ်တက်ကိုယ်လုံး လွှမ်းဖုံး မရောက်မီ ငါ့ကိုလည်းကောင်း၊ ကျီးကိုလည်းကောင်း လျင်မြန်စွာလွှတ်လိုက်ပါလော့" ဟု လိမ်လည်လှည့်ဖြား စကားဆိုလေ၏။

ထိုစကားကိုကြားလျှင် ပုဏ္ဏနက ဤမြွေသည် နှစ်ခုသော အသက်ကို လွှတ်ပေးစေလို၏။ ငါ၏လိမ္မာသောဖြစ်ကို ယခုသိစေအံ့။ ဤမြွေကိုအကြင်သိသော အခြင်းအရာဖြင့် ပြုလုပ်သည်ရှိသော် ငင်ရုပ်၍ နုတ်ခြင်းငှာ စွမ်းနိုင်၏။ ထိုသိုငင်ရုပ်နုတ်ယူခြင်းငှာ စွမ်းနိုင်သောအခြင်းအရာအားဖြင့် လက်မကိုလျှော့အံ့။ ကျီးကိုလည်း မလွှတ်အံ့ဟု ကြံ၍ ဤသို့ဆို၏။ "ရှေးဦးစွာ မြွေကိုလွှတ်အံ့။ ကျီးကိုကားမလွှတ်သေး။ မြွေသည် ရှေးဦးစွာ ဝန်ခံသူဖြစ်၍ ယောက်ျားသည် ရောဂါမရှိ ပကတိ ချမ်းသာသည်ကို အဆောတလျင် မြင်ရသည်ရှိသော် မြွေကိုလွှတ်သကဲ့သို့ ကျီးကိုလည်း လွှတ်အံ့"ဟု ဆို၏။ ဤသို့ဆို၍ အဆိပ်ကို စုပ်စိမ့်သောငှာ မြွေကို ညှပ်သောလက်မကို လျော့စွာပြု၏။ မြွေသည် အဆိပ်ကိုငင်၍ ပုဏ္ဏား လုလင်၏ကိုယ်၌ အဆိပ်မရှိသည်ကို ပြုရ၏။

ပုဏ္ဏားလုလင်လည်း အဆိပ်ကင်းလတ်သော် ထ၍ ပကတိသော အဆင်းဖြင့် ရပ်၏။ ပုဏ္ဏနသည် ဤသတ္တဝါနှစ်ဦးတို့ကား အကယ်၍ ဘေးကင်းကုန်သည်ဖြစ်ငြားအံ့။ ငါ့အဆွေအား အစီးအပွားမည်သည် မဖြစ်လတ္တံ့။ ထိုသတ္တဝါတို့ကို ဖျက်ဆီးအံ့ဟု ကြံ၍ ကတ်ကြေးနှင့် ကြာငုံကို ဖြတ်သကဲ့သို့ သတ္တဝါနှစ်ဦးတို့၏ ဦးခေါင်းကို လက်မဖြင့် ဖြတ်၍ အသက်ကုန်ခြင်းသို့ ရောက်စေ၏။ ကျီးမသည်လည်း ထို အရပ်မှ ပြေးလေ၏။ ပုဏ္ဏားလုလင်သည် မြွေကို လှံတံဖြင့်ရစ်၍

တောင်ပို့တွင်းမှာ ချ၏။ ရွှေပုစွန်ကို ထုံးအိုင်၌ထား၍ ညအခါ ရွာသို့ပြန်သွား၏။

ထိုအခါမှစ၍ ရွှေပုစွန်နှင့်ပုဏ္ဏားလုလင်တို့သည် အတိုင်းအထက် အလွန် အကျွမ်းဝင်လျက် ချစ်ခင်လေးမြတ်စွာ တစ်သက်ပတ်လုံး ပေါင်းသင်းနေကြလေကုန်၏။

ပုဏ္ဏားနှင့် ရွှေပုစွန်ပုံပြင်သည် မိတ်ဆွေဖြစ်မှု အမျိုးမျိုး၏ ရလဒ်ကို ပြဆိုသော ပုံပြင်ဖြစ်၏။ ပုဏ္ဏားနှင့် ရွှေပုစွန်တို့သည် တစ်ဦး၏အကျိုးကို တစ်ဦး လိုလား၍ ရိုးသားသော မေတ္တာစိတ်ဖြင့် မိတ်ဆွေဖြစ်ကြ၏။ ထိုသို့သော မိတ်ဆွေဖြစ်မှုသည် ကောင်းမွန်၏။ ကျီးနှင့်မြွေတို့လည်း မိတ်ဆွေဖွဲ့ကြ၏။ သို့သော် သူတစ်ပါး၏ အကျိုးကိုပျက်စီးစေရန် အကြံဖြင့် မိတ်ဆွေဖွဲ့ကြခြင်း ဖြစ်၏။ ထို့ကြောင့် ယင်းတို့၏ မိတ်ဆွေဖွဲ့မှုသည် မကောင်းသော ရည်မှန်းချက်၊ မကောင်းသာစိတ်ထားဖြင့် မိတ်ဆွေဖွဲ့ကြခြင်းဖြစ်၏။

ပုဏ္ဏားနှင့် ရွှေပုစွန်တို့၏ စုစည်းမှုသည် ကောင်းမွန်သော မေတ္တာတရားကို အခြေခံသောကြောင့် သင်ခန်းစာကိုလည်း ပေး၏။ မြွေသည် စဉ်းလဲသော ကျီးနှင့်ပေါင်းမိ၍ မိမိအသိုက်ပါ ဆုံးရှုံးရ၏။ ကျီးဖိုသည် ကျီးမကို ကောင်းရာသို့-ညွှန်ပြရမည့်အစား ယုတ်ညံ့သော ကျီးမ၏ စကားကို နာခံ၍ မသောစိတ် ထားသဖြင့် အသက်ဆုံးရှုံးရ၏။

ပဉ္စမတန်း ဒေါင်းဖတ်စာသစ်မှ ကေဒါရကျေးမင်း၊ မစူးစမ်းမဆင်ခြင်သော ယုန်သူငယ်၊ ပုဏ္ဏားနှင့် ပုစွန်ပုံပြင်များကို ဖော်ပြခဲ့ပါ၏။ ဒေါင်းဖတ်စာများသည် သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်းမှအစ

တဖြည်းဖြည်း အရေးအသားရော အတွေးအခေါ်တွင်ပါ မြင့်၍လာရာ ပဥ္စမတန်းဖတ်စာနှင့် ဆဋ္ဌမတန်းဖတ်စာများသည် အတော်အတန် အဆင့်မြင့်လာပြီ ဖြစ်၏။ အဆင့်မြင့်လာသည့်နှင့်အမျှ ပုံပြင်တွင် ပါဝင်သော ဇာတ်ကောင်စရိုက်တို့လည်း များလာ၏။ ဝတ္ထုဇာတ်လမ်း ကိုလည်း ရိုးရိုးစင်းစင်းမဟုတ်ဘဲ တန်ဆာဆင်လာ၏။ ဝတ္ထုပုံပြင် တစ်ပုဒ်တွင် သင်ခန်းစာ တစ်ရပ်တည်းကိုသာမကတော့ဘဲ သင်ခန်းစာ အမျိုးမျိုးကို ပေးအပ်လာပါ၏။

ပထမတန်းနှင့် ဒုတိယတန်း ဖတ်စာတွင် ပါဝင်သော ပုံပြင်တို့သည် ရိုးစင်း၍ ပုံပြင်တစ်ခုတွင် သင်ခန်းစာတစ်ခုကိုသာ ပေး၏။ သို့သော် အတန်းကြီးလာသည်နှင့် ပိုမိုမြင့်ဆိုင်သော ဇာတ်အိမ်များ ပါဝင်သည့် ပုံဝတ္ထုတို့ကို ဖော်ပြကာ အရေးအသား ဆန်းပြားမြင့်မား လာသည်နှင့်အညီ ဝါကျဖွဲ့စည်းမှုများလည်း ပြောင်း၍ ရေးသားလာ ခဲ့၏။

ပဥ္စမတန်းဖတ်စာမှစ၍ ယင်းတို့၌ပါဝင်သော ပုံပြင်များသည် သာမန်ပုံဝတ္ထုများသာ မဟုတ်ဘဲ ရာဇဝင်၊ မဟာဝင်၊ ငါးရာ့ငါးဆယ် အစရှိသော ဇာတ်တော်ကြီးများထဲမှ ပုံပြင်များကို ကောက်နုတ်ဖော်ပြ သည်များလည်း ရှိ၏။ အတန်းကြီးလာသည်နှင့် ပုံပြင်များတွင် ရေးသားထားသော မြန်မာစာ အဆင့်အတန်းမှာလည်း မြင့်လာ၏။ ရှည်လျားသောဝါကျများကို စကားဆက်များနှင့် သုံးလာခြင်း၊ ဝါကျ ရှည်ကြီးများကို သုံးလာခြင်း၊ ကာရန်နဘေများနှင့် ရေးသားခြင်းများပင် ရှိ၍ ဆဋ္ဌမတန်းဖတ်စာ စာအုပ်မှ ပုံပြင်များကို ဖတ်ရာတွင် မြန်မာစာ အရေးအသားကိုပါ လေ့လာနိုင်ပါ၏။ ဒေါင်းဖတ်စာ၏

ထူးခြားချက်မှာ ဖတ်စာတစ်အုပ်တည်းတွင် ရာဇဝင်၊ သိပ္ပံ၊ ပထဝီ၊ စိုက်ပျိုးရေး၊ ဆုံးမစာ စသော ဘာသာရပ်ပေါင်းစုံကို ထည့်သွင်း သင်ကြားခြင်း ဖြစ်၏။

ဒေါင်းဖတ်စာခေတ်က မြန်မာစာနှင့် ဂဏန်းသင်္ချာဟူ၍ နှစ်မျိုးသာ သင်ရ၏။ ဂဏန်းသင်္ချာမှာ တစ်ဘာသာဖြစ်၍ ဖတ်စာတွင်ကား ဘာသာရပ်ပေါင်းစုံ ပါဝင်အောင် ပြုစုကာ မြန်မာစာ စာအုပ် တစ်အုပ်တည်းတွင် ဘာသာရပ်အားလုံးပါဝင်၏။

ထို့ကြောင့်လည်း ကျောင်းသားတစ်ဦးသည် ကျောက်သင်ပုန်း တစ်ချပ်၊ ဒေါင်းဖတ်စာတစ်အုပ်ဖြင့်သာ စာသင်ရာတွင် သယ်ဆောင် ရသော စာအုပ်အရေအတွက် ပြီးမြောက်၏။ ဂဏန်းဘာသာရပ်တွင် ပြဋ္ဌာန်းစာအုပ်မရှိ။ ဆရာကသာ ပြဋ္ဌာန်းချက်အတိုင်း သင်သွားခြင်း ဖြစ်၍ ကျောင်းသားများမှာ ယခုကဲ့သို့ စာအုပ်များ တနင့်တပိုး မသယ်ကြရပါ။

ဒေါင်းဖတ်စာများသည် မြန်မာစာသက်သက် တတ်မြောက်ရေး အတွက်သာမကဘဲ စာရိတ္တမြှင့်တင်ရေးကိုလည်း အလေးပေး ပြဋ္ဌာန်း မှုများ ပါရှိ၏။ ဒေါင်းဖတ်စာ ပုံပြင်များသည် လူငယ်တို့၏ ကိုယ်ကျင့်တရားကို အလေးထား၍ သင်ကြားမှုပြုသည်ကို တွေ့ရ၏။ ဒေါင်းဖတ်စာတွင် လူငယ်တို့၏ စာရိတ္တအား ပုံပြင်များနှင့် သင်ကြား ရုံသာမက တိုက်ရိုက် ဆိုဆုံးမသော သင်ခန်းစာများအပြင် သံပေါက် ကဗျာ စသည်တို့ဖြင့်လည်း ဆုံးမ၏။

ဆက်လက်၍ ဆဋ္ဌမတန်းဒေါင်းဖတ်စာမှ ပုံပြင်များကို ဆက်လက်ကောက်နုတ် ဖော်ပြရာတွင် ပုံပြင်သင်ခန်းစာ ငါးခုကိုသာ

ဖော်ပြလိုက်ပါ၏။ ဆဋ္ဌမတန်းဖတ်စာပါ ပုံပြင်သင်ခန်းစာတို့မှာ ဝတ္ထုဇာတ်ကြောင်းအရလည်းကောင်း၊ မြန်မာစာအရေးအသားအရ လည်းကောင်း၊ အတွေးအခေါ်အရလည်းကောင်း ရွေး၍ ဖော်ပြခြင်း ဖြစ်ပါ၏။

ဆဋ္ဌမတန်းဒေါင်းဖတ်စာမှ ကောက်နုတ်ဖော်ပြသော သင်ခန်းစာ ငါးခုတွင် အောက်ခြေမှတ်စုများ မရေးတော့ဘဲ ထိုငါးခုကို ရွေးချယ် ဖော်ပြသည့် အကြောင်းအရင်းများကို ဖော်ပြအပ်ပါသည်။ ဆဋ္ဌမတန်း ဒေါင်းဖတ်စာမှ ယခု ဆက်လက်ဖော်ပြမည့် သင်ခန်းစာတို့မှာ ဘုရားဟောဇာတ်တော်လာ ဝတ္ထုသုံးပုဒ်နှင့် ရာဇဝင်လာ အကြောင်း နှစ်ရပ်ဖြစ်ပါ၏။

ယင်းတို့မှာ

၁။ သဘောမဖြောင့်၍အကျိုးဆုတ်ယုတ်ခြင်း ဝတ္ထု
၂။ ရွှေဟင်္သာမင်း ဝတ္ထု
၃။ အမတ်ကြီးဝန်ဇင်းဖိုးရာဇာအကြောင်း
၄။ ဝါရီရူမင်းအကြောင်းနှင့်
၅။ ဇဝနဟင်္သာမင်းဝတ္ထုတို့ဖြစ်ပါ၏။

သဘောမဖြောင့်၍ အကျိုးဆုတ်ယုတ်ခြင်း ဝတ္ထုမှာ ရွှေမန်း ဦးတင်မောင်က ဇာတ်လမ်းခင်းကျင်းပြသခဲ့သဖြင့် လူအများ ပိုမိုသိရှိပြီး ဖြစ်သော ဇာတ်တော်လာ ဝတ္ထုတစ်ပုဒ်ဖြစ်ပါ၏။ လူငယ်များသည် ရိုးသားသော စိတ်ထား မွေးမြူရန်၊ မရိုးသား မဖြောင့်မှန်သောစိတ်ထား ပယ်ရှားရန်အတွက် ရည်သန်၍ ဤဇာတ်လမ်းကို ဖော်ပြခြင်း ဖြစ်ပါ၏။

**ပန်းမျိုးတစ်ရာစာပေ**

ရွှေဟင်္သာဝတ္ထုကို ဖော်ပြခြင်းမှာ တစ်ဦးနှစ်တစ်ဦး၊ တစ်ယောက်နှင့်တစ်ယောက် ညီညွတ်မှု၊ သစ္စာရှိမှု၊ သစ္စာမဖောက်မှုတို့ လိုအပ်ကြောင်းများကို ပြဆိုလို၍ ဖော်ပြခြင်း ဖြစ်ပါ၏။ ထိုဝတ္ထုတွင် ရွှေဟင်္သာမင်း ညွှတ်ကွင်းမိသည်ကို စစ်သူကြီးသုမုခဟင်္သာက မိမိ၏ဘုရင်အတွက် အသက်စွန့်၍ သစ္စာရှိပုံကို ဖော်ပြလို၍ ထည့်သွင်းခြင်းဖြစ်၏။ ယခု အများသူငါတို့၏ ဘဝတွင် သစ္စာတရားသည် ခေါင်းပါး၍လာ၏။ တစ်ဦးဒုက္ခ ရောက်ပါက တစ်ဦးက အမြတ်ဝင်၍ ယူသူများ၊ တစ်ဦးအပေါ်တွင် တစ်ဦးအမြတ်ထုတ်မှုများ ရှိကြရာ ထိုရွံရှာဖွယ်ရ စိတ်ထားများ လူငယ်များ၏ ဝိညာဉ်တွင် ကင်းစင်ပပျောက်၍ ခင်ပွန်းကောင်းပီသသော သုမုခဟင်္သာစစ်သူကြီး၏ စိတ်ဓာတ်မျိုး လူငယ်များအတတွင်း၌သာမက လူကြီးများအတွင်း၌ပါ ကိန်းအောင်ဖြစ်ပေါ်စေရေးအတွက်ပါ ဤဝတ္ထုကို ထုတ်နုတ်ဖော်ပြရခြင်း ဖြစ်ပါ၏။

အမတ်ကြီး ဝန်ဇင်းဖိုးရာဇာနှင့် ဝါရီရူမင်းတို့ အကြောင်းကို ဖော်ပြရာတွင်လည်း ဝန်ဇင်းမင်းရာဇာသည် လယ်သမားဘဝမှ မင်းသုံးဆက်တိုင် ထင်ရှားသော အမတ်ကြီး ဖြစ်လာသူ ဖြစ်၏။ ဝန်ဇင်းမင်းဖိုးရာဇာသည် ငယ်စဉ်မှစ၍ စာပေလိုက်စားခဲ့၏။ စာပေ၏ကျေးဇူးကြောင့် ဗဟုသုတပြည့်စုံကာ ပညာရှိအမတ်ကြီး ရာထူးကို ရရှိခဲ့၏။ ဝန်ဇင်းမင်းရာဇာ၏ ဘဝကို လေ့လာ၍ လူငယ်များ စာပေကို ချစ်မြတ်နိုးလာစေလိုပါ၏။

ဝါရီရူမင်းကား အလုပ်သမား၊ အထမ်းသမားဘဝမှ ဘုရင်ဖြစ်လာသူ ဖြစ်၏။ သူ၏ ဇွဲလုံ့လဝီရိယ၊ ပင်ကိုအစွမ်းအစတို့ဖြင့်

ယိုးဒယားဘုရင့်သမီးကို ရယူကာ မုတ္တမတွင် ဘုရင်အဖြစ်ကို ရယူခဲ့သူဖြစ်၍ လူငယ်များ ဝါရီရူ၏ စိတ်ဓာတ်၊ ဝါရီရူ၏ လုပ်ရည်ကိုင်ရည်ကို အတုယူနိုင်ရန် ထုတ်နုတ်ဖော်ပြခဲ့ခြင်း ဖြစ်၏။

ဤစာအုပ်တွင် နောက်ဆုံးကောက်နုတ်ချက်ဖော်ပြထားသော ဇာတ်ဝတ္ထုကား ဇဝနဟင်္သာမင်း၏ ဝတ္ထုဖြစ်၏။ ဘုရားအလောင်းတော်ဟင်္သာမင်းသည် အလွန်လျင်မြန်၏။ အလောင်းတော် ဟင်္သာမင်း၌ညီနှစ်ယောက်ရှိ၏။ ညီငယ်သည် နေမွန်းလတ်သည့်တိုင် နေမင်းနှင့်အပြိုင် ပျံသန်းနိုင်၏။ ညီတော်ကြီးသည် နေမွန်တည့်သည့်တိုင်နေမင်းနှင့်အပြိုင် ပျံသန်းနိုင်၏။ အလောင်းတော်ဟင်္သာမင်းသည်ကား နေမင်းကို တစ်ရှိန်ထိုး အမီလိုက်နိုင်သော လျင်မြန်သည့်စွမ်းအားရှိ၏။

ဟင်္သာမင်းသည် နေမင်းထံ တစ်ရှိန်ထိုးအမီလိုက်၍ မိမိ၏လျှင်မြန်မှုကို စမ်းသပ်ပြီးနောက် မိမိ၏မိတ်ဆွေရှိရာ ဗရာဏသီပြည်သို့ လာခဲ့၏။ ဗရာဏသီသို့ရောက်သော် ဟင်္သာမင်း၏ မိတ်ရင်းဖြစ်သူ ဗြဟ္မဒတ်မင်းက အဆွေတစ်ပါးတည်း လာရောက်ခြင်း ဖြစ်ပါသလောဟု မေးလျှင် ဟင်္သာမင်းသည် ညီငယ်နှစ်ပါး နေနှင့်အပြိုင်ပျံသန်းမှုမှအစ ထိုနေ့ကဖြစ်ရပ်ကို ပြောပြသောအခါ ဗြဟ္မဒတ်မင်းကြီးက အရှင်ဟင်္သာမင်း၊ နေကိုပြိုင်၍ ပျံသန်းသော အလျင်နှုန်းကိုမမြင်ရသော်လည်း ဟင်္သာမင်း၏ လျင်မြန်မှုကို တတ်စွမ်းသမျှပြသပါရန် တောင်းပန်လေလျှင် ဟင်္သာမင်းသည် လေးသည်တော်တို့ကိုခေါ်၍ အရပ်လေးမျက်နှာသို့ မြားတစ်စင်းစီ ပစ်ခတ်စေ၏။ ဟင်္သာမင်းသည် ပစ်လိုက်သော မြားများကို ဆည်းလည်းသံမည်သော တစ်ခဏ

ဖြင့် ထိုမြှားတို့ကို ဆောင်ယူ၍ လေးသည်တော်တို့၏ ခြေရင်းတွင် ပြန်၍ ထားလေ၏။

ထိုအခါ ဗြဟ္မဒတ်မင်းကြီးက အလောင်းတော် ဟသ်ာမင်း၏ လျင်မြန်မှုသည ဖော်ပြခြင်းငှာ မစွမ်းနိုင်လောက်အောင် လျင်မြန်လှပါ၏ဟု ဆို၏။ ထိုအခါ ဘုရားအလောင်း ဟသ်ာမင်းက မင်းကြီး ငါ၏လျင်မြန်မှုသည် လျင်မြန်သည်ဟု မမည်သေး။ ထိုထက်လျင်မြန်သောအရာသည် ရှိ၏ ဟု ဆို၏။ မင်းကြီးက ဟသ်ာမင်းအား အဆွေ၏ လျင်မြန်ခြင်းထက် တစ်ပါးသော လျင်မြန်ခြင်းသည် ရှိပါသေး၏လောဟု ဆို၏။ ဟသ်ာမင်းက မင်းကြီး ကျွနုပ်ထက် ပို၍လျင်မြန်သော လျင်မြန်မှုသည် ရှိ၏။ ထိုအရာသည် သေခြင်းတရားသာလျင်ဖြစ်၏။ သေခြင်းတရားသည် ငါ၏လျင်မြန်သောအဟုန်ထက် အသောင်းအသိန်းမက ပိုမိုသော လျင်မြန်မှုဖြင့် သတ္တဝါတို့၏ အသက်ကို သေခြင်းတရားက ဖျက်ဆီးနေပေ၏ဟု ဆိုသော ခဏတွင် မင်းကြီးသည် အလွန် စိုရိမ်ထိတ်လန့်စွာဖြင့် သေမည့်ဘေးမှ ကြောက်ရွံ့၍ သတိလစ်ခြင်းအဖြစ်သို့ ရောက်လေ၏။

ထိုအခါ ဘုရားအလောင်းသည် သတိကိုရစေလျက် "အရှင်မင်းကြီး၊ သေခြင်းတရားသည် အမှန်တကယ်ပင် လျင်မြန်လှပါ၏။ ကျွနုပ်၏ လျင်မြန်ခြင်းထက် အဆအရာအထောင်မက အသိန်းအသန်းပို၍ မြန်ပါ၏။ သို့တိုင် ထိုသို့သော မြန်ဆန်သည့် သေခြင်းတရားကို သင်မင်းကြီးသည် စိုးစဉ်မျှ ကြောက်ရွံ့တုန်လှုပ်ရန် မလို။ သင်မင်းကြီးသည် ရာဇဓမ္မတရားဆယ်ပါးကို ကျင့်ကြံ၍ ဒါနအလှူအစရှိသော ကောင်းမှုကိုပြုလော့။ သင်မင်းကြီးသည် သီလနှင့် ဒါနကို

ပြလေ့။ သင်မင်းကြီးသည် မင်းဖြစ်က မင်းတို့ ကျင့်အပ်သော အကျင့်နှင့် ဒါနကိုပြု။ သတ္တဝါတိုင်းသည် မိမိတို့ ပြုကျင့်ရမည့် အကျင့်သီလကို ကျင့်၍ ဒါနစသော ကောင်းမှုကို ပြုပါက သေခြင်း တရားအား ကြောက်ရန်မလို။ သေးခြင်းတရားသည် အကျင့်သီလ မရှိသူ၊ စေတနာဒါန ခေါင်းပါးသူတို့အတွက်သာ ကြောက်လန့်ဖွယ်ရာ ဖြစ်၏။ သီလရှိသူတို့သည် သေခြင်းတရားသတ္တိ မပြနိုင်သော၊ သေခြင်း မရှိသောအရပ်သို့ အရှင်မင်းကြီးအား ပို့ဆောင်နိုင်ပါ၏”ဟု ဆိုဆုံးမခဲ့လေ၏။

ဒေါင်းဖတ်စာမှ နောက်ဆုံး ကောက်နုတ်ဖော်ပြရသော ဇဝနဟသာ မင်း ဝတ္ထုကား အကျင့်သီလနှင့် စေတနာရှိပါက သေခြင်းတရားကို ကြောက်စရာမလိုကြောင်း သတ္တိကိုပေးသော ဝတ္ထုဖြစ်ပါ၏။ ဒေါင်း ဖတ်စာပုံပြင်များသည် အကျင့်သီလ စာရိတ္တတို့ကို ပျိုးထောင်၍ သေမင်းကို ယှဉ်ပြိုင်ရင်ဆိုင်နိုင်သော သတ္တိများကိုပင် ပေးသောကြောင့် ယုန်နှင့်လိပ်ပုံပြင်မှ ဇဝနဟသာမင်း၏ ဝတ္ထုအထိ ထိုထိုသောပုံပြင်များ ကို ဖတ်ရှု၍ အကျင့်သီလ စာရိတ္တ ကြံ့ခိုင်၍ လုံ့လဝီရိယနှင့် ပြည့်စုံသော မြန်မာ့သားကောင်း သမီးကောင်းတို့ ပေါ်ထွန်းလာစေရန် ရည်သန်၍ ဖော်ပြထားခြင်း ဖြစ်ပါသည်။

## ဆင့္မတန်း ဒေါင်းဖတ်စာမှ

## ပုံပြင်များ

၃၇။ သဘောမဖြောင့်၍ အကျိုးဆုတ်ယုတ်ခြင်း

၃၈။ ရွှေဟသ်ာမင်း

၃၉။ အမတ်ကြီး ဝန်ဇင်းမင်းရာဇာ

၄၀။ ဝါရီရှူမင်းအကြောင်း

၄၁။ ဇဝန ဟသ်ာမင်း

ပန်းမျိုးတစ်ရာစာပေ

# သဘောမဖြောင့်၍ အကျိုးဆုတ်ယုတ်ခြင်း

လွန်လေပြီးသောအခါ သေရိဝတိုင်း၌ နေထိုင်သော စိတ်သဘောထား ရိုးဖြောင့်သည့် ရွှဲကုန်သည်တစ်ဦးသည် စိတ်သဘောမဖြောင့်သည့် အခြားရွှဲကုန်သည်တစ်ဦးနှင့် အတူတကွ တစ်မြို့တစ်ရွာသို့ ကုန်ရောင်းသွားကြရာ နီလဝါဟအမည်ရှိသော မြစ်ကိုကူးတို့ဖြင့် ကူးပြီးလျှင် မြစ်တစ်ဖက်ကမ်း၍ အရိဋ္ဌပူရမြို့သို့ရောက်၏။ ရောက်သောအခါ မြို့တွင်းဝင်၍ လှည့်လည်ရောင်းရန် ခရီးလမ်းများကို နှစ်ဦးသဘောတူခွဲ၍ ရှေးဦးစွာ ကိုယ့်ခရီးလမ်းမှာသာ ကိုယ်လှည့်လည်ရောင်းချကြပြီး နောက်မှ တစ်ယောက်လှည့်လည်ပြီး ခရီးမှာလည်း တစ်ယောက်ထပ်မံလှည့်လည်ရောင်းချနိုင်သည်။ ဤအတိုင်း လိုက်နာကြစေတမ်းဟု ကတိထားကြပြီးလျှင် အသီးသီး လှည့်လည် ရောင်းချကြ၏။

**ပန်းမျိုးတစ်ရာစာပေ**

မဖြောင့်သော ရွှဲကုန်သည်သည် မိမိဝေစုကျဖြစ်သော လမ်းခရီး တစ်ခုသို့ ဝင်ရောက်လှည့်လည် ရောင်းချရာ လမ်းခရီးတွင် ရှေးက အလွန်တရာ ကြွယ်ဝချမ်းသာသော သူဌေးကြီးတစ်ဦးသည် ပျက်စီး ယိုယွင်း ကွယ်လွန်ပြီးနောက် မြေးအဘွားနှစ်ယောက်သာ ကြွင်းကျန်၍ ဆင်းရဲညှိုးနွမ်းစွာ နေထိုင်ကြ၏။ ထိုမြေးအဘွားအိမ်ရှေ့သို့ ရွှဲကုန်သည် ရောက်လာသောအခါ မြေးမလေးက-အဘွား၊ ရွှဲတစ်လုံးဝယ်ပေးပါဟု ပူဆာ၏။ အဘွားကြီးက-ငါ့မြေး၊ ငါတို့မှာ ယခု အလွန်တရာ ဆင်းရဲ၍ သူများထံမှာ အခစားလုပ်ကိုင်၍ အသက်မွေးကြရသည်။ အဘယ်မှာ ဝယ်စရာ ရရှိနိုင်ပါအံ့နည်းဟု ပြောဆိုလေ၏။ ထိုအခါ မြေးမလေးသည် အိမ်ထဲ၌ ခွက်တို့၏ အကြိုအကြားတွင်ရှိသော ခွက်ဟောင်းကြီးတစ်ခုကို ယူလာပြီးလျှင် ဤခွက်နှင့် လဲပေးပါဟု ပူဆာပြန်၏။ ထိုခွက်သည်ကား ရှေးက သူဌေးကြီး ရှိစဉ်အခါ သုံးစွဲသောရွှေခွက်ဖြစ်၏။ သို့ရာတွင် မသုံးစွဲဘဲ ပစ်ထားသည်မှာ ကြာမြင့်လှပြီဖြစ်၍ ချေးအထပ်ထပ် တက်နေသောကြောင့် ရွှေခွက် ဖြစ်ကြောင်းကို မြေးအဘွား နှစ်ယောက်လုံးပင် မသိကြချေ။

အဘွားကြီးလည်း ရွှဲကုန်သည်ကို ခေါ်စေပြီးလျှင် "အမောင်- အဘွားတို့မှာ ဆင်းရဲလှ၍ ဝယ်စရာ ကြေးငွေကား မရှိပါ။ ဤခွက် တစ်ခုသာ ရှိပါသည်။ မောင့်နှမကလေးက ရွှဲလုံး လိုချင်သည်ဟု ပူဆာလှသောကြောင့် ဤခွက်ကို မောင်ယူပြီးလျှင် မောင်ပေးချင်သမျှ မောင့်နှမလေးအား ပေးခဲ့ပါ"ဟု တောင်းပန်စကား ပြောကြား၏။ မရိုးဖြောင့်သော ရွှဲကုန်သည်သည် ခွက်ကို ကိုင်မိလျှင်ပင် ရွှေခွက် ဖြစ်မည်ထင်သောကြောင့် ခွက်၏ အပြင်ဘက် တစ်နေရာ၌ သံချောင်း

ငယ်ဖြင့် ခြစ်ကြည့်သောအခါ ရွှေခွက်အစစ်ဖြစ်ကြောင်းကို သိရှိ၏။ သို့သော်လည်း ဤရွှေခွက်ကို တစ်စုံတစ်ရာမျှ မပေးဘဲ အလကား ရအောင်ယူမည်ဟု ကြံစည်ပြီးလျှင် တစ်ပဲ၏ တစ်ဝက်လောက်မျှ အဖိုးမတန်သော ဤခွက်ကို မယူလိုဟု ဆိုပြီးလျှင် မြေပေါ်မှာ ပစ်ချ၍ ထသွား၏။

ထို့နောက် များမကြာမီပင် ရိုးဖြောင့်သော ကုန်သည်သည် ထိုမြေးအဘွားအိမ်ရှေ့သို့ ရောက်လာပြန်သောအခါ မြေးမလေးသည် အဘွားကြီးကို ပူဆာပြန်၏။ အဘွားကြီးလည်း အရင်ကုန်သည်က အသုံးမကျ အဖိုးမတန်ဟု မြေပေါ်မှာ ပစ်ထားခဲ့သောခွက်ကို ယခုကုန်သည်လည်း ယူမည်မဟုတ်၊ ဝယ်စရာ ငွေကြေးလည်းမရှိ။ ငါ့မြေး မပူဆာနှင့် ချော့မော့၍ ပြော၏။ ထိုအခါ မြေးမလေးက ယခုကုန်သည်သည် အရင်ကုန်သည်ကဲ့သို့ ကြမ်းကြုတ်ခက်ထန်ပုံ မရပါ။ အလွန်တရာ နူးညံ့ပျော့ပျောင်း စိတ်သဘောကောင်းပုံပေါက်ပါသည်။ ဤခွက်နှင့် ရွဲကို လဲလှယ်လိမ့်မည် ထင်ပါသည်ဟု ပြောကြား၏။ အဘွားကြီးလည်း အခေါ်ခိုင်းပြီးလျှင် အရင်နည်းအတိုင်း ခွက်နှင့်ရွဲကို လဲရန် တောင်းပန်၏။ ရိုးဖြောင့်သော ကုန်သည်သည် ခွက်ကိုမြင်လျှင်ပင် ရွှေခွက်ဖြစ်ကြောင်းကို သိ၍ အဘွားတို့၏ခွက်သည် အဖိုး တစ်သိန်းမျှ ထိုက်တန်သည်။ ကျွန်တော်ထံမှာ ထိုခွက်နှင့်လဲရန် တစ်သိန်းတန်ပစ္စည်း မပါရှိပါဟု ပြောဆိုလေ၏။ အဘွားကြီးလည်း အမောင် အရင်ကုန်သည်က ဤခွက်ကို အဖိုးတစ်ပဲ၏ ထက်ဝက်မျှပင် မတန်ဟု မြေပေါ်မှာ ပစ်ထားခဲ့ပြီး ဖြစ်သည်။ ယခု အဖိုးတစ်သိန်းတန် သည်ဟု ဆိုလျှင် မောင့်ကုသိုလ်ကံဟု အောက်မေ့ပါသည်။ ဤခွက်ကို

ယူ၍ မောင်ပေးလိုသမျှသာ ပေးခဲ့ပါ။ အဘွားတို့ ကျေနပ်ပါသည်ဟု ဆိုလေ၏။

ထိုအခါ ရိုးဖြောင့်သော ကုန်သည်သည် မိမိရောင်းချရရှိခဲ့သော ငွေငါးရာနှင့် မရောင်းရသေးသော ငါးရာတန် ရွှဲများကို မြေးအဘွား နှစ်ယောက်အား အကုန်ပေးအပ်ပြီးလျှင် ခရီးစရိတ်အလို့ငှာ ငွေရှစ်ကျပ် ချိန်ခွင်နှင့် လွယ်အိပ်တို့ကို ယူဆောင်ပြီးလျှင် အလျင်အမြန် ထွက်သွား၏။ မြစ်ဆိပ်သို့ရောက်သောအခါ ကူးတို့လှေသမားအား ငွေရှစ်ကျပ်ကို ပေး၍ ကူးနှင့်၏။

မရိုးဖြောင့်သောကုန်သည်သည် ထိုမြေးအဘွားအိမ်သို့ တစ်ဖန် လှည့်လည်လာရောက်ပြီးလျှင် သူငယ်မ၊ ခွက်ကိုယူခဲ့ပါ။ ရွှဲအနည်း ငယ်မျှ ပေးခဲ့မည်ဟု ပြောဆို၏။ ထိုအခါ သူငယ်မက အသင်သည် ငါတို့၏ အဖိုးတစ်သိန်းတန်သော ရွှေခွက်ကို ပဲဝက်မျှ အဖိုးမတန်ဟု ပြောဆိုသွားသည်။ ကျွန်နှင့်သခင်လို သင်နှင့်အသွင်အပြင် ကွားခြား၍ သင်၏သခင်နှင့်အလားတူသော တရားစောင့်သည့် ကုန်သည်တစ်ဦး သည် ငါတို့အား အဖိုးတစ်ထောင်ပေး၍ ထိုရွှေခွက်ကို ယူသွားပြီဟု ပြောဆိုဆဲရေးလေ၏။

ထိုစကားကိုကြားသည်နှင့်တစ်ပြိုင်နက် အဖိုးတစ်သိန်းထိုက်သော ရွှေခွက်ကို ငါမရလိုက်လေခြင်းဟု ပြင်းထန်းစွာ စိုးရိမ်ပူပန်လျက် သတိမှ မရနိုင်တော့ဘဲ မိမိမှပါသမျှငွေနှင့် ကုန်တို့ကို ထိုအိမ်ရှေ့မှာပင် ပစ်ကြဲခဲ့ပြီးလျှင် ကိုယ်မှ အဝတ်အစားများ မကပ်မူ၍ ရွှေခွက်ယူ သွားသည့် ကုန်သည်ကိုသာ လိုက်တိုက်ခိုက် လုယူရန် ကြံစည်၏။ ဤသို့ ကြံစည်သည့်အတိုင်း တိုက်ခိုက်ရာ၌ လက်နက်ပြုလုပ်ရန်



ချိန်ခွင်ကိုသာ စွက်ကိုင်ပြေးလျှင် ခြေရာအစဉ်ခံ၍ လိုက်ရာ မြစ်ဆိပ်သို့ ရောက်သောအခါ မြစ်လယ်သို့ ရောက်နေသော ကုန်သည်ကို မြင်၍ အချင်းလှေသူကြီး၊ လှေကို တစ်ဖက်ကမ်းသို့မပို့ဘဲ ပြန်ခဲ့ပါဦးဟု ဟစ်အော်၏။ ရိုးဖြောင့်သောကုန်သည်သည်လည်း လှေကိုနောက်သို့ မပြန်စေဘဲ တစ်ဖက်ကမ်းသို့ အရောက်လှော်ခိုင်း၏။ မရိုးဖြောင့်သော ကုန်သည်သည် လှေဖြင့် တစ်ဖက်ကမ်းသို့ ရောက်သွားသော ကုန်သည်ကို ကြည့်ရင်းကြည့်ရင်းဖြင့်ပင် ပြင်းထန်းအားကြီးသော စိုးရိမ်ကြောင့်ကြခြင်း ဖြစ်ပွား၍ နှလုံးသားပူပြင်းပြီး သွေးဆူအန်ထွက်ကာ ထိုနေရာတွင်ပင် နှလုံးသားကွဲ၍ သေဆုံးသွားလေသတည်း။

**ဤဝတ္ထုသက်သေကိုထောက်၍ မည်သည့်အရာမဆို အဖိုးတစ်သိန်းတန် ရွှေခွက်ကြီးကို ရသော ကုန်သည်အလား ရိုးဖြောင့်မှန်ကန်သည့်စိတ်သဘောထားကို ထားကြရာသည်။ မရိုးမဖြောင့်သော**

**သူတို့သည် ကောက်ကျစ်စဉ်းလဲသည့် ဉာဏ်ဖြင့် သူတစ်ပါးထံမှ ဥစ္စာပစ္စည်းရအောင် ကြံစေကာမူ တာရှည်လေးမြင့် ချမ်းသာကြီးပွားခြင်းမရှိဘဲ အဆုံးတစ်နေ့မှာ အဖိုးတစ်သိန်းတန် ရွှေခွက်ဆုံးရှုံးသော ကုန်သည်အလား ကြီးမားသော ဒုက္ခနှင့်တွေ့ကြုံရတတ်သည်။**

## ၃၈။ ရွှေဟင်္သာမင်း

လွန်လေပြီးသောအခါ ကာသိကရာဇ်တိုင်း၊ ခွန်လှိုင်းသာစည် ဗာရာဏသီပြည်ကြီးကို ထီးဖြူအုပ်မိုး အစိုးရတော်မူသော သံယမမင်းကြီး၏ ခေမာမည်သော အဂ္ဂမဟေသီ ဒေဝီညာထား မိဖုရားသည် ခြေက်ပါးသော မိန်းမတို့အပြစ် မြူတစ်ရစ်မျှ မငြိမတင် ကင်းလွတ်စင်လျက် အသွင်အဆင်း၏ ပြည့်စုံခြင်းစသော ဂုဏ်တို့နှင့် အလုံးစုံ ညီညွတ်၏။ တစ်နေ့သ၌ ထိုခေမာမိဖုရားသည် နေအရုဏ်တက်လုနီးဝယ် ‘အံ့ချီးဖွယ်အမွန် လွန်ကဲသော အသရေဖြင့် ရွှေအဆင်းနှင့်တူသည့် အဆင်း၊ တင့်တယ်ခြင်းနှင့်ပြည့်စုံသော ဟင်္သာမင်းသည် သက်ဆင်းပျံကြွကာ လေသာပြတင်းမှ နန်းတွင်းသို့ဝင်၍ ရာဇပလ္လင်ထက်၌ စံနေတော်မူပြီးလျှင် ဓမ္မေသဓ ရသမြိုက်ဆေး တိုက်ကျွေးဆုံးမ သြဝါဒပေးသည်ကို အလေးဂရုပြုလျက် မှတ်သားကြားနာရသည်’ ဟု အိပ်မက်မြင်တော်မူ၏။

**ပန်းမျိုးတစ်ရာစာပေ**



ရွှေဟင်္သာမင်းသည် ခေမာမိဖုရားကြီးအား
တရားဟောကြားနေပုံ

**ပန်းမျိုးတစ်ရာစာပေ**

ထိုသို့ အိပ်မက်မြင်မက်သောအခါ ခေမာမိဖုရားသည် ဟောကြားအပ်သော ရွှေဟင်္သာမင်း၏ တရားကိုသာလျှင် ခင်မင်တောင့်တဆန္ဒလွန်ပြင်း မည်သူတစ်ယောက်မျှ ပယ်ဖျောက်ခြင်းငှာ မစွမ်းနိုင်ရာဟု ကောင်းစွာ အကြံဖြစ်သဖြင့် ကပ်လစ်ဝေဒနာ အိသာကင်းမဲ့ မကျန်ခဲ့သော အယောင်ဖြင့် ဟန်ဆောင်ကာ တိုက်ခန်း၌ ညိုးနွမ်းစွာ စံနေတော်မူ၏။ ထိုသို့ စံနေတော်မူသောအခြင်းအရာကို သံဃမမင်းကြီးမြင်တော်မူလျှင် ကြင်နာမြတ်နိုးလှသော မိဖုရား ဖြစ်ခြင်းကြောင့် အကြောင်းရင်းအရပ်ရပ်ကို အထပ်ထပ် စစ်ဆေး၍ မေးမြန်တော်မူ၏။ ထိုသို့မေးမြန်းသောအခါ ခေမာမိဖုရားသည် ပြောကြားလျှောက်တင်သင့်သောအခါဖြစ်၍ မိမိအလိုရှိအပ်သည့် အကြောင်းဖြစ်အင်ကို ကုန်စင်အောင် ပြန်ကြားလျှောက်တင်၏။


လျှောက်တင်သောစကားကို မင်းကြီးကြားတော်မူလျှင် မိဖုရား၏ သက်သာရာ ရစေရေးအတွက် ကျက်သရေဆောင်တိုက်ခန်းမှ မြန်းထွက်တော်မူခဲ့ပြီးလျှင် မင်းချင်း မှူးမတ်၊ ပုရောဟိတ်တို့ကို ခေါ်၍ စည်းဝေးစေပြီးမှ "အချင်းတို့၊ ရွှေအဆင်းနှင့်တူသော ဟင်္သာမင်းသည် သောင်းတွင်းဇမ္ဗူဝယ် အဘယ်အရပ်မှာရှိ၍ အဘယ်သို့သောနည်းဖြင့် ရနိုင်အံ့နည်း"ဟု မေးမြန်းတော်မူရာ "အရှင်မင်းကြီး၊ ခရီးအလွန်ဝေးကွာလှစွာသော အရပ်သို့သွား၍ ဖမ်းယူခြင်းထက် ဥပါယ်တံမျဉ်ဖြင့် အနီးသို့ သွေးဆောင်၍ ဖမ်းခြင်းသည် အခင်းသင့်တင့်လျောက်ပတ်လှပါသည်"ဟု ပညာရှိတို့က တင်လျှောက်ကြကုန်၏။ ထိုစကားကို မင်းကြီးကြားတော်မူလျှင် ဥပါယ်တံမျဉ်ဖြင့် သွေးဆောင်ဖမ်းယူခြင်းငှာ မည်သူစွမ်းနိုင်ပါမည်နည်းဟု မေးတော်မူပြန်၏။

**ပန်းမျိုးတစ်ရာစာပေ**

ထိုအခါ ပညာရှိတို့က "အရှင်မင်းကြီး မြို့တော်မှ သုံးဂါဝုတ်ကွာဝေးသော မြောက်တူရူအရပ်၌ သုံးဂါဝုတ်အတိုင်းအရှည်ရှိသော ရေကန်ကိုတူးစေ၍ သတ္တဝါတို့ကို ဘေးမဲ့ပေးရာ ရေကန်တည်းဟု ခေမာဟူသောအမည်ကို မှည့်ပြီးမှ အထူးထူးသော ကြာမျိုးတို့ဖြင့် ပြည့်စုံစေလျက် တစ်စုံတစ်ယောက်သောသူကိုမျှ ထိုရေကန် အနီးအပါးသို့ သွားရောက်ချဉ်းကပ်ခြင်းကို မပြုစေဘဲ လိမ္မာလှသော ငှက်ခတ်သမားတို့ကိုသာ အပ်နှံဆောင်နှင်း၍ ကြောင့်ကြမဲ့ဘေးလွတ်ရာဖြစ်သော အကြောင်းအခြင်းရာကိုလည်း အရပ်လေးမျက်နှာတို့၌ ကောင်းစွာကြွေးကြော်စေအပ်၏။ ယင်းသို့ ကြွေးကြော်စေသည်ရှိသော် အထူးထူးအပြားပြား များစွာသော ငှက်အပေါင်းတို့သည် သောင်းသောင်းဆူညံ၊ အသံမလပ်၊ မပြတ်စုရုံး စည်းဝေးကြကုန်ရာ၏။ ထိုအခါ တေရဋ္ဌရွှေဟင်္သာမျိုးတို့သည်လည်း ထိုကန်၏အခြင်းအရာ သာယာပြန့်ပြူး ပျော်မြူးဖွယ် အခန်းခန်း ရန်ဘေးဟူက မြူမသန်းဘဲ ပကတိ ချမ်းသာစွာ ကျက်စားရာဖြစ်ကြောင်းကို ရုံးပေါင်းမယွင်း သတင်းစကား အဆင့်ဆင့်ကြားကုန်ရာ၏။ ယင်းသို့ သတင်းစကား အဆင့်ဆင့်ကြားကုန်သည်ရှိသော် ပျော်ပါးရွှင်မြူး အထူးကျက်စားခြင်းငှာ ဤရေကန်သို့ မုန်စွာ လာရောက်ကြကုန်လတ္တံ့။ ထိုသို့ လာရောက်သောအခါ သားမြီးဖြင့်စီရင်အပ်သော ကျော့ကွင်းညွှတ်ဖြင့် မလွတ်အောင် ထောင်ယူက ဧကန်ရပါလိမ့်မည်"ဟု ပုဏ္ဏားတို့က တင်လျှောက်ကုန်၏။ ထိုသို့တင်လျှောက်သော စကားကို မင်းကြီးကြားတော်မူလျှင် အားရနှစ်သက်တော်မူသဖြင့် တင်လျှောက်သည့်အတိုင်း စီမံပြုလုပ်ဖွယ် အရပ်ရပ်တို့ကို စေ့စပ်အောင် ပြုလုပ်တော်မူ၏။

**ပန်းမျိုးတစ်ရာစာပေ**

ထိုအခါ များစွာသော ငှက်ခပင်းတို့၏ မှီတင်းခိုလှုံရာ မဟာရသ အေးမြရေကြည် ငါးမည်သော ကြာမျိုးတို့၏ ဝတ်မှုန်ခိုးအလှိုင်လှိုင် ကြိုင်တပျံ့ပျံ့ ရနံ့ကြူသင်းသော အိုင်မင်း၏အဖြစ်၊ အပြစ်ရန်ဝေး ဘေးမျိုးမရှိ ပကတိချမ်းသာစွာ ပျော်ပါးရာကောင်းကြောင်းကို ငှက် အပေါင်းတို့ ကောင်းစွာ ကြားသိကြကုန်လျှင် ရှေးဦးစွာ တီဏဟင်္သာ မျိုး၊ ထိုနောက် ပဏ္ဍု၊ ပနောသီလာ၊ ပါကဟင်္သာ စသော ဟင်္သာ မျိုးတို့သည် အစဉ်အတိုင်း လာကြကုန်၍ မြူးတူးပျော်ပါးကျက်စား ကြကုန်၏။



ထိုပါက ဟင်္သာမျိုးတို့ထံမှ ထိုရေကန်ကြီး၏ သာယာတင့်တယ် ပျော်ဖွယ် ကောင်းကြောင်းကို တေရဋ္ဌဟင်္သာတို့သည် တစ်ဆင့်စကား ကြားကြသောအခါ တေရဋ္ဌဟင်္သာမျိုးတို့သည် ထိုရေကန်ကြီးသို့ သွားလိုသော ဆန္ဒအားကြီးလှသဖြင့် စစ်သူကြီးဖြစ်သော ဟင်္သာ

မင်းအား ပြောကြားကြကုန်၏။ စစ်သူကြီးဖြစ်သော ဟသ်ာမင်းသည်လည်း အမျိုးဖြစ်သော ဟသ်ာအပေါင်းတို့သည် ကောင်းမွန်သာယာသော ခေမာမည်သော ရေကန်ကြီးသို့ သွားလိုသော ဆန္ဒရှိကြကြောင်းကို တေရဋ္ဌရွှေဟသ်ာမင်းအား လျှောက်ကြားလေ၏။

ထိုအခါ ရွှေဟသ်ာမင်းက အချင်းတို့၊ လူတို့မည်သည်ကား များပြားသော ဥပါယ်၊ အသွယ်သွယ်သော အကြံအစည်၊အမည်မည်သော မာယာ ရှိကုန်၏။ စဉ်းလဲကောက်ကျစ် ပတ်ရစ်ဖွဲ့ချည်၊ လိမ်လည်ခြင်း များကုန်၏။ သွေးဆောင်လှည့်ဖြား၊ တရားမမှန် ကြံစည်ကြသောအရာဝယ် များစွာ လိမ္မာကြကုန်၏။ ထိုခေမာအမည်ရှိသော ရေကန်ကြီးသည် မိဘ ဘိုးဘေး ရှေးအထက်အစဉ်အလာ ထိုသို့သော အခါက မှန်ကန်စွာတည်ရှိသည်ဟူ၍ ငါ မကြားမသိစဖူးကုန်။ ယခု ငါတို့ မျက်မှောက်လက်ထက်သို့ရောက်မှ ပေါ်ပေါက်ဖြစ်ထွန်းလာသော ထိုရေကန်ကြီးမူကား မှန်စွာမယွင်း ငါတို့ကို ဖမ်းယူခြင်းငှာ သေချာပြုပြင်စီရင်အပ်သော ရေကန်ဟု ငါထင်သည်။ လူတို့၏ နယ်တွင်းသို့ ချဉ်းကပ်ရန်ဆန္ဒ မရှိကြလင့်ဟု ဩဝါဒစကား မိန့်ကြား ဆုံးမတော်မူ၏။

ယင်းသို့ ဆုံးမဩဝါဒပေးငြားသော်လည်း များစွာသော ဟသ်ာအပေါင်းတို့သည် သွားရအံ့သောအကြောင်းကိုသာ ညီညွတ်ဦးနှိမ်သုံးကြိမ်တိုင်မြောက် တင်လျှောက်ကြသဖြင့် ငါ့အတွက်ကြောင့် စုံမက်မြတ်နိုး ဆွေမျိုးအပေါင်းတို့အား မကောင်းသော စိတ်လုံးညှိုးချုံးပင်ပန်း နွမ်းနယ်ကျဉ်းမြောင်းခြင်းသည် အလျင်းပင် မသင့်ယောင်တကား။ ဆွေမျိုးတို့ စိတ်အကြိုက်ကို ဤအခါ လိုက်စား၍

ငါသွားမှ သင့်ချေမည်ဟု ကြံစည်အောက်မေ့တော်မူကာ ဟင်္သာအပေါင်း ကိုးသောင်းခြံရံလျက် ထိုရေကန်ကြီးသို့ ပျံသွားတော်မူ၏။ ယင်းသို့ ပျံသွားပြီးလျှင် ဆွေမျိုးဖြစ်ကုန်သော ဟင်္သာအများတို့နှင့် အတူတကွ ထိုရေကန်ကြီးတွင် နေ့စဉ် မြူးတူးပျော်ပါး ရေကစား၍ နေကြရာ ခုနစ်ရက်မြောက်သောနေ့၌ ငှက်မုဆိုးတို့ ထောင်ထားသော သားမြီး ကျော့ကွင်းသို့ ဟင်္သာမင်း သက်ဆင်းမိ၏။

ထိုအခါ အလွန်တရာ မြဲမြံစွာသော ညွတ်ကျော့ကွင်းကို ရှင်းရှင်းပြတ်အောင် အားစိုက်၍ရုန်းသော်လည်း ပထမအကြိမ် ရုန်းရာတွင် ရွှေအဆင်းနှင့်တူသော အရေတို့သည် စုတ်ပြတ်ကုန်၏။ ဒုတိယအကြိမ်အားစိုက်၍ ရုန်းရာတွင် ကမ္ဗလာအဆင်းကဲ့သို့ ခြင်းခြင်းနီမြန်းသော အသားတို့သည် စုတ်ပြတ်လေကုန်၏။ သုံးကြိမ် မြောက်ရုန်းရာတွင် ညိုသောအဆင်းရှိသောအကြောတို့သည်ပြတ်ကုန် ၏။ လေးကြိမ်မြောက်ရုန်းဘိမူ မိမိခြေထောက်ပြတ်လျှက် လွတ်ထွက် နိုင်ခွင့်ကို မြင်သော်လည်း မင်းတို့မည်သည်အား ကိုယ်အင်္ဂါချို့တဲ့သဖြင့် မသင့်မလျောက်ပတ်ချေ။ ကျက်သရေရှိလှမှ ရဇအင်္ဂါ ညီပေသည်ဟု ဆင်ခြင်တော်မူပြီးလျှင် အားစိုက်၍ ရုန်းခြင်းကို အလျဉ်းမပြုဘဲ နေလေ၏။

ဤသို့ အားကြီးသည်းထန်စွာသော ဝေဒနာကို ခံစားရသော်လည်း ယခုအခါ အကယ်၍ ငါအော်ဟစ်ငြားအံ့။ ငါ၏ အမျိုးအဆွေ ဖြစ် ကုန်သော ဟင်္သာအပေါင်းတို့သည် သောင်းသောင်းဆူညံ ပူပန်လွန်မင်း၊ ပြင်းစွာထိတ်လန့် တုန်လှုပ်သဖြင့် ရုတ်တရက် ပျံသွားကြကုန်ရာ၏။ ယင်းသို့ ထိတ်လန့်တုန်လှုပ်လျက် ရုတ်တရက် ပျံသွားကြကုန်သည်

ရှိသော် အစာမဝ မမျှတသဖြင့် လမ်းခရီးအကြားမှာ သမုဒ္ဒရာပြင်ကျယ် ပင်လယ်၌ကျ၍ မုချ သေကျေပျက်စီး ပြုန်းတီးကြရာကုန်သည်ဟု အောက်မေ့တော်မူပြီးမှ သည်ထန်စွာသော ဝေဒနာကို သတိပညာဖြင့် ချုပ်တည်းလျက် သိမ်းဆည်းတော်မူသတည်း။

ဟင်္သာအပေါင်းတို့သည် အစာအဟာရ မျှတဝလင်ကုန်သဖြင့် အလုံးစုံ ရေ၌မြူးတူးပျော်ပါး ကစား၍ နေကြသောအခါတွင်မှ ဟင်္သာမင်းသည် ကျော့ကွင်းမိသော အခြင်းအရာဖြင့် ကျယ်စွာ ဟစ်အော်၏။ ထိုသို့ဟစ်အော်သောအခါ များစွာသောဟင်္သာအပေါင်း တို့သည် ကြောက်လန့်တကြား သုံးစုကွဲပြား၍ မိမိတို့နေရာ ဂိဇ္ဈကုဋ် တောင်သာသို့ လျင်မြန်စွာ ပျံသွားကြကုန်၏။

စစ်သူကြီးဖြစ်သော ဟင်္သာမင်းသည် ငါတို့အရှင် ဘုရင်မင်းမြတ်၌ ဆိုက်ကပ်သော ဘေးရန်လေလောဟု သုံးစုသုံးပုံ ပျံသွားသော ဟင်္သာတို့ကို မီအောင်လိုက်ပြီးမှ အသီးအသီးအဖန်ဖန် အတန်တန်ကြည့်ရှု သော်လည်း မိမိအရှင် ဘုရင်မင်းမြတ်ဖြစ်သော ရွှေဟင်္သာမင်းကို မမြင်သောကြောင့် ငါတို့အရှင်မင်းမြတ်အား အမှန်မုချ ဘေးဘယ ငြိတွယ် အန္တရာယ်ရောက်လေပြီတကားဟု သိ၍ ရေကန်ကြီးသို့ တစ်ဖန် ပြန်လည်ကြည့်ရှုလတ်သော် ကျော့ကွင်း၌မိလျက် စုတ်ပြတ် သောအရေ၊ အသား၊ အကြောတို့မှ ယိုထွက်စီးကျသော သွေးတို့ဖြင့် ထွေးရွေး တိမ်းရယိမ်း၊ အလိမ်းလိမ်း ငြိကပ်လျက် ရေစပ် ညွတ်ကွင်းဝယ် ဝပ်ဆင်းကာ၊ လျောင်းကာ ဘုရားလောင်း ခံနေရရှာသည် ကို မြင်လေ၏။

**ပန်းမျိုးတစ်ရာစာပေ**

ထိုသို့ဖြစ်လျှင် ရှောင်တခင် ချဉ်းကပ်လျက် "အရှင်မင်းမြတ် ဆိုက်ကပ်သော ဘေးဘယာကြောင့် သောကလှိုက်ဆူ ပူပန်တော်မမူပါလင့်။ အကျွန်ုပ်အသက်ကို ငဲ့ကွက်မညှာ၊ မတွယ်တာဘဲ ဟင်္သာအပေါင်းတို့၏သခင် အရှင်မြတ်ကိုသာ ရောက်လတ်သော အန္တရာယ်ဘေးမှ ကင်းဝေးအောင် ကျွန်ုပ်ပြုပါအံ့"ဟု ပြောဆို နှစ်သိမ့်စေလျက် သက်သာရာကို ရစေ၏။

ထိုအခါ ဟင်္သာမင်းသည် "အချင်းသုမုခ၊ အမျိုးဖြစ်ကုန်သော ဟင်္သာအပေါင်းတို့သည် သေအံ့သော အရေးဘေးကို ကြောက်ကုန်သဖြင့် ငါ့ကိုပစ်စွန့်ပယ်ရှား၍ ပျံသွားကြကုန်ပြီ။ သင်တို့သည်လည်း ထိုဟင်္သာအပေါင်းတို့နှင့် အတူတကွ ပျံသန်းပြီးလျှင် ငါ့အနီးသို့ အပြီး တစ်ဖန် ဘာကြောင့် ပြန်လာပြန်သနည်း။ ရှုံးစည်းမကွာ ထိုဟင်္သာတို့နှင့်အတူ ပျံသွား၍ လာလတ္တံ့သော ဘေးရန်မှ ကင်းဝေးအောင် သင်ပြုလေ့"ဟု ဆို၏။

ဤသို့ တိုက်တွန်းမိန့်ဆိုသောအခါ သုမုခမည်သော စစ်သူကြီးက ဤဟင်္သာမင်းသည် ငါ၏အဆွေခင်ပွန်းကောင်းအဖြစ်ကို စင်စစ် မသိရှာသေး။ ခင်ပွန်းတု ခင်ပွန်းယောင်မျှ မှတ်ထင်သဖြင့် ငါ့အား ဤသို့သော စကားကို ပြောကြားလေဘိသည် ဖြစ်ယောင်တကား။ ယခုအခါ ငါသည် ချစ်ခင်နှစ်သက် ပေါင်းဖော်ဆက်ဆံထိုက်သော ခင်ပွန်းကောင်း၏အဖြစ်ကို စင်စစ်သိစေအံ့ဟု ကြံပြီးလျှင် "တေရဋ္ဌ၊ နာမကျော်ဟိုး၊ တန်ခိုးထင်ပေါ် အမည်တော်ရှိသော ကျေးဇူးတော် သခင်အရှင်မင်းကြီး၊ ဒုက္ခသောင်းပြောင်း၊ ပေါင်းစုံနှိပ်စက် ဖျက်ဆီးမူလည်း၊ အရှင်မင်းကြီးကို အကျွန်ုပ် မစွန့်မပစ်ပါအံ့။ အကျွန်ုပ်၏

ဇီဝိန်အသက် မပျက်မစီးသော်လည်းကောင်း၊ စုတိပြောင်းကြွေ သေလွန်ပြန်းတီး၊ ပျက်စီးရမည်ဖြစ်သော်လည်းကောင်း အရှင်မင်းကြီးကို မစွန့်မခွာဘဲ အမြဲမကွာ အတူသာဖြစ်ပါတော့အံ့သတည်း။ ကိုယ်စိတ်နှစ်ဖြာ၊ မချမ်းသာသော ဒုက္ခနှင့်မုချ တွေ့ရငြားသော်လည်း ထိုနှစ်ပါးသောဒုက္ခကို ဒုက္ခမမှတ်၊ အရှင်မင်းကြီးကိုသာ အစွန့်မခွာဘဲ ဆင်းရဲအတူကောင်းမှုတကွသာ အကျွန်ုပ်ဖြစ်ပါအံ့။ မသူတော်တရား လိုက်စားသောသူတို့နှင့် အကျွန်ုပ်ကို အတူထား၍ ပုံသွားအံ့သောအကြောင်းကို တိုက်တွန်း မိန့်ဆိုခြင်းသည် အလျဉ်းပင်မသင့် မလျောက်ပတ်ပါ။ အကျွန်ုပ်သည် အရှင်မင်းမြတ်၏ ဖွားဘက်တော်အဖော်အတူသွား အားထားထိုက်စွာလက်ယာမျက်စိနှင့်တူသော အဆွေခင်ပွန်းကောင်းဟု အောက်မေ့မှတ်ထိုက်သူ တစ်ယောက်ဖြစ်ပါသည်။ အရှင်မင်းမြတ်၏ စိတ်အလိုနှင့်တွေ့



သဖြင့် ချမ်းမြေ့ကြည်ဖြူ ချစ်ခင် စုံမက်အပ်သူတစ်ယောက်လည်း ဖြစ်ပါသည်။ ဟသ်ာအပေါင်းတို့၏ အရှင်ဘုရင် ဧကရာဇ် ဖြစ်တော်မူသော အရှင်မင်းကြီး၊ အကျွန်ုပ် သုမုခသည် များစွာသောင်းသောင်း

ဟင်္သာအပေါင်းတို့၏ ဦးစီးနာယကဥက္ကဌ ရွှေဆောင်သတင်းပြောင် လျက် ရန်အောင်ဇေယျာ မဟာသေနာပတိ များဘိအံ့ချီး စစ်သူကြီး တစ်ဦးဟု အထူးလည်း ထင်ရှားပါသည်။ ထိုသို့သိမြင် အလွန်လျှင် ထင်ရှားပါလျက် အရှင်မင်းဖျားကို တစ်ပါးတည်းသာ အပြီး ခြွင်းချန်၍ ဤရေကန်မှ အကျွန်ုပ်သွားခဲ့ပါမူ သဟာယတရား ပျက်ပြားချွတ်ယွင်း လစ်ဟင်းရုံမက များပြားလှသော ဆွေမျိုးတို့၏ အလယ်သို့ ကျရောက်သောအခါဝယ် အဘယ်သို့ ပြောကြားပါ အံ့နည်း။ ဟင်္သာအပေါင်းတို့ထက် မြင့်မြတ်တော်မူပေသော ကျေးဇူး တော်သခင် အရှင်မင်းကြီး၊ အကျွန်ုပ် သုမုခသည် အရှင့်ကျော့ကွင်း မိသော ဤရေကန်၌သာလျှင် အရှင်မင်းကြီးအတွက် ကိုယ့်အသက်ကို ငဲ့ကွက်မထောက် မကြောက်မရွံ့ စွန့်ပါတောအံ့။ ခင်ပွန်းစစ်မဟုတ်၊ ယုတ်မာသောသူတို့ပြုအပ်သော အမှုကို အကျွန်ုပ် ပြုကျင့်ခြင်းငှာ မဝံ့ပါ” ဟု သုမုခမည်သော စစ်သူကြီးက လျှောက်ထားပြောဆို၏။

ထိုသို့လျှောက်ထားပြောဆိုနေကြစဉ်အခါ မိမိထောင်အပ်သော ညွှတ်ကျော့ကွင်း၌ ဟင်္သာမင်း မိ၍နေသည်ကို အသင့် ပုန်းအောင် ချောင်မြောင်း၍နေရာမှ မုဆိုးမြင်သဖြင့် ဖမ်းယူခြင်းငှာ လျင်မြန်စွာ ပြေး၍ အနီးသို့လာ၏။ ထိုအခါ သုမုခစစ်သူကြီးသည် ရွှေဟင်္သာမင်း ၏ အပါးတော်မှ အခြားသို့ မခွာမသွားဘဲ သနားဖွယ်ရာ ချိုသာစွာ သော စကားတို့ဖြင့် အကျိုးစီးပွား ပျက်ပြားအံ့သည့်အကြောင်းကို ကောင်းစွာပြောဆိုလေ၏။ ထိုသို့ပြောဆိုနေသည်ကို မြင်လျှင် မုဆိုးသည် ကြင်နာသနား ကရုဏာလွန်မင်း ချစ်ခြင်းမေတ္တာ ပွားများသဖြင့် “နှစ်ဦးသောသင်တို့သည် ခင်မင်မြတ်နိုး ဆွေမျိုး

အပေါင်းတို့ ကောင်းစွာ ရွှင်လန်းနှစ်သက်ခြင်း ရှိစေရန် မိမိတို့ ကျက်စားရာ ကောင်းကင်ယံသို့ ပျံသွားပါလေလော့”ဟု ဆို၍ တင်းကျပ်စွာမိသော ကျော့ကွင်းမှ ဘုရားလောင်း ဟသ်ာမင်းကို ဖြေချွတ်လျက် ကောင်းမွန်စွာ လွှတ်၏။ ထိုသို့လွှတ်သောအခါ သူတော်ကောင်း ဟသ်ာမင်းသည် ဖမ်းယူခြင်းအကြောင်းကို မုဆိုးအား ကောင်းမွန်စွာမေးလေ၏။

ယင်းသို့မေးလျှင် ဖြစ်အင်မူလ ပထမစ၍ ကြံစည်ဖြစ်ပျက် သမျှသော အကြောင်းကို ရှုံးပေါင်းမကျန် မုဆိုးက ပြန်ပြော၍ သဘောအလုံးစုံကို အကုန်မကျန် အမှန်သိရသော် ငါး၏ဘုန်းအာနုဘော် တောက်ပရန် အကြောင်းကောင်းစွာ ဖြစ်ပေသည်ဟူ၍ ဆင်ခြင်ပြီးလျှင် မိမိ၌ အဆွေခင်ပွန်းကောင်း၏ သဘောပြည့်စုံ လုံလောက်ခြင်းကို ထင်လင်းစွာ ပြလိုသောကြောင့်လည်းကောင်း၊ အလွန်ကြိုးပမ်းသော လုံ့လဝီရိယဖြင့် မုဆိုး၏ ဖမ်းယူခြင်းကို အချည်းအနှီးမဖြစ်ဘဲ စည်းစိမ်ချမ်းသာရစေလိုသောကြောင့် လည်းကောင်းပြည့်ရှင်မင်းကြီး ကို ငါးပါးသောသီလ၌ တည်စေပြီးလျှင် ခေမာမိဖုရား၏ နှလုံးအလိုကို ပြည့်စေလိုသောကြောင့်လည်းကောင်း၊ ဤသို့ ရှုံးပေါင်းအကြောင်း ကြောင်းကို မြင်တော်မူသဖြင့် မိမိတို့ကို ဗာရာဏသီပြည်ကြီးရှင် ဘုရင်မင်းကြီး၏ အထံတော်သို့ ဆောင်စေခြင်းငှာ ဟသ်ာမင်းသည် မုဆိုးကို တိုက်တွန်းတော်မူ၏။

ထိုသို့ တိုက်တွန်းသောအခါ ငှက်မုဆိုးက မင်းတို့မည်သည်ကား များပြားလှသော ပရိယာယ်မာယာရှိသည့်ပြင် အတိဒေါသ၊ ကောဓ အမျက် ခက်ထန်ကြမ်းကြုတ်လှပါသည်။ သေစေလိုသော အခြင်း

အရာဖြင့် ဖြားယောင်းလှည့်ပတ် သတ်အံ့သည်ကိုလည်း တစ်စုံတစ်ယောက်သောသူမှ မုချသိခြင်းငှာ ခဲယဉ်းပါသည်။ သို့ဖြစ်ပါ၍ သင်ဟင်္သာမင်းတို့သည် မင်းကြီး၏ အထံမှောက်သို့ ရောက်ခြင်းကို အလိုမရှိကြပါလင့်ဟု ပယ်ရှားပြောဆို၏။

ယင်းသို့ ဖယ်ရှားပြောဆိုသော်လည်း မင်းကြီး၏ အထံသို့ သွားလိုကြောင်းဖြင့် ဘုရားလောင်းသည် အထပ်ထပ် တိုက်တွန်းသောကြောင့် ဟင်္သာမင်းညီနောင်ကို မင်းကြီး၏အထံသို့ ဆောင်ခဲ့၏။ မင်းကြီးအထံသို့ ရောက်သောအခါ ဟင်္သာမင်းသည် မင်းကြီးအား မင်းတို့ကျင့်ရာသော တရားဆယ်ပါး၊ သင်္ဂဟတရားလေးပါး၊ ငါးပါးသီလတို့၌ တည်စေပြီးမှ ခေမာမိဖုရားကြီးအားလည်း ဓမ္မောသဓ၊ ရသမြိုက်ဆေးကို တိုက်ကျွေးဟောပြော ဆုံးမတော်မူ၏။ မင်းနှင့်မိဖုရားနှစ်ပါးသောသူတို့သည်လည်း ကြည်ဖြူနှစ်သက်ခြင်း ရှိလှသည်ဖြစ်၍ များစွာသော ပူဇော်သက္ကာရတို့ဖြင့် ဟင်္သာမင်းအား ကောင်းမွန်စွာ ပူဇော်ပြီးမှ စံနေတော်မူရာဖြစ်သော ဂဗ္ဗကုဋ္ဋတောင်ယံသို့ ပို့တော်မူစေလေ၏။

## ၃၉။ အမတ်ကြီး ဝန်ဇင်းဖိုးရာဇာ

တမ္ပဒီပတိုင်း အင်းဝနေပြည်တော်မှ ၇၂ မိုင်ကွာသော မိတ္ထိလာကန်တော်အောက် ဝန်ဇင်းရွာ၌ မထင်းရှားသော အသည်သားသည် ကျောင်းသားအရွယ် ငယ်စဉ်ကပင် မိမိဆရာ ဘုန်တော်ကြီး သင်ကြားပြသ ပို့ချအပ်သော စာပေကျမ်းဂန်တို့ကို သင်အံလေ့ကျက်လျက် ကောင်းစွာမှတ်သားနာယူခဲ့သည့်အပြင် ရပ်ရွာတွင် လူကြီးလူကောင်းတို့ စုဝေးတိုင်ပင် ပြောဆိုနေကြရာသို့ ချဉ်းကပ်၍ နာခံမှတ်သားလျက် ဗဟုသုတကို လေ့လာရှာမှီးလေ၏။

ဤသို့ ရှာမှီးသဖြင့် ရှင်လူထွက်စ လုလင်ပျိုအရွယ်ကပင် အသည်သားသည် ထုံးဟောင်းရာဇဝင် ပုံပြင်နည်းနာတို့၌ ရွာနေလူတို့ထက် သာလွန် ကျွမ်းကျင်မှတ်သားမိ၏။ တစ်စုံတစ်ခု အမှုအရေးပေါ်ပေါက်လျှင်လည်း အကြောင်းကို ဆင်ခြင်ကြည့်ရှု စုံစမ်းလျက် အကျိုးကို မြော်မြင်နိုင်အောင် စားထုတ်လေ့လာသည်။ ရွာနေသူ

ပရိသတ်တို့အလယ်၌လည်း တင့်တယ်ဖွယ်ရာ စကားအင်္ဂါလေးပါး နှင့်အညီ ဥပမာ ပုံပြင်ထုံးဟောင်းကို ဖော်ပြလျက် သက်ကြီးရွယ်အို တို့အား ရိုသေခန့်ညားစွာ ပြောဆိုသောကြောင့် အသည်သား၏ အရည်အချင်း ဂုဏ်သတင်းသည် နှံ့ပြားခြင်းရှိ၏။

အသည်သားသည် အရွယ်ရောက်လတ်သော် ဝန်ဇင်းမင်းရွာ သူကြီး၏သမီးနှင့် ချစ်ခင်စုံမက်ကြသည်တွင် အဖ ရွာသူကြီးလည်း သမီးချစ်ခင်သောသူသည် မိမိတို့ကဲ့သို့ မှူထမ်းရာထမ်းမဟုတ်၊ လုပ်စားကိုင်စား အသည်သားဖြစ်သောကြောင့်လည်းကောင်း၊ စကား ကြွယ်၍ ဗဟုသုတကို နှစ်သက်သူဖြစ်သဖြင့် ကြိုးကြိုးပမ်းပမ်း အဆင်းရဲခံ၍ လုပ်စားမည့်သူမဟုတ်ဟု အထင်ရောက်သောကြောင့် လည်းကောင်း ငါတို့သည် နှစ်သက်မှုမရှိ။ သို့သော် သမီးနှစ်သက် လျှင်ကား သည်လယ်၊ သည်နွားနှင့် လုပ်စား၍ လွတ်ရာမှာနေပါလေဟု ဆိုသဖြင့် သမီးနှင့်သမက်သည် အိမ်းသီးခြားဖြင့် ရပ်ရွာဓလေ့အတိုင်း လယ်ထွန်ယာခုတ် လုပ်စားနေထိုင်ရလေ၏။

မြန်မာသက္ကရာဇ် ၇၃၀ ပြည့်နှစ်၌ မိတ္ထိလာကန်တော် ကျိုးပေါက်၍ အင်းဝဘုရင် ရွှေနန်းရှင်မင်းကြီး စွာစော်ကဲသည် စစ်အင်္ဂါလေးပါးနှင့် ချီလာ၍ ဆည်ဖို့ပြုပြင်တော်မူရာ ကန်ရိုးပေါ်တွင် မိန်းမရုပ်နှင့် နတ်ကွန်းတစ်ခုရှိသည့်အကြောင်း အတ္ထုပ္ပတ္တိကို မှူးမတ်တို့ မတင် မလျှောက်နိုင်သဖြင့် သိမီလောက်သော ရွာသူရွာသားတို့ကို မေးတော်မူ လေ၏။ ရွာသားတို့သည် ဝန်ဇင်းရွာသူကြီး၏ သမက်သည် ပညာ အမှတ်အသား များပါသည်ဟု လျှောက်ထားကြသော် ဘုရင်မင်းမြတ် သည် ထိုသူကို ရွာသူကြီးထံမှ တောင်းခေါ်လေ၏။

**ပန်းမျိုးတစ်ရာစာပေ**

ဝန်ဇင်းရှာသူကြီးလည်း အကြောင်းကိုမသိ၍ သမီးကိုခေါ်ပြီးလျှင် သင်၏ခင်ပွန်းသည် မင်းပေါက်စိုးကြား မလျော်သောစကားကို ဆိုမိဟန်တကား။ ယခု မင်းဇကေရာဇ်က တောင်းခေါ်တော်မူသည်ဟု ကြောက်လန့်တကြားပြောဆိုလေလျှင် သမီးလည်း ချစ်လင်အတွက် သောကဖက်၍ ရတက်ကြီးစွာ ခင်ပွန်းသည်ရှိရာ လယ်တောသို့ ဆောလျင်စွာ လိုက်သွား၏။ ခင်ပွန်းသည်လည်း ဆီးကြိုကာ အကြောင်းကိုမေးမြန်း၍ သိပြီးသော် ဆင်ခြင်းစုးစမ်း ထောက်ဆလေ့ ရှိသူဖြစ်သောကြောင့် မင်းဇကေရာဇ် မေးမြန်းလို၍ ခေါ်တော်မူကြောင်း ကိုသိ၏။ လျှောက်ထားရန်အချက်ကို မိမိ မှတ်သားဖူးသည်နှင့် မည်သို့မျှမဆိုဘဲ ကန်သင်းဆုံက သပြေပင်သို့တက်၍ သပြေပန်းများကို ချိုးယူခဲ့ပြီးသော် နွားနှစ်ကောင်တို့၏ ဦးချို၌ သပြေပန်းကိုစည်း၍ အမောင်တို့သားနှစ်ယောက်ကို ယနေ့မှစ၍ အဖ မစေခိုင်းတော့ဟု ဆိုပြီးလျှင် ထမ်းပိုးမှ လွှတ်လိုက်၏။ မယားက အကြောင်းကိုမေးသော် ရှင်မ မစိုးရိမ်လင့်၊ ငါ၏ ပညာအစွမ်းကို ခံစားရတော့အံ့ဟု ကြည်လင် ရွှင်လန်းစွာ ပြောဆိုလျက် ပြန်လာ၍ ရွှေတော်သို့ သွားကြ၏။

မင်းကြီးသည် နတ်ကွန်းအကြောင်းကို မေးတော်မူရာ ရွာသူကြီး သမက် လျှောက်တင်သည်ကား "အရှင်မင်းကြီး ဤအရာသည်ကား နတ်ကွန်းမဟုတ်ပါ။ အရှင့်ဘေးလောင်းတော် အနော်ရထာမင်းစောသည် ကန်ကို ဆည်လုပ်တော်မူရာ ကမ္ဗောဇတိုင်း စောဘွားကြီးက ဆက်သသည့် လှပယဉ်ကျေးသော သမီးကညာကို ခြေတော်ရင်း၌ အမြဲစေ ပါတော်မူသည့်အတွင်း ထိုမိဖုရားငယ်သည် ရောဂါကပ် ရောက်၍ ကံကုန်လေ၏။ အနော်ရထာမင်းစောလည်း မိဖုရားငယ်၏



ဘုရင်မင်းမြတ်အား နတ်ကွန်းအကြောင်း
လျှောက်ထားနေပုံ

**ပန်းမျိုးတစ်ရာစာပေ**

အလောင်းကို မစွန့်ပစ်ရက်နိုင်ဘဲ ကြည့်ရှုကာနေလေလျှင် အမတ်တို့သည် မိဖုရားအလောင်းနှင့် အဆင်းတူမျှအောင် ရွှေရုပ်တစ်ရုပ်ကို သွန်းလုပ်ပြီးလျှင် ထိုရွှေရုပ်ကိုသာ မင်းကြီးအား ဆက်သ၍ အရှင်မင်းကြီး ဤရွှေရုပ်ကိုသာ ရှုစားတော်မူပါ။ ဖူးယောင်ပုတ်နံ့ ဖောက်ပြန်တတ်သော ဥတုဇရုပ်အကြွင်းကို ဖုတ်ကြဦး သဂြိုဟ်ပါရစေဟု လျှောက်ထား၍ သဂြိုဟ်ကြ၏။ မင်းကြီးလည်း ထိုရွှေရုပ်ကို အပါးတော်၌ထား၍ ရှုစားတော်မူ၏။ ကန်ကို ဆည်ဖို့ပြီးလတ်သော် အနော်ရထာမင်းစောသည် ရွှေရုပ်ကို နေပြည်တော်သို့ ယူဆောင်သွားမည် အကြံရှိရာ မှူးမတ်တို့က သေသောသူ၏ရုပ်သဏ္ဍာန်သည် အမင်္ဂလာဖြစ်၍ ရွှေထီးရွှေနန်းနှင့် မတန်ကြောင်းကို လျှောက်ထားသည်တွင် ထိုရွှေရုပ်ကို ကန်ရိုး၌ ခိုင်ခံ့သေချာစွာ ကျောက်ခန်းကျောက်ကာဖြင့် သွင်းမြှုပ်ထားပြီးလျှင် ထိုရွှေရုပ်နှင့်တူအောင် သစ်သားကို ထုလုပ်၍ ကန်ရိုးပေါ်၌ တန်ဆောင်ပြာသာဒ် ကောင်းမွန်စွာနှင့် ထားတော်မူခဲ့၏။ နောင်ကာလအကြာမှ ဤကန်ရိုးသို့ ရောက်လာသူတို့သည် ဤအရုပ်ကို နတ်ရုပ်ဟုထင်မှတ်ကြ၍ စားဦး သောက်ဦး တင်မြှောက်ကြပါသည်”ဟု လျှောက်တင်၏။

ထိုစကားကိုကြားလျှင် ဘုရင်မင်းကြီး စွာစော်ကဲသည် ကန်ရိုးကန်ပေါင်ကိုတူးဖော်စေရာ ရွှေသားရုပ်ပုံတော်ကို ရ၏။ မင်းကြီးလည်း ဤသူကား အမှတ်အသားကောင်းလှ၏။ ရုပ်ရည်သဏ္ဍာန်လည်း ဖွယ်ရာ၏။ အတင်အလျှောက်လည်း ရဲရင့်ယဉ်ကျေးလှ၏။ တောမြို့ကျေးရွာနှင့် မတန်ပလေ။ ရွှေနန်းစည်းစိမ်ကို အရှည်ခံစားလိုသော မင်းသည်လည်း မုဆိုးသည် လေးမြားကို ချစ်သကဲ့သို့လည်းကောင်း၊

ပုဏ္ဏားသည် မန္တရားဗေဒင်ကို ချစ်သကဲ့သို့လည်းကောင်း၊ နှလုံးကောင်း၊ လက်ရုံးကောင်းကို ချစ်မြတ်နိုးအပ်လှသည်ဟု နှလုံးပိုက်ပြီးလျှင် သူကြီးသမက်အား ဆုလာဘ်များစွာ သနားတော်မူ၍ စည်းတပြစ်အမတ်ကွယ်လွန်ပြီးဖြစ်သဖြင့် စည်းတပြစ်ဟူသောဘွဲ့အမည်နှင့် အမတ်လတ်ရာထူး၌ ခန့်ထား၍ သူကောင်းပြုတော်မူပြီးလျှင် အင်းဝနေပြည်တော်သို့ ခေါ်ဆောင်တော်မူ၏။

စည်းတပြစ်အမတ်သည် အင်းဝနေပြည်တော်သို့ရောက်ပြီးနောက်တစ်နှစ်မြောက်သောအခါ မင်းကြီးစွာစော်ကဲသည် ယောက်ဖတော်ရာဇသင်္ကြန်အပေါ်၌ အမျက်တော်ရှိ၍ နှမတော်စောဥမ္မာနှင့် စားကျေးမြို့ရွာတို့ကို ရုပ်သိမ်းမည်အကြံတော်ရှိကြောင်းကို စည်းတပြစ်အမတ်အား တိုင်ပင်တော်မူ၏။ စည်းတပြစ်အမတ်သည် နှမတော်အားနုတ်သိမ်းခြင်းငှာ မသင့်လျော်ကြောင်းကို အထူးထူးသောပုံပြင်ထုံးဟောင်းနည်းနာတို့ဖြင့် လျှောက်တင်၏။ မင်းကြီးသည် လျှောက်တင်ချက်ကို နှစ်သက်တော်မူသောကြောင့် စည်းတပြစ်အမတ်အားဆင်ပေါက်တစ်စီးနှင့်တကွ ဆုလာဘ်များစွာ သနားတော်မူ၍ မင်းရာဇဟူသောဘွဲ့အမည်နှင့် အမတ်ကြီးခံတော်မူ၏။

သက္ကရာဇ် ၇၃၂ ခုနှစ်၌ မိုးညှင်းစားခုံမှိုင်းနှင့် ကလေးစားသိချည်ဘွားတို့ စစ်ဖြစ်ကြရာ မင်းကြီးစွာစော်ကဲထံ ကလေးကိုလက်ဆောင်တော်ဆက်မည့်အကြောင်းနှင့် မိုးညှင်းစားခုံမှိုင်းကစစ်ကူတောင်း၏။ ကလေးကလည်း ထိုနည်းတူ မိုးညှင်းကို လက်ဆောင်တော်ဆက်ပါမည်ဟု စစ်ကူတောင်း၏။ ထိုအခါ မင်းကြီးသည်ထိုအကြောင်းကို အမတ်ကြီးမင်းရာဇာအား တိုင်ပင်တော်မူရာ

မင်းရာဇာလျှောက်တင်သည်ကား အရှင်မင်းကြီး ဆောဆောလျှင်လျှင် မြန်မြန်ထက်ထက်ပြုကောင်းသော အရေးလည်းရှိသည်။ ဖြည်းဖြည်း နှေးနှေးဆိုင်းဆိုင်းတွတွ ပြုကောင်းသော အရေးလည်းရှိသည်။ ဤအရေးကား အေးအေးနှေးနှေးပြုအပ်သောအရေးဖြစ်၍ နှစ်ဦးသား တို့ စစ်ပန်းကြသည့်တိုင်အောင် ဆိုင်းငံ့သင့်ကြောင်း လျှောက်ထား၏။ မင်းကြီးသည် မင်းရာဇာလျှောက်တင်သည့်အတိုင်း စောင့်ဆိုင်းသဖြင့် မိုးညှင်းနှင့်ကလေး နှစ်နယ်စလုံးကို ရတော်မူလျှင် ထိုနယ်အသီးသီးမှ စားကျေးရွာတစ်ရွာစီ မင်းရာဇာအား သနားတော်မူ၏။

အမတ်ကြီးမင်းရာဇာသည် ဘုရင်မင်းခေါင်၏လက်ထက်တော်၌ ရှေးမင်းနှစ်ပါးတို့ လက်ထက်တော်ထက် သာလွန်ထင်ရှားကျော်ဇော လေသည်။ ဘုရင်မင်းခေါင်းသည် မင်းသားဖြစ်စဉ်အခါ အမတ်ကြီး မင်းရာဇာထံ ပုံပြင်နည်းနာကိုခံယူရာ မင်းသား၏ နှလုံးရည်၊ လက်ရုံးရည်ကို အမတ်ကြီးမြင်၍ မင်းသားအား လျှောက်တင်သည် ကား ငါ့အရှင်သား၊ အထက်သို့ပျံတက်သောအညွန့်ရှိသော ပန်းပင်ပျိုသည် လင်းရိပ်နှင့်မကွာကောင်းသကဲ့သို့ လင်းရိပ်ရစေဟု လျှောက်၏။ မင်းသားလည်း ပညာရှိတို့စကားဟူသည် မှတ်သား အပ်စွာတကားဟု အောက်မေ့၍ သတိပညာကို အမြဲဖြစ်စေ၏။

အင်းဝဘုရင်မင်းခေါင်နှင့် ထီးပြိုင်နန်းပြိုင်ဖြစ်သော မွန်နိုင်ငံ ရာဇဓိရာဇ်မင်း၌ သီဟပတေ့အမည်ရှိသော မွန်ပညာရှိအမတ်တစ်ပါး ရှိ၏။ တစ်နေ့သ၌ မြန်မာအမတ်မင်းရာဇာနှင့် မွန်အမတ်သီဟပတေ့ တို့သည် ပြည်ထဲရေးကို ဆိုအံ့ဟု သစ်ကညင်အရပ်၌ တွေ့ဆုံကြ၏။ သီဟပတေ့သည် မင်းရာဇာအောက်အသက်ငယ်သောကြောင့်နေရာ

နိမ့်၍ နေနှင့်၏။ မင်းရာဇာက အမတ်ကြီးသီဟပတေ့ ငါတို့ နှစ်ပါး ပြည်ထဲရေးကို ဆိုကြအံ့။ ပညာရှိတို့ဆိုခြင်းဖြင့် ဆိုမည်လော။ သို့မဟုတ် စစ်သူကြီးတို့ဆိုခြင်းဖြင့် ဆိုမည်လောဟု မေး၏။ သီဟပတေ့က ဤဆိုခြင်းနှစ်ပါးသည်ကား အဘယ်နည်းဟု မေး၏။ မင်းရာဇာလည်း အမတ်ကြီးသီဟပတေ့ ပညာရှိတို့ဆိုခြင်းမည်သည်ကား ဟုတ်မှန်လျှင်လည်း အကြည်အသာဖြင့် ဟုတ်မှန်စေသည်။ မဟုတ်မမှန်လျှင်လည်း အကြည်အသာဖြင့်သာ မဟုတ်မမှန်စေသည်။ စစ်သူကြီးတို့ဆိုခြင်းမှာ အလိုနှင့်ညီသော်ကား ဝမ်းမြောက်ခြင်းရှိ၏။ အလိုနှင့်မညီသော် ခိုက်ရန်ဖြစ်စေခြင်းသည် စစ်သူကြီးတို့၏ ဆိုခြင်းတည်းဟု ဆို၏။ သီဟပတေ့လည်း ပညာရှိတို့ဆိုခြင်းကိုသာ ဆိုလိုပါသည်ဟု ပြန်ပြော၏။

ဤသို့ဖြင့် ပညာရှိအမတ်နှစ်ပါး အချင်းချင်းချစ်ကြည်လေး မြတ်စွာ ပြောလျှက်နေစဉ် အမတ်သီဟပတေ့သည် မိမိ၌ပါသော ကြံဖြူကို မင်းရာဇာအား ပေးပြီးသော် ဤသို့ဆို၏။ အရှင်မင်းရာဇာ လောက၌ သမီးကညာ၊ ကြံ၊ ပညာရှိတို့၏စကား ဤသုံးပါးကို အတုမရှိသောအရသာဟူ၍ ဗေဒင်ကျမ်းကိုပြုသော ဆရာတို့ ဆိုကုန်၏။ ဤကြံသည်ကား အရသာသုံးပါးတွင်း အပါအဝင်ဖြစ်၍ သုံးဆောင်စိမ့်ငှာ အရှင်မင်းကြီးအား၏အတုမရှိသောအရသာကို ပေးဟုဆို၏။ အမတ်ကြီးမင်းရာဇာကလည်း မေတ္တာဖြင့်ပေးသော ကြံကို သုံးဆောင်အံ့ဟု ဆိုပြီးလျှင် ကြံကို အဖျားကစ၍ သုံးဆောင်လေ၏။ ထိုသို့သော အချင်းအရာကို မြင်လျှင် သီဟပတေ့က အရှင်မင်းရာဇာ၊ အရှင်သည် အတုမရှိသောပညာရှင်ဖြစ်ပါလျှက်

အဘယ်ကြောင့် ကြံကို အဖျားကစ၍ သုံးဆောင်ဘိသနည်း ဟု ဆို၏။

မင်းရာဇာလည်း အမတ်ကြီးသီဟပတေ့၊ ငါသည် ဗေဒင်ကျမ်းကို အမှီပြုသဖြင့် တရွေ့ရွေ့တိုး၍ အရသာကို ခံစားလိုသောကြောင့် ကြံကို အဖျားကစ၍ သုံးဆောင်သတည်းဟု ပြန်ပြော၏။ ထိုအခါ သီဟပတေ့က ဆန့်သောလက်ကို မကွေးမီ၊ ကွေးသောလက်ကို မဆန့်မီ ခန္ဓာတရားသည် ပျက်တတ်၏ဟု ဘုရားတရားတော်၌ လာပါလျက် အဘယ်ကြောင့် ကြံကို အဖျားက စသုံးဆောင်ဘိသနည်း။ အရသာကောင်းတည်ရာ အရင်းသို့ မရောက်မီ အနိစ္စဖြစ်ချေသော် အရသာကောင်းကို မခံစားရဘဲ မရှိတုံလောဟု ဆို၏။ ထိုအခါ မင်းရာဇာက သင်သော်ကား ဘုရားတရားတော်ကိုလိုက်၍ ဆိုသောကြောင့် ငါ့စကားထက် သင့်စကားက သင့်လှပေ၏ဟု ဆိုလေ၏။

ထိုစားကိုကြားလျှင် အမတ်သီဟပတေ့သည် ငါ၏စကားသည် ဘုရားဟောဖြစ်၍ မှန်၏။ အမတ်ကြီးမင်းရာဇာက အမှန်ကို ဝန်ခံပြန်သဖြင့် ပို၍ မွန်မြတ်၏။ သြော် ငါကားအလွန်ပညာရှိသော သူတော်ကောင်းကို တွေ့ရဘိ၏တကားဟု နှစ်လိုဝမ်းမြောက်စွာ ဆိုလျှက် မိမိကွမ်းထည့်စားသော တစ်ပိဿာနှင့် ကျပ်ငါးဆယ်စီးသည့် ရွှေအုပ်ကို မင်းရာဇာအား ပူဇော်၍ ဦးတိုက်၏။ ထို့နောက် သီဟပတေ့က အရှင်မင်းရာဇာ၊ ပညာရှိဟူသမျှသည် မိမိပြောသော စကားကို တည်အောင်သာ ဆိုလေမြဲတည်း။ မဟုတ် မမှန်ကိုသော် လည်း ဟုတ်မှန်ဘိသကဲ့သို့ ယုတ္တိဆောင်လျက် ဆိုမြဲသာတည်း။ အရှုံးခံသူကား နည်းလှစွာ၏။ အရှင်မင်းရာဇာနှင့်တူသော ပညာရှိ

သူတော်ကောင်းကို အကျွန်ုပ် တွေ့ရခဲ၏။ ဤမှားသောအမှုသည်ကား အမှားဖြစ်သာချေ။ သုံးစွဲရိုးဖြစ်လျက် တရားတော်နှင့် ကွဲလွဲကာမျှ သာတည်း။ လုံးလုံးလျားလျား ပယ်ထိုက်သော အရာမဟုတ်ပေဟု ဆိုလေ၏။

မင်းရာဇာက အမတ်ကြီးသီဟပတေ့၊ လောကဝတ်နှင့် ဓမ္မဝတ်တို့ သည် ထူးသည့်အရာလည်း ထူးကြ၏။ ညီသည့်အရာလည်း ညီကြ၏။ သုံးကျွန်းလုံးကို တစ်ပြိုင်နက် ထွန်းပနိုင်သော နေဗိမာန်တုံလျက်လည်း ဝါးလုံးခေါင်း၊ ဝါးဆစ်တွင်း၌ မထွန်းပနိုင်ချေ။ သို့ မထွန်းပနိုင်သမျှနှင့် နေဗိမာန်မှ အရောင်အဝါမရှိဟူ၍ သူတကာတို့ဆိုအံ့လောဟုဆို၏။ သီဟပတေ့လည်း အရှင်မင်းရာဇာသော်ကား တတ်လည်းတတ်၏။ တော်လည်းတော်မှန်၏။ အချို့သောသူတို့ကား တတ်ပါသော်လည်း မတော်မှန်။ တော်မှန်သော်လည်း မတတ်မလိမ္မာ ဖြစ်ရဘိတကားဟု ချီးမွမ်းလေ၏။ မင်းရာဇာလည်း အမတ်ကြီးသီဟပတေ့ကား ပညာလည်းရှိ၏။ တတ်လည်းတတ် လိမ္မာ၏။ ပညာကျေးဇူးအထူးကို လည်း မတိမ်မမြုပ်ဘဲ ချီးမြှောက်လေ့ရှိ၏။ မြတ်လည်းမြတ်နိုးတတ်၏ ပညာရှိတစ်ယောက်၏ ကျေးဇူးကို ပညာရှိတစ်ယောက်သည် အလွန် ချီးမွမ်းခဲ၏ဟု ဆို၏။ အမတ်ကြီးသီဟပတေ့လည်း မင်းရာဇာ၏ အကြောင်းကို မွန်ဘုရင် ရာဇဓိရာဇ်အား လျှောက်ထားရာ မွန်ဘုရင် သည် နှစ်လိုဝမ်းမြောက်တော်မူ၍ မင်းရာဇာအား ဆုလာဘ်များစွာ ပေးလေ၏။

အမတ်ကြီးမင်းရာဇာသည် သက္ကရာဇ် ၇၃၀ ပြည့်နှစ်မှစ၍ ၃၅ နှစ်တိုင်တိုင် အင်းဝ နေပြည်တော်ဝယ် ဘုရင်မင်းကြီးစွာစော်ကဲ

လက်ထက်တော်၌လည်းကောင်း၊ ထိုမင်း၏သားတော်ကြီး တရဖျား လက်ထက်တော်၌လည်းကောင်း၊ သားတော်လတ် ဘုရင်မင်းခေါင် လက်ထက်တော်၌လည်းကောင်း မင်းသုံးဆက်မြောက်အောင် ပညာရှိ အမတ်ကြီး အဖြစ်ဖြင့် အမှုတော်ကို ထမ်းဆောင်၏။ ထိုမင်းသုံးပါးတို့ လက်ထက်တော်၌ မင်းရာဇာ လျှောက်တင်အပ်သော ပုံပြင်နည်းနာ အဖြာဖြာတို့ကို မဏိရတနာပုံဟူသော အမည်ဖြင့် ကျမ်းတစ်စောင် တစ်ဖွဲ့ပြုလုပ်ထားသည်။ မင်းသုံးပါးတို့သည် အမတ်ကြီးမင်းရာဇာကို တိုင်ပင်၍ ပြည်ထဲရေးကို ဆောင်ရွက်သည်သာများ၏။ မင်းရာဇာ လျှောက်တင်သောအချက်တို့သည်ကား အရေးလှသည်သာ များလေ ၏။ အမတ်ကြီး မင်းရာဇာသည် မြန်မာနိုင်ငံ၌ ထင်ရှားကျော်ဇောသော ပညာရှိအမတ်ကြီးတစ်ပါးဖြစ်သော်လည်း သူ၏ ဖွားသက္ကရာဇ် ငယ်မည်နှင့် အမိအဖတို့အမည်ကိုကား ကျွန်ုပ်တို့မသိရချေ။



**ပန်းမျိုးတစ်ရာစာပေ**

# ၄၀။ ဝါရီရှုမင်းအကြောင်း

သက္ကရာဇ် ၆၀၀ ကျော်ခန့်တွင် မြန်မာနိုင်ငံတောင်ပိုင်း တကော့ဝန်ဟူသောအရပ်၌ မဂဒူးအမည်ရှိသော မွန်လုလင်ငယ်တစ်ယောက်ရှိ၏။ သူ၏ နှမငယ်မှာ နှင်းဦးရိုင်းအမည်ရှိ၏။ တစ်နေ့သ၌ မဂဒူးသည် ကုန်သည်သုံးကျိပ်တို့ကိုအမှူးပြု၍ သောက္ကတဲသို့ ကုန်ရောင်းသွားရာ ကုန်သည်တစ်ယောက် လမ်းတွင် နာမကျန်းဖြစ်သဖြင့် သူ၏ ထမ်းပိုးကို မဂဒူးထမ်းယူ၍ တောင်ဘက်ခရီးသို့ တက်လေ၏။ အတန်ကြာသော် အချိန်အခါမဟုတ်ဘဲလျက် မဂဒူထမ်းသည့် ထမ်းပိုးကို မိုးကြိုးပစ်လေ၏။ ထိုခဏတွင် အနောက်သို့ကြည့်သော် လျှပ်စစ်တွင် ရွှေပြာသာဒ်ကိုမြင်၏။ ထိုနိမိတ်ကို မြင်လျှင် ငါသည် ဘုန်းကြမ္မာ ရှင်ဖြစ်မည်ဟူ၍ နှလုံးပိုက်မိ၏။ ကုန်သည်သုံးကျိပ်တို့လည်း ထိုနေ့ည တောင်ယံတွင် အိပ်စက်ကြလေ၏။

**ပန်းမျိုးတစ်ရာစာပေ**

ထိုအရပ်သည် ရွာကြီးဖြစ်သောကြောင့် ထိုရွာတွင် နိမိတ်ဖတ်တတ်သော စောပဏ္ဍိတ်ဆိုသူ ပညာရှိတစ်ယောက်နေထိုင်လေ၏။ မဂဒူးသည် စောပဏ္ဍိတ်ထံသို့ လက်ဆောင်များနှင့်တကွ သွားရောက်၍ နိမိတ်ဖတ်ပေးရန် တောင်းပန်၏။ ထိုအခါ စောပဏ္ဍိတ်က နိမိတ်ကြီးလှသည်။ သင့်အရပ်နှင့်အမျှ ငွေပုံ၍ ပူဇော်မှ ဖတ်မည်ဆိုလျှင် မဂဒူးသည် ပညာရှိသည်ဖြစ်၍ အရပ်နှင့်အမျှဖြစ်သော တောင်ပံ့ထက်တွင်း ငွေးသုံးဆယ်ကိုတင်လျက် ပူဇော်သဖြင့် သင်သည် ကုန်သွယ်မှုကို မပြုနှင့်။ မင်းဧကရာဇ်ထံတွင် ခစားလေ။ သည်နှစ်တွင်ပင် မင်းဖြစ်လတ္တံ့ဟု နိမိတ်ဖတ်လိုက်၏။ မဂဒူးသည် အလွန်ဝမ်းမြောက်လျက် ပညာရှိ စောပဏ္ဍိတ်ကို ဦးသုံးကြိမ်ခိုက်၍ သွားလေ၏။

သောက္ကတဲသို့ရောက်လျှင် ပါသည့်ကုန်ကို ရောင်းချ၍ မြို့တွင်နေရစ်လေ၏။ ကုန်သည်သုံးကျိပ်သာလျှင် ကုန်များဝယ်၍ ပြန်လေသည်။ မဂဒူးသည် မင်းထံတွင် ခစားရန် အဝတ်အစားမျှ လိုက်လျောအောင်မရှိသဖြင့်သောက္ကတဲမင်း၏ဆင်ကဲထံတွင်ဝင်ရောက်ခိုလှုံရလေ၏။ ဆင်ကဲလည်း မဂဒူးကိုမြင်လျှင် သနားချစ်ခင်၏။မဂဒူးသည် လုံ့လရှိ၍ နေ့ညမပြတ် ဆင်စာကျွေးခြင်း၊ ဆင်ချေးကျုံးခြင်း၊ အမှိုက်လှည်းခြင်းတို့ကို ပြု၏။ တစ်နေ့သ၌ သောက္ကတဲမင်း ဆင်ကြည့်လာတော်မူစဉ် မဂဒူး၏ လုံ့လကို မြင်၍ သည်သူငယ်မည်သူနည်းဟု ဆင်ကဲကို မေးတော်မူ၏။ ဆင်ကဲက အကြောင်းကိုလျှောက်သော် သင်းကို အဝတ်အစား မညှိုးနွမ်းပါစေနှင့်၊ ပေးပါဘိဟု မိန့်တော်မူ၏။

**ပန်းမျိုးတစ်ရာစာပေ**

တစ်နေ့သောအခါ ပြည့်ရှင်မင်းကြီး ဖြန့်ချီတော်မူလာပြန်ရာ ကွမ်းဖတ်တော်ကို ထုတ်၍ ခံတွင်းဆေးရာမှ ကြွေပေါက်တစ်လုံး ပေါ်သည်ကို တွေ့ရ၍ မဂဒူးအား ကောက်ယူစေလေ၏။ ပြည့်ရှင်မင်း ပြန်တော်မူလေသော် မဂဒူးသည် ဤသို့ကြံ၏။ သည်ကြွေပေါက် တစ်လုံးကို ခေါ် ၍ပေးသည်မှာ ငါ၏ လုပ်ရည်ကြံရည်ကို စမ်းတော်မူခြင်း ဖြစ်မည်ဟု ဈေးသို့သွား၍ ထိုကြွေပေါက်ဖြင့် ဟင်းနုနွယ် စေ့များကို ဝယ်၏။ ဈေးသည်လည်း ကြွေပေါက်ငယ်တစ်လုံးအတွက် ငါးမပေးတတ်။ လက်ညှိုးတစ်ချောင်းပေါ်တွင် တင်သမျှ ယူလေဟု ဆိုလျှင် မဂဒူးသည် လက်ညှိုးကို ပါးစပ်၌ငုံ၍ စိုစွတ်စေပြီးမှ ဟင်းနုနယ်စေ့ပုံကို ထိုး၍ ယူသဖြင့် အများရလေ၏။ ဟင်းနုနယ်စေ့ရှင် မိန်းမ မြင်လျှင် မဂဒူးကို ပညာရှိလှ၏ဟု အောက်မေ့၏။

မဂဒူးလည်း ဟင်းနုနယ်စေ့များကို ရလျှင် မြေကိုတူးဆွ၍ ဆင်ချေးနှင့်ရောပြီး ရေသွင်းစိုက်ပျိုးရာ ဖွံ့သန်သော အပင်များ ပေါက်၏။ ပြည့်ရှင်မင်း နောက်တစ်ကြိမ် ဆင်ကြည့်လာသော် မဂဒူး၏လုံ့လဉာဏ်စွမ်းကိုသိ၍ ဆင်ကဲထံမှ မဂဒူးကို တောင်းယူပြီး စားတော်သည်တို့ကို ဆော်ဖန်ရန် တာဝန်ပေးအပ် ခန့်ထား၏။ မဂဒူးလည်း နေ့ညဥ့်မဟူ လုံ့လထုတ်၍ အမှုတော်ကိုထမ်းသဖြင့် ဝင်းမှူးအရာသို့ တိုးတက်ခန့်ထားခြင်းခံရ၏။ ကာလအတန်ကြာလျှင် မဂဒူး၏ လုံ့လကို ပြည့်ရှင်မင်း နှစ်သက်၍ စောဒိုခုံရည်အမည်ဖြင့် ချီးမြှောက်ပြန်၏။ တစ်ခါသော် ပြည့်ရှင်မင်းသည် ရန်သူစစ်သည်တို့ ချီလာသည်ကြား၍ စစ်ထွက်တော်လေလျှင် စောဒိုခုံရည်ကို ဝင်းနှင့် တကွ မြို့စောင့်ထားခဲ့၏။

**ပန်းမျိုးတစ်ရာစာပေ**

စောခိုဲ့ရည်သည် အမိန့်တော်အတိုင်း အတွင်းမှု အမြင်မှုများကို တစ်စမလစ်ရအောင် ကွပ်ကဲ စီရင်ရ၍ အတွင်းတော်သို့ ဝင်ဖန်များသော် သောက္ကတဲမင်း၏သမီး မည်းနှင်းသွယ်နှင့် ချစ်ကြိုက်ကြလေ၏။ ကာလအတန်ကြာလျှင် အခြားမင်းမှုထမ်းများ သိရှိသွားလေရာ မင်းပြစ်မင်းဒဏ်ကိုကြောက်သဖြင့် နောက်ပါသူရဲအချို့နှင့်အတူ မင်းသမီးကို ဆင်ထက်တင်၍ မိမိဇာတိ တကော့ဝန်သို့ ထွက်ပြေးလေ၏။ သောက္ကတဲမင်းလိုက်သော်လည်း မမီရှိလေ၏။

စောခိုဲ့ရည်သည် တကော့ဝန်းအရပ်တွင် မင်းငယ်ပြု၍နေ၏။ ထိုကာလ၌ မုတ္တမမြို့တွင် အလိမ္မာဟူသောမင်း စိုးစံ၏။ စောခိုဲ့ရည်သည် အလိမ္မာမင်းအား ဥပါယ်တံမျဉ်ဖြင့် အောင်နိုင်လိုသဖြင့် နှမငယ် နှင်းဦးရိုင်းကို ဆက်သ၍ မဟာမိတ်ဖွဲ့လိုသည်ဟု တမန်စေ၏။ အလိမ္မာမင်းလည်း တံငါသည်ယောင်ဆောင်၍ တိတ်ဆိတ် စုံစမ်းလေသော် ရေကစားထွက်သော နှင်းဦးရိုင်းကို မြင်ရလျှင် တပ်မက်သဖြင့် မဟာမိတ်ဖွဲ့ခြင်းကို လက်ခံမည်ဟု တမန်ပြန်၍စေ၏။ စောခိုဲ့ရည်လည်း နှမငယ်အား မယ်တော်နှင့်အတူ အလိမ္မာမင်းထံ ပို့ဆက်၏။ ထိုအခါ အလိမ္မာမင်းက မင်္ဂလာဆောင်ပွဲ ပြုမည်ဟု သောင်ပြင်၌ မဏ္ဍပ်ကနားဆောက်၍ စောခိုဲ့ရည်၏ သူရဲများ သောက်စားမူးရစ်ခိုက် သတ်ဖြတ်လုပ်ကြံကာ အောင်ပွဲယူမည်ဟု အကောက်ကြံ၍ မိမိသူရဲများကို အချိန်းအချက်ထားလေရာ နှင်းဦးရိုင်း၏ မယ်တော်က ကြားသိသဖြင့် ပွဲသဘင်တွင် စောခိုဲ့ရည်၏ သူရဲများအား သောက်စားဟန်ပြု၍ မသောက်ဘဲ အချိန်းအချက်ပြုလျှင် ဦးစွာထ၍ အလိမ္မာမင်း၏ သူရဲများကို ကွပ်မျက်သုတ်သင်ရန်

မှာကြားထားလေ၏။ ဤနည်းအတိုင်း စောခိုဒုံရည်၏ သူရဲများက အလိမ္မာမင်းနှင့် သူရဲတို့၏ အကြံမဦးမီ ကြိုတင်တားဆီး သုတ်သင်လိုက်လေသော် မုတ္တမမြို့ကိုပါ ရလေ၏။

သက္ကရာဇ် ၆၄၃ ခုနှစ်တွင် မုတ္တမမြို့ကို ရလေသော် မြို့လယ်တွင် တန်ဆောင်းကြီးဆောက်၍ ဗေဒင်တတ် ရဟန်းပုဏ္ဏားတို့နှင့် ညှိနှိုင်း၍ ဓမ္မသတ်တစ်စောင် ပြုစုသည်။ ထို့နောက် မုတ္တမမြို့ကို အသစ်တည်လေသည်။ မြို့တည်ရန် စီမံပြီးသော် မင်းမြောက်တန်ဆာ ငါးပါးကို ချီးမြှင့်ပါဟု သောက္ကတဲမင်းထံ လက်ဆောင်ပဏ္ဏာနှင့်တကွ စေလွှတ်တောင်းပန်းလေလျှင် သောက္ကတဲမင်းက ဤသူသည် ငါပြုစုချီးမြှောက်ခဲ့သော ဘုန်းကံပညာရှိသူလည်း ဖြစ်သည်။ ငါ၏သမီးတော်လည်း ရှိပေသည်ဟု မိုးကကျသောမင်းဟု အဓိပ္ပာယ်ရှိသည့် သုဝါရုအမည်နှင့် တကွ မင်းမြောက်တန်ဆာတို့ကို ပေးလိုက်လေ၏။ စောခိုဒုံရည်လည်း ဝါရီရူမင်း အမည်ဖြင့် မင်းပြု၏။ ဓမ္မသတ်ကျမ်းမှာလည်း ဝါရီရူဓမ္မသတ်ဟု တွင်၏။

ဝါရီရူ မင်းပြု၍ ခြောက်နှစ်ကြာလျှင် သောက္ကတဲမင်းသည် ဆင်ဖြူရလေလျှင် ဆင်မင်းနေလိုသောအရပ်ကို သိရအောင် စီရင်လေဟု အမတ်တို့အား စေခိုင်းသဖြင့် အမတ်တို့က ဇင်းမယ်မြက်ထုံး၊ လဂွန်းမြက်ထုံး၊ ယိုးဒယားမြက်ထုံးနှင့် မုတ္တမမြက်ထုံးတို့ကို ဆင်အားပေး၍ စားစေလျှင် အခြားမြက်ထုံးများကိုဖယ်၍ မုတ္တမမြက်ထုံးကိုသာ ဆင်စားသောကြောင့် ဆင်ဖြူတော်ကို မုတ္တမရှိ ဝါရူရီမင်းထံသို့ ပို့လိုက်ရလေ၏။ ဝါရီရူမင်းသည် တရားသဖြင့် မင်းပြုလေရာ သက္ကရာဇ် ၆၅၈ ခု၊ မင်းစည်းစိမ် ၂၂ နှစ်တွင် အနိစ္စ ဖြစ်ချေ၏။

**ပန်းမျိုးတစ်ရာစာပေ**

## ၄၁။ ဇဝနဟင်္သာမင်း

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ဇဝနဟင်္သာအမျိုး၌ ဖြစ်၍ ဟင်္သာအပေါင်း ကိုးသောင်းခြံရံလျက် စိတ္တကူဋတောင်၌ နေ၏။ တစ်နေ့သ၌ အိုင်တစ်အိုင်ဝယ် အလိုလိုရောက်သော သလေးစပါးကို စား၍ ကောင်းကင်၌ ရွှေသင်ဖြူးကို ဖြန့်သကဲ့သို့ များစွာသော အခြံအရံဖြင့် ဗာရာဏသီပြည်၏ အထက်၌ ညင်းညင်းသာသာ တင့်တယ်စွာကြွ၏။ ဘုရားလောင်းကို ဗာရာဏသီမင်း မြင်လျှင် ဤဟင်္သာသည် ငါကဲ့သို့ပင် မင်းဖြစ်ရာ၏ဟု ကြံပြီးလျှင်အမတ်တို့ကို ပန်းနံ့ သာကိုင်စွဲစေ၍ ဟင်္သာမင်းကို ကြည့်လျှက် အလုံးစုံသော တူရိယာမျိုးတို့ကို တီးမှုတ်စေ၏။ ဟင်္သာမင်းလည်း ပူဇော်သက္ကာရ ပြုသည်ကိုမြင်၍ဤမင်းပူဇော်သက္ကာရပြုသည်မှာအဘယ်ကို

တောင့်တသနည်းဟု ဟသ်ာတို့ကို မေး၏။ အရှင်ဟသ်ာမင်းနှင့် အဆွေခင်ပွန်း၏အဖြစ်ကို တောင့်တဟန်ရှိသည်ဟု လျှောက်ကြားသော် ဟသ်ာမင်းသည် ဗာရာဏသီမင်းနှင့် အဆွေခင်ပွန်းအဖြစ်ကို ပြု၍ ပျံသွားလေ၏။

တစ်နေ့သ၌ မင်းကြီးသည် ဥယျာဉ်သို့ ထွက်သောအခါ ဟသ်ာမင်းသည် အနေဝတတ်အိုင်သို့ သွား၍ အတောင်တစ်ဖက်ဖြင့် ရေ၊ အတောင်တစ်ဖက်ဖြင့် နံ့သာမှုန့်တို့ကိုယူ၍ မင်းအား ယူခဲ့သော ရေကိုချိုးစေ၍ နံ့သာမှုန့်တို့ကို လိမ်းကျံစေပြီးလျှင် စိတ္တကူဋတောင်သို့ ပျံသွားလေ၏။ ထိုအခါမှစ၍ မင်းသည် ဘုရားလောင်းကို မြင်လို၍ ယနေ့ ငါ၏အဆွေ လာလတ္တံ့ဟု တောင့်တလျက် လာအံ့သောခရီးကို နေ့စဉ် ကြည့်မျှော်ကာနေ၏။


ထိုအခါ ဘုရားလောင်း၏ ညီတော်နှစ်ပါးတို့သည် နေနှင့်ပြိုင်အံ့တုတိုင်ပင်ကြ၍ ဘုရားလောင်းအား ကျွန်ုပ်တို့သည်နေနှင့် ပြိုင်ကုန်အံ့ဟု ကြားလျှောက်ကြသော် ငါ့ညီတို့ နေ၏ လျင်ခြင်းမည်သည်ကား အလွန်လျင်၏။ နေနှင့်တကွ ပျံခြင်းငှာ မတတ်နိုင်ကုန်လတ္တံ့။ ခရီးအကြား၌လျှင် ပျက်စီးကုန်လတ္တံ့၊ မသွားကြကုန်လင့်ဟု တားမြစ်တော်မူ၏။ ညီတော်တို့က သုံးကြိမ်မြောက် တောင်းပန်ပြန်၏။ ဘုရားလောင်းသည် သုံးကြိမ်မြောက်အောင် တားမြစ်တော်မူသည်သာတည်း။ ညီတော်တို့သည် မာန်ထက်ထန်၍ မိမိတို့အစွမ်းကို ကိုးသဖြင့် ဘုရားလောင်းအား မကြားဘဲလျှင် နေနှင့်ပြိုင်ရန် ကြံလျက် နေမထွက်မီကပင်လျှင် သွားကြပြီးသော် ယုဂန္ဓိုလ်တောင်ထိပ်၌ စောင့်နေနှင့်ကုန်၏

ဘုရားလောင်းသည် ညီတော်တို့ကို မမြင်၍ ငါ့ညီတို့သည် အဘယ်သို့သွားလေကုန်သနည်း မေးပြီး ထိုအကြောင်းကို သိလေသော် ငါ့ညီတို့သည် နေနှင့်ပြိုင်၍ ပျံခြင်းငှာ မတတ်နိုင်ကုန်ရာ။ ခရီးအကြား၌သာလျှင် ပျက်စီးကုန်လတ္တံ့။ ညီတို့၏အသက်ကို ငါကယ်အံ့ဟု ကြံလျက် ဘုရားလောင်းလည်း ယုဂန္ဓိုရ်တောင်ထိပ်သို့ သွား၍ နေတော်မူလင့်၏။ ထိုအခါနေဝန်းသည် တက်လာလတ်သော် ဟင်္သာပျိုနှစ်ကောင်တို့ပျံတက်၍ နေနှင့်တကွ ပျံကြကုန်၏။ ဘုရားလောင်းလည်း ၎င်းညီတို့နှင့်အတူတကွ ပျံတော်မူ၏။ ညီငယ်သည် နေမွန်းလတ်တိုင်အောင် ပျံလာခဲ့၍ ပင်ပန်းလေ၏။ အတောင်အစပ်အဆက်တို့၌ မီးထသကဲ့သို့ဖြစ်လေ၏။ ညီငယ်သည် ဘုရားလောင်းအား မတတ်နိုင်ပါပြီဟု အမှတ်ပေးလျှင် ညီတော်ကို မကြောက်လင့် ငါ့ညီ၏အသက်ကို ပေးအံ့ဟုဆို၍ အတောင်ချိုင့်ဖြင့် ပိုက်ပြီးလျှင် နှစ်သိမ့်စေလျက် စိတ္တကူဋတောင်သို့ ဆောင်ယူခဲ့ပြီး ဟင်္သာတို့၏အလယ်၌ထား၏။

ဟင်္သာမင်းသည် တစ်ဖန်ပျံတက်ပြန်၍ နေရှိရာသို့ရောက်လျှင် ညီတော်အကြီးနှင့်တကွ ပျံသွားပြန်၏။ ညီတော်အကြီးလည်း မွန်းတည့်ခါနီးသည့်တိုင်အောင် နေနှင့်တကွပျံ၍ ပင်ပန်းပြန်လေလျှင် အတောင်အစပ်အဆက်တို့၌ မီးထသကဲ့သို့ဖြစ်ပြန်လေ၏။ ထိုသို့ ဖြစ်နိုင်သောကြောင့် ဘုရားလောင်းအား နောင်တော်မင်းမြတ် မစွမ်းနိုင်ချေပြီဟု အမှတ်ကိုပေးသော် ဘုရားလောင်းလည်း ညီတော်အကြီးကို ညီတော်ငယ်နှင့်အတူလျှင် သက်သာရာရစေလျက် အတောင်ချိုင့်ဖြင့် ပိုက်ယူ၍ စိတ္တကူဋတောင်သို့သာလျှင် လာခဲ့၏။

**ပန်းမျိုးတစ်ရာစာပေ**

ထိုခဏ၌ နေဝန်းသည် မွန်းတည့်ခြင်းသို့ ရောက်၏။ ဘုရားလောင်းလည်း ငါသည် ယနေ့ ငါ၏အားကို စုံစမ်းအံ့ဟု ကြံလျှက်



ပျံတက်လတ်သော် တစ်ဟုန်တည်းဖြင့် နေဝန်းထံသို့ ရောက်၍ မီနေ၏။ ရံဖန်ရံခါ နောက်မှပြန်၍လိုက်၏။ ထိုသို့ပျံစဉ် ကြံတော်မူ

ပြန်သည်ကား ငါ့အား နေမင်းနှင့်ပြိုင်၍ ပျံခြင်းသည်ကား အကျိုးမရှိ မသင့်သောနှလုံးသွင်းခြင်းသာ ဖြစ်သည်။ ငါသည်နေနှင့်ပြိုင်၍ ပျံသဖြင့် အဘယ်အကျိုးရအံ့နည်း။ ဗာရာဏသီပြည်သို့သွား၍ ငါ၏အဆွေဖြစ်သောမင်းကြီးအား အကျိုးစီးပွားကို ယှဉ်သောစကား၊ ကုသိုလ်တရားနှင့်ဆက်စပ်သော စကားတို့ကို ငါပြောအံ့ဟု ကြံပြီးလျှင် ဘုရားအလောင်းသည် ဆင်းသက်တော်မူခဲ့၏။

နေမင်းသည် ကောင်းကင်အလယ်၌ မွန်းတည့်စဉ်အခါ ဟင်္သာမင်းလည်း အလုံးစုံသော ဇမ္ဗူဒိတ်ကျွန်းကို အတွင်းစွန်းဖြင့်လှည့်လည်တော်မူ၍ ဗာရာဏသီပြည်သို့ လာခဲ့၏။ တစ်ဆယ့်နှစ်ယူဇနာရှိသော အလုံးစုံသော ဗာရာဏသီပြည်သည် ဟင်္သာဖြင့် ဖုံးအုပ်ဘိသကဲ့သို့ အပေါက်မထင် တပြင်တည်းဖြစ်၏။ ဟင်္သာမင်းသည် အဟုန်ကို ညှံ့စေသောအခါမှသာ ကောင်းကင်၌ အပေါက်အကြားတို့သည် ထင်ကုန်၏။ ဘုရားလောင်းလည်း အဟုန်ကိုရပ်စေလျှက် ကောင်းကင်မှသက်၍ ခြင်္သေ့ခံသော လေသွန်းနန်းတံခါး၏ ရှေးရှုရာ အရပ်၌တည်၏။

မင်းကြီးသည် ငါ၏အဆွေလာချေပြီဟု နှစ်လိုဝမ်းသာခြင်းသို့ ရောက်သည်ဖြစ်၍ နေစိမ့်သောငှာ ရွှေအင်ပျဉ်ကို ခင်းစေပြီးလျှင် ဟင်္သာမင်း ဝင်၍နေတော်မူပါလော့ဟု ဆို၏။ ဘုရားလောင်းသည် ရွှေအင်ပျဉ်၌နေ၏။ မင်းကြီးသည် အကြိမ်တစ်ထောင်စစ်သောဆီဖြင့် အတောင်ကြားတို့ကို လိမ်းကျံ၍ ရွှေခွက်ဖြင့် ပျားလူးပေါက်ပေါက် ပျားရည်သကာရည်တို့ဖြင့် ကျွေးပြီးလျှင် ဟင်္သာမင်းသည် တစ်ပါးတည်းသာလျှင် ကြွလာသလောဟု မေး၏။ ဘုရားလောင်းလည်း

အကြောင်းမျိုးကို အကျယ်အားဖြင့် ပြန်ပြောလေသော် မင်းကြီးသည် ဘုရားလောင်းကို အဆွေဟင်္သာမင်း၊ နေနှင့်ယှဉ်၍ ပြခြင်းမှာ မတတ်ကောင်းဟု ဆိုလျှင် အတုမျှကို ပြတော်မူပါဟု တောင်းပန်၏။ ဟင်္သာမင်းလည်း ကောင်းပြီးဟု ဝန်ခံ၍ အက္ခဏဝေဒီ လေးသမားတို့ကို စုဝေးစေလော့ဟု မိန့်၏။ မင်းကြီးသည် လေးသမားတို့ကို စုဝေးစေ၏။

ဟင်္သာမင်းသည် လေးယောက်သော လေးသမားတို့ကို ခေါ်၍ မင်းကြီးနန်းမှ သက်ပြီးသော် နန်းရင်ပြင်၌ ကျောက်တိုင်ကို စိုက်စေ၍ ကိုယ်တော်၏လည်၌ ဆည်းလည်းငယ်ကို ဆွဲစေလျက် ကျောက်တိုင်အထက်၌ နေပြီးသော် လေးယောက်သော လေးသမားတို့ကို ကျောက်တိုင်မှာ မှီစေ၍ အရပ်လေးမျက်နှာသို့ ရှေးရှုထားပြီးမှ အဆွေမင်းကြီး၊ ထိုလေးသမားလေးယောက်တို့သည် အရပ်လေးမျက်နှာတို့သို့ တစ်ပြိုင်နက်ပစ်သော မြားလေးစင်းတို့သည် မြေသို့ မရောက်ကုန်မီလျှင် ၎င်းမြားတို့ကို ဆောင်ယူ၍ လေးသမားတို့၏ ခြေရင်း၌ချအံ့။ ထို့ကြောင့် မြားကို ယူအံ့သောငှာ သွားသောအဖြစ်ကို ဆည်းလည်းသံဖြင့်လျှင် သင်မင်းကြီးသိတော်မူလော့။ စင်စစ်မူကား အကျွန်ုပ်ကို မမြင်လိုက်သည်ဖြစ်လတ္တံ့ဟု ဆိုပြီးမှ လေးသမားတို့ကို တစ်ပြိုင်နက် လျင်စွာ ပစ်လွှတ်စေ၍ ထိုသို့ လျင်စွာ ပစ်လွှတ်အပ်သော မြားတို့ကို ဆောင်ယူ၍ လေးသမားတို့၏ ခြေရင်း၌ထား၏။

ဤသို့ထားပြီးသော် ဘုရားလောင်းသည် ကျောက်တိုင်ထက်၌ နေတော်မူလျက် ကိုယ်ကိုပြ၍ အဆွေမင်းကြီး၊ သင်မင်းကြီးသည်

ငါ၏လျှင်မြန်ခြင်းကို မြင်ပြီလောဟု မေးတော်မူ၍ မင်းကြီး ဤလျှင်ခြင်းသည် မြတ်သောလျှင်ခြင်း မဟုတ်။ ထိုထက်လျှင်မြန်သောအရာသည် ရှိသေး၏ဟု မိန့်တော်မူ၏။ မင်းကြီးသည် ဘုရားလောင်းကို အဆွေ၊ အဆွေ၏လျှင်ခြင်းထက် တစ်ပါးသော အလွန်လျှင်သည့် အဟုန်သည် ရှိဦးမည်လောဟု မေး၏။

ဘုရားလောင်းသည် မင်းကြီး၊ ကျွန်ုပ်၏ လျှင်မြန်ခြင်းထက် ပို၍လျှင်သောအရာသည် ရှိသေး၏။ ငါ၏မြန်သောအဟုန်ထက် အဆ အရာ၊ အဆ အထောင်၊ အဆ အသိန်းသော လျှင်ခြင်းဖြင့် သတ္တဝါတို့၏အသက်ဝိညာဉ်တို့သည် ဆုတ်ယုတ် ပျက်စီးနေ၏။ သေခြင်းတရားသည် ငါ့ထက် ပိုမိုမြန်သော အဟုန်ဖြင့် သတ္တဝါတို့အား ဖျက်ဆီးနေ၏ဟု မိန့်တော်မူလေလျှင် မင်းကြီးလည်း ထိုစကားကိုကြားရှိသောခဏတွင် သေဘေးကို ကြောက်သောကြောင့် သတိကိုဖြစ်စေခြင်းငှာ မတတ်နိုင်၍ မြေ၌လဲလေ၏။ လူအများတို့လည်း ထိတ်လန့်ခြင်းသို့ ရောက်ကြကုန်၏။ မင်းကြီး မျက်နှာကို ရေသွန်းလောင်း၍ သတိရလတ်သော် ဘုရားလောင်းသည် မင်းကြီးအား သင်မင်းကြီး၊ သေမင်းသည် အလွန်လျင်မြန်ပါသော်လည်း သေမင်းအား ဤမျှ စိုးရိမ်ထိတ်လန့်ဖွယ်ရာ မရှိ။ သင်မင်းကြီးသည် ရာဇဓမ္မဆယ်ပါးကို ကျင့်တော်မူလော့။ ဒါန အစရှိသော ကောင်းမှုတို့ကို ပြုတော်မူလော့။ ထိုသို့ ပြုလုပ်ပါက သေခြင်းတရားအား အောင်နိုင်သောအရာသည် သင်မင်းကြီးထံသို့ ရောက်၍ လာလတ္တံ့။ မည်သူမဆို မိမိ၏ စောင့်ထိန်းရန်ရှိသော အကျင့်သီလနှင့် တာဝန်ကို ကျေပွန်၍ ဒါနတရား ရှိပါက သေခြင်းတရားအား ကြောက်စရာ

အလျှဉ်းမရှိသည်ကို အရှင်မင်းကြီး ခံစားရအံ့ဟု တရားဓမ္မ ဟောကြားပြသတော်မူ၏။

ဗာရာဏသီမင်းသည် ဘုရားလောင်း ဟင်္သာမင်းကို ကြည်ညိုသည်ဖြစ်၍ နန်းတော်၌ အမြဲနေရန် တောင်းပန်၏။ ဟင်္သာမင်းက မင်းကြီး၊ အကြင်ပုဂ္ဂိုလ်၊ ချစ်ကြည်ညိုက၊ သမုဒ္ဒရာ၊ ခြားနားကာဖြင့် ဝေးကွာသောအား၊ တည်ပါးငြားလည်း အပါး၌သာ၊ မည်ပေရာ၏။ အကြင်ပုဂ္ဂိုလ်၊ မကြည်ညိုမူ၊ ထိုသူသည်ကား၊ နီးလေငြားလည်း၊ ခြား၏သမုဒ္ဒရာ၊ မည်ပေစွာ၏။ မင်းကြီး၊ ချစ်သောသူတို့ အတူတကွ နှစ်ရှည်ကြာနေသောအခါလည်း မေတ္တာပါးရှား မုန်းတတ်ကြား၏။ အမုန်းမဖြစ်၊ ချစ်မငြီးခင်၊ ရှင်မင်းကြီးအား၊ စကားချိုမြွက်၊ နှုတ်ခွန်းဆက်၍၊ ချစ်လျက်နှင့်သာ၊ ခွာချင်စွာ၏ဟု မိန့်တော်မူ၏။ ထိုအခါ မင်းကြီးက အမြဲမနေ၊ ပျံသွားလေလည်း၊ မသွေရံခါ၊ ကြွလာပါဟု တောင်းပန်လေသော် အလောင်းတော်သည် ဤမျှတာကို၊ ငါအသင့်ထံ၊ ဝန်ခံပါ၏။ အသက်ရှည်စွာ၊ ချမ်းအေးသာမူ၊ ရှည်ကာခိုင်မျှ၊ တွေ့ရစိမ့်မည်၊ ငါသည်ဆုံးမ၊ ဟောညွှန်ပြသ၊ ဓမ္မ၌သာ၊ တည်ပါလေလော့ဟု မှာတော်မူပြီးလျှင် စိတ္တကူဋတောင်သို့ ပျံတော်မူ၏။

■

**မချိုမော်၊ ချစ်စံဝင်း**